
www.burmeseclassic.com

ရှင်မိုး (ဆေးတက္ကသိုလ်)

# တစ်စုံတစ်ဦးနှင့်သက်ဆိုင်သော




Design : Chit Sann (528)

www.burmeseclassic.com

www.burmeseclassic.com

# ရှင်မိုး(ဆေးတက္ကသိုလ်)

တစ်စုံတစ်ဦးနှင့်သက်ဆိုင်သော


စာမူခွင့်ပြုချက်အမှတ် - ၅၀၁၃၈၁၀၆၁၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၂၃၉၀၃၀၇

၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ၊

ပထမအကြိမ်

တန်ဖိုး - ၁၀၀၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ . . . ဦးကျော်လှိုင်(၀၃၈၈၇) စေတနာစာပေ အမှတ်(၅၉)၊ ၁၉ လမ်း လသာမြို့နယ် ရန်ကုန်၊

ပုံနှိပ်သူ . . . ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET အမှတ်(၅၉)၊ (၁၉)လမ်း ရန်ကုန်။


BURMESE CLASSIC .com

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး


## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

www.burmeseclassic.com

www.burmeseclassic.com







# ရှင်မိုး
(ဆေးတက္ကသိုလ်)




စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com





## နိဒါန်း - အပိုင်း(က)

BURMESE CLASSIC .com

သိဒ္ဓိသည် ဒီနေ့လိုနေ့မျိုး ကြုံလာရတော့မှာကို သိပြီး ဖြစ်ပေမဲ့ တကယ်ပဲ ဒီနေ့ကို ရောက်လာရသောအခါ စိတ်လှုပ်ရှားပြီး သက်ပြင်းမကြာခဏ တချချ ဖြစ်နေသည်။

မကြာခင် နာရီပိုင်းလေးအတွင်းမှာ ကြုံရမည့် အဖြစ်အပျက်တို့ကို သူ ကြိုတင်မခန့်မှန်းနိုင်ပေမဲ့ အဆင်ပြေပြေနဲ့ ပြီးစီးသွားရလိမ့်မယ်ရယ်လို့တော့ သူ လုံးလုံးမမျှော်လင့်ထားခဲ့ပါပေ။ ဘာကြောင့်လဲ ဆိုတော့ သူက သူ့မိသားစုဝင်တွေအကြောင်းကို အသိဆုံး ဖြစ်နေ၍ပင်။ အဆင်ပြေပြေ မပြီးစီးပေမဲ့ တစ်ဖက်နဲ့တစ်ဖက် ဘာအနာအတေးမှ မရှိဘဲ၊ ဘာစိတ်ခုစရာမှ မမြင်ကြဘဲ၊ ဘာအထေ့အငေါ့မှ မရှိသွားကြမဲ့၊ ဘာအထအနောက်စရာမှ မြင်မလာဘဲ ဟိုလိုလို ဒီလိုလိုနဲ့ပဲ ခပ်ရိုးရိုး ရှင်း



www.burmeseclassic.com

www.burmeseclassic.com



ရှင်း ပြီးစီးသွားလိမ့်မည်ဖြစ်သော အဖြစ်အပျက်မျိုးကို သူ ပိုပြီး ခံမျှော်လင့်တောင့်တ, ကျိတ်ဆုတောင်းနေမိပြန်သည်။

အဖေလည်း အမေမို့၊ အမေလည်း အဖေမို့၊ ညီတွေ ညီမတွေလည်း ညီတွေ ညီမတွေမို့ တစ်ယောက် တစ်မျိုး ရောဂါပေါင်းစုံနှင့် ရှိကြသော သိဒ္ဓိတို့ မိသားစုဝင်တွေမှာ တူညီနေကြသော စိတ်ဓာတ်ကတော့ မိသားစုဝင်တွေကြား သူစိမ်းတစ်ယောက် ဝင်လာခဲ့လျှင် ထိုသူစိမ်း၏ ကောင်းကွက်ထက် အားနည်းချက်ကို ပိုပြီး စောင့်ကြည့် ဝေဖန် အပြစ်မြင်တတ်သော စိတ်ဓာတ်ပဲ ဖြစ်နေပါသည်။

ထိုစိတ်ဓာတ်ကို သိဒ္ဓိ ကြောက်ကြောက်နဲ့ပင် ...။

BURMESE CLASSIC .com





## နိဒါန်း - အပိုင်း(၁)

ငွေယုန်သည် စိတ်လှုပ်ရှားလျှင် ဖြစ်နေကျအတိုင်း မကြာခဏ လည်ချောင်းကို တဟင်းဟင်း အသံပြုပြီး လည်ချောင်းရှင်းလိုက်၊ လက်ညှိုးဖြင့် ဆံပင်ကို လိမ်လိုက်၊ ဘယ်လက်ခလယ်က ခရေပွင့်ပုံ စိန်လက်စွပ်ကို ပွတ်ကြည့်လိုက်ဖြင့် တစ်လမ်းလုံး ပျော့ကျငြိမ်ပါလာသည်။ ငွေယုန်မှာ နားပေါက်လည်း မရှိ၍ နားကပ်ပန်စရာ မလိုတာ ထားတော့။ ငွေယုန်ဟာ ကိုယ်ပေါ်မှာ လက်ပတ်နာရီဆို Pierre Cardin နာရီအကောင်းစားကလွဲရင် ကျန်တဲ့နာရီတော့ မပတ်သလို လက်တွေမှာ လက်ကောက်မဝတ်တတ်၊ ဟန်းချိန်း မဝတ်တတ်။ လည်တိုင်မှာ ဆွဲကြိုးဆွဲရတာမျိုးလည်း မကြိုက်ဘဲ လည်တိုင်လေးရှင်းပြီး ဖြောင့်စင်းနေမှ ကြိုက်လေသည်။ သို့သော် ငွေယုန် လက်စွပ်ဆိုလျှင် အမြဲဝတ်နေကျ



www.burmeseclassic.com

www.burmeseclassic.com



အဘွား အမွေပေးခဲ့သော စိန်လက်စွပ်ကိုတော့ စွဲစွဲမြဲမြဲ ဝတ်ပါသည်။ ကိုယ့်မှာ လက်ဝတ်ရတနာ ဘယ်လောက်ရှိရှိ အမြဲထုတ်မဝတ်တတ်ဘဲ ပွဲနေ့ပွဲထိုင်လိုမျိုးရှိမှ ထုတ်ဝတ်တတ်ပါသည်။

ဒီနေ့တော့ လက်ဝတ်လက်စားဘူးဖြစ်သည့် နှစ်ထပ်ကတ္တီပါဘူးလေးကို ဖွင့်တော့ ဖွင့်ကြည့်မိပါရဲ့။ အမေ ပေးထားသော လော့ကတ်ခ်လေးကိုင်လိုက်၊ ဆွဲကြိုးလေးကိုင်လိုက်၊ လက်စွပ်လေးတွေ စွပ်ကြည့်လိုက်၊ လက်ကောက်ဝတ်ကြည့်လိုက်၊ လုပ်တော့ လုပ်မိပါရဲ့။ ပြီးကျမှ သိပ်ပြီး ဝတ်ပြရာများ ကျနေမလား။ ကိုယ်ကိုယ်တိုင်လည်း ဝတ်လေ့ဝတ်ထ မရှိလို့ ဝတ်ရရင်စိတ်ထဲမှာ တင်းကျပ်နေမလားနှင့် စိုးရိမ်ပူပန်ပြီး အကုန်ပြန်ချွတ်၊ ဘူးတွေ ပြန်ထည့်ထားခဲ့လိုက်ပြီး ဝတ်နေကျ အဘွား လက်စွပ်လေးပဲ ဝတ်လာမိသည်။ ခုမှတွေ့ရမဲ့သူတွေကို ဝတ်ပြသည်ဖြစ်စေ၊ မဝတ်ပြသည်ဖြစ်စေ သူတို့ ကိုယ့်အကြောင်းတွေတော့ သိသင့်သလောက် သိပြီးပြီပဲ။ လက်ဝတ်လက်စားဝတ်ခြင်း၊ မဝတ်ခြင်းက သိပ်တော့ မထူးပါဘူးလေဟု တွေးမိပါသည်။

"စိတ်လှုပ်ရှားနေလား ငွေယုန်"

ကိုကို မေးလိုက်တော့ ငွေယုန် မဖြေမိပြန်။ သို့ပေမဲ့ ကိုကိုနဲ့ ငွေယုန်တို့ဟာ တစ်ယောက်အမူအရာ မှန်သမျှ တစ်ယောက် သိပြီးနေပြီးသားမို့ ငွေယုန် ဘာဖြစ်နေသလဲဆိုတာ ကိုကို့ကို မပြောလည်း သိမှာပါ။





"စိတ်ပူမနေပါနဲ့ ငွေယုန်။ အားလုံး အဆင်ပြေသွားမှာပါ"

ငွေယုန် ကြားထားခဲ့ဖူးသော ကိုကို့မိသားစုဝင်တွေ အကြောင်းကို မေ့ချင်ဟန်ဆောင်လျက် ပြုံး၍သာ ငြိမ်နေမိတော့လေသည်။

တကယ်တော့ ကိုကိုသိဒ္ဓိအောင်ကို ငွေယုန်ဟာ တစ်နေ့မှာ ချစ်သူဖြစ်လာခဲ့မယ်ရယ်လို့လည်း စိတ်ကူးမရှိခဲ့။ ထို့အတူ သူ့မိသားစုဝင်တွေနဲ့ ပေးတွေ့ပြီး ငွေယုန့်ကို လက်ထပ်တော့မယ်လို့ ကိုကိုသိဒ္ဓိအောင်က ဆုံးဖြတ်လိုက်သည်ထိ ရည်မှန်းခဲ့သည်ရယ်လို့လည်း ငွေယုန် မမျှော်မှန်းခဲ့။

မထင်မှတ်ဘဲ ဒီအဖြစ်အပျက်ထိအောင် ရောက်လာခဲ့သော ကိုယ့်ကံကြမ္မာကိုယ်ပင် ပြန်သုံးသပ်ကာ အံ့သြမဆုံး ဖြစ်ရသူမှာ မငွေယုန် ဟူသည့် မိန်းကလေးပဲ ဖြစ်နေပါသည်။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com








# အပိုင်း (၁)

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com







# ၁

BURMESE CLASSIC .com

သူငယ်ချင်း ဖြူဖြူ့ဆီကတစ်ဆင့် သိန္ဒီအောင် ဆိုသော လူတစ်ယောက်အကြောင်း စ,ကြားမှုတာဖြစ်သည်။ ဖြူဖြူနဲ့ ငွေယုန်တို့က ပလာဇာမှာ ဆိုင်ခန်းချင်းကပ်ရပ်၊ ဆိုင်ဖွင့်မိကြသော တက္ကသိုလ်တုန်းက ကျောင်းနေဖက် သူငယ်ချင်းဟောင်းများ ဖြစ်လေသည်။ ဖြူဖြူ့ဆိုင်ကတော့ ငွေယုန်တို့ ကျောင်းသူဘဝကတည်းက တည်ရှိခဲ့တာ ဖြစ်ပေမဲ့ ငွေယုန်ကတော့ ကျောင်းပြီးပြီးရော ဆိုင်ဖွင့်ချင်ပါသည် ဖြစ်လာလေရာ တိုက်တိုက်ဆိုင်ဆိုင် ဖြူဖြူတို့ ဆိုင်ခန်းဘေးမှာလည်း ဆိုင်ခန်းငှားမှာနဲ့ ကြုံပြင့် ငွေယုန် ဆိုင်ချင်း ဘေးချင်းကပ်ဖွင့်ဖို့ အဆင်ပြေသွားခဲ့တာဖြစ်ပါသည်။

ဖြူဖြူတို့ကတော့ နိုင်ငံခြားဖြစ် အိတ်မျိုးစုံအရောင်းဆိုင်ကြီး ဖြစ်သည်။ ငွေယုန်ကတော့ စတီးလ်ပစ္စည်းတွေချည်း



www.burmeseclassic.com

www.burmeseclassic.com



သီးသန့်ရောင်းသောဆိုင်ကို ဖွင့်ပါသည်။ စတီးလ်ပစ္စည်းဆိုလျှင် အသေးဆုံး ကော်ဖီဖျော်ဇွန်းကအစ အကြီးဆုံး မဟီးလ်သောက် ရေအိုးတို့၊ ငါးဆင့်ချိုင့်တို့အထိ အဖြစ်ပြည့် တစ်ဆိုင်လုံး စတီးလ်များဖြင့် ပြောင်လက်တောက်ပနေအောင် ခင်းကျင်းပြီး ရောင်းပါသည်။ အရောင်းဝန်ထမ်း မိန်းကလေး နှစ်ဦး၊ ယောက်ျားလေး နှစ်ဦးတို့ဖြင့် ကိုယ်တိုင် ကွန်ပျူတာတစ်လုံး စားပွဲပေါ်တင် တွက်ချက်ပြီးရောင်းသော ငွေယုန့်ဆိုင်က အိမ်ရှင်မအများစု အားပေးချင်ကြသည့် ဆိုင်လေးပဲ ဖြစ်ပါသည်။

ဘယ်နှသောင်းဖိုးဝယ်ရင် ဘယ်လောက် percent % (ပါဆင့်) ဈေးလျှော့ပေးမည် ဟူသော မက်လုံးမျိုး၊ လက်ဆောင်ပေးလိုသူများအတွက် Gift Voucher (ဂစ်(ဖ)ဘောက်ချာ)၊ မိခင်များနေ့ (Mothers Day) အတွက် Gift Pack (ဂစ်(ဖ)ပက်(ခ)) တွေ၊ မင်္ဂလာလက်ဖွဲ့ Gift Pack တွေလည်း သူများဆိုင်နှင့်မတူအောင် မက်လုံးပေး ကြော်ငြာ ကက်တလောက်ထုတ်သည်မို့ ငွေယုန့်ဆိုင်က ဆိုင်တွေချင်းယှဉ်လျှင် တော်တော်ရောင်းကောင်းသော ဆိုင်ထဲမှာ တစ်ဆိုင်အပါအဝင် ဖြစ်ပါသည်။

မိန်းမသားတွေ အဝယ်များလှသော ငွေယုန့်ဆိုင်ကို သိဒ္ဓိအောင်တစ်ယောက် တစ်ရက်မှာ ရောက်လာပါသည်။ အဲဒီတုန်းကတော့ သိဒ္ဓိအောင်ရယ်လို့ မသိပါဘဲ အမေ့မွေးနေ့အတွက် လက်ဆောင်ပေးချင်၍ ဈေးလာဝယ်သော သူတစ်ဦး အနေနှင့်သာ ပထမဦးဆုံး သိရတာ ဖြစ်သည်။





"မမငွေယုန် ဒီအစ်ကိုကြီးက မေးတယ်၊ စတီးလ်ထမင်းအုပ်က ဒီ့ထက် ဆိုဒ်ကြီးတာ ရနိုင်ဦးမလားတဲ့"

ငွေယုန်သည် ထိုသူ့ကို စမြင်မြင်ချင်းမှာပင် မျက်နှာအမူအရာ အေးဆေးတည်ငြိမ်လျက် အရာရာကို အကောင်းမြင်တတ်သည့် သူတစ်ဦး ဖြစ်ပုံရသည်ဟု ထင်မြင်ချက် ပေးမိပါသည်။ အရပ်မြင့်မြင့် အသားအရေ ကြည်လင်လျက် မျက်ခုံးထူထူများရှိသော ယောက်ျားတစ်ယောက်၏ ခန့်ညားမှုကို ငွေယုန်အမှတ်ပေးမိပြန်သည်။

"အဲဒါ ဆိုင်မှာရှိတာ အကြီးဆုံးပါပဲ အစ်ကိုကြီး၊ တခြားဆိုင်တွေမှာတော့ ရှိရင်ရှိနိုင်မယ် ထင်တယ်၊ ကျွန်မတို့ဆိုင်မှာတော့ အဲဒါ အကြီးဆုံးပါ၊ ထမင်းစားပန်းကန် ရှစ်ပန်းကန်စာလောက် ထမင်းထည့်ထားနိုင်ပါတယ်"

"ဒီထမင်းအုပ်လည်း ကြီးပါတယ်၊ ကျွန်တော်က ဒီ့ထက်ကြီးတာများ ရှိမလားလို့ မေးတာပါ။ မေမေ့မှာ ဒီလို size မျိုး ရှိပြီးပြီလား၊ မရှိဘူးလားတော့ ကျွန်တော်လည်း မသိဘူး။ ကျွန်တော် မြင်ဖူးနေတာတော့ သူ့မှာ စတီးလ်ထမင်းအုပ်တွေ ရှိတာတော့ တွေ့ဖူးပါတယ်"

ထိုသို့ ရယ်မောပြောနေစဉ် ဖြူဖြူက ငွေယုန့်ဆိုင်ထဲ ဝင်လာပါသည်။ သူ့ကိုတွေ့တွေ့ချင်း ဖြူဖြူ အံ့ဩသွားပြီး...

"ဟယ် ... ကိုသိဒ္ဓိအောင်"



www.burmeseclassic.com

www.burmeseclassic.com



ဟု လှမ်းနှုတ်ဆက်လိုက်သည်။

ငွေယုန်က ငေးပြီး ဖြူဖြူ့ကို တစ်လှည့်၊ သူ့ကိုတစ်လှည့် ကြည့်နေမိဆဲ။

"ဖြူဖြူပါလား ဘယ်လာတာလဲ"

"ဟင် ... ဘယ်လာရမလဲ၊ ဖြူတို့ဆိုင်က ဘေးချင်းကပ်ဆိုင်လေ၊ ကိုသိဒ္ဓိအောင် မေ့သွားပြီလား။ အမယ်လေး ... တယ်မှတ်ဉာဏ်ကောင်းတာပဲ"

"ဟာ ... ဟုတ်သားပဲ၊ ညည်းတို့ဆိုင်က ဒီပလာဇာမှာပဲ၊ ငါ မေ့သွားလို့။ ဟိုကောင် ထွန်းထွန်းနဲ့လည်း မဆုံတာကြာတော့ ငါလည်း သူငယ်ချင်းတွေဆိုင် ဘယ်မှာရှိတယ်ဆိုတာတွေ ရောထွေးပြီး မေ့ကုန်ရော။ သူငယ်ချင်းတွေအကုန်လုံးကလည်း ပလာဇာတိုင်းမှာ ဆိုင်ဖွင့်နေကြတာကိုး။ တစ်ယောက်မှ ဆိုင်မဖွင့်တဲ့သူ မရှိဘူး"

"အစ်ကိုထွန်းက အခု ဒီပလာဇာကဆိုင်မှာ မထိုင်တော့ဘူး။ အသစ်ဖွင့်တဲ့ (......)ရှော့ပင်းမောလ်မှာ ဆိုင်ခန်းယူလိုက်တော့ သူက ဆိုင်နံပါတ်(၄)ကို အဲဒီမှာသွားဖွင့်လိုက်တယ်၊ ဖြူဖြူက နံပါတ်(၃)ကို ယူထားတယ်၊ မေမေတို့က နံပါတ်(၁)နဲ့(၂)"

"ဟုတ်လား ... ဆိုင်တွေ များနေပြီပဲ၊ ပိုက်ဆံတွေ ထားစရာမရှိအောင် ရောင်းကောင်းနေပြီပေါ့"





"ဟယ် ... အဲဒီလိုလည်း မဟုတ်ပါဘူး။ ကုန်သည်တို့ထုံးစံအတိုင်း သူ့ဆီက အကြွေးယူ၊ ကိုယ့်ဆီက အကြွေးပြန်ယူတဲ့သူက ယူနဲ့ လည်ပတ်နေတာပါ၊ ကိုသိဒ္ဓိအောင်တို့လို ကိုယ်ပိုင်ကုမ္ပဏီထောင်ပြီး မလုပ်နိုင်သေးပါဘူး"

သူတို့ တစ်ယောက်နဲ့ တစ်ယောက် အပြန်အလှန်စကားပြောပြီးသောအခါကျမှ ဘေးမှာ စားပွဲပေါ် မေးထောက်လျက်သား နားထောင်နေသော ငွေယုန့်ကို ဖြူဖြူ သတိရသွားပါသည်။

"ကိုသိဒ္ဓိအောင် ဒါ ဖြူဖြူနဲ့ ကျောင်းနေဖက် သူငယ်ချင်းပါပဲ ငွေယုန်တဲ့။ ဒါ သူ့ဆိုင်လေ"

"ဪ ... ဟုတ်လား၊ Chef Choice (ရှဲ့(ဖ)ချွိုက်(စ)) ဆိုတဲ့ Stainless Steel Cookingwares (စတိန်းလက်(စ) စတီးလ်ကွတ်ကင်းဝဲလ်(စ))ဆိုင်က ပစ္စည်းတွေ စစ်လည်းစစ်တယ်၊ ဈေးလည်းသင့်တယ် ဆိုလို့ လူပြောများတာနဲ့ ဝင်ကြည့်တာ။ ကြည့်ရင်းနဲ့ မေမေ့ မွေးနေ့အတွက် လက်ဆောင်ဝယ်ပေးဖို့ မျက်စိကျသွားတာနဲ့ ဝယ်မလို့ပါ ဖြူဖြူ"

"ငွေယုန် ဒါ ငါ့အစ်ကိုအကြီးဆုံး ကိုထွန်းထွန်းနဲ့လည်း ကျောင်းနေဖက် သူငယ်ချင်းပဲ၊ ကိုသိဒ္ဓိအောင်တဲ့။ Cross Roads (ကရော့(စ)ရုထ်)နာမည်နဲ့ ယောက်ျားဝတ်ရုပ်တို့ တီရှပ်တို့ ပင်နံတို့ နက်(ခ)တိုင်လ်တို့ပေါ့ ယောက်ျားဝတ် ပြည်တွင်းဖြစ် အထည်တွေထုတ်တဲ့ ကုမ္ပဏီပိုင်ရှင်ကြီးလေ"



www.burmeseclassic.com

www.burmeseclassic.com



ငွေယုန် ကြားဖူးပြီးသား နာမည်မို့ အသာအယာ ခေါင်းညိတ်ပြလိုက်ပါသည်။

"သိပါတယ် Cross Roads ကို ကြားဖူးပါတယ်၊ မဂ္ဂဇင်း ဂျာနယ်တွေမှာ အဆိုတော်တို့ မင်းသားတို့နဲ့ ကြော်ငြာ တယ်နော်၊ 100% Cotton (ဟန်ဒရက်ပါဆင့်ကော်တွန်)လို့ ရေးထားတာ တွေ့တယ်၊ အဲဒါ ပြည်တွင်းဖြစ်တွေလား ငွေယုန်က နိုင်ငံခြားဖြစ် အောက်မေ့နေလို့"

"ဟောဗျာ ... ကျွန်တော့်ပစ္စည်းက အဲဒီလောက် ကောင်း နေရင် ဝမ်းသာပါတယ်၊ နိုင်ငံခြားဖြစ် မိတယ်ပေါ့၊ အဲ လိုလား"

"ငွေယုန်တော့ ယောကျ်ားဝတ် တစ်ခါမှ ဝယ်လည်းမဝယ် ဖူးဘူး။ ကိုင်တောင် မကိုင်ကြည့်ဖူးဘူးဆိုတော့ အပြင်မှာ မြင်ရင် ဘယ်လိုနေမယ် ဆိုတာ မသိဘူးပေါ့။ ကြော်ငြာ ထဲမှာတော့ အင်္ကျီလေးတွေက အသားကောင်းပုံရတယ် ထင်လို့ပါ"

"အသားကောင်းပါတယ်ဗျာ၊ တကယ့် cotton စစ်စစ် ကြော်ငြာပါတယ်၊ ဈေးလည်း သင့်ပါတယ်၊ လူတန်း မရွေး ဝယ်ဝတ်နိုင်အောင် ထုတ်တဲ့ Brand (ဘရန်း)ပါ စိတ်ချပါ"

ဖြူဖြူက တဟိဟိ ရယ်ရင်း ...





"ဈေးသည်အချင်းချင်း ကိုယ့်ပစ္စည်းကိုယ် အပြန်အလှန် ကြော်ငြာကြတဲ့ သဘောပေါ့လေ"

ကိုသိဒ္ဓိအောင်သည် ထိုနေ့က ထမင်းအုပ်ကြီးကို ဝယ်ဖြစ်သွားပါသည်။ ဆိုင်မှာပင် ပါကင်ထုပ်ပေးသဖြင့် သူ့ ထမင်းအုပ်ထည့်သည့် စက္ကူဘူးကို ပါကင်ပါ ထုပ်ခိုင်းပြီး အပြီး အစီး ပြင်ဆင်သွားပါသည်။

"ညကျရင်ပဲ မေမေ့မွေးနေ့မို့ မိသားစု စုံညီပြီး ညစာ စား တော့မယ် ကျွန်တော် ခုထိ ပရဲဆင့် မပြင်ဆင်ရသေးဘူး။ ဒါကြောင့် ဒီမှာပဲ အပြီးအစီး အကုန်လုပ်သွားပြီး ညနေ ပြန်တာနဲ့ မေမေ့ကို တန်းပြီးမျက်နှာလုပ်ရမယ်"

ကိုသိဒ္ဓိအောင် နှုတ်ဆက်ပြီး ပြန်သွားသောအခါ ဖြူဖြူ့မှာ ပြောစရာတွေဖြင့် ကျန်ခဲ့ပါသည်။ ဖြူဖြူ့ မျက်လုံးပြူး ပြီး ပါးစပ်ပြင်ကတည်းက ငွေယုန် သိလိုက်ပြီ။ ဖြူဖြူ့မှာ လူ တစ်ယောက်ယောက်နဲ့ ပတ်သက်ပြီး ပြောစရာရှိပြီဆိုတာ ...။

"ကဲ ... ဘာများလဲ ပြောပါဦး။ အဲဒီလူက ရှင့်ရဲ့ဇာတ် လမ်းလား ဒေါ်ဖြူဖြူ"

ငွေယုန်က ကြိုတင်ပြီး မေးထားလိုက်သည်။

"ဘယ်ကလာ ဇာတ်လမ်းရမှာလဲ ဒေါ်ငွေယုန်ရယ်၊ ကိုသိဒ္ဓိ အောင်တို့ အကြောင်း ပြောစရာတွေ ရှိလို့ပါ"

"ရှင့်ကို သူ့ ကြိုက်ဖူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ကြက်ကြက်ဖန်ဖန် မကြိုက်ဖူးပါဘူး။ သူက သိပ်အလှအပ ကြိုက်တဲ့လူ။ တော်ရုံတန်ရုံ လှလို့ကတော့ စိတ်ကူးတာ မဟုတ်ဘူး"

"ဒါဆို ငါ့လည်း စိတ်ကူးမှာ မဟုတ်ဘူး။ နင် စိတ်ပူမနေပါနဲ့"

အမှန်လည်း ငွေယုန်သည် သိပ်အချောအလှကြီး မဟုတ်လှသော မိန်းကလေးတစ်ဦး ဖြစ်သည်။ ဖြူဖြူကပင် ပို အရပ်မြင့်ပြီး ပိုလှသည့် သဘောမှာရှိသည်။

"စိတ်မပူပါဘူး။ ငါက အဲဒီလူ မြင်လိုက်တာနဲ့ သူတို့ မိသားစုအကြောင်း အတင်းပြောချင်သွားလို့ပါ"

"ဟုတ်လား ... ဘာများ ထူးခြားနေလို့လဲ"

"သူတို့မိသားစုက လူဦးရေ များတယ်ဟဲ့၊ သူက အစ်ကို အကြီးဆုံး အမွေ့အချစ်ဆုံး သားကြီးပေါ့၊ သူ့အောက်မှာ ညီမတစ်ယောက်ရှိတယ်၊ သူကတော့ အိမ်ထောင်ကျပြီး ရှစ်နှစ်သမီးတစ်ယောက်နဲ့ အခု မွေးခါနီး ဗိုက်တစ်လုံးနဲ့ ပေါ့။ အဲဒီ ညီမကတော့ အိမ်ခွဲနေတယ်၊ ကျန်တဲ့ ညီနှစ် ယောက် ညီမအငယ်ဆုံး တစ်ယောက်,ကတော့ အိမ်ထောင် မရှိကြသေးဘူး၊ မိဘနဲ့ပဲ အားလုံး တစ်အိမ်တည်းနေတုန်း ပဲ"





"ဒါဆို မောင်နှမငါးယောက်တောင်ပေါ့၊ အဲဒါ ဘာထူးခြား လို့လဲ၊ ငါတို့လည်း မောင်နှမလေးယောက်တောင်"

"ငွေယုန်ရယ် ငါက လူဦးရေများတာကို ပြောတာမဟုတ် ဘူး။ သူတို့မိသားစုရဲ့ စိတ်ဓာတ် တစ်မျိုးကြီးကို ပြောချင် လို့ပါဟယ်၊ နင်ကလည်း ငါမပြောရသေးဘူး၊ ရှေ့က ကြိုကြို ပြောနေတော့တာပဲ၊ တကယ်"

"ငါ့အကျင့်က အဲဒီလိုပဲ ကြိုကြိုပြောတတ်တယ်"

ဖြူဖြူသည် ငွေယုန့် စားပွဲပေါ်က လက်ဖက်ပန်း ကန်ထဲမှ တစ်ဇွန်းကို ယူစားရင်း ...

"လက်ဖက်တွေ နင် စားပြန်ပြီ၊ တော်ကြာ ညနေကျ ဖြူဖြူ ရေ ငါလေထိုးနေပြီ ဒုက္ခပဲဆိုတဲ့ အသံ ကြားရဦးမယ်"

လို့လည်း သတိပေးလိုက်ပြန်သေးသည်။

တကယ်တော့ ဖြူဖြူနဲ့ ငွေယုန်တို့က တက္ကသိုလ် တက်တုန်းကတော့ သိပ်ကြီး တတွဲတွဲ ရှိတာလည်း မဟုတ်။ သိပ်ကြီး ခင်မင်ကြ၊ ရင်းနှီးကြတာလည်း မဟုတ်လှပေမဲ့ ကျောင်း ပြီးခါနီးကျမှ ငွေယုန်က သူငယ်ချင်းတွေကြားထဲ ...

"ကျောင်းပြီးရင် ငါတော့ ကုမ္ပဏီအလုပ်ပဲဖြစ်ဖြစ်၊ အစိုးရ အလုပ်ပဲဖြစ်ဖြစ် လုပ်ဖို့စိတ်မကူးပါဘူးဟယ်၊ ငါကဆိုင် ဖွင့်ပြီး ဈေးပဲရောင်းချင်တယ်။ ပလာဇာကြီးတွေမှာ ဖွင့် ရတာကို ငါ သိပ်ကြိုက်တာပဲ၊ ဒါကြောင့် ငါ အခုတည်းက



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ခန်းရှာနေတယ်ဟယ်၊ နင်တို့ အဆက်အသွယ်ရှိရင် ပြောကြပါဦး”

လို့ အသံလွှင့်သည်ကို တစ်ဆင့်စကားဖြင့် ဖြူဖြူ ကြားသွားပြီး ကိုယ့်အတန်းသားချင်းမို့ လာဆက်သွယ်တာဖြစ်သည်။

“ဖြူဖြူတို့က (......)ပလာဇာမှာ နိုင်ငံခြားဖြစ် အိတ်မျိုးစုံ ဆိုင် ဖွင့်ထားတယ်လေ၊ အဲဒါ ဖြူဖြူတို့ဆိုင် ကပ်ရပ်ဆိုင်ခန်းက ငှားမယ်လို့ ပြောထားတယ်၊ ငွေယုန် စိတ်ဝင်စားရင် လိုက်ကြည့်ပါလား”

အဲဒီကစပြီး ငွေယုန်က ဆိုင်ခန်းလိုက်ကြည့်၊ သဘောကျ၊ ဖြူဖြူတို့ကတစ်ဆင့် ဆက်သွယ်ငှားရမ်း။ ဆိုင်ဖွင့်ချင်တာပဲ သိပြီး ဆိုင်အတွင်း ပြင်ဆင်မှုကို ဘယ်ကစရမည် မသိသော ငွေယုန်ကို ဖြူဖြူကပဲ ကူညီအကြံပေး စသဖြင့် ကျောင်းပြီးခါနီးလေးကျမှ တတွဲတွဲ အလုပ်ကိစ္စဖြင့် သွားလာမိလေရာမှစပြီး တဖြည်းဖြည်း ပိုရင်းနှီး ခင်မင်သွားကြသည် ဆိုလျှင် မမှားပါ။ အခုဆို ဖြူဖြူတို့ဆိုင်ဘေးမှာ ဖွင့်တာဖြင့် လေးနှစ်ကျော် ငါးနှစ်နီးပါး ရှိပြီမို့ ဖြူဖြူနှင့်လည်း တစ်ယောက်နဲ့ တစ်ယောက် ပြောမနာ၊ ဆိုမနာ သူငယ်ချင်းတွေ ဖြစ်မှန်းမသိ ဖြစ်လာခဲ့ရပါသည်။

“သူတို့မိသားစုမှာ သူ့အဖေတစ်ယောက်ပဲ ခပ်အေးအေးသမား၊ အမေကလည်း အတ္တခပ်ကြီးကြီးထဲကပဲဟဲ့၊ ငါ့သားသမီးမှ ငါ့သားသမီး ဆိုတဲ့ စိတ်ဓာတ်ရှိတယ်။ သူ့





ညီမအလတ် အိမ်ထောင်သည်ကတော့ မဆိုးပါဘူး။ အဖေလိုပဲ အေးတယ်၊ သူ့ဘာသာ အိမ်ခွဲနေတာကို အမေက ခုထိ စိတ်ကောက်တုန်းပဲ။ သမက်က ဒီလောက်သဘောကောင်းတာလည်း သူ့သမီးကို အိမ်ထဲကနေ ဆွဲထုတ်သွားတယ်ဆိုပြီး လုံးဝမကြည်ဘူး”

“ဟင် ... သူ့သဘောက ဘယ်လိုလဲ၊ အိမ်ထောင်ကျလည်း သူ့အိမ်မှာပဲ နေရမဲ့ သဘောလား”

“အဲဒီသဘောပေါ့၊ သူ့အမေက သူ့အရိပ်အောက်မှာပဲ ထားပြီး သားသမီး အိမ်ထောင်ရေးမှာ ဝင်ပါချင်တာလေ။ အဓိက,ကတော့ အိမ်ထောင်တစ်ခုမှာ လင်ရယ် မယားရယ် အဆင်မပြေလို့ ကတောက်ကဆ ဖြစ်ကြရင် သူကပါဝင်ပါပြီး ရန်ဖြစ်ပေးချင်တာ၊ သူ့သားသမီး မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ သူတို့ပဲ အနိုင်လုပ်ချင်တာတဲ့”

“အံမယ် ... နင်က သူ့ချွေးမ ကျနေတာပဲ၊ ပြောနေလိုက်တာ၊ ဘယ်သူပြောလို့ သိတာလဲ”

“ဟယ် ... ငါ့အစ်ကိုကြီးနဲ့ ကိုသိဒ္ဓိအောင်က အရင်ကတော့ သိပ်ခင်ကြတာဟဲ့။ ဝင်ထွက်စားသောက်နေတာ ဆိုတော့ အစ်ကိုထွန်း ပြန်ပြောပြလို့ ငါသိနေပါတယ်၊ အစ်ကိုထွန်းက သူတို့အိမ်တွင်းရေး တော်တော်များများကို သိတယ်လေ ...



www.burmeseclassic.com

www.burmeseclassic.com



အဲဒါ သူလည်း အဲဒီမိသားစုအကြောင်း သိသိလာပြီး ပြောပြရင်း အဲဒီညီအစ်ကိုတွေထဲက တစ်ယောက်ကိုတော့ မကြိုက်မိစေနဲ့ဟော့လို့ သတိပေးတော့တာပဲ"

ငွေယုန်က ဖြူဖြူ ပြောတာကို နားထောင်နေမိပါသည်။

"အစ်ကိုထွန်း ပြောပြတော့ နံပါတ်လေးညီက ဟီ ဟီ … ခြောက်နေတယ်တဲ့၊ ပြောတာပဲ၊ ဟုတ်လားတော့ မသိဘူး"

"ဟယ် … အဆန်းပါလား၊ တကယ် ဟုတ်ရဲ့လား၊ တချို့က လူပုံနဲ့နေတာပါ၊ တကယ်ကျ စိတ်ထဲမှာ မခြောက်ပါဘူး၊ အဲဒါမျိုးများလား"

"မဟုတ်ဘူး၊ တကယ် ခြောက်နေတယ်လို့ ငါ့အစ်ကိုပြောဖူးတာပဲ၊ သူတို့ချင်းချင်း ယောကျ်ားလေးချင်း အကဲခတ်တတ်လို့ ဖြစ်မှာပေါ့"

"နံပါတ်သုံးကရော"

"နံပါတ်သုံးက မိသားစုထဲမှာ အားလုံးနဲ့ ဆန့်ကျင်ဘက်တဲ့။ တကယ့် ကလန်ကဆန်သမား၊ သူလုပ်ချင်ရာလုပ်ပြီး အရွဲ့တိုက်တတ်တယ်တဲ့၊ အမေ့စကားလည်း လုံးဝနားမထောင်ဘူး။ သူ့ဘာသာ အိမ်ပြန်အိပ်ချင်ရင်အိပ်၊ မအိပ်ချင်ရင် မအိပ်ဘဲ တစ်လလောက် ဘယ်သွားမှန်းမသိ





သွားပြီးမှ ပြန်လာတာမျိုးတဲ့။ ဘယ်သွားနေလဲ မေးလည်း မေးမရဘူး ဆိုပဲ။ ဆိုင်ကယ်တစ်စီးနဲ့ လျှောက်သွားနေတာတဲ့"

"အင်း … ဒီလောက် ယောကျ်ားဆန်ပြီး မိုက်ရူးတေပေနေတဲ့အစ်ကို အပေါ်မှာ ရှိတာတောင် နံပါတ်လေးညီက ခြောက်နေသေးတယ်နော်"

"ခြောက်တယ် ဆိုတော့ သူ့ဗီဇကိုက ပါလာလို့ ခြောက်တာပေါ့ဟယ်၊ အစ်မတွေပဲရှိလို့ အခြောက်ဖြစ်သွားတယ်တို့ ဘာတို့က သိပ်မမှန်ပါဘူး။ တချို့လည်း ညီအစ်ကိုတွေ အများကြီးပါရက်နဲ့ သူ့ကျမှ တစ်ယောက်ထွန်းပြီး ခြောက်နေရင် ခြောက်နေတာပဲ"

ငွေယုန်သည် သူမ လုံးဝမသိ၊ မမြင်၊ မကြားဖူးသော ဘယ်ကမှန်း မှသိသည့် မိသားစုအကြောင်းကို ဖြူဖြူ လာပြောသဖြင့် အပျင်းပြေ နားထောင်နေရုံသက်သက်သာ စိတ်ဝင်စားခဲ့သည်။ တစ်နေ့ကျ ကိုယ်နဲ့ ပတ်သက်လာခဲ့လိမ့်မယ်လို့ ဘယ်လိုမှပင် ဆက်စပ်ပြီး စဉ်းစားမရခဲ့သေးပါပေ။

"ညီမ အငယ်ဆုံးကရော"

"အမယ်လေး … အဲဒီ ညီမအငယ်ဆုံးပေါ့၊ သူက အဆိုးဆုံးပဲ၊ သူ့အစ်ကိုကြီး အိမ်ခေါ်လာသမျှ ရည်းစားတွေကို သူပဲ ဒိုင်ခံတိုက်စစ်ဆင်နေတာလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဒါဆို ကိုသိဒ္ဓိအောင်က ရည်းစားတွေ များတယ်ပေါ့"

"များတယ်၊ ဒါပေမဲ့ သူက အိမ်ခေါ်ပြီး မိသားစုနဲ့ မိတ်ဆက်ပေးလိုက်ကြ၊ ပြီးရင် ကွဲလိုက်ကြနဲ့"

"သူ့ကြည့်ရတာ မိသားစုသဘောကို ပိုအလေးထားပုံရတယ်နော်၊ အဲဒီလိုကြောင့်လား"

"အဲဒါပဲ ဖြစ်မှာပေါ့ဟယ်"

"အင်း ... နင်လာပြောတာ မဆိုးပါဘူး။ ဗီဒီယိုဇာတ်လမ်းတစ်ပုဒ်ကို နားထောင်ရသလိုပဲ အပျင်းပြေသွားပြီ"

"ဩော် ... ဟုတ်ပါရဲ့၊ ငါ, နင့်ဆီလာတာဟာ စတီးဖွန်းခက်ရင်းအစုံတွေ ဝယ်ဖို့လာတာပါ။ အိမ်မှာ ဘုရားပင့်မယ်ဟယ်၊ အဲဒါ အမေက ကျွေးမွေးဖို့ အိမ်ကပစ္စည်းတွေ စစ်ရင်း ဖွန်းခက်ရင်း နည်းနေပြီ၊ ငွေယုန့်ဆီက တစ်ပါကင်လောက် ဝယ်ခဲ့ဦးမှာလို့ ငါ ဒီဘက် ကူးလာတာ"

ထိုနေ့က သူငယ်ချင်း နှစ်ယောက်သား တခြားအကြောင်းအရာတွေ ပြောလိုက်ကြ၊ ဈေးရောင်းစရာရှိ ရောင်းလိုက်ကြနှင့် ငွေယုန်လည်း ဈေးဝယ်သူတွေထဲက တစ်ဦးဖြစ်ခဲ့သော သိဒ္ဓိအောင်ကိုလည်း မေ့မေ့ပျောက်ပျောက် ဖြစ်သွားပါသည်။ အတွကြီးလှသည်ဆိုသော မိသားစုတစ်စုကိုလည်း အလိုလိုနေရင်း မေ့သွားခဲ့ပါသည်။





## ၂

အကယ်၍သာ နောက်တစ်ကြိမ် အမှတ်မထင် ပြန်လည်ဆုံစည်းခဲ့မည်ဆိုလျှင် ငွေယုန်နဲ့ သိဒ္ဓိအောင် ဆိုသော ယောကျ်ားတစ်ယောက်ဟာ ဒီအခြေအနေထိ ဖြစ်လာလိမ့်မယ်လို့ မျှော်လင့်စရာ မရှိခဲ့ပါ။ ငွေယုန့်ထံ သူ ဈေးလာဝယ်ပြီး တစ်ပတ်လောက် အကြာမှာ မိတ်ဆွေတစ်ဦး၏ မင်္ဂလာညစာစားပွဲတွင် သိဒ္ဓိအောင်ကို ငွေယုန် ပြန်ဆုံခွင့် ရခဲ့ပါသည်။

ဟိုတယ်ကြီးတစ်ခုမှာ ကျင်းပသော မင်္ဂလာညစာစားပွဲတွင် ငွေယုန့် နံဘေး၌ နေရာလာပေးခံရသူမှာ သိဒ္ဓိအောင် ဖြစ်နေသည်မှာ အင်မတန်မှ တိုက်ဆိုင်လှသော ဆုံတွေ့မှုလည်း ဖြစ်ပါသည်။

"ဟာ ... ဖြူဖြူ့ သူငယ်ချင်း မငွေယုန် ထင်တယ်၊ ဟုတ်တယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



သိဒ္ဓိအောင်သည် ငွေယုန့်ကို မြင်လျှင်မြင်ချင်း မှတ်မိပြီး လိုက်လိုက်လှဲလှဲ အသံဖြင့် မေးလာပါသည်။ (နောက်တော့မှ ပြန်ပြောပြသည်မှာ သူ့ဘဝမှာ မိန်းမလှပေါင်းများစွာ ဆုံစည်းခဲ့ပေမဲ့ ငွေယုန့်ကိုကျတော့ သိပ်ထူးထူးခြားခြားကြီး လှနေသူ မဟုတ်ပါပဲ သူ အလိုလိုနေရင်း အမှတ်တရ ဖြစ်သွားခဲ့၍ မြင်မြင်ချင်း မှတ်မိသွားရသည်။ ဝမ်းသာသွားမိသည်တဲ့လေ)။ ငွေယုန်ကတော့ သိဒ္ဓိအောင်လို လူချောတစ်ယောက်ကို ဘယ်လိုမှ မမှတ်မိစရာ မရှိတာမို့ အလွယ်တကူ မှတ်မိပြီးသား ဖြစ်နေသည်။ သူ့ကို နေရာလာချကတည်းကိုက အရင်ကြို့မြင်ပြီးလည်း ဖြစ်နေခဲ့ပါသည်။

"ကိုသိဒ္ဓိအောင် မှတ်မိသားပဲ"

"မှတ်မိပါတယ်ဗျာ၊ ပြီးခဲ့တဲ့အပတ်ကမှ ဆုံခဲ့တာပဲ၊ ဒါနဲ့ ဒီပွဲမှာ သတို့သားဘက်က မိတ်ဆွေလား၊ သတို့သမီးဘက်ကလား"

"သတို့သမီး ညီမနဲ့ ကျွန်မက အပြန်အလှန် စီးပွားရေး ကိစ္စလေးတွေ လုပ်ကြတဲ့ သူတွေပါ၊ ဒါကြောင့် သူ့ညီမက ကျွန်မကို ဖိတ်တာ"

"ဪ ... ဟုတ်သားပဲ၊ သူတို့က Kitchen Wares (ကစ်ချင်းဝဲ(စ))တွေ တင်သွင်းတဲ့ ကုမ္ပဏီပဲ"





"ကျွန်မက Steel ပစ္စည်းတွေ အများစုကို သူတို့ဆီကပဲ တစ်ဆင့်ယူတယ်လေ"

"မနက်က မင်္ဂလာဆွမ်းကျွေးရော လာလား"

"ဆွမ်းကျွေးလည်း လာပါတယ်"

"ကျွန်တော်က မရောက်လိုက်ဘူး။ ဒါကြောင့် ညနေမဖြစ်, ဖြစ်အောင် လာရတာ။ ကျွန်တော်ကတော့ သတို့သားဘက်က မိတ်ဆွေပေါ့။ သတို့သားအဖေနဲ့ ကျွန်တော်နဲ့ စက်ရုံချင်း ဘေးချင်းကပ်တွေပေါ့။ ကျွန်တော်က အထည်စက်ရုံ သူတို့ကတော့ ဆောင်စက်ရုံလေ"

သိဒ္ဓိအောင်သည် Guy Laroche တံဆိပ် ရှပ်အပြာစင်းကြား လက်ရှည်နှင့် နက်ပြာရောင်ရင့် မှိုင်းနေသော စတိုင်လ်ပင်န်ကို သေသပ်ကျနစွာ ဝတ်ထားပါသည်။ သူ့ရုပ်၊ သူ့ရည်၊ သူ့ဝတ်စားဆင်ယင်မှုတို့က မိန်းကလေးတိုင်းကို စိတ်ကူးယဉ်သွားချင်စရာ။ အင်းလေ ... ဒါကြောင့်လည်း သူ့မှာ ရည်းစားတွေ အများကြီး ရှိတယ်ရယ်လို့ ဖြူဖြူ ပြောတာပေါ့။ ချောမေ့လှပေ့ဆိုတဲ့ ရည်းစားလေးတွေ သူ့မှာ ရှိမှာပေါ့။

"ညနေဘက် တစ်ယောက်တည်း ကားမောင်းပြီး လာတာပေါ့"

သိဒ္ဓိအောင်က ငွေယုန့်ကို လှမ်းမေးသဖြင့် ငွေယုန်သည် ရွှေရောင်ညနေခင်းဝတ်စုံ ပခုံးပြတ်ပေါ် ထပ်ခြုံထားသည့်



www.burmeseclassic.com

www.burmeseclassic.com



ပိုးမြှိတ်ထည်ကို အသာပြင်ခြုံရင်း (နောက်မှ သူပြန်ပြောပြတော့ အသားညိုညိုမှာ ရွှေရောင်လေး ဝတ်ထားသဖြင့် ငွေယုန်နဲ့တော့ လိုက်ဖက်ပနံသင့်နေသည်ဆိုပဲ) ခေါင်းညိတ်ပြလိုက်လေသည်။

"ဟုတ်ကဲ့ ... တစ်ယောက်တည်း လာတာပါ"

"စပ်စုတယ်လို့ မထင်နဲ့နော်၊ အစ်မတို့ ညီမတို့မရှိဘူးလား"

"အစ်ကိုကြီးက ကျွန်မနဲ့ ဆယ်နှစ်ကွာတယ်၊ သူက သူ့မိသားစုနဲ့ နိုင်ငံခြားမှာ အပြီးသွားနေတယ်၊ အစ်ကိုကြီးအောက်မှာ အစ်မလတ်ရှိတယ်၊ အစ်မလတ်ကလည်း သူ့အိမ်ထောင်နဲ့သူဆိုတော့ သီးသန့်တစ်အိမ်နေတယ်၊ အစ်မလတ် ပြီးတော့ အစ်ကိုလတ် ရှိတယ်၊ အစ်ကိုလတ်က လှေပိုင်ပါ၊ ဒါပေမဲ့ သင်္ဘောပေါ် တက်သွားရင် လေး,ငါးနှစ်နေမှ မြန်မာပြည် ပြန်လာနားတတ်တယ်၊ သူက,ကမ္ဘာပတ်ရတာ ဝါသနာပါတယ်၊ တစ်နေရာတည်းမှာ ခြေငြိမ်ငြိမ်နဲ့ မနေတတ်ဘူး၊ အစ်ကိုလတ် ပြန်လာရင်တော့ ကျွန်မနဲ့ ဆေးချင်းကပ်မှာ ဝယ်ထားတဲ့ သူ့ရဲ့ကွန်ဒိုအခန်းမှာ နေပါတယ်၊ အခုတော့ ကျွန်မမှာ အဖော်,ကောင်မလေးတစ်ယောက်နဲ့ပဲ နေပါတယ်၊ အစ်မ,က လာနေဖို့ခေါ်ပေမဲ့ ကျွန်မက သူများမိသားစုကြားမှာ ကန့်လန့်ကန့်လန့် ဖြစ်နေမှာစိုးတာနဲ့ ကိုယ့်ဘာသာပဲ သီးသန့်





အခန်းဝယ်နေလိုက်ပါတယ်၊ ဘေးမှာလည်း ဘာပဲဖြစ်ဖြစ်ပေါ့၊ အစ်ကိုအငယ်ရဲ့ အခန်းရှိတယ် ဆိုတော့ သူရှိရှိ၊ မရှိရှိ သူ့,ရှိတယ်လို့ သဘောထားပြီး နေလိုက်ပါတယ်"

"မိဘတွေကရော"

"မေမေကတော့ Nephritis လို့ခေါ်တဲ့ ကျောက်ကပ်ရောင်ရောဂါနဲ့ပဲ ဆုံးသွားပါပြီ၊ ဖေဖေက မေမေ ဆုံးသွားကတည်းက သားသမီးတွေကို အမွေအကုန်ခွဲပေးပြီးတော့ တစ်ခါတည်း ဘုန်းကြီးဝတ်သွားတာ ကြာပြီ။ သုံးနှစ်လောက်ရှိပါပြီ၊ စစ်ကိုင်းတောင်ရိုးပေါ်မှာပါ။ ကျွန်မတို့က မမလတ်တို့မိသားစု ကလေးတွေ နွေရာသီကျောင်းပိတ်လို့ ရှိရင်တော့ ဖေဖေ့ဆီ သွားကြပါတယ်"

ငွေယုန်သည် စကားတွေ ပြောနေရင်းမှာ သူမဘာသာ ပြန်သတိပြုမိသွားသည်မှာ ကိုယ်နဲ့လုံးဝမခင်မင်၊ မရင်းနှီးသော လူတစ်ယောက်ကို ကိုယ့်မိသားစု အကြောင်းတွေ တောက်လျှောက် အကုန်နီးပါး ပြောပြနေမိခဲ့သည် ဆိုတာပဲ ဖြစ်သည်။ ပြောနေရင်းနဲ့မှ ဘုရားရေ ... ငါ ဘာလို့ သူ့ကို ငါ့အကြောင်းတွေ ပြောပြနေရသလဲ၊ မဟုတ်သေးဘူး၊ အများကြီး မပြောသင့်ဘူး၊ ရပ်သင့်ပြီ၊ တော်သင့်ပြီနဲ့ ကိုယ့်ကိုယ်ကိုယ် သတိပေးထိန်းချုပ်မိပေမဲ့ မရတော့။ ပြောတာက ပြောမိပြီးနေပြီဖြစ်ရာ အဆုံးထိအောင် ပြောလိုက်မိပြီတည်း။ သိခဲ့အောင် ကိုယ်တို့ကလည်း



www.burmeseclassic.com

www.burmeseclassic.com



တကယ့်ကို လေးလေးနက်နက် စိတ်ဝင်တစား နားထောင်နေပြန် သည်ကတော့ အံ့ဩစရာ။

"ကျွန်တော် သိပ်စပ်စုမိသလိုများ ဖြစ်နေသလား မသိဘူး နော်"

"ရပါတယ်"

"မငွေယုန် အကြောင်းတွေပဲ မေးနေမိတယ်၊ ကျွန်တော့် အကြောင်းရော ပြောပြရမလား"

ငွေယုန်သည် မျက်ဝန်းတွေထဲ အရည်တစ်မျိုးဖြင့် ကြည်စင်ရွှန်းလက်စွာ စိုက်ကြည့်မေးလိုက်သော သိဒ္ဓိအောင်၏ အကြည့်ကို မယုံရဲရဲဖြင့် အဓိပ္ပာယ်ဖော်နေမိခဲ့သည်။ ဒီလူ ငါ့လို မိန်းကလေးကိုတော့ စိတ်မဝင်စားလောက်ပါဘူး။ ငါ စိတ်ထင် တာ ဖြစ်မှာပါ။

"ကိုသိဒ္ဓိအောင် ပြောပြချင်ရင်လည်း ရပါတယ်၊ မပြောပြ လည်း ကိစ္စမရှိပါဘူး"

တကယ်တော့ ဖြူဖြူ့ဆီက ငွေယုန် သိထားပြီးသား ပါ။ သို့သော် ကိုယ်သိထားပြီးသား ဖြစ်နေတာကိုတော့ လျှို့ဝှက် ထားရပါမည်။

"မငွေယုန်က သိချင်တယ် ပြောမှ ပြောပြချင်လို့ပါ"

ငွေယုန် ဘာပြန်ဖြေရမှန်း မသိ ဖြစ်နေခဲ့သည်။ သိချင်တယ် ပြောရရင် ကောင်းမလား။ မသိချင်ဘူး ဆိုရင်ရော





ကိုယ်က သိပ်ပြီး သီးသန့်လုပ်ပြသလို ဖြစ်နေမလား။ သိဒ္ဓိအောင် ကတော့ ငွေယုန့်မျက်လုံးလေးဝိုင်းပြီး စဉ်းစားနေသည်ကိုပဲ မျက်နှာ မလွှဲစတမ်း စိုက်ကြည့်နေပါသည်။ (အဲဒီညနေက ညမီးရောင်တို့နဲ့ ဆွဲဆောင်မှုတစ်မျိုး ရှိနေသော ငွေယုန့်ကို သူ ပို၍ စိတ်ဝင်စားခဲ့ သည် ဆိုတာလည်း ချစ်သူတွေဖြစ်မှ သူ ပြန်ပြောပြခဲ့လေသည်) နောက်ကျမှ သူ့ဘာသာ ဟက်ခနဲ အသံထွက်ရယ်ရင်း ...

"ဆောရီး ... ဆောရီး ... ကျွန်တော်က မငွေယုန့်ကို စိတ် အနှောင့်အယှက် ပေးနေမိပြန်ပြီ၊ ကျွန်တော် ပြောတဲ့ စကားကို စိတ်ထဲမှာ ဘာမှမထားပါနဲ့နော်၊ ကျွန်တော်က ဒီလိုပဲ တစ်ခါတလေကျ စကားအပြောမတတ်ဘူး"

"ကိစ္စမရှိပါဘူး"

"မငွေယုန်နဲ့"

"ဟို ... ကိုသိဒ္ဓိအောင်"

ငွေယုန် ဖြတ်ပြောလိုက်သဖြင့် သူ့စကားစတန့် သွားပါသည်။ ငွေယုန့်ကို စူးစမ်းသလို အသံတိတ်ကာ ကြည့်လေ သည်။

"ကျွန်မက ကိုသိဒ္ဓိအောင်ထက် အသက်ငယ်တော့လေ ကျွန်မကို နာမည်ရှေ့မှာ တလေးတစားကြီး 'မ' ထည့်မခေါ် ပါနဲ့လား။ ကိုယ့်ထက် အကြီးတစ်ယောက်က 'မ' ထည့် ခေါ်နေတော့ အနေရခက်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ဩော် ... ဒါလား၊ ဟုတ်တာပေါ့နော်၊ တရင်းတနှီးနဲ့ ငွေယုန်လို့ ခေါ်လည်း ရတာပဲ"

သူ့က သူ့ဘာသာပြောရင်း ရယ်ပါသည်။ တခြားစားပွဲဝိုင်းတွေမှာရှိသော မိန်းကလေး တော်တော်များများကတော့ သိဒ္ဓိအောင်ကို တကြည့်ကြည့် ဖြစ်လှကြောင်း ငွေယုန် အကဲခတ်မိပါသည်။ သိဒ္ဓိအောင်ဟာ ငွေယုန့် တစ်ယောက်တည်းနဲ့ စကားလက်ဆုံကျနေသဖြင့် ငွေယုန့်ကို ဘယ်လိုများ ထင်မြင်ယူဆကြမည်လဲ မသိ။ ငွေယုန်သည် ကိုယ့်အတွေးနဲ့ကိုယ် အနေရခက်လျက် ပဝါကို ခဏခဏပြင်ပြီး ခြုံနေမိသည်။ မကြာခဏ လည်ချောင်းရှင်းသလိုဖြင့် တဟင်းဟင်း လုပ်မိသည်။ ငွေယုန့် အကျင့်က အဲဒီလိုပဲ စိတ်လှုပ်ရှားလျှင်ဖြစ်စေ၊ စိတ်ကျဉ်းကျပ်လျှင်ဖြစ်စေ လည်ချောင်းကို တဟင်းဟင်း ရှင်းနေတတ်သော အကျင့်လည်း ရှိလေသည်။

"ငွေယုန် ချမ်းနေလား"

"ရှင်"

"ဩော် ... ခဏခဏ ပဝါလေးကို ပြင်ခြုံနေလို့ပါ"

"အဟင်း ဟင်း ... ဒါလား"

ငွေယုန် အရှက်ပြေ ရယ်မိသည်။

"ဒီထဲက Air con က တော်တော်အေးတော့ ချမ်းပြီး အအေးမိသလို ဖြစ်နေပြီလားလို့ပါ"





"အင်း ... ဟုတ်တယ်၊ နည်းနည်းချမ်းလာလို့"

ငွေယုန် အမှန်အတိုင်း မဖြေဘဲ သူ့စကားအတိုင်းပြီး လိုက်ပြောလိုက်သည်။

"မိန်းကလေးတွေက အဲဒီလိုပဲနော်။ လှချင်တော့ ချမ်းလည်း အောင့်ခံပြီး အင်္ကျီလှလှလေးကို ဝတ်ကြရတယ်၊ ဒါပေမဲ့ ငွေယုန်နဲ့ အဲဒီဝတ်စုံလေးက လိုက်ပါတယ်"

"ဟုတ်လား ... ချီးကျူးတဲ့ အတွက်၊ ရော့ ... ဒီမှာ စားပါဦး"

ငွေယုန်က ဟင်းပန်းကန်များကို သိဒ္ဓိအောင်ဘက် သို့ တိုးပေးရင်း ပြောလေသည်။

"ငွေယုန်နဲ့ နောက်တစ်ခါ တွေ့ချင်သေးတယ်"

သိဒ္ဓိအောင် ထံမှ အမှတ်မထင် ကြားလိုက်ရသော ကြောင့် ငွေယုန်သည် အလန့်တကြား ဖြစ်သွားပါသည်။ ကိုယ့်နားကိုယ်ပင် မယုံကြည်နိုင်သလို ဖြစ်နေသည်။

"ဆိုင်မှာ လာဝယ်မှပဲ တွေ့လို့ရမယ် ထင်တယ်နော်၊ ခုလို ပွဲတစ်ပွဲထဲမှာ အတူတူ ပြန်ဆုံဖို့ဆိုတာ သိပ်ဖြစ်ခဲတယ်လေ"

ဘာကြောင့်များ ဆုံတွေ့ချင်ရတာလဲ ရှင်ရယ် ... လို့ ငွေယုန့် စိတ်ထဲမှာ အဲဒီတုန်းက ပြန်မေးနေမိခဲ့ပေမဲ့ နောက်ရက်တွေ တော်တော်ကြာသောအခါမှာ သူ ငွေယုန့်ဆိုင်ကို ထပ်ရောက်



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့သောအခါ ငွေယုန်သည် အခြေအနေကို ယုံရမလို၊ မယုံရ
မလိုဖြင့် ရင်ဆိုင်ရလေသည်။

"ဒီတစ်ခါ ရောက်လာတာကတော့ ဝယ်စရာရယ်လို့ မယ်
မယ်ရရ စဉ်းစားမရပါဘူး။ ငွေယုန့်ကို သတိရလာတာ
ရောက်လာတာပါခင်ဗျာ"

သူက ငွေယုန့် စားပွဲမှာ လက်နှစ်ဖက် လာထောက်
ငုံ့ကြည့်ရင်း အတိအလင်းကို ပြောတော့သည်။

"ဝယ်စရာမရှိလည်း ဆိုင်ထဲဝင်ကြည့်နိုင်ပါတယ်"

"ငွေယုန်နဲ့ ကော်ဖီ သွားသောက်ရင်း စကားပြောချင်ရ
ရော ရလား"

"ငွေယုန် မအားပါဘူး ကိုသိဒ္ဓိအောင်"

"ဆိုင်မှာ Casher တစ်ယောက် ငှားထားသင့်တယ်"

"ငှားထားပါတယ်၊ သူနဲ့ ငွေယုန်က နေ့တစ်ဝက်ဆီ
နေရာမှာ တာဝန်ယူတယ်၊ သူက ဆိုင်ဖွင့်ဖွင့်ချင်း အချိ
ကနေ ညနေငါးနာရီထိပဲ လုပ်ပါတယ်၊ အိမ်ကိုနောက်
ပြီးမှ မပြန်ချင်လို့ ရုံးချိန်အတိုင်း ပြန်တာပါ၊ ငွေယုန်
ငါးနာရီနောက်ပိုင်းကနေ ဒီရှော့ပင်းပလာဇာ ပိတ်တဲ့
ကိုးနာရီထိ ထိုင်ရတယ်"

"ဒါဖြင့် မနက်ပိုင်းတွေကျ ငွေယုန် ဆိုင်ကို မလာ
လား"





"ဆိုင်မှာ အမြဲရှိပါတယ်၊ ငွေယုန့် အလုပ်က ဒီဆိုင်ပဲလေ၊
ဒီတော့ ဆိုင်ကိုနေမကောင်းတဲ့ရက်ကလွဲရင် အမြဲလာတယ်"

"ဒါဆို ကျွန်တော် မနက်ပိုင်း လာမှထင်တယ်၊ ဒါမှ
ငွေယုန် အပြင်ထွက်လို့ ရမှာနော်"

အဲဒီလိုနဲ့ပဲ ကိုသိဒ္ဓိအောင်ဟာ ငွေယုန့်ဆိုင်ကို
ချောင်းပေါက် လာခဲ့ပါသည်။ တစ်ခါတလေ မထင်မှတ်တာတွေ
သည်း လုပ်တတ်ပါသည်။ ငွေယုန် နေထိုင်သော ကွန်ဒိုအခန်းဆီ
သူကိုယ်တိုင်တော့ မလာဘဲ လုံခြုံရေးဝန်ထမ်းကတစ်ဆင့် မနက်
စာစောမှာ မုန့်တွေ လာဝယ်ပို့ပေးတာမျိုး။

"မနက် ဘုရားပန်းတင်ဖို့"

ဆိုတဲ့ စာတိုလေးနဲ့ ပန်းစည်းတွေ ဝယ်ပေးလိုက်
တာမျိုးတွေနဲ့ စာအုပ်ကြီးအတိုင်း ပိုးပန်းသောနည်းလမ်းကိုလည်း
အသုံးချတတ်ပါသည်။

ဖြူဖြူကတော့ ...

"ဟဲ့ ... ငါ သတိပေးထားရက်သားနဲ့။ နင်နဲ့ ကိုသိဒ္ဓိ
အောင်တို့ ခြေလှမ်းတွေက ဘယ်လိုဖြစ်ရတာလဲ"

လို့ တမေးမေး။

"ထင်တော့ ထင်သားပဲ၊ ငါ့စိတ်ထဲမှာ အဲဒီလိုပဲ တစ်ခါ
တလေကျ ဖျတ်ခနဲ ထင်လိုက်တာ၊ တကယ်ဖြစ်ဖြစ်လာ
တတ်တယ်လေ။ ကိုသိဒ္ဓိအောင် နင့်ဆိုင်မှာ ပထမဦးဆုံး



www.burmeseclassic.com

www.burmeseclassic.com



လာဝယ်တုန်းက ငါ သူ့ကို တွေ့တွေ့ချင်း စိတ်ထဲမှာ ဘာထင်လိုက်သလဲဆိုတော့ တစ်နေ့ကျ သူ နင့်ကို စိတ်ဝင်စားလာတော့မှာပဲလို့လေ။ ထူးတော့ ထူးဆန်းပေမဲ့ အခုကျ အဲဒါ တကယ်ဖြစ်လာတယ်၊ ငါက Will Power နည်းနည်းရလို့ ငါ့ထင်တာ တကယ် ဖြစ်လာတာထင်တယ်၊ နင်က သူ သဘောကျရလောက်အောင် သိပ်လှမနေပေမဲ့ နင့်ပုံစံလေးနဲ့ အမူအရာလေးက တစ်မျိုးလေးနဲ့ ဆွဲဆောင်မှု ရှိနေတော့ နင့်ကိုမြင်ရင် ယောက်ျားလေးတွေက နည်းနည်းလေးတော့ စိတ်ထဲမှာ သဘောကျချင်သွားတာပဲ မဟုတ်လား။ ကိုသိဒ္ဓိအောင်လည်း အဲဒီလိုများ ဖြစ်သွားမလားဆိုပြီး ငါ ထင်လိုက်မိတာ၊ ခုတော့ တကယ်ဖြစ်နေပြီ။ သူက ရိုးရိုး စိတ်ဝင်စားရုံ အဆင့်ထက်တောင် ပိုလာပြီနော်"

ဟု၍လည်း လာပြောလား ပြောရဲ့။

ဒီလိုနဲ့ပဲ ငွေယုန့်ကို သိဒ္ဓိအောင်က အတိအလင်းကို ဖွင့်ပြောသော ရက်တစ်ရက်ကို ရောက်လာခဲ့သည်။ စပြီးတွေ့ကြချိန်ကနေ သုံးလလောက် အကြာမှာ သူဖွင့်ပြောတာမျိုး ဖြစ်သလို ...

"ကိုယ် ငွေယုန့်ကိုမှ တကယ်ချစ်မိပါပြီ၊ လက်ထပ်ဖို့ပါ ရည်ရွယ်ပြီး ချစ်တာပါ"





ဆိုသော အဆုံးစွန် ဆုံးဖြတ်ထားပြီးသည့် စကားကိုပါ ကြားရတာလည်း ဖြစ်သည်။

ငွေယုန်သည် သိဒ္ဓိအောင်ကို အဖြေမပေးခင်မှာ ဖြူဖြူ့ကို ထိုအကြောင်း အသိပေးတော့ ...

"ဟယ် ... သူက နင့်ကို လက်ထပ်ဖို့တောင် တစ်ခါတည်း ဆုံးဖြတ်လိုက်တယ် ... ဟုတ်လား။ သူ တကယ်ချစ်သွားတာ နင် ကံကောင်းပါတယ် ငွေယုန်ရယ်။ ဒါပေမဲ့ သူ့မိသားစုကိုတော့ နင် ရင်ဆိုင်နိုင်ဖို့ ကြိုတင်ပြင်ဆင်ထားရလိမ့်မယ်နော်။ ငါ နင့်ကို ပြောပြထားဖူးပါတယ်"

ဖြူဖြူက စေတနာဖြင့် သတိထပ်ပေးခဲ့သည်။ ဒါပေမဲ့ ငွေယုန် တစ်ယောက်ဟာ ထိုသူ့ကို ပြန်ချစ်ဖို့ အသေအချာကို ဆုံးဖြတ်ထားပြီးသည်ဖြစ်ရာ ရင်ဆိုင်ရမှာတွေကို အဲဒီတုန်းကတော့ မေ့ပစ်ထားလိုက်နိုင်ခဲ့သည်။ ငွေယုန် သူ့ကို အဖြေပေးတော့ (အဖြေမပေးခင်ပင် သူက ကြိုတင်ရိပ်မိပြီးသားတော့ ဖြစ်နေမှာပါ) နှုတ်က မဖြေရဲတာမို့ ...။ ပထမဦးဆုံး ကိုယ်ချစ်ရသူကို "ချစ်ပါတယ်"ရယ်လို့ ပြောရဲသောသတ္တိ မရှိသူမို့ ...။

"ငွေယုန့် ဆိုင်ကို ကိုသိဒ္ဓိအောင် လာမဲ့နေ့ကို ပြောပါ၊ အဲဒီနေ့ကျ ငွေယုန် နှင်းဆီပန်း အဝါရောင်တစ်ပွင့်ကို



www.burmeseclassic.com

www.burmeseclassic.com



Casher စားပွဲမှာ ပန်းအိုးထိုးထားမယ်၊ အဲဒါဆိုရင် ကိုသိဒ္ဓိအောင် လိုချင်တဲ့အဖြေ ပေးတယ်လို့ ယူဆပါ။ နှင်းဆီပန်း အဝါရောင် မထိုးဘဲ တခြားအရောင်ဖြစ်ဖြစ် ထိုးထားမယ်ဆိုရင် ကိုသိဒ္ဓိအောင် လိုချင်တဲ့အဖြေကို ပေးတာမဟုတ်ဘူးလို့ ယူဆပါ၊ ငွေယုန် ပါးစပ်နဲ့ မဖြေချင်လို့ အဲဒီလို သင်္ကေတ လုပ်ပြထားမယ်နော်၊ ဖြစ်လား"

"ဒါဆို ဒီနေ့ပဲ ပန်းအိုးထိုးလိုက်လေ၊ ကိုယ် ညနေလာကြည့်မယ်"

"ဟာ ... ဒီနေ့ ချက်ချင်းကြီး"

"အဖြေက ရှိပြီးသားပဲ၊ နောက်တစ်နေ့ ပိုပြီးလျှို့ဝှက်ထားလို့လည်း အဖြေက ပြောင်းသွားမယ် မထင်ပါဘူးဗျာ"

"မရဘူး ... နောက်နေ့မှပဲ"

သူက အဖြေကို ကြိုတင်ရိပ်မိပြီးသားပေမဲ့ ငွေယုန့်အလိုကိုလိုက်ပြီး ...

"ကောင်းပါပြီ၊ နောက်နေ့မှ အဖြေယူပါ့မယ်"

ဒီလိုနဲ့ပဲ နှင်းဆီပန်း အဝါရောင် တစ်ပွင့်ကို အဖြေလုပ်ပြီး ပေးခဲ့သော ငွေယုန်သည် သူ့ကို တကယ်ချစ်သူဖြစ်ခွင့်ရသည့်အခါမှာ ...

"ကိုကို"





ဟူသော အခေါ်ကို နှုတ်ဖျားက မချစတမ်း တမြတ်တနိုး ချစ်မိလျက် ချစ်သူပြောသမျှ ခေါင်းညိတ်၊ ချစ်သူ့အလိုကို လိုက်နိုင်လွန်းသော မိန်းကလေးတစ်ယောက် ဖြစ်ခဲ့ပါသည်။

"ကိုယ်တို့ လက်ထပ်ပြီးရင် မေမေ့ဆီမှာပဲ နေရမှာ သိလား ငွေယုန်။ မေမေက တခြားသူတွေသာ ရအောင်ပြောပြီး ခွဲထွက်ခွင့်ပေးရင် ပေးမယ်၊ ကိုယ့်ကိုတော့ ခွဲထွက်သွားခိုင်းမှာ မဟုတ်ဘူး၊ ကိုယ်က သားအကြီးဆုံး မေမေ့အချစ်ဆုံး။ ဖေဖေက အားအကိုးဆုံးဆိုတော့ သူတို့သေတဲ့အထိ ကိုယ့်ကို မခွဲမခွာ သူတို့နားမှာ နေစေချင်တဲ့ဆန္ဒ ရှိကြတယ်။ ငွေယုန် လိုက်နေနိုင်မလား"

လက်ထပ်ကြရန် ဆွေးနွေးကြသောအခါမှာ ငွေယုန် မျှော်လင့်ထားခဲ့ပြီးဖြစ်သော အကြောင်းအရာကို စတင်ကြားရပါသည်။

"ကိုကို့ သဘောပါ၊ ငွေယုန် လိုက်နေဆိုလည်း လိုက်နေပါမယ်"

"ငွေယုန်က ကိုယ့်အလိုကို သိပ်လိုက်လွန်းတဲ့ အခါကျတော့ ကိုယ်သနားတယ်ကွာ၊ ငွေယုန့်ကို အနိုင်မယူရက်ဘူး။ အိမ်ခွဲနေကြရအောင်လို့ ပြောပါလား ငွေယုန်ရယ်"

"ဘာဖြစ်လို့လဲ"

"ကိုယ်သိတယ်၊ ကိုယ့်မေမေနဲ့ ကိုယ့်ညီ,ညီမတွေနဲ့ ငွေယုန် အဆင်ပြေမှာ မဟုတ်ဘူး။ ကိုယ့်မိသားစု အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ကိုယ် အသိဆုံးမို့ပါ။ ကိုယ်တို့အိမ်က သုံးထပ်တိုက် အကြီးကြီး၊ အိပ်ခန်းကချည်း အကြီးကြီးခြောက်ခန်း၊ ဧည့် ချိုးခန်း အိမ်သာ အကုန်လုံး တွဲရက်ပါတယ်၊ တစ်ထပ် မှာ အခန်းနှစ်ခန်းပဲ ထားတော့၊ တခြား ဧည့်ခန်း၊ ဘုရား ခန်း၊ ဧည့်သည်တွေလာရင် သွားတဲ့ အိမ်သာသီးသန့်ခန်း တို့ မီးဖိုချောင်တို့၊ ထမင်းစားခန်းတို့၊ ရုပ်ရှင်ကြည့်တဲ့ အခန်းတို့၊ ကွန်ပျူတာခန်းတို့ အခန်းပိုတွေ တစ်ပုံကြီးပါပဲ။ တစ်ယောက်နဲ့ တစ်ယောက် မဆုံအောင် ရှောင်ပြီးနေလို့ တော့ ရပေမဲ့ ကိုယ် ကြိုသိတယ်၊ ငွေယုန် သူတို့နဲ့တည့် မှာ မဟုတ်ဘူး"

"ကိုကိုကမှ ခွဲထွက်မသွားနိုင်တာ၊ ငွေယုန်က ဘာဖြစ်လို့ ခွဲထွက်ရအောင်လို့ ပူဆာနေတော့မလဲ ငွေယုန်၊ ကိုကို့ကို သိပ်ချစ်တယ်လေ။ ဒီတော့ ကိုကို့မိသားစုကို လိုက်လျော ညီထွေ ဆက်ဆံပြီး နေနိုင်ရမှာပေါ့"

"ငွေယုန်ရယ် ... မင်းကို ကိုယ် တဖြည်းဖြည်းနဲ့မှ ပိုပို ချစ်လာတယ်လို့ ဝန်ခံချင်တယ်ကွာ"

သိဒ္ဓိအောင်သည် အစကတော့ ဒီမိန်းကလေးကို စိတ်,ဝင်စား စွဲလမ်းမိသွား၍ ချစ်တယ်ဟု ပြောထွက်သွားတာပဲ ဖြစ်သည်။ သို့သော် ချစ်သူအဖြစ် တွဲလာရင်းမှ ပိုပိုချစ်မိလာသည့် စိတ်ကတော့ တစ်နေ့တခြား များလာလေရာ၊ ငွေယုန့်ကို အစစ အရာရာ စိတ်ချမ်းသာစေချင်နေလေသည်။





သို့သော် ငွေယုန်သည် အလိုက်သိတတ်လွန်းသော မိန်းကလေး ဖြစ်နေပြီး သိဒ္ဓိအောင် အလိုကို ဦးစားပေးလိုက်နာ တတ်သော ချစ်သူကောင်း မိန်းကလေးလည်း ဖြစ်နေသဖြင့် သိဒ္ဓိအောင် စိတ်ညစ်ညူးရမည့် အပြုအမူ၊ စကားအပြောအဆို တို့ကို အလိုလိုနေရင်း ရှောင်သွားတတ်နေခဲ့သည်။ ဒါနဲ့ပဲ သိဒ္ဓိ အောင်ဟာ အိမ်မှာ မိသားစုစုံညီသောအခါ သူ လက်ထပ်ရန် ရည်ရွယ်ထားသော မိန်းကလေးကို မိသားစုနဲ့ မိတ်ဆက်ပေးရန် ခေါ်လာခဲ့မည်ဟု တစ်ရက်မှာ အသိပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



## ၃

မေမေ့ထံမှ ငွေယုန်နဲ့ ပတ်သက်ပြီး ပထမဦးဆုံး စကြားရသော စကားမှာ ...

"သူက ဒီအိမ်မှာ လိုက်နေမယ်တဲ့လား"

ဆိုသော စကားပင် ဖြစ်သည်။

"သားတို့ ဆွေးနွေးပြီးပါပြီ"

"သူ့မိဘက သဘောတူသတဲ့လား"

"သူ့မှာ အမေတော့ မရှိတော့ဘူး၊ အဖေက စစ်ကိုင်းတောင်မှာ ဘုန်းကြီးဝတ်နေတယ်"

"ဒါဆို အဖေရှိတယ်ပေါ့"

"ငွေယုန် ပြောတော့ တစ်သက်လုံး ဝတ်သွားတော့မှာမို့ သူတို့မောင်နှမတွေကို အမွေအပြီးခွဲပေးခဲ့တာတဲ့"

"ဒါဖြင့် သူက ဘယ်သူနဲ့ နေသလဲ"





"သူတစ်ယောက်တည်း ကွန်ဒိုအခန်းမှာ နေတယ်၊ အဖော်မိန်းကလေး တစ်ယောက်တော့ ရှိတာပေါ့။ သူ့အခန်းနဲ့ ကပ်ရပ်မှာတော့ သူ့အစ်ကိုအငယ်ဆုံး အခန်း ရှိတယ် မေမေ။ အဲဒီ အစ်ကိုကတော့ သင်္ဘောသားမို့ လူပျိုလည်း လူပျိုမို့ သုံးနှစ်နေမှ တစ်ခါလောက် ပြန်လာတယ်တဲ့"

"မောင်နှမ ဘယ်နှယောက် ရှိလို့လဲ"

"လေးယောက်ပါ၊ အစ်ကိုအကြီးဆုံးမိသားစုက New York မှာနေတယ်၊ အစ်မလတ်ကလည်း မိသားစုနဲ့ သူ့ဘာသာ တစ်အိမ်နေတယ်"

"သူ့အသက်က ဘယ်နှနှစ်မို့လဲ"

"နှစ်ဆယ့်ငါး ပြည့်ခါနီးပြီ"

"ဒါဆို အိန္ဒြာနဲ့ အသက်အတူတူပေါ့၊ မင်းထက် ဆယ်နှစ်တောင် ငယ်တာကို"

သိဒ္ဓိအောင်တို့ မောင်နှမတွေက အားလုံး နှစ်နှစ်ကြီး နှစ်နှစ်ငယ်တွေ။ သိဒ္ဓိအောင် အောက်က ညီမ စန္ဒရာအောင်က သုံးဆယ့်သုံး၊ စန္ဒရာအောင် အောက်က ညီ ကုဋေအောင်က သုံးဆယ့်တစ်၊ ကုဋေအောင် အောက်က ဝဇ္ဇာအောင်က နှစ်ဆယ့်ကိုး ဖြစ်ပေမဲ့ အငယ်ဆုံး ညီမလေး အိန္ဒြာအောင် ကျတော့ ဝဇ္ဇာနဲ့ လေးနှစ်ကျော်လောက်နီးပါး ကွာသွားပြီး နှစ်ဆယ့်ငါးနှစ်ဖြစ်သွားပါသည်။ ဒါကြောင့် အငယ်ဆုံး အိန္ဒြာနဲ့ သိဒ္ဓိတို့က ဆယ်နှစ်နီးပါး အသက်ကွာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မိန်းမပျိုလေး အိမ်ထောင်မရှိ ဘာမရှိ သီးသန့်ကြီး တစ်ယောက်တည်း နေတာတော့ မေမေ သိပ်သဘောမတွေ့ပါဘူးကွယ်။ အစ်မ ရှိနေသားပဲ။ အစ်မနဲ့နေပေါ့၊ ဘာဖြစ်လဲ"

သိဒ္ဓိအောင်သည် ဒီကိစ္စကိုတော့ ဘာမှဖြေရှင်းမနေဘဲ အသာငြိမ်ပြီးတော့တာ နားထောင်နေလိုက်ပါသည်။ သူသိပြီးသားလေ။ မေမေက တစ်ခုမဟုတ် တစ်ခုတော့ ကြံဖန်အပြစ်မြင်မှာပဲ ဆိုတာ။

"မင်းက သူ့ကျမှ လက်ထပ်တော့မယ်လို့ ဆုံးဖြတ်တယ်ဆိုတော့လည်း သူ့အစွမ်းက မသေးပါဘူးလေ၊ မေမေဘာမှ မကန့်ကွက်လိုပါဘူး။ မင်းလည်း အသက်ကငယ်တော့တာမှ မဟုတ်တာ။ ကိုယ့်စိတ်ကြိုက် ကိုယ့်ဘာသာ ဆုံးဖြတ်နိုင်ခွင့် ရှိပါတယ်"

"မေမေတို့နဲ့ တစ်ရက် မိတ်ဆက်ပေးဖို့ ခေါ်လာပေးချင်တယ်။ ဘယ်နေ့လာရမလဲ။ အားလုံးဆုံတဲ့နေ့လည်း ဖြစ်ချင်လို့ပါ။ ဖေဖေနဲ့ မေမေကတော့ အိမ်မှာ အမြဲရှိတယ်လေ။ ကျန်တဲ့ အပြင်ရောက်နေတဲ့ စန္ဒရာတို့ ကုဋေတို့နဲ့ပါ တစ်ခါတည်း မိတ်ဆက်ပေးပြီးသားဖြစ်အောင် ပေးတွေ့ချင်လို့"

"စန္ဒရာက ရတယ်။ ကုဋေက မင်း,သိတဲ့အတိုင်းပဲ၊ မင်းဘာသာ မင်း,ညီကို ရအောင်ချိန်း"





"ဝဇ္ဇာကရော"

"ဝဇ္ဇာကရော ရှိမှာလား"

ခုနောက်ပိုင်း ဝဇ္ဇာ တစ်ယောက်လည်း သူ့အုပ်စုသူတွေ့ကာ ခြေများနေသဖြင့် အိမ်သိပ်မကပ်တော့ပြန်ပါ။ မိသားစုထဲမှာ ဝဇ္ဇာကတော့ တစ်မျိုးခြားနားနေသဖြင့် သိဒ္ဓိကိုယ်တိုင်စိတ်တိုင်းမကျလှပါ။ ဖေဖေနဲ့ မေမေကတော့ မိဘတွေမို့ သားဖြစ်သူ၏ ပုံစံတစ်မျိုး စိတ်ဓာတ်တစ်မျိုး ဖြစ်နေမှုကို ကြာတော့လည်း နေသားကျ လက်ခံလျက် ခွင့်လွှတ်နိုင်နေလေပြီ။ အစ်ကိုတွေဖြစ်သော သိဒ္ဓိတို့ ကုဋေတို့ကတော့ သိပ်ကြည့်မရလှဘဲ တွေ့တာနဲ့ ဟောက်ပစ်ဖို့ စိတ်ကူးနေကြသူများပင်။ ငယ်ငယ်ကတည်း (ဝဇ္ဇာ လူပျိုပေါက်လောက်ကစပြီး ပုံစံပြောင်းလာချိန်က) အိမ်နာမှာ အညိုအမည်းစွဲအောင် ဝိုင်းထိုးပြီး ဒဏ်ခတ်ခဲ့တာပါပဲ။ ဒါပေမဲ့ မရ။ ဝဇ္ဇာက ဒီစိတ်က ဒီစိတ် ဘယ်လိုမှ ပြောင်း၍မရတာ ကြာခဲ့လေပြီ။

"သူ့ဘာသာ ခြောက်နေတာကွယ်၊ မိဘလည်း ဒုက္ခမပေးပါဘူး။ ညီအစ်ကို မောင်နှမတွေလည်း ဒုက္ခမပေးပါဘူး။ မင်းတို့ ခွင့်လွှတ်လက်ခံလိုက်ကြပါ။ လူတစ်ယောက်ရဲ့ ခန္ဓာကိုယ်မှာ တည်ဆောက်ပါဝင်နေတဲ့ Hormone (ဟော်မုန်း)မညီမျှမှုကြောင့် သူ့စိတ်မှာ အခြောက်စိတ်ဝင်နေတာ အပြစ်မမြင်ပါနဲ့၊ သူ မိန်းမလို မဝတ်ဘူး။ မိတ်ကပ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ခမ်းနိုတွေလည်း မဆိုးဘူး။ သူ့စိတ်ထဲမှာ ခြောက်နေတာ
ဟာ ဘယ်သူ့ကိုမှ အနှောင့်အယှက် မဖြစ်ပါဘူး။ ကိုယ့်
မောင်လေး၊ ညီလေးကို ဒီအခြေအနေအတိုင်းပဲ လက်ခံ
ချစ်ခင်ကြပါကွယ်"

မိဘတွေက မကြာခဏ ဖျောင်းဖျလွန်းတာကြောင့်
နှစ်တွေလည်း ကြာလာပြီ။ အသက်တွေလည်း ကြီးလာပြီဖြစ်ရာ
ကိုယ့်ညီ့တစ်ယောက်၏ မူမတူသော အခြေအနေကို ခုတော့
အားလုံး လက်ခံနိုင်နေကြလေပြီ။ စိတ်တိုင်းတော့ မကျ
ဝဋ္ဋာဟာ သူ့လိုပုံစံတူ သူ့မိတ်ဆွေ သူငယ်ချင်းတွေ အိမ်လည်
ခေါ်လာလည်း တန်းတူလက်ခံနိုင်နေကြလေပြီ။

"ကိုကြီးရဲ့ ငွေယုန်က ဘယ်မှာဆိုင်ဖွင့်တာ။ ပြောပါဦး
မေ့သွားလို့"

အိန္ဒြာက တီဗီ game ကစားနေရာမှ ထပ်မေးသည်
ဘွဲ့ရပြီးနောက် အစ်ကိုဖြစ်သူနှင့်အတူ ကုမ္ပဏီမှာ တာဝန်တစ်
ခွဲယူပြီး ကူလုပ်ပေးနေသော အိန္ဒြာက အိမ်မှာတော့ အငယ်ဆုံး
မို့ ကလေးလိုပဲ တီဗီ game ရေ့အချိန်ကုန်တတ်လေသည်။ Play
station တို့ X box တို့ ကစားဖို့ကို စက်တကူးတကဝယ်
ကစားတတ်လေသည်။ အိမ်မှာ Play station စက်ပဲ ရှိသေး
X box စက်တော့ မဝယ်ပေးသေး၍ သိဒ္ဓိကို မကြာခဏ ပူဆာ
တတ်သူလည်း ဖြစ်သည်။ ဖေဖေနှင့် မေမေက သိဒ္ဓိကို အ





အကြီးဆုံးမို့ ဘဏ္ဍာရေးကအစ အကုန်လွှဲထားလေရာ အိမ်မှာ
ဖျည်းတစ်ခု ဝယ်ချင်လျှင် သိဒ္ဓိ ငွေထုတ်ပေးမှ ဝယ်ခွင့်ရလေသည်။

"(......)ပလာဇာကြီးမှာ 2nd floor မှာပေါ့၊ Chef Choice
ဆိုတဲ့ နာမည်နဲ့ Steel ပစ္စည်းတွေ ရောင်းတယ်"

"အဲဒီဆိုင် ... အင်း ... ရောက်ဖူးတယ် ထင်တယ်၊ လူ
တော့ သိပ်မမှတ်မိဘူး"

"ဘာလဲ ... နင် သွားကြည့်မလို့လား"

"မကြည့်ပါဘူး။ အိမ်လာတဲ့နေ့ တွေ့မှာပဲ"

သို့သော် အိန္ဒြာ သွားကြည့်ကို ကြည့်မယ်ဆိုတာ
တော့ ကိုယ့်ညီမအကြောင်း သိသူပီပီ သိဒ္ဓိ ကြိုမှန်းဆနိုင်လေရာ
ငွေယုန့်ကို ပြန်ပြောပြထားလိုက်ပါသည်။ ငွေယုန်က မျက်လုံး
ဝိုင်းလျက် ...

"သူက ဘာကြောင့် ငွေယုန့်ကို လာကြည့်မှာလဲ ကိုကို"

"အိန္ဒြာ့ အကျင့်က အဲဒီလိုပဲ၊ အစ်ကိုတွေ အစ်မတွေ ကိစ္စ
ဆို သိပ်စပ်စပ်စုစု နိုင်တယ်၊ ဝင်ပါတတ်တယ်၊ အဲဒီ
သဘောပါ။ သူ လာကြည့်မယ်၊ လေ့လာမယ်"

"အိမ်ရောက်ရင် အတင်းပြောမယ်ပေါ့၊ ဟုတ်လား"

သိဒ္ဓိမှာ မငြင်းချင်သဖြင့် ပြုံး၍သာ တုံ့ပြန်လိုက်
ပါသည်။ ငွေယုန်ကတော့ အိန္ဒြာ ရောက်လာမည့် ရက်တစ်ရက်
ကိုသာ ရင်ထိတ်စွာ စောင့်နေမိပြန်သည်။ အိန္ဒြာ ဆိုတာ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



လိုရုပ်ရည်ရှိသည်-မသိပေမဲ့ သူမ ရောက်လာခဲ့လျှင်တော့ တစ်နည်းနည်းနဲ့ ငွေယုန် အလိုလို သိသွားမယ်ဆိုတာ ကိုယ့်ဘာသာထင်နေခဲ့သည်။

တကယ် အိန္ဒြာ ရောက်လာသော နေ့တွင်တော့ ငွေယုန်သည် အဲဒီနေ့ကျမှ ထူးထူးခြားခြား ဆိုင်ထဲမှာ ဝယ်သူများနေ၍ ဘယ်သူ့ကိုမှ သေသေချာချာ ဂရုတစိုက် မကြည့်အားသောနေ့လည်း ဖြစ်နေသည်။ အရောင်းဝန်ထမ်း လေးယောက်တို့နဲ့ပင် မလုံလောက်၍ ကိုယ်တိုင်ဝင်ပြီး ပစ္စည်းပြပေး၊ ရောင်းပေးနေရချိန် ဖြစ်နေပါသည်။

အိန္ဒြာကတော့ သူငယ်ချင်းတောင် မပါဘဲ သူမဘာသာ တစ်ယောက်တည်း ဆိုင်ထဲဝင်လာပြီး ငွေယုန့်ကို ရှာဖွေတွေ့ရှိသွားပြီး ဖြစ်နေသည်။ စတီးလ်လင်ပန်းများ ပြသထားသော ရှိုးကေ့စ်ရှေ့မှာရပ်ပြီး ကြည့်နေခဲ့သော အိန္ဒြာကို အမှတ်မထင် ငွေယုန် မြင်သွားပေမဲ့ မြင်မြင်ချင်းတော့ အိန္ဒြာမှန်း မသိပါ။ ဈေးဝယ်သူတစ်ဦးဟု ထင်ကာ အသာပင် ပြုံးပြလိုက်သေးသည်။

"ဘာရှာလဲ ညီမ၊ ကြည့်ပါနော်၊ လိုချင်တာတွေ့ရင် ပြောပါ"

ငွေယုန်က ဈေးဝယ်သူ Customer ကို အနှောင့်အယှက် မပေးလို၍ ထိုသို့ ချည့်ဝတ်ပြုစကားပြောပြီး လှည့်ထွက်တော့မလိုပြင်လျှင် ...





"တို့က ညီမ မဟုတ်ဘူး ထင်တယ်၊ ငွေယုန်နဲ့ တို့က အသက်အတူတူပဲလို့ ကိုကြီး ပြောထားပါတယ်"

ငွေယုန်သည် ထိုသို့ပြောသံကို ကြားလိုက်ရသော အခါ ရင်ထဲမှာ ဒိန်းခနဲ အသံမြည်သွားပြီး တအံ့တဩပင် ပြန်ကြည့်မိလေသည်။

သူမက မထူးဆန်းသလို ပြုံးလျက် ...

"တို့ ... အိန္ဒြာအောင်ပါ"

ဟု တည်တည်ငြိမ်ငြိမ် ပြန်နှုတ်ဆက်နေသေးသည်။ ချောမောကြော့ရှင်းလွန်းနေပြီး အသားအရေကလည်း ကိုကို့လိုပင် ဝါဝင်းစိုပြည်သော အိန္ဒြာအောင်သည် တကယ်တော့ မိန်းမလှလေးတစ်ဦးပင် ဖြစ်ပါသည်။ မာနကြီးပြီး လူတစ်ဖက်သားကို ထိုးဖောက်တော့မလို မျက်လုံးတွေသာမရှိဘူးဆိုလျှင် ငွေယုန်သည် ထိုမိန်းကလေးကို မြင်မြင်ချင်း ခင်မင်မိသွားမှာဖြစ်သည်။

အခုတော့ သူ့ဘက်က စတင်ကတည်းကိုက ငွေယုန့်ဆီမှာ ဘာအပြစ်ပြောစရာ ရှာရမလဲဆိုသော မျက်လုံးတွေဖြင့် ကြည့်နေခဲ့၍ ငွေယုန်ကလည်း ရင်ဆိုင်ဖို့ အသင့်ပြင်ပြီးဟန်ဖြစ်နေလိမ့်မည်။

"သြော် ... အိန္ဒြာလား"

"ကိုကြီး ပြောပြထားလို့ ငွေယုန့်ဆိုင် ဒီမှာရှိတယ်ဆိုတာနဲ့ ဝင်ခဲ့တာလေ။ အရင်က တစ်ခါလား၊ နှစ်ခါလားမသိ



www.burmeseclassic.com

www.burmeseclassic.com



ဘူး လာဝယ်ဖူးပါတယ်၊ အဲဒီတုန်းက ငွေယုန့်ကို သတိမထားမိဘူး။ အရင်ကတည်းက ဒီဆိုင် ဒီမှာဖွင့်တာလား"

ငွေယုန်သည် စိတ်ကျဉ်းကျပ်လျှင် ဖြစ်နေကျအတိုင်း လည်ချောင်းကို "အ်ဟမ်း အဟမ်း ... အဟင်း အဟင်း"တွေ ခဏခဏ ရှင်းနေရာမှ ...

"ငွေယုန် ဒီမှာဖွင့်တာ လေးနှစ်ရှိပြီ"

ဟု ပြန်ဖြေလိုက်သည်။

အိန္ဒြာသည် ကိုယ့်ယောက်မ တော်စပ်ရမည့် မိန်းမကို အကဲခတ် စောင့်ကြည့်နေသူ ဖြစ်လေရာ ငွေယုန့်ထံမှ မကြာခဏ အဟမ်းဟမ်း တဟင်းဟင်း အသံကို ကြားနေရလျှင် သတိပြုမိလာသည်။ ဒါကို စိတ်ထဲကနေ ယားကျိကျိ ဖြစ်လာသည်။ ပြီးတော့ ကဲ့ရဲ့ရရင် ငွေယုန်ဟာ ကိုကြီး တွဲဖူးသမျှ ရည်းစားတွေထဲမှာ ရုပ်မလှဆုံးမိန်းမ ဖြစ်နေတာပင်။ ရုပ်မလှပေမဲ့ ရုပ်ဆိုးနေတာမျိုး မဟုတ်ပြန်ပါ။ ဘာဆွဲဆောင်မှု ရှိနေမှန်းမသိ တစ်မျိုးလေး ဆွဲဆောင်မှု ရှိနေသော ငွေယုန့် မျက်နှာမှာ အထူးခြားဆုံးကတော့ မေးဖျားချွန်ချွန်လေးနဲ့ မျက်အိမ်ရှည်ရှည်လေးတွေသာ အထင်ရှား အလှပဆုံး ဖြစ်သည်။ ကျန်တဲ့ နှုတ်ခမ်းတို့ မျက်ခုံးတို့ နှာခေါင်းတို့ မျက်နှာကျတို့ဟာ ပြောပလောက်အောင် လှနေတာမျိုးတော့ မဟုတ်။ မိန်းကလေးမို့ ပြင်တတ်ဆင်တတ်ပြီး ကြည့်ကောင်းနေတာ ဖြစ်ပါသည်။





ပြီးတော့ နောက်တစ်မျိုး စိတ်တိုင်းမကျတာကတော့ ငွေယုန်က အသားညိုနေတာပင်။ အိန္ဒြာတို့ တစ်မိသားစုနဲ့ တစ်ဆွေမျိုးလုံးနီးနီး မျိုးရိုးလိုက်ပြီး အသားအရေ ကြည်လင်ဝင်းပဖြူစင်သူများ ဖြစ်ပါသည်။ အသားဖြူသူတို့ ထုံးစံအတိုင်း အသားညိုသူကို သဘောကျသည်များတော့ မထင်လေနဲ့။ အားလုံးက အသားညိုလျှင် ကြည့်မရ၊ လူရာမသွင်းချင်၊ သဘောမတွေ့ချင် ဖြစ်တတ်သော စိတ်ဓာတ်၊ တစ်စိတ်ဓာတ်တည်းကိုလည်း ပိုင်ဆိုင်ကြပါသေးသည်။

မြန်မာလူမျိုး အများစုဟာ အသားညိုသူတွေမို့ အသားဖြူလျှင်ပဲ အလိုလို အထင်ကြီး၊ တော်ရုံတန်ရုံ လှရင်ပဲ လှသည်ဟု အမှတ်ပေးကြတာမို့ အိန္ဒြာသည် အသားညိုသူဆို ဘယ်လောက်လှလှ လှသည်ဟု မမြင်တတ်ပါပေ။ အခုတော့ ငွေယုန်ဟာ သိပ်ပြီး လှပနေပြန်တာလည်း မဟုတ်၊ တစ်ဖန် အသားကလည်း ညိုသေး၊ မကြာခဏ တဟင်းဟင်း တဟမ်းဟမ်း လည်ချောင်းရှင်းသေး၊ အသံကလည်း ခပ်တိုးတိုး ခပ်တိမ်တိမ်နှင့် အသံပဲ ဝင်နေသလိုလို အသံမျိုး၊ စသဖြင့် အိန္ဒြာသည် အပြစ်တွေ တစ်ခုပြီးတစ်ခု မြင်လာပါသည်။

Rod Stewart (ရော့စတီးဝပ်)တို့လို အသံခပ်ဝင်ဝင် အသံဟာ သီချင်းဆိုရင်သာ နားထောင်ကောင်းမှာ။ သီချင်းမဆိုဘဲ စကားပြော၍ သူ့အစား ကိုယ်က အားမရတာမျိုးဖြစ်မဲ့အသံ



www.burmeseclassic.com

www.burmeseclassic.com



မျိုး။ အဲဒီလို အသံမျိုးကိုမှ ကိုယ့်ယောက်မလောင်းက ပိုင်ဆိုင်ထားသေးသတဲ့။ ဘုရားရေ ... ကိုယ်နဲ့ တစ်အိမ်တည်းနေရမဲ့ ယောက်မလောင်းဆီမှာ အားမရစရာကောင်းတဲ့ အသံကြီး ရှိနေသတဲ့။

"အိန္ဒြာ ဘာဝယ်ချင်လို့လဲ၊ ကြည့်လေ"

"ဝယ်စရာတော့ မရှိပါဘူး၊ ဝင်ကြည့်တာပါ"

"ဪ... ဒါဆိုကြည့်ပါ။ ကြည့်ပြီးရင် တစ်ခုခု သောက်ပါဦး၊ အပူဖြစ်ဖြစ် အအေးဖြစ်ဖြစ် ငွေယုန် မှာပေးမယ်"

"ရပါတယ်"

"သောက်သွားပါ။ ငွေယုန် တကူးတကကြီး သွားဝယ်ရတာမှ မဟုတ်တာ၊ ဆိုင်က မိန်းကလေး တစ်ယောက်ကို သွားမှာခိုင်းရုံပဲ။ ကော်ဖီဆိုင်ကလူက လာပို့ပေးနေကျပါ"

အိန္ဒြာသည် အနည်းငယ် လှည့်ပတ်ပြီး သဘောလောက် ကြည့်ပြီးသောအခါ ငွေယုန်နှင့်အတူ ကော်ဖီသောက်ပြီး စကားအနည်းငယ် ပြောပါသည်။ ငွေယုန့် မျက်နှာကတော့ တကယ့်ကို သတိအနေအထားကြီးဖြင့် အိန္ဒြာ့ကို စကားပြောနေတာ အိန္ဒြာ သတိထားမိလျှင် ငွေယုန့်ကို အိမ်ရောက်လာရင် ဘယ်လိုဒုက္ခပေးရမလဲ ဆိုတာပဲ ကြံစိတ်ကူးနေမိပါသည်။

ကော်ဖီသောက်ကြရင်း အိန္ဒြာက ...

"ပြောပြပါဦး ... ကိုကြီးနဲ့ ဘယ်လိုတွေ့ကြတာလဲ"





ဟူ၍ စမေးသည်ကိုပဲ ငွေယုန့်မှာ သတိကြီးစွာ ပြန်ဖြေနေမိသည်။

"ကိုသိဒ္ဓိက ဒီမှာတစ်ခါ လာဝယ်ရင်း စ,တွေ့ကြတာ"

"ကိုသိဒ္ဓိလို့ပဲ ခေါ်သေးတာလား"

"အဟမ်း ဟမ်း ... ဟင် ... ဘယ်လိုခေါ်သေးလို့လဲ"

ငွေယုန်သည် စိတ်လှုပ်ရှားပြီး တဟင်ဟင်း တဟမ်းဟမ်းသံတွေဖြင့် အမှားမှား အယွင်းယွင်း ပြန်မေးမိပါသည်။

"မဟုတ်ဘူးလေ၊ ငွေယုန်တို့က ရည်းစားပဲ ဖြစ်နေပြီ၊ အဲဒီလို ရိုးရိုးကြီး ကိုသိဒ္ဓိလို့ ခေါ်မယ်မထင်လို့ မေးတာ"

ကိုကို လို့ခေါ်တယ် ဟူသော စကားကို ငွေယုန်သည် အိန္ဒြာ့ကို မပြောပြချင်သဖြင့် ဘာမှမပြောဘဲ နေလိုက်ပါသည်။ သူ သိချင်စရာလား။ ငါ့ဘာသာ ဘယ်လိုခေါ်ခေါ်ပေါ့။ သူနဲ့ ဘာဆိုင်လဲ။ နောက် တစ်အိမ်တည်း အတူတူနေလည်း သူ့ကြားမှာပဲဟာ။

"ဘယ်နှစ်က ကျောင်းပြီးတာလဲဟင်"

"(-----)နှစ်ကပါ၊ Chemistry (ကယ်မစ္စတြီ)နဲ့"

"Day တက်တာလား"

"ဟုတ်တယ် ... Day ပဲတက်ခဲ့တာ။ ငွေယုန် အဲဒီတုန်းက ဆိုင်မှမဖွင့်သေးတာ၊ အားနေတော့ Day ပဲတက်လိုက်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အိန္ဒြာက အဓေးသင်ပဲ တက်တယ်၊ ဒါကြောင့် မတွေ့တာ ထင်တယ်နော်"

"အိန္ဒြာက အလုပ်လုပ်နေလို့လား"

"မဟုတ်ပါဘူး။ ကိုကြီးက ကျောင်းပြီးရင် ကုမ္ပဏီကိစ္စတွေ ဝင်ပါရမယ်၊ နိုင်ငံခြားကို ပိတ်စလှမ်းမှာတာမျိုး၊ လူကိုယ်တိုင် သွားကြည့်ရတာမျိုး ဝိုင်းလုပ်ရမယ် ပြောယားပြီး သင်တန်းတွေ တစ်ခုပြီးတစ်ခု တက်ခိုင်းနေတော့ တက်ရတယ်၊ ဒါကြောင့် ဘွဲ့ကို ရထားရုံလောက်ပဲယူတဲ့ သဘောနဲ့ အဓေးသင် တက်လိုက်တာပါ"

"အိန္ဒြာ ဘာသင်တန်းတွေ တက်ထားရလဲ"

"အဓိကတော့ အင်္ဂလိပ်စကားပေါ့။ ပြီးတော့ ကွန်ပျူတာ၊ accounting (အကောင့်တင်း) အစုံပဲ တက်ရတယ်၊ အင်္ဂလိပ်စကားအပြင် အခုနောက်ပိုင်း Mandrin (မန်ဒရင်း)တရုတ်စကားကလည်း သင်ထားသင့်တယ် ဆိုတော့ အဲဒါပါ သင်ရတယ်။ စုံနေတာပဲ"

"ငွေယုန်လည်း သင်ထားသင့်တယ် ထင်တယ်"

"ဘာဖြစ်လို့လဲ"

"ကိုသိဒ္ဓိက သူ့အလုပ်ကိစ္စတွေ ဝင်ကူစေချင်ရင် ငွေယုန့်မှာ ဘာအရည်အချင်းမှ မရှိတော့ မကူညီနိုင်ဘဲ ဖြစ်မှာစိုးလို့"





"ငွေယုန် မရှိခင်ကတည်းက ဒီမောင်နှမတွေနဲ့ပဲ ကုမ္ပဏီက လည်ပတ်နေတာပဲလေ။ ငွေယုန် ကူစရာ လိုမယ်မထင်ဘူး"

အိန္ဒြာသည် ငွေယုန်က ဘာရယ်မဟုတ် စိတ်ထဲရှိတာ ပြောလိုက်တာပေမဲ့ အထအန ကောက်သွားပါသည်။ ယူတောင် မယူရသေးဘူး ဒီကုမ္ပဏီကိစ္စကို ဝင်ပါဖို့ စဉ်းစားနေတယ်၊ မိသားစု ကုမ္ပဏီကို သူ့ခြေ သူ့လက်ဖြစ်အောင် လုပ်ဖို့ကြံစည်နေတယ်၊ လက်ဝါးကြီးအုပ်ဖို့ စဉ်းစားနေတယ်၊ မဖြစ်သေးပါဘူး မေမေ့ကို ပြောထားမှပါ။ ကိုကြီးကို အိမ်ရဲ့ ဘဏ္ဍာရေးကအစ အခုနောက်ပိုင်းမှာ အကုန်လုံး လွှဲအပ်ထားလို့ မဖြစ်တော့ဘူးလို့ ပြောမှ ပြောမှ၊ အမယ်လေး ယောက်မလက်ထဲ အကုန်ရောက်သွားရင် ငါတို့တစ်တွေ မွဲသွားလိမ့်မယ်။

ငွေယုန်ကလည်း အိန္ဒြာ ထိုသို့ပြန်ပြောတာ ခံလိုက်ရသဖြင့် စိတ်ထဲမှာ အခံရခက်နေပါသည်။ ကိုယ်လည်း ဒီမိသားစုဝင် ဖြစ်တော့မှာမို့ သူတို့စီးပွားရေးကိစ္စ ကိုယ့်ကိစ္စပါပဲလို့ ယူဆပြီး ပြောမိတာကို ဝင်မပါစေချင်သလို ပြန်ပြောခံရသဖြင့် စိတ်ထဲမျက်နေသည်။ အိန္ဒြာ ပြန်သွားပြီးသောအခါ စိတ်ထဲမှာ တနုံ့နုံ့ဖြင့် နေလို့မရ၊ ထိုင်လို့မရ။

ကိုယ့်ကို ပြောခဲ့တာတွေ ကြည့်ပုံရှုပုံတွေကို အခါခါ မြင်ယောင်ပြီး ကိုကို့ကို ပြန်ရင်ဖွင့်ချင်နေမိသဖြင့် ဆိုင်ဖုန်းဖြင့်ပင် ကိုကို့ mobile ကို လှမ်းဆက်မိသည်။ (ငွေယုန့်မှာတော့



www.burmeseclassic.com

www.burmeseclassic.com



mobile ဖုန်း ကိုင်ရလောက်အောင်လည်း အလုပ်မများသဖြင့် တမင် ဝယ်မကိုင်တာ ဖြစ်ပါသည်။ သို့သော် ကိုကိုကတော့ တစ်ရက်ကျရင် ဖုန်းဝယ်လာပေးမည်ဟု သူ့ဘာသာ စီစဉ်ထားတာတော့ ရှိသည်)။

"ငွေယုန် ... ပြော၊ ဘာလဲ"

"ကိုကို ငွေယုန့်ဆီ မနက်ဖြန် လာမှာလား"

"ဒီနေ့ပဲ လာမလို့ကွာ၊ ဘာလဲ ... ဘာမှာချင်လို့လဲ"

"ငွေယုန် စကားပြောချင်လို့ပါ"

"အလို ... ဘာများပါလိမ့်။ ထူးထူးဆန်းဆန်း"

သိဒ္ဓိသည် ဖုန်းပြောနေရင်းမှ ခေါင်းထဲတွင် ဖျတ်ခနဲ သတိရသွားသည်။

"ဟား ... ကိုယ် သိပြီ။ အိန္ဒြာ ဆိုင်လာသွားပြီလား"

ချစ်သူတွေချင်းမို့ တစ်ယောက်နဲ့ တစ်ယောက် မျက်နှာမမြင်ရလည်း စကားသံ အနေအထား ကြားရုံဖြင့် တစ်ယောက်စိတ်ကို ကျန်တစ်ယောက် ခန့်မှန်းလို့ ရသည်ဖြစ်ရာ သိဒ္ဓိသည် ငွေယုန့် စိတ်ကို ခန့်မှန်းနိုင်သလို၊ ငွေယုန့်ထံ ဘယ်သူ ရောက်လာခဲ့လို့ ဒီလိုဖြစ်ရသလဲ ဆိုတာကိုပါ ကြို၍တွေးထားနိုင်ပါသည်။ ငွေယုန်က တော်ရုံတန်ရုံလည်း စိတ်မညစ်တတ်သူ၊ စိတ်ညစ်စရာလည်း သူ့ဘဝမှာ သိပ်မရှိခဲ့သူမို့ ငွေယုန် စိတ်ညစ်ပြီဆိုလျှင်လည်း သိသာပါသည်။





"ကိုယ် ခုပဲ လာခဲ့တော့မယ် ချစ်လေး"

"ကိုကို အားမှလာပါ"

"အားတယ် ... အားတယ်၊ ကိုယ်တကယ်အားလို့ လာတာ၊ စောင့်နေ"

ဖုန်းဆက်ကြပြီး သိပ်မကြာ။ နာရီဝက်အတွင်း သိဒ္ဓိ ရောက်လာပါသည်။ ငွေယုန်ကတော့ casher စားပွဲမှာ ထိုင်ပြီး ဈေးရောင်းလို့ ကောင်းနေဆဲ ဖြစ်သည်။ သိဒ္ဓိရောက်လာတော့ ငွေယုန့် နားမှာပင် ခုံတစ်လုံး ဆွဲထိုင်လိုက်သည်။ ဝန်ထမ်းတွေကတော့ သိဒ္ဓိ ဒီကိုလာနေကျ ဖြစ်သလို ငွေယုန့် ချစ်သူဆိုတာလည်း သိပြီးနေကြပြီမို့ သိဒ္ဓိ ရောက်လာလျှင် ဟိုးအရင်ကလောက် မစူးစမ်းကြ၊ အထူးတလည် ကြည့်မနေကြတော့ပါ။

"ကဲ ... ပြောပြပါဦး၊ အိန္ဒြာက ဘာတွေ ပြောသွားလို့လဲ"

"ငွေယုန် ပြောတာတွေ အိမ်ကျ ပြန်တော့မပြောနဲ့နော်။ တော်ကြာ ချက်ချင်းတိုင်ပြောပြီး မောင်နှမချင်း ရန်တိုက်ပေးတယ် ထင်ဦးမယ်၊ ငွေယုန့်မှာက ရင်ဖွင့်စရာရှိရင် ကိုကို့ကိုပဲ သတိရတာမို့ ရင်ဖွင့်ချင်တာပါ"

"ကိုယ် သိပါတယ်၊ ပြန်သွားမပြောပါဘူး"

"အိန္ဒြာက ငွေယုန့်ကို အလိုလိုနေရင်း မနှစ်မြို့နိုင်ဘူး ဖြစ်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါက သူ့အကျင့်ပဲ၊ သူ့ ဘယ်သူ့တွေ့တွေ့၊ ဘယ်သူ့ သူ့အပေါ် ဘယ်လောက်ကောင်းကောင်း စိတ်တိုင်းကျမှ မဟုတ်ဘူး၊ ငွေယုန့်စိတ်ထဲလည်း ဘာမှမထားနဲ့။ ကိုယ့် မိသားစုတွေရဲ့ အကျင့်က အဲဒီလိုပဲကွ၊ လူစိမ်းတစ်ယောက် ဒီမိသားစုထဲ ဝင်လာမယ်ဆိုရင် အကောင်းကို ရှာဖို့ကို အဆိုးကိုပဲ စောင့်ကြည့်ရှာဖွေချင်တာမျိုး။ တကယ့်တကယ် ကျ သူတို့စိတ်ထဲမှာ ဘာမှရှိတာလဲ မဟုတ်ဘဲ၊ အပြင်ပန်း မှာတော့ သဘောပဲ မကျသလိုလို၊ မနှစ်မြို့သလိုလိုလည်း ဆက်ဆံတတ်ကြတယ်"

"ကိုကိုရော ... အဲဒီလိုပဲပေါ့"

"ဟား ဟား ... ဒါပေါ့ကွာ၊ ကိုယ်လည်း ဒီဥကပေါက်တဲ့ သားသမီးပဲ၊ ဒီစိတ်ပဲ ရှိတာပေါ့၊ အခုဟာက ကိုယ့်အလှည့် မို့ ကိုယ်မပါတာ။ ကိုယ့်ညီ၊ ညီမတွေ အလှည့်ကျ ကိုယ် ပါမှာပဲ"

"ဟင်း ... မုန်းစရာကောင်းတဲ့ အကျင့်စရိုက်တွေ"

"မုန်းစရာကောင်းမနေနဲ့၊ နောက်ဆို ငွေယုန်ပါ တံငါနား နီး တံငါ ဖြစ်ပြီး အဲဒီပုံစံ ဝင်သွားမှာ သေချာတယ်၊ ကိုယ့်ညီမ စန္ဒရာ ယောက်ျား ကိုရန်မျိုးဆို သူ့မိန်းမကို မရ,ရအောင် ဒီမိသားစုထဲက ဆွဲထုတ်သွားပြီး အိမ်ခွဲနေ တာပဲ၊ ဒါပေမဲ့ သူလည်း စန္ဒရာနဲ့ ပေါင်းတာ ကြာတော့





တဖြည်းဖြည်း အဲဒီစိတ် ဝင်လာပြီး ပုံစံပြောင်းသွားတယ် ငွေယုန်"

"ကိုကိုက အရင်ရည်းစားတွေတုန်းက ဘာလို့ အိမ်ခေါ်ခေါ် သွားပြီး မိတ်ဆက်ပေးတာလဲ၊ တာလဲဟင်၊ သူတို့ကိုလည်း လက်ထပ်ဖို့ထိ ရည်ရွယ်ခဲ့လို့လား၊ မိဘမောင်နှမတွေနဲ့ မတည့်နိုင်မှန်းသိတော့ လက်လျှော့ပြီး လမ်းခွဲလိုက်တာလား"

"ဟောဗျာ ... မဟုတ်ရပါဘူးဗျာ၊ ဘယ့်နှယ် အိန္ဒြေကို မကျေနပ်နိုင်တာတွေ ကိုယ့်ဘက် လှည့်လာရတာလဲဗျာ၊ မဟုတ်တာတွေ ထင်မနေပါနဲ့"

သိဒ္ဓိသည် ငွေယုန့်ကို ချစ်စနိုးဖြင့် ငယ်ထိပ်ကို ဒိပစ်လိုက်ရင်း ...

"တခြားရည်းစားတွေ ခေါ်သွားတာ သီးသန့်ကြီး မိတ်ဆက် ပေးမယ်ဆိုပြီး ခေါ်သွားတာ မဟုတ်ဘူး။ သူတို့ ကိုယ်နဲ့ အတူတူ တွဲသွားပြီး အိမ်ထဲဝင်တာလည်း မဟုတ်ဘူး။ ကိုယ်တို့မိသားစုမှာက မိသားစုများတော့ အထိမ်းအမှတ် ပွဲတွေကလည်း များတယ်၊ ဖေဖေ မေမေနဲ့ မောင်နှမတစ် ယောက်စီရဲ့ မွေးနေ့တွေ၊ ဖေဖေ မေမေတို့ Anniversary ဖခင်များနေ့၊ မိခင်များနေ့ အထိမ်းအမှတ်တွေ၊ ဘုရားပင့် တာတို့၊ ဘုရားအနေကဇာတင်တာတို့၊ ဝါဆိုသင်္ကန်း ကပ် တာတို့၊ ကထိန်ခင်းတာတို့နဲ့ တစ်နှစ်ပတ်လုံးမှာ လတိုင်း



www.burmeseclassic.com

www.burmeseclassic.com



လတိုင်းလိုလို အလှူပွဲက ရှိနေတော့ သူတို့ကိုပါ ကိုယ် ဖိတ်မိတယ်၊ သူတို့ လာကြတယ်။ မိသားစုနဲ့ တွေ့တယ်။ ဒါပဲ။ နောက်မှ သူတို့ဘာသာ ဝင်ထွက်သွားလာရင်းနဲ့ ဟိုလူနဲ့ မကြည်၊ ဒီလူနဲ့မတည့် ဖြစ်လာတော့ ကိုယ်နဲ့ပါ လမ်းခွဲတဲ့အထိ ဖြစ်လာတာပေါ့ ဒါပါပဲ။ ရည်းစားတွေလို့ ခေါင်းစဉ်တပ်ပေမဲ့ တကယ် ကိုယ့်အိမ်ရောက်ဖူးပြီး ကိုယ့် မိသားစုနဲ့တွေ့ဖူးတာ နှစ်ယောက်တည်းပါ။ တချို့ မိန်းက လေးတွေနဲ့ကျတော့ တစ်ယောက်နဲ့ တစ်ယောက် သိပ်လေး လေးနက်နက်ထားပြီး တွဲခဲ့တာမျိုး မဟုတ်တော့ သူလည်း ကိုယ့်မိသားစုကို စိတ်မဝင်စားခဲ့ပါဘူး၊ အိမ်လည်းမရောက် ခဲ့ပါဘူး”

ငွေယုန်သည် သူမ သိနှင့်ပြီးသားဖြစ်သော အကြောင်း အရာတွေပေမဲ့ အခုမှပဲ ဒါကို မကြည်မလင်ဖြစ်ကာ ...

“ကိုကိုဟာလေ ... ဘာလို့ သူများပြောစရာဖြစ်အောင် ရည်းစားများခဲ့ရတာလဲ”

“အရင်ကကိစ္စတွေ မပြောပါနဲ့ကွာ။ ကိုယ် ငွေယုန် တစ် ယောက်တည်းကိုပဲ အခု ချစ်တယ် ဆိုရင် ပြီးတာပဲ မဟုတ်လား”

“ကိုကို့မိဘတွေ မောင်နှမတွေနဲ့ အဆင်မပြေရင် ငွေယုန့် ကိုရော လမ်းခွဲမှာပဲလား”



“မင်းကိုတော့ တကယ်ချစ်လို့ ကိုယ်ကိုယ်တိုင် လက်ဆွဲ ခေါ်သွားပြီး မိသားစုနဲ့ ပေးတွေ့မှာပါကွာ၊ ဘယ်သူဘာ ပြောပြော၊ မင်းနဲ့ ဘယ်သူနဲ့ပဲ မတည့်ပါစေ၊ တစ်ယောက် နဲ့တစ်ယောက် သတ်ချင်လောက်အောင် မုန်းပါစေ၊ ကိုယ် ဂရုမစိုက်ဘူး။ ကိုယ်ချစ်တဲ့သူကို ဘယ်တော့မှ လမ်းမခွဲ ဘူး၊ ဘာမဟုတ်တဲ့ မိသားစုပြဿနာလေးကို ကိုယ်ထည့် မတွေးဘူး။ ကိုယ်ကို့ချင်း ပေါင်းရမှာ ကိုယ်မိသားစုနဲ့ မင်းနဲ့ ပေါင်းရမှာ မဟုတ်ဘူးလို့ ကိုယ်ယုံကြည်တယ်။ ဒါကြောင့် ပြောတာပေါ့၊ ငွေယုန် မနေချင်ရင်ပြော၊ ကိုယ်လည်း ကိုယ့်သဘောနဲ့ကိုယ် ရအောင် အိမ်ခွဲထွက် ပြီး ခနေမယ်လို့”

ထိုသို့ ချစ်သူက လိုက်လျောလွန်းသည့် အခါကျ တော့လည်း ငွေယုန်ဟာ အနိုင်မယူချင်ပြန်တာနဲ့ ...

“ငွေယုန် နေကြည့်လိုက်ဦးမယ် ကိုကို။ အဆင်မပြေလွန်း မှသာ အိမ်ခွဲနေဖို့ စဉ်းစားမယ်”

ဆိုသော တုံ့ပြန်စကားကိုသာ ပြောဖြစ်တော့လေ သည်။

www.burmeseclassic.com

www.burmeseclassic.com



## ၄

"ဖေဖေနဲ့ မေမေရဲ့ anniversary နေ့မှာ ကိုယ်တို့မောင်နှမတွေအားလုံး ဆုံကြမယ်တဲ့၊ ငွေယုန် အဲဒီနေ့ လာခဲ့နိုင်မလားလို့ မေးခိုင်းလိုက်တယ်"

ထိုစကားကို ကြားသောနေ့တွင် ငွေယုန်သည် အင်း ... ဒီတစ်ရက်တော့ ရောက်လာခဲ့ပြီပေါ့ တွေးမိပါသည်။

"ဘယ်နှနှစ်မြောက်လဲ"

"ကိုယ်က (၃၅)ဆိုတော့ သူတို့က (၃၆)နှစ်ပြည့်ပေါ့ ငွေယုန်"

"လူတွေအများကြီး ဖိတ်မှာပေါ့"

"မဖိတ်ပါဘူး၊ ဖေဖေနဲ့ မေမေက ဆယ်စုနှစ် တစ်ခါပြည့်မှ အကြီးအကျယ် ပွဲလုပ်တယ်၊ ဥပမာကွာ နှစ်သုံးဆယ်ပြည့်က တစ်ခါ မနက်ဆို ဘုန်းကြီးကျောင်းကြီးမှာ ဆွမ်းကျွေးအလှူ လုပ်တယ်၊ ညနေပိုင်းကျ ဟိုတယ်လ်ကြီးမှာ Dinner ဖိတ်ကျွေးတယ်၊ အဲဒါမျိုး လုပ်ဖူးတယ်၊ နောက်တစ်ခါလုပ်မှာ နှစ်လေးဆယ်ပြည့်ကျမှ လုပ်မယ်လို့ စီစဉ်ထားကြတယ်"





"ဒါဖြင့် မိသားစုပဲ ဆုံတာပေါ့"

"ဟုတ်တယ်၊ ခါတိုင်းဆို စန္ဒရာက သူ့အိမ်မှာ သူနေတော့ သုံး,လေးရက် တစ်ပတ်မှတစ်ခါ မိဘအိမ် ရောက်တယ်။ ကိုယ့်ညီ ကုဋေက သိတဲ့အတိုင်းပဲ ဆိုးတယ်ကွ၊ အိမ်မကပ်ဘူး။ ဆိုးတယ်ဆိုတာကွာ ရန်ဖြစ် ပေတေပြီး ဆေးချနေတာလည်း မဟုတ်ပြန်ဘူး။ အလုပ်အကိုင် ဖင်မမြဲဘဲ သူလုပ်ချင်ရာ ဝင်လုပ်တယ်။ မိသားစုကုမ္ပဏီမှာ ဝင်လုပ်ဆိုတော့ မလုပ်ဘူး။ ကားဝယ်ရောင်းလုပ်လိုက် ဆိုင်ကယ်ဝယ်ရောင်း လုပ်လိုက်နဲ့ ရသမျှ မစုဘဲ သူငယ်ချင်းတွေနဲ့ လည်ပတ်စားသောက်ပစ်တာမျိုးပေါ့။ သူက အပေါင်းအသင်းမင်ပြီး ခရီးထွက်ရတာ ဝါသနာပါတော့ ရန်ကုန်မှာ အမြဲလည်း မရှိဘူး။ မိဘက ရှေ့ရေးအတွက် အလုပ်အကိုင် အတည်တကျလေးနဲ့ ပိုက်ဆံလေး ဘာလေးစုစေချင်တာ မစုဘူး၊ အဲဒီလိုမျိုး ဆိုးတဲ့နည်းပေါ့ကွာ၊ နောက်တစ်ယောက် ဝဋ္ဋာကကျတော့ ငွေယုန် သိပါတယ်။ ခြောက်နေတယ်ကွာ။ အရင်ကတော့ ကိုယ်နဲ့အတူ ကုမ္ပဏီ



www.burmeseclassic.com

www.burmeseclassic.com



မှာ ဝင်ကူသေးတယ်။ အခုကျ သူ့ဘာသာ အခြောက်အုပ်စု ရှာတွေ့ပြီး သူတို့နဲ့အတူ စီးပွားရေး လုပ်နေလေရဲ့။ ပြည် တွင်းဖြစ် မွေးပွအရုပ်လုပ်ငန်း လုပ်ဖို့ဆိုလား စီစဉ်နေတော့ သူလည်း အိမ်မကပ်ပြန်ဘူး။ ဒါကြောင့် အပြင်ရောက်နေ တဲ့ သူတို့နဲ့ပါ ဆုံဖို့က အဒီနေ့ပဲ ရှိတယ်။ သူတို့က ဖေဖေ မေမေ မှာရင်တော့ ရောက်တဲ့နေရာကနေ အိမ်ကိုရောက် အောင် ပြန်လာကြပါတယ်"

ငွေယုန်သည် တစ်ယောက်တစ်မျိုး ဖြစ်နေသော မိသားစုကြီးကို မျက်စိထဲမှာ မြင်ယောင်ပြီး ငါနဲ့တွေ့ရင် အဆင် ပြေပါ့မလားလို့ တွေးပူနေသည်။ တစ်နေ့ကျ ဆုံရမယ်မှန်း သိ ထားပေမဲ့ တကယ်ဆုံရမည် ဆိုသောအခါမှာ စိုးရိမ်ပူပန်နေသည် မှာ ဘာကိုပူပန်မှန်းလည်း မသိ။ ကိုယ့်လူက ကိုယ့်ဘက်ပါတယ်။ ကိုယ့်ကိုသာ အချစ်ဆုံး၊ ကိုယ့်အလိုကို လိုက်မယ်ဆိုတာ သိထား ပေမဲ့ စိုးရိမ်မှုကတော့ ရှိတာပင်။

"ငွေယုန် ဘာမှ မစိုးရိမ်ပါနဲ့။ သူတို့ကို ကိုယ် ပြောထား ပြီးသား။ ငွေယုန်ဟာ ကိုယ် လက်ထပ်မဲ့ မိန်းကလေး လို့"

"ငွေယုန် ဘာ့လက်ဆောင် ယူသွားရမလဲဟင်"

"မယူသွားပါနဲ့၊ ရပါတယ်၊ ဘာမှ အကြီးအကျယ်ကြီး ပွဲလုပ်တာမှ မဟုတ်တာ"





"ဒါပေမဲ့ anniversary လေ၊ ဒါ့အထိမ်းအမှတ် နေ့တစ် နေ့ပဲ၊ ကိုကိုတို့ကရော ဘာတွေလက်ဆောင်ပေးကြလဲ"

"ကိုယ်တို့ မောင်နှမတွေက တစ်ယောက်တစ်မျိုးစီပေါ့၊ ဝယ်ပြီး ဖေဖေနဲ့ မေမေကို လက်ဆောင်ပေးကြပါတယ်"

"ကဲ ... တွေ့လား၊ ကိုကိုတို့ကပေးပြီး ငွေယုန်က မပေး ဘူးဆိုရင် ဘယ်ကောင်းပါ့မလဲ"

"ကိုယ်နဲ့ ငွေယုန်က ပေးတယ်လို့ လုပ်လိုက်မယ်"

"ဟာ ... နေပါစေ၊ ကိုကို့ဘာသာ ပေးလိုက်။ ငွေယုန်က ဘာမှ သေသေချာချာကြီး မတော်ရသေးဘူး ဆိုတော့ ငွေယုန် သတ်သတ်ပေးချင်တယ် သဘောတူလား"

"တူပါတယ်ကွာ၊ ငွေယုန် ကောင်းသလို ကြည့်လုပ်ပေါ့၊ ငွေယုန် အဆင်ပြေရင် ပြီးတာပဲ"

ဒါနဲ့ပဲ ငွေယုန်သည် ကိုယ်ဆိုင်ထဲမှာ ရှိပြီးသား တေးလ်ပစ္စည်းတွေကို အရင်ဆုံး ကြည့်ရှုပြီး ဘာ့ယူသွားပေးရင် ကောင်းမလဲဆိုတာ စဉ်းစားပါသည်။ ပစ္စည်းတွေကြည့် စဉ်းစား ရင်းမှ အတွေးတစ်မျိုး ဝင်လာသည်မှာ ...

"ဟယ် ... မဟုတ်သေးပါဘူး။ ကိုယ့်ဆိုင်က ပစ္စည်းကိုပဲ ယူသွားပေးတယ်ဆိုရင် သိပ်မလေးနက်ရာကျမယ်၊ တခြား ဆိုင်က ဝယ်သွားပေးမှပါလေ"

ဟူသော အတွေးပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ပဲ ကိုယ့်ဆိုင်တည်ပြီး ရောင်းချနေသော ပလာဇာကြီးထဲ ရှောပင်း ထွက်ရပါသည်။ သိပ်တန်ဖိုးကြီးတာကြီး ဝယ်ပေးပြဖို့လည်း မဖြစ်သေးပါဘူး။ ကိုယ်က သိပ်ကြွားဝါရာကျမယ်။ သူတို့လည်း ပိုက်ဆံရှိတဲ့ သူဌေးတွေဆိုတော့ ကိုယ်က အဲဒီလောက် တန်ဖိုးကြီးဘာကြီး ဝယ်လည်း သိပ်တုန်တုန်လှုပ်လှုပ် တအံ့တဩတွေ မဖြစ်ဘဲနေမယ်။ အဲဒါဆို ဝယ်သွားပြရတာ အလကားပဲနေမှာ။ ဈေးသိပ်နည်းနေလို့လည်း လုံးဝမဖြစ်သေးဘူး။ အပေါ်စားကြီး လာပေးတယ်။ တမင်ပေးတယ် ထင်ကြဦးမယ်။ ဒီတော့ ဈေးကလည်း မများလွန်း၊ မနည်းလွန်း သူတို့ အတွက်လည်း အမှတ်တရဖြစ်စေ ဆိုတဲ့ လက်ဆောင်မျိုးပဲ ရှာမှပါလေ။

နောက်ဆုံးတော့ ငွေထည်ပစ္စည်း အရောင်းဆိုင်မှာ ငွေသားအတိုဖြင့် လုပ်ထားသော ရေစက်ချသော ကရားယ်၊ ရေစက်ခံသော ဖလားငယ်တို့ အပါအဝင် ထိုကရားနှင့် ဖလားထည့်သော ငွေလင်ပန်းလေး။ စသည့် တစ်စုံတွဲကိုသာ ရွေးချယ်ဖြစ်သွားပါသည်။ မင်္ဂလာရှိပြီး သိပ်ပြီး ဈေးမနည်း ဈေးလည်းမများလှသော ထိုပစ္စည်းတစ်စုံတွဲကို ဝယ်လာပြီး ဆိုင်ကကောင်မလေးတွေ လက်ထဲထည့်ကာ ...

"ကဲ ... မမကို အလှပ အသေသပ်ဆုံးဖြစ်အောင် ပါကင်ထုပ်ပေးပါကွယ်၊ ယောက္ခမလောင်းတွေကို လက်ဆောင်ပေးဖို့ သိလား"





လို့ ဆိုလိုက်တာနဲ့ ငွေယုန်ရဲ့ ဝန်ထမ်းကောင်မလေး နှစ်ယောက်တို့ အလှပဆုံး၊ အကောင်းဆုံးဖြစ်အောင် ထုပ်မိုးပေး၊ ဖဲကြိုးပြာလေးဖြင့် ပုံဖော်ချည်နှောင်ပေးပြီးသောအခါ ငွေယုန့်လက်ထဲ လာထည့်ပါသည်။

ငွေယုန်က anniversary card လေး တစ်ခုထဲ ...

"ဦးအောင် ဒေါ်ရွှေစင်တို့၏ မင်္ဂလာနှစ်ပတ်လည်

အမှတ်တရ ...

မငွေယုန်"

ဟူသော စာတမ်းရှင်းရှင်းလေးကို ရေးထည့်လိုက်ပြီး စာအိတ်ပြာထဲ ပြန်ထည့်ကာ လက်ဆောင်ထုပ်ပေါ်မှာ Tape ဖြင့် ကပ်လိုက်ပါသည်။

လက်ဆောင်လည်း အဆင်သင့် ဖြစ်ပြီ။ အဲဒီနေ့ကျ ဝတ်သွားရမည့် အဝတ်အစားကိုလည်း စဉ်းစားပြီးပြီ။ ငွေယုန် ဝတ်နေကျ အဝတ်အစားတွေကတော့ အခုခေတ်အနေနဲ့ဆို ခေတ်မီရုံဖြစ်ပါသည်။ ဒူးဖုံးစကတ်များ၊ စကတ်ရှည်များ၊ စကတ်ကားများ၊ စကတ်လုံချည်များ ဝတ်လေ့ရှိသော ငွေယုန့် ဝတ်စားဆင်ယင်မှုက သိပ်ကြီး ယောင်ရမ်းတာ မဟုတ်ပေမဲ့ ကိုယ်က ယောက္ခမလောင်းတွေကို သွားတွေ့ရမည် ဆိုသောအခါ ဂရုတမိုက် ရွေးချယ်ရပါသည်။ နောက်ကျရင်လည်း ကိုယ် ဘယ်လိုဝတ်စားပါလဲ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ သူတို့မြင်မှာပေမဲ့ သူတို့နဲ့ ပထမဦးဆုံး တွေ့ဆုံချိန် first impression မှာတော့ ကိုယ့်ကို ...

"ဟယ် ... သူဝတ်စားတာကလည်း ဘယ်လိုဘယ်ဝါကြီး"လို့ အမြင်မခံချင်ပြန်ပါ။

ဒါကြောင့်ပဲ နိုင်ငံခြားဖြစ် ရယ်ဒီမိတ် အင်္ကျီဘလောက်(စ) တစ်ထည်ထဲမှ ဆင်စွယ်ရောင်လေး ရွေးလိုက်ကာ A ပုံစံ စကတ်ရှည်ထဲမှ ရွှေရောင်ပေါ် အဖြူနှင့် အနီပွင့်လေးတွေ ရောယှက်ထားသော အဆင်ဖြင့် ချုပ်ထားသည့် ခြေမျက်စိနား ရောက်လုလု စကတ်ရှည်ကိုဝတ်ဖို့ ရွေးလိုက်ပါသည်။ ကိုယ်က အမြဲလည်း ထဘီဝတ်မနေတတ်ဘဲ ဘုရားသွား၊ ဘုန်းကြီးကျောင်း သွားရင်သာ ဝတ်တာမို့ ကိုယ်အမြဲဝတ်နေကျ ပုံစံထဲက အရိုးရှင်းဆုံး စတိုင်လ်ကိုသာ ဝတ်ဖို့ရွေးလိုက်ပါသည်။

ကိုကိုကတော့ မနက်ဖြန်မနက် လာခေါ်မည်ဆိုလျှင် ဒီနေ့ ညဘက် ကိုးနာရီလောက်မှာ တစ်ခါ ဖုန်းထပ်ဆက်သေးပြီး ...

"စိတ်လှုပ်ရှားနေပြီလား ငွေယုန်။ ဘာမှမပူနဲ့ မတွေးနဲ့။ ခေါင်းအေးအေးထားပြီး အိပ်ရေးဝအောင် အိပ်နော်။ မနက်ကျ အလှဆုံးပြင်ပြီးစောင့်နေ၊ ကိုယ် ဆယ်နာရီခွဲ အရောက် လာမယ်"





တဲ့လေ။ ကိုကို ပြောတော့ ငွေယုန်မှာ ကျိတ်ရယ်ချင်ရသေးသည်။ အလှဆုံးပြင်လည်း ကိုကိုတို့ မောင်နှမတွေက အသားဖြူဝင်းပြီး ချောမောလွန်းတာမို့ ငွေယုန် မမီနိုင်ပါဘူး။ မှို ညိုတဲ့အသားအရေဟာ အသားဖြူဝင်းသူတွေထဲ အရောင်မှိန်နေမှာ ဝင်မတိုးနိုင်ပါဘူး။

သူတို့မိသားစုဝင် ဖြစ်တဲ့ ကိုကို့ကို မြင်ရင်တောင် ငွေယုန့် မိတ်ဆွေတွေက ...

"ကိုသိဒ္ဓိအောင်က အသား သိပ်လှတာပဲနော်၊ အဲဒီလို အသားဖြူဝါဝါလေးက တော်ရုံတန်ရုံ ရုပ်ချောတာနဲ့တင် လူက သိပ်အရောင်ထွက်ပြီး ပိုချောတယ်လို့ ထင်ရစေတယ်"

လို့ပင် ပြောယူကြရသည်မို့ အဲဒီလို အသားဖြူဝင်းဝင်းတွေကြား ငွေယုန် ရောက်ရရင် ပိုပြီးသိသာတော့မှာ သေချာပါသည်။

ကိုယ့်ကိုယ်ကိုယ် မိန်းကလေးပီပီ ငါဟာ သိပ်မလှပါဘူးလို့ သိထားပေမဲ့ ကိုယ့်ချစ်သူက ရုပ်ချောနေပြန်တော့လည်း အလိုလို အားငယ်နေတတ်ခဲ့သော ငွေယုန်သည် ကိုကို့မိဘ မောင်နှမတွေရဲ့ စိတ်ထဲမှာ ...

"ဟယ် ... ငွေယုန်က လှလည်း သိပ်မလှပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



လို့ ပထမဦးဆုံး အမြင်မှာ ထင်ခဲ့လိုက်ရမှာ
လည်း တွေးပြီး စိတ်ပူပြန်လေသည်။

ဒါနဲ့ပဲ ဟိုတွေး ဒီတွေးနဲ့ပဲ ငွေယုန်သည် ညဆ
တစ်နာရီခွဲခန့်မှာတော့ နှစ်ခြိုက်စွာ အိပ်ပျော်သွားခဲ့ပါသည်။





# အပိုင်း(၂)

www.burmeseclassic.com

www.burmeseclassic.com







## ၅

ဒေါ်ရွှေစင်သည် အိမ်ရှေ့က အသံဆူဆူကြားကိုင်း မီးဖိုထဲမှ ခေါင်းပြူပြူပြီး ကြည့်နေမိသည်မှာ ဘယ်နှခါတောင် ရှိပြီလဲ မသိ။ ဒေါ်ရွှေစင့်ကို ကူနေသော အိမ်ဖော် ဒေါ်သိန်းနှင့် မိထောတို့ကတော့ ဒေါ်ရွှေစင်လောက် အပေါက်ဝကို မကြည့်ပေမဲ့ လည်း သူတို့လည်း ရောပြီ မျှော်နေဟန် တွေ့ရသည်။

အိမ်နောက်ဖေးခန်းထဲ ပြေးဝင်လာသော အရိပ်တစ်ခု က ...

"ဘွားဘွား ... ဘွားဘွား ကြည့်စမ်း၊ ဓာဖြူ့မှာ ဆံပင်ရှည် လေး ရှိသွားပြီ၊ ဒီနေ့ မေမေ ဆံပင်ကို ဖဲပြားစည်းလို့ ရသွားပြီ"

စန္ဒရာ သမီးကြီးဖြစ်သော ဒေါ်ရွှေစင်၏ မြေးဦး မိန်းကလေး ဓာဖြူ ဝင်လာတာ ဖြစ်သည်။ ဓာဖြူက ခုနှစ်နှစ်



www.burmeseclassic.com

www.burmeseclassic.com



သမီးလေး ဖြစ်ပါသည်။ ဓာဖြူ့နောက်မှ စန္ဒရာတစ်ယောက် မိုက်ကြီးတကားကားဖြင့် ပါလာသည်။

"မေမေကိုယ်တိုင် ဝင်ချက်နေတယ်ပေါ့လေ၊ ဟင်း ဟင်းချိုးမလောင်းစားဖို့ လက်စွမ်းပြနေပြီပေါ့"

"အို... သူ့ကြောင့် မဟုတ်ပါဘူးကွယ်၊ နှစ်တိုင်း ဒီနေ့ဆို သားတွေ သမီးတွေ အိမ်မှာစုံတော့ မေမေ ချက်ကျွေးနေကျလေ၊ ဒါကြောင့် ဝင်ချက်တာ စန္ဒရာရယ် သိရက်သားနဲ့။ ခါတိုင်းနေ့ဆို မေမေက ဒေါ်သိန်းတို့ ပြင်ဆင်ပြီးသားကို မီးဖိုပေါ်ရောက်မှ ဝင်မွှေပြီး ချက်ရုံဆိုတော့ မေမေ့လက်ရာ မပီသဘူးလေ။ ဒီလိုနေ့မျိုးကျတော့ မေမေကိုယ်တိုင် အသားနယ်တာကအစ ဝင်လုပ်တာ၊ မေမေ့လက်ရာ အပီအပြင်ပဲ၊ ငါ့သားသမီးတွေကို စားစေချင်လွန်းလို့ ဒါနဲ့ မောင်ရန်မျိုးရော"

"အိမ်ရှေ့မှာ ဖေဖေနဲ့ ညကဘောလုံးပွဲအကြောင်း ပြောနေတယ်"

"အိန္ဒြာ ဘုရားပန်းဝယ်ဖို့ဆိုပြီး ထွက်သွားတာ ကြာလှချည်လား။ ပြန်မရောက်သေးပါလား။ အိန္ဒြာ ကားမောင်းရင် ရှပ်ပျာရှပ်ပျာနဲ့ သိပ်စိတ်ပူရတယ်"

"ဒီနားလေးတင်ပဲ စိတ်မပူပါနဲ့ မေမေရဲ့။ သူက ဒီလိုပဲ ဈေးဝယ်ရင် မြင်မြင်ကရာ အကုန်ဝယ်ချင်နေတော့ ဝယ်နေပြန်ပြီထင်တယ်"





ထိုအချိန်တွင် အိမ်ရှေ့မှာ ဆူညံဆူညံအသံ ကြားရပြန်သည်။

"ဟဲ့ ... ဘယ်သူလဲ၊ သွားကြည့်ပါဦး ဓာဖြူ"

ဓာဖြူ ကလေးပီပီ ရှပ်ခနဲ ပြေးထွက်သွားလိုက်ပြီး ကြည့်ပါသည်။ ဓာဖြူ ပြန်ဝင်လာတော့ ဓာဖြူ တစ်ယောက်တည်း မဟုတ်ပါ။ သူ့ကိုချီဝင်လာသော ဝဇ္ဇာနှင့်။

"ဦးဝဇ္ဇာ သူငယ်ချင်းလည်း ပါလာတယ် ဘွားဘွား"

ဒေါ်ရွှေစင် အံ့သြသွားပါသည်။

"ညည်းသည် ပါလာမယ်ဆိုတာ ကြိုတင်မပြောဘဲနဲ့ ဘယ်သူ့ ခေါ်လာတာလဲ"

ထိုအချိန်တွင် ကုဋ္ဌေနှင့် အိန္ဒြာတို့ ရှေ့ဆင့်နောက်ဆင့် အိမ်ထဲဝင်လာကြပါသည်။ ကုဋ္ဌေက အိမ်ထဲရောက်ရောက်ချင်း ...

"အမယ်လေးဗျာ ... မွှေးလိုက်တာ၊ မေမေ့လက်ရာ ဟင်းနံ့တွေ။ မစားရတာ ကြာပြီ။ ငတ်နေတာ ကြာပြီ။ ဗိုက်တောင် ဆာလာပြီဗျာ"

ဟု အော်ဟျယ် အော်ကျယ် ပြောလျက် အင်္ကျီကို ဒိုက်လှန်ပြီး ဗိုက်ကိုပွတ်ပြလာပါသည်။

စန္ဒရာက ...



www.burmeseclassic.com

www.burmeseclassic.com



"တွေ့လား တွေ့လား မေမေ။ သူကဖြင့် တစ်လကိုးသီတင်း အပြင်ရောက်နေပြီးတော့။ တစ်ရက်တလေ ပြန်ရောက်တာနဲ့ စပြီး မေမေ့ကို ဖားပြီးချွဲပြီ။ အနီးကပ်တော့ မနေဘဲ အမေ့လက်ရာကို မစားရတာ ကြာပြီလေး ဘာဖြစ်သလေးနဲ့"

မေမေဒေါ်ရွှေစင် ပြုံးလျက် ပုစွန်တန်ပူရာကြော်လုပ်ဖို့ ဆီအိုးကြီး တည်နေဆဲ။

"ငါတို့အစ်မကတော့ နှစ်ယောက်စာ ပေါင်းစားမယ်ထင်တယ်။ ဟော့ကောင် … ဗိုက်ထဲကကောင် နည်းနည်းလျှော့စားကွ။ ဒီမှာ ဦးကုဒ္ဒေ ဗိုက်ဆာလို့ ပိုစားမလို့ကွ"

အစ်မဗိုက်နားလည်း ကပ်ပြီး ကုဒ္ဒေက အော်သေးသည်။ မိသားစုထဲမှာ ကုဒ္ဒေက အဲဒီလိုပဲ။ ဆူညံဆူညံ အော်ကျယ်အော်ကျယ်နဲ့ ပျော်ပျော်နေတတ်ပြီး ဟိုလူစ၊ ဒီလူနောက် လုပ်တတ်သည်။ ဝဏ္ဏာကတော့ ငယ်ငယ်ကတည်းက မိန်းကလေးလိုပဲ အေးပြီး ငြိမ်ငြိမ်နေတတ်ကာ လူပျိုပေါက်အရွယ် ရောက်လာတော့ စိတ်က ခြောက်သွားသဖြင့် ပို၍ပင် အေးဆေးတိတ်ဆိတ်သူ ဖြစ်သွားပါသည်။

"မမေ ဒီမှာ ဘုရားပန်းရပြီ၊ မေမေမှာတဲ့ အနံ့ရောင်သစ္စာပန်းတွေ ဒီနေ့ ဈေးမှာ ပေါ်မှပေါ်ပဲ"





"ကြွပ်ကြွပ်အိတ်ထဲမှာ ဘာတွေလျှာရှည်ပြီး ဝယ်လာပြန်တာလဲ"

"ကြက်မောက်သီး စားချင်လို့ ဝယ်လာတာ မေမေ"

"ဒါဖြင့် အတွဲလိုက်ဆို တန်းမှာချိတ်ထားလိုက်၊ အိန္ဒြာတို့က မရွေးတတ်ဘဲ လုပ်လာပြန်ပြီ။ ကြက်မောက်သီးတွေက မမှည့်သေးဘူး"

အိန္ဒြာ ပြုံးစိစိ လျှာထုတ်ခေါင်းပုရင်း …

"မေမေ ချွေးမလောင်းကို တွေ့ရင် ပိုဆိုးဦးမှာ"

ဒေါ်ရွှေစင်သည် ပုစွန်တွေကို ဆီအိုးထဲ ရှဲခနဲ အသံမြည်အောင် ထည့်ကြော်ရင်း အိန္ဒြာကို လှည့်ကြည့်ပါသည်။

"အသားကလည်း ညိုသေး မေမေ။ ရုပ်ကလည်း မလှပါဘူး။ မျက်လုံး မျက်ဖန်လှလှနဲ့ ဆွဲဆောင်မှု ရှိတာမျိုးပဲ ရှိတယ်။ သူ့မျက်လုံးပုံစံကတော့ ထူးခြားတယ်၊ ရှည်ရှည်မျောမျောလေး။ ရယ်လိုက် ပြုံးလိုက်ရင် မျက်လုံးအိမ်က ရှည်ရှည်လေး ဖြစ်သွားလို့ သူရယ်နေပြုံးနေရင်တော့ ပိုကြည့်ကောင်းပါတယ်"

"ဒါဖြင့် ဘာက စိတ်အနှောင့်အယှက် ဖြစ်စရာရှိလို့လဲ ပြောပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"အသံပေါ့ မမေ။ သူ့အသံ ကြားရတာ အားမရဘူး တိမ်ဝင်နေတဲ့ အသံလေ။ ပြီးတော့ ခဏ ခဏလည်း တဟင်းဟင်း တဟမ်းဟမ်းနဲ့ ချောင်းဟန့်တတ်သေးတယ်။ ဘာလက်ဝတ်လက်စားမှတော့ မဝတ်ပေမဲ့ ရွှေးစိန်နဲ့လုပ် ထားတဲ့ စိန်လက်စွပ်တစ်ကွင်းတော့ ဘယ်ဘက်လက် ခလယ်မှာ စွပ်ထားပါတယ်။ အဲဒီလက်စွပ်ကိုလည်း ခဏ ခဏ ကိုင်လိုက်၊ ကြည့်လိုက်။ ခေါင်းကိုစောင်းပြီး ဆံပင် တွေကလို လက်ညှိုးနဲ့လိမ်လိုက် လုပ်တတ်တယ်၊ အဲဒါတွေ က ထားပါတော့။ သူ့အသံနဲ့ လည်ချောင်း ခဏခဏ ရှင်းတာကြီးက သိပ်အနေရခက်တာပဲ။ မမေတို့ တွေ့ဖူး လိမ့်မယ် ချွေးမလောင်းကို"

ကိုကုဋ္ဌေကတော့ အိန္ဒြာ ပြောလိုက်မှ တမင် တဟင်းဟင်း တဟမ်းဟမ်း ချောင်းဟန့်ပြပြီး ညီမဖြစ်သူကို စ,နောက်နေပါသည်။

ဘွားအေ အချစ်တော် မြေးဦးဖြစ်သော ဓာဖြူက တော့ ဘွားအေဘက်လိုက်ပြီး ...

"ဘွားဘွားက ပြောတော့ အန်ကယ်လ်ကြီးက မိန်းမ,မယူ တော့ဘဲ ဘွားဘွားတို့နဲ့ တစ်သက်လုံးနေမှာ၊ လူပျိုကြီး လုပ်မှာဆို အခု ဘာလို့ မိန်းမယူချင်းလဲ"





လို့ ဝင်မေးပါသည်။ စန္ဒရာကတော့ ကိုယ်ကိုယ် ဒိုင်လည်း ကိုယ့်စိတ်ကြိုက် ယူခဲ့ပြီး အိမ်ထောင်လည်း ခွဲထွက် သွားသူမို့ အစ်ကိုကြီးဖြစ်သူ သိဒ္ဓိဘက်မှ နည်းနည်းစာနာစွာ တွေးပေးသူ ဖြစ်သဖြင့် ဓာဖြူ့ကို ဟန့်လိုက်ပါသည်။

"သမီးဓာဖြူ ... ကလေးက ကလေးလိုနေလေ။ မမေ ဘာမှာထားလဲ၊ လူကြီးစကားပြောရင် ဝင်မပါရဘူးလို့ မှာထားတယ်လေ။ တိတ်တိတ်လေး နားထောင်။ ပြီးတော့ အန်ကယ်လ်ကြီး သိဒ္ဓိရဲ့ မိန်းမဖြစ်မဲ့ အန်တီ ပါလာရင် လည်း ရှေ့ကနေ ဝင်,ဝင်မပြောနဲ့။ ကောင်းကောင်းပြော သူမေးမှပြော"

မမေဒေါ်ရွှေစင်က ပုစွန်တန်ပူရာကြော် အကောင် လိုက်တွေကို ဆီစစ်ပြီး paper towel ဟုခေါ်သော စက္ကူထူပေါ် ဖြန့်တင်နေပါသည်။ ပုစွန်ကြော်က နောက်ဆုံးဟင်းလျာပဲ ဖြစ် သည်။ စားခါနီးမှ ကြော်ထားရင် ပိုကောင်းတာမို့ စားခါနီး အချိန်ကို ရွေးပြီး ကြော်တာဖြစ်သည်။

"ဟော ... ဟော ... လာပြီ ... လာပြီ ... ကိုကြီးကား ဝင်လာပြီ မမေ"

တစ်မိသားစုလုံး အုန်းဆို ပြတင်းပေါက် တစ်ပေါက် ဆီ စုပြုံပြေးသွားကြပါသည်။ ထိုပြတင်းပေါက်မှာ အိမ်ရှေ့ဆင် ဝင်အောက်ကို အတိုင်းသား မြင်ရသော ပြတင်းပေါက် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပိုးလိုက်ကာ အဝါနုများ ကာထားသည့်ကြားက ဖြဲကြည့်လျှင် ဆင်ဝင်အောက်ကို မြင်ရပေမဲ့ အောက်ကလူက မော့ကြည့်ရင်တော့ မမြင်ပါ။ ကြားထဲမှာ ပိတောက်ပင်က အရွက်တွေရှိသေးသည်။

အမေ အဝါအဝင် ဗိုက်တစ်လုံးနှင့် လေးပင်နေသော စန္ဒရာ၊ ကုဋေ၊ အိန္ဒြာနှင့် ဇာဖြူတို့ ပြုံကြည့်နေကြသည်။ မောင်းသူဘေးခုံမှ ကားတံခါးဖွင့်ဆင်းလာသော ငွေယုန်နဲ့ ဒေါက်ဖိနပ် အညိုလုံလေးကို အရင်မြင်ရသည်။ မထူမပါးသော ဒေါက်ပါသည့် ဖိနပ်ညိုလုံလေးက အညိုချည်း မဟုတ်ဘဲ ရွှေရောင်စပ်ထားသဖြင့် ခပ်လုံလုံလေး ဖြစ်နေသည်။ ခြေဖမိုးနေရာမှာ ကန့်လန့်ဖြတ် ကွင်းထိုးနှစ်ခုသာ ရှိပေမဲ့ ထိုကွင်းထိုးတွေပေါ်မှာ စိန်ပွင့်လုလု လေးတွေ စီထားသဖြင့် အရောင်က တဖျပ်ဖျပ် လှနေသည်။ အထူးသဖြင့် ဒေါက်ဖိနပ်ကို စိတ်ဝင်စားလှသော ဇာဖြူ့အာရုံကို အဆွဲဆောင်ဆုံး ဖြစ်သည်။

ဇာဖြူ့ထံမှ ...

"ဟယ် ... ဒေါက်ဖိနပ်လေး လှလိုက်တာ၊ အဲဒီအန်တီ ချွတ်ထားရင် ဇာဖြူ ဝတ်ကြည့်မယ်"

ဟု ပြောသံကို ဘယ်သူ့မှ မကြားလိုက်ကြပါ။ ဒေါ်ရွှေစင့် စိတ်ထဲမှာ ငွေယုန် ထွက်လာတာ မြင်လိုက်တော့ ...

"ဟယ် ... သိပ်လည်း မချောပါဘူး၊ ဒါနဲ့များ သားကြီး က ယူမယ်လို့တောင် ဆုံးဖြတ်ရတယ်။ သားကြီးနဲ့ သူဆို





တခြားစီ ဖြစ်နေတယ်၊ ငါ့သားက အသားဖြူဖြူ၊ သူက ညိုညိုနဲ့ တစ်စက်မှကို မလိုက်ပါဘူး"

ဟူ၍ သားကို နှမြောတွန့်တိုပြီး တွေးသလို ဒီ ...င်မလေးမှာ ယောကျ်ားတစ်ယောက်ကို ဆွဲဆောင်နိုင်တဲ့ ...ယ်လိုအရည်အချင်းတွေ ရှိလို့လဲလို့ ဆက်စဉ်းစားနေရ၍ ဇာဖြူ ...ပြောတာ မကြားလိုက်။

စန္ဒရာကတော့ နည်းနည်း အကောင်းမြင်စိတ်မာတ် ...ရှိ ...

"မဆိုးပါဘူး ကျက်သရေရှိသားပဲ။ ရုပ်ရည်က မကလက် ဘူး။ ကိုကြီးကိုလည်း အားကိုးပြီး ချစ်မြတ်နိုးပုံရတယ်"

လို့ တွေးပြီး ဆက်မကြည့်တော့ဘဲ ခုံမှာပြန်လာ ...င်နေသည်။

ကုဋေက ရှိခနဲ လေတစ်ချက်ချွန်လျက် ...

"ကိုယ့်အစ်ကိုကြီးရဲ့မိန်းမ၊ ကိုယ့်ရဲ့မရီးတော်မဲ့သူက ညီမ အငယ်ဆုံး အိန္ဒြေနဲ့ အသက်အတူတူ ဆိုတော့လည်း အင်း ... မငွေယုန်လို့ပဲ ခေါ်ရမလား၊ ညီမလေး ငွေယုန် လို့ပဲ ခေါ်ရမလား"

"ကိုလတ်ကုဋေနော် ... သိပ်ရောရောနှောနှော မလုပ်နဲ့၊ တော်ကြာ ကိုယ့်ဘက်က သူ့ကို သိပ်လိုလားတယ်ဆို ထင် နေဦးမယ်၊ အိန္ဒြာကတော့ သူ့ကို ဘယ်လိုပညာပေးရမလဲ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ စိတ်ကူးနေတယ်၊ ထမင်းစားပွဲပြီးရင် မပြန်ခိုင်း
သေးဘဲ အသံတိတ်သရုပ်ဖော် game ကစားခိုင်းပြီးမှ ပြ
ခိုင်းမယ်၊ ဟီ ဟီ ... မဲလိပ်တွေ သွားရေးလိုက်ဦးမယ်"

အိန္ဒြေသည် အခန်းထဲ ပြန်ပြေးဝင်သွားပြီး မဲလိ
ရေးဖို့ ကြိုးစားတော့သည်။

အပြင်ဘက် ဆင်ဝင်အောက်မှာ ရှိနေဆဲဖြစ်သော
ငွေယုန်ကတော့ အင်္ကျီကို သေသေသပ်သပ်ဖြစ်အောင် ပြန်ဆန့်
စကတ်ကို ဆွဲဆန့်၊ ဆံပင်ကို နားရွက်နောက်ထဲ ထိုးထည့်ပြင်
ဆင်နေသဖြင့် သိဒ္ဓိက ...

"မင်းကို ဟိုးဘက် အပေါ်ထပ် ထောင့်ခြမ်းက ပြတင်း
ပေါက်ကနေ ဝိုင်းကြည့်နေကြလိမ့်မယ် ငွေယုန်။ သတိ
ထားနေ"

"ဟင် ... ဟုတ်လား"

"အိမ်ကို ဧည့်သည်အသစ် ပါလာမယ်ဆိုရင် ဒါ ကိုယ်တို့
မိသားစု၊ အဲ ... ဖေဖေကလွဲရင် လုပ်နေကျ အလုပ်လေ"

ငွေယုန်သည် ပြူးပြူးပျာပျာဖြင့် အပေါ်ထပ်ထောင့်
ခန်း ဆိုတာကို ကြည့်ပေမဲ့ သေသေချာချာတော့ မမြင်ပါ။

"သူတို့ ဘာလို့ ကြည့်ကြတာလဲဟင်"

"ဒါ သူတို့ အကျင့်ပဲ။ ပြီးရင် ငွေယုန် အထဲဝင်သွားရင်
တော့ အခုမှတွေ့တဲ့ ပုံစံမျိုးနဲ့ ကြိုဆိုနှုတ်ဆက်ကြလိမ့်





မယ်။ ဒါပေမဲ့ သူတို့ ငွေယုန့်ကို မြင်ပြီးပြီ။ ငွေယုန် ဘာ
ဝတ်လာတယ် ဘယ်လိုအမူအရာ ရှိတယ်ဆိုတာ သိပြီးနေ
ပြီ"

ငွေယုန် စိတ်ထဲမှာ အနှောင့်အယှက်တော့ ဖြစ်သွား
သဖြင့် လည်ချောင်းတဟင်းဟင်း လုပ်နေမိပြန်သည်။ သိဒ္ဓိက
တော့ ဒီအသံကို ရိုးနေပြီမို့ မထူးခြားပေမဲ့ ...

"ငွေယုန် သူတို့ရှေ့ကျ သိပ်လည်ချောင်းမရှင်းနဲ့နော်။
သူတို့ ကွယ်ရာကျ ကဲ့ရဲ့လိမ့်မယ်"

လို့လည်း ကြိုတင်သတိပေးမိပြန်သည်။

ထိုသို့ ဆောင်ရန် ရှောင်ရန်တွေ သတိပေးလေလေ
ငွေယုန်မှာ ပို၍ ခြေလှမ်း လှမ်းရမှာတောင် မရဲလေလေ ဖြစ်နေ
တော့သည်။ ကိုကို့လက်ကို အားကိုးတကြီးပင် ဆုပ်ကိုင်တွဲထား
မိတော့သည်။

အိမ်ရှေ့တံခါး ဘေးက ဘဲလ်ကို နှိပ်လိုက်တော့
"တင်း ... တောင်"ဟူသော သာယာနာပျော်ဖွယ် အသံလေးကို
အိမ်ထဲမှာ ကြားရပါသည်။ ဖေဖေ ဦးအောင်က တံခါးဘဲလ်သံ
ကြောင့် သမက်ဖြစ်သူ ကိုရန်မျိုး၊ သား ဝဇ္ဇာနှင့် သူ့ယောက်ျား
လေး မိတ်ဆွေ ကိုဇင်တို့ဖြင့် စကားပြောနေရာမှ "ဟော"ဟု
အသံပြုပါသည်။

"သား သွားဖွင့်လိုက်ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဝဥ္စာ မပြောခင် ကိုရန်မျိုးက အလိုက်တသိ ဖြေ လျက် အထဲက ကျွန်းသားတံခါး ပြောင်ပြောင်လက်လက်ကြီး ဘုသီးလှည့်ဖွင့်လိုက်သည်။ အပြင်မှာ ခြင်လုံသံဆန်ခါတံခါးတ ထပ်တော့ ရှိသေးပေမဲ့ အပြင်ကလူကို မြင်နိုင်ပါသည်။

"ဟော ... ကိုကြီးတို့ လာကြပြီပဲ"

"ရန်မျိုးတို့တောင် ရောက်နေပြီ၊ ကြာပြီလား"

"သိပ်မကြာသေးပါဘူး။ အားလုံး ရှေ့ဆင့်နောက်ဆင့် လိုလိုပါပဲ"

"တွေ့ပါတယ် ကားတွေ တွေ့ပါတယ်။ ကုဋေ့ဆိုင်ကယ် ရော၊ ဝဥ္စာ့ကားရော ရန်မျိုးတို့ကားက ဘယ်မှာရပ်ထားလဲ မတွေ့ဘူး"

"ဟောက ကွေ့ဝင်ပြီး နောက်ဖေးမီးဖိုချောင် တံခါးပေါက် နားမှာ သွားဝင်ရပ်လိုက်တယ်၊ ကျွန်တော်တို့ အရင်ဆုံး ရောက်တော့ တခြားကားတွေလာရင် ရပ်စရာမရှိမှာ စိုးတာ နဲ့ ဟောမှာ ရပ်လိုက်တာ"

ဒီအိမ်မှာ သိဒ္ဓိက 4WD တစ်စီး၊ အဖေ အမေ့ အိန္ဒြာက Limited တစ်စီး၊ ကုဋေက ဆိုင်ကယ်တစ်စီးပြီးတစ်စီး ပြောင်းစီးပါသည်။ ဝဥ္စာက အရင်က ကားယူသုံးလေ့ မရှိဘဲ သွားစရာရှိ သိဒ္ဓိကို ပို့ခိုင်း၊ တစ်ခါတလေ ကုဋေ့ဆိုင်ကယ်နဲ့ လမ်းကြုံ ိုက်၊ တစ်ခါတလေ သူ့အုပ်စု လာခေါ်ဖြင့် ဖြစ်သလို





သွားနေလေ့ရှိပြီးမှ ခုတလောလေးကပဲ ပတ်ပလစ်ကာလေးတစ်စီး သူ့ဘာသာ ဝယ်မောင်းနေတာ သိပ်မကြာသေးပါ။

"ရန်မျိုး ... ဒါ ကိုယ့်ရဲ့ငွေယုန်ပဲ"

"ဟုတ်ကဲ့ ခင်ဗျာ၊ တွေ့ရတာဝမ်းသာပါတယ်၊ Welcome to the family ပါ ခင်ဗျာ၊ ကြိုဆိုပါတယ်"

ရန်မျိုးမှာ ငွေယုန်ကို စိတ်ထဲမှာ ကျိတ်တော့ အားဆးပါသည်။ သူ့လိုပဲ ဒီမိသားစုဝင်တွေထဲကို ဝင်ရောက်ရမည့် သူစိမ်းတစ်ဦးကို ဘဝတူချင်းမို့ ခင်မင်စွာ ကြိုဆိုချင်ပါသည်။

"သားကြီး ... လာ ... လာ ... ဖေဖေ ဒီမှာ။ ဝဥ္စာလည်း ရှိတယ်"

ဦးအောင်က လှည့်ပြောပါသည်။ ဝဥ္စာက ကိုဇင်နှင့် အပ်ထိုင်နေရာမှ ထရပ်ပြီး ငွေယုန်ကို ကြိုဆိုပါသည်။ ငွေယုန် သည် ဝဥ္စာ့ကိုမြင်တော့ သေသေချာချာ ကြည့်မိသည်။ ဟင် ... သူတို့ပြောတော့ ခြောက်နေတယ်လည်း ဆိုသေး။ တကယ့်တကယ် ကျ ပုံစံက ယောကျ်ားစစ်စစ်လိုပဲ။ ဝတ်တာစားတာက အစ ယောကျ်ားလိုပါပဲ။ လှုပုံက နွဲ့လည်းသိပ်မနွဲ့နေပါဘူး။ အေး လ တချို့လည်း မိန်းမပုံဖမ်းပြီး ခြောက်တာမဟုတ်ဘဲ စိတ်ထဲမှာ ခြောက်နေတာ ဖြစ်မှာပေါ့။ နိုင်ငံခြားရုပ်ရှင်ကားတွေထဲမှာဆို ဒီလိုပုံတွေကို "Gay" အဖြစ်တောင် မကြာခဏ ထည့်ထည့်ပြတ ပဲ။ ဒါမဆန်းပါဘူး။ အဆိုတော် "Elton John" ဆိုလည်း ချင်း



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ ယောက်ျားသီချင်း ဆိုတယ်။ ဝတ်တာစားတာလည်း ယောက်ျားလိုပဲ။ ဒါပေမဲ့ သူ့ကိုယ်သူ "Gay" ပါလို့ ကြေညာထား တာပဲ။

ဝဥ္စာသည် ရောက်ရောက်ချင်း သူ့ကို အထူးတလည် ကြည့်ပုံပြသော ငွေယုန့်ကို စိတ်ထဲမှာ မကြိုက်တော့ပါ။ ကိုယ်က ခြောက်နေလို့ တမင်တကူးတကကြီး သေသေချာချာ ကြည့်ခံရ တော့ မနှစ်မြို့တော့ပါ။ ငါ့ကို ကြည့်ပုံက ကိုရန်မျိုးကို ကြည့်ပုံ ဖေဖေ့ကိုကြည့်ပုံနဲ့ကို မတူဘူး။

အင်း ... ငွေယုန် ... ငွေယုန် ... နင်နဲ့ငါ ကောင်း ကောင်းတွေ့မယ်။

"ထိုင်ပါဦး သမီး"

ဦးအောင်ကတော့ အလိုက်သိစွာပင် မိန်းကလေးကို ထိုင်ခိုင်းပါသည်။ ဦးအောင် စိတ်ထဲလည်း သိပ်တော့မကြည်။ ကိုယ့်သား ဝဥ္စာ အကြောင်း ကြိုသိပြီးထား၍ အသေအချာကြီး ကြည့်သဖြင့် မိန်းကလေးကို စိတ်ထဲမှာ မျက်သွားပါသည်။

"ဒီမှာ ဖေဖေ၊ ငွေယုန်က မိသားစု ထမင်းစားပြီးကြရင် အချိုတည်းဖို့တဲ့ သူကိုယ်တိုင် လုပ်လာတဲ့ ငှက်ပျောချေကြည် တဲ့"

"သြော် ... တစ်ဇန်းကြီး၊ အများကြီးပါပဲ၊ ဒီမိသားစု ဘယ်ကုန်ပါ့မလဲ"





"နောက်နေ့တွေလည်း စားလို့ရပါတယ် အန်ကယ်လ်၊ ဟို ... အဲ ... ဖေဖေ။ ရေခဲသေတ္တာထဲ ထည့်ထားပြီး စားရင် ရပါတယ်"

ငွေယုန်သည် အန်ကယ်လ်လို့ ခေါ်မိပြီးမှ ချက်ချင်း "ဖေဖေ" ဟု ပြင်ခေါ်လိုက်မိသဖြင့် ကိုယ့်ဘာသာ အနေခက်ပြီး ဆံပင်ချောင်းကို တဟင်းဟင်း လုပ်မိသွားသည်။

ဝဥ္စာက အိမ်မှာ ပြောထားတဲ့စကား ကြားပြီးသားပေ မဲ့ တကယ်လည်း ကြားလိုက်ရသောအခါ စိတ်ထဲ ကလိကလိ ဖြစ်သွားပါသည်။

"မေမေတို့ရော"

"မင်းအမေကွာ၊ သားတွေ သမီးတွေစားဖို့ဆိုပြီး ကိုယ်တိုင် ဝင်ချက်နေတယ်"

"ဒါဆို မေမေ့ သွားတွေ့လိုက်ဦးမယ်နော်"

"သွား ... သွား ... မီးဖိုချောင်မှာ လူစုံတယ်"

"လာ ... ငွေယုန် ... လက်ထဲက အထုပ်ကြီး ဒီမှာပဲချ ခဲ့ပါ။ ထမင်းစားပွဲပြီးမှ လက်ဆောင်ပေးပွဲက စ,မှာ"

ငွေယုန်သည် ကိုကို့လက်ကို လိမ်ကျစ်နေအောင် ဆုပ်ကိုင်ထားလိုက်ပါသည်။ ကျယ်ဝန်းလှသော အိမ်အလယ်ခန်း မှာတော့ ဆောင်းတစ်ဖက်တစ်ချက်စီမှာ အိပ်ခန်းကျယ်ကြီး နှစ်ခန်း ရှိနေသည်။ ထိုအလယ်ခြမ်းကို ဖြတ်တော့ အပေါ်ထပ်တက်ရ သော လှေကားကျယ်ကျယ်လည်း ရှိပါသည်။ ထိုအလယ်ခြမ်း



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့မှ အရင်ရောက်သည်မှာ ထမင်းစားခန်းကျယ်ကြီးဖြစ်သည်။ လူဆယ်ယောက်စာ ထမင်းစားပွဲရှည်ကြီးက ခုံညားကြီး ကျယ်လှသည်။ ထိုထမင်းစားခန်းထဲမှာ နံရံကပ် မှန်ဗီရိုများ အပြည့်ရှိပြီး ပန်းကန်ခွက်ယောက် မျိုးစုံတို့ကို အစီအရီ ထည့်ထားပါသည်။

ပန်းကန်အစုံအစုံတွေဟာ သူ့အမျိုးအစားတူ အကန့်အကန့်နှင့် ထည့်ထားသလို စတီးချိုင့်၊ ကြွေချိုင့်၊ မယ်လမင်းချိုင့်တို့လို ချိုင့်ပေါင်းစုံကလည်း အစွယ်စုံ ဆိုက်စုံ။

"ငွေယုန့် ဆိုင်ရဲ့ လေးပုံတစ်ပုံ နီးပါးလောက် ပန်းကန်တွေက ရှိတာနော်"

ငွေယုန် ပန်းကန်ခွက်ယောက်တွေကို ကြည့်ရင်း ပြောမိတော့ ကိုကိုက ရယ်သည်။

"မေမေက ဒီလိုပဲ။ သူ့မျက်စိထဲ ကြိုက်ရင် ဒီ့ဒီဇိုင်းကို ကြိုက်မိပြီဆိုရင် အစုံလိုက် ဝယ်တတ်တဲ့အကျင့် ရှိတယ်"

ထမင်းစားခန်းကြီးထဲမှာ ထောင့်တစ်ထောင့်မှာတော့ ရေခဲသေတ္တာ အစွယ်တော်လေးသာ ချထားသဖြင့် ထမင်းစားခန်းက ရှင်းလင်းနေသည်။

ထမင်းစားခန်းပြီးမှ မီးဖိုချောင်ထဲကို ရောက်ရမှာ ဖြစ်သည်။ ငွေယုန် အစိက ရင်ဆိုင်ရမည့် မေမေ ဒေါ်ရွှေစင်ကို တွေ့ရမှာ ဖြစ်သည်။





# ၆

"ဟော"

ဒေါ်ရွှေစင့် အသံကို မီးဖိုခန်းထဲ ဝင်ဝင်ချင်း ကြားလိုက်ရသည်။ မီးဖိုခန်းပေမဲ့ တော်တော့်ကို ကျယ်ဝန်းလှပြီး အဲဒီမီးဖိုခန်းထဲမှာပင် ထမင်းစားပွဲ ခပ်သေးသေးတစ်စုံက ရှိနေသည်။ လူခြောက်ယောက်စာ စားပွဲဝိုင်းကခုံမှာ ထိုင်နေသော စန္ဒရာ၊ စာဖြူနှင့် ကုဋေတို့က ငွေယုန့်ကို စောင့်ကြည့်နေကြစဉ် ဒေါ်ရွှေစင်ကတော့ အသာထလာပြီး နှုတ်ဆက်တာ ဖြစ်သည်။

"မေမေလေ ... ငွေယုန်"

"တွေ့ရတာ ဝမ်းသာပါတယ် မေမေ"

ဒေါ်ရွှေစင်သည် ကောင်မလေးအသံ ခပ်တိမ်တိမ်ကို ပထမဦးဆုံး သတိပြုမိသွားသည်။ အင်း ... အိန္ဒြေ ပြောတာ ဒီအသံပဲ ဖြစ်မယ်။ အေးလေ ... ဟုတ်ပါရဲ့။ Rod Stewart အသံ



www.burmeseclassic.com

www.burmeseclassic.com



လိုမျိုး တိမ်ဝင်နေတာ။ သိချင်းဆိုရင်တော့ ဆိုတာတ်ရင် နားထောင်ကောင်းမှာပေါ့။ စကားပြောတဲ့အခါကျ နားထောင်ရတဲ့သူက ကိုယ့်လည်ချောင်းမှာ တစ်ခုခု ကပ်သလို ခံစားရစေတဲ့ အသံကြီးပဲ။ ကိုယ်တောင် ယောင်ယမ်းပြီး အဟင်းဟင်း လုပ်မိပြီး လည်ချောင်းရှင်းမိတော့မလို့။

"လက်ထဲက ဘာတွေလဲ"

"ဩော် ... ငှက်ပျောရွှေကြည်ပါ မမေ။ ငွေယုန် ကိုယ်တိုင် လုပ်တာပါ"

"ထမင်းစားပြီးတော့ အချိုတည်းကြတာပေါ့၊ ကဲ ... လာထိုင်ကြပါဦး။ သူက စန္ဒရာ၊ သူကတော့ စန္ဒရာ့သမီး ဓာဖြူတဲ့။ သူက ကုဋေပါ။ ဝဠာနဲ့ မောင်ရန်မျိုးတော့ သမီး တွေ့ခဲ့ပြီးပြီ ထင်တယ်"

"တွေ့ခဲ့ပါတယ်"

ဓာဖြူသည် သုတ်ခနဲ ပြေးထွက်သွားပါသည်။ အိမ်အပြင် ဖိနပ်စင်မှာ တင်ထားသည့် ဒေါက်ဖိနပ် ရွှေညိုရောင်လေးကို ယူစီးကြည့်ဖို့ပင်။ ဓာဖြူ တစ်ယောက် ငွေယုန့် ဖိနပ်ကို ဂါဝန်အသာမစီးပြီး တဒေါက်ဒေါက် ခုန်လိုက်၊ လမ်းလျှောက်လိုက်ဖြင့် ဟန်ရေးပြနေသည်ကို ဘယ်သူမှ မမြင်ပါ။

"မမေက ဒီလိုပဲ၊ မင်္ဂလာနှစ်ပတ်လည်နေ့တွေကိုကွယ် သားသမီးတွေ ဆုံစေချင်တယ်။ မမေ ချက်ကျွေးတာတွေ





လည်း စားစေချင်တယ်၊ အဲဒါကြောင့် တမင် မီးဖိုချောင်ဝင်တာပါ၊ ဟင်းအမယ်လည်း များပြီး ဆန်းဆန်းပြားပြားပုံစံလေးတွေနဲ့လည်း တန်ဆာဆင်ချင်တော့ ကိုယ်တိုင်ဝင်ရတာပေါ့"

ဒေါ်ရွှေစင်ဟာ စိတ်ထဲမှာ ဘယ်လောက် မနှစ်မြို့သည်ဖြစ်စေ၊ ဟန်ဆောင်ကောင်းစွာပင် စကားတွေ ရွှန်းရွှန်းဝေအောင် စပြောပါသည်။ ကုဋေက မီးဖိုချောင်ထဲမှာ ထားသော တံခါးနှစ်ပေါက် ရေခဲသေတ္တာ အကြီးကြီး သွားဖွင့်၊ ဖန်ခွက်ထဲ သစ်သီးဖျော်ရည်ဘူးထဲမှ ဖျော်ရည်ထည့်၊ ငွေယုန့်ထံ လာကမ်းပေးပါသည်။

"orange juice သောက်လိုက်ပါဦး"

"ဟုတ် ... ကျေးဇူးပါပဲ ကိုကုဋေ"

"ဆောရီးနော် ငွေယုန်။ စန္ဒရာက ဗိုက်လေးနေတော့ မထနိုင်ဘူး၊ နောက်မို့ စန္ဒရာ ညှော်ဝတ်ပြုပါတယ်"

"အို ... ရပါတယ် ... ရပါတယ် ... ထိုင်ပါ။ ငွေယုန်နေတတ်ပါတယ်၊ မစန္ဒရာ့ ဗိုက်က ဘယ်တော့ Due date လဲ"

"လာမဲ့ လ,ရဲ့ လဆန်းရက်ပဲ (၂)ရက်နေ့ပါ"

"ဒါဆို နှစ်ပတ်လောက်ပဲ လိုတော့တာပဲ၊ သိပ်မလိုတော့ဘူးနော်၊ ဘာလေးလဲ သိရပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"သွားလေးပါ"

"ဒါဆို အတော်ပဲပေါ့၊ သမီးအကြီးက ရှိပြီးနေပြီဆိုတော့ နှစ်ယောက် ပြည့်စုံသွားပြီ"

"ဇာဖြူ့တုန်းက (၃၈)ပတ် ပြည့်တာနဲ့ မွေးတယ်၊ (၉)လ ကျော်တာနဲ့ မွေးတာလေ၊ ဒီကောင်ကျ အခု(၉)လကျော် ပြီ၊ မမွေးသေးဘူး၊ ဗိုက်က ရင့်လာလေ နေရထိုင်ရခက် လေပဲ"

ငွေယုန်သည် စန္ဒရာနဲ့ စကားပြောနေရပေမဲ့ ကိုယ့်ကို တစ်ချိန်လုံး အကဲခတ်ပြီး ကြည့်နေသော ဒေါ်ရွှေစင်ကြောင့်ရော၊ ကိုကုဒေ့ရဲ့ လက်ပိုက်ပြီး ပြုံးစိစိကြည့်ပုံကြောင့်ရော၊ အနေ ခက်ကာ ကိုကိုမှာထားရက်နဲ့ မေ့လျော့ပြီး လည်ချောင်းရှင်းလျက် စကားတွေ ပြောမိနေတာ ဖြစ်သည်။

ထိုအချိန်တွင် အိမ်ဖြူတစ်ယောက် အခန်းထဲမှာ မဲလိပ်တွေလုပ်ပြီးပြီမို့ ပြန်ထွက်လာသည်။ ငွေယုန့်ကို မြင်တော့...

"ရောက်နေတာ ကြာပြီလား ငွေယုန်"

ဟု တကယ့်ကို ရင်းနှီးခင်မင်ဟန်ဖြင့် နှုတ်ဆက် လိုက်ပါသည်၊ တကယ်တော့ ရင်ထဲမှာ သိပ်မနှစ်မြို့လှ။ ငွေယုန့် ကို ဒုက္ခကောင်းကောင်းပေးဖို့ game တစ်ခုကိုတောင် စီစဉ်ထား တာလေ။ အရှက်ကွဲပြီး ငိုပြီးထွက်ပြေးပေတော့ပဲ ဟင်း ...ဟင်း။

"သိပ်မကြာသေးပါဘူး"





"ငွေယုန်လည်း ရောက်လာပြီ မေမေ၊ လူစုံပြီပဲ ထမင်း ဝိုင်းပြင်လိုက်ရင် ကောင်းမယ်"

"ဟုတ်သားပဲ၊ ဆယ့်တစ်နာရီတောင် ခွဲတော့မယ်၊ စားကြ တာပေါ့"

အားလုံး ထကုန်ကြပြီး ထမင်းဝိုင်းကို လူစုံတက်စုံ ပြင်ဆင်ကြမည့်ပုံ ပေါက်သဖြင့် ငွေယုန်ပါ ရောယောင်ထလိုက် သည်။ အိမ်ရှေ့မှာ ထိုင်နေသော ဝဋ္ဋာပင် နောက်ဖေးရောက်လာ သဖြင့် ကြည့်ရတာ ဒီမိသားစုဟာ ထမင်းဝိုင်းကို အတူတူ ခင်း ကျင်းပြင်ဆင်မည့်ပုံပဲဟု ငွေယုန် သဘောပေါက်သွားပါသည်။

"ငွေယုန်လည်း ဝိုင်းကူမယ်လေ"

ဒေါ်ရွှေစင်က ပြုံး၍ခေါင်းညိတ်ရင်း ...

"ပုစွန်တန်ပူရာကြော်တွေ ကြော်ပြီးသား ဆီစစ်ထားတယ်။ ဘဲဥပုံပန်းကန်ပြားကြီးထဲ ပြင်လိုက်ပါ ငွေယုန်။ သခွားသီး မုန်လာဥနီနဲ့ ခရမ်းချဉ်သီးတွေကို ပုံဖော်လှီးထားတာ အသင့်ပဲ။ Restaurant တွေမှာ သွားစားရင် ပြင်ဆင်တဲ့ ပုံစံ မျိုးပေါ့။ ငွေယုန် မြင်ဖူးသလိုပဲ လှအောင်ပြင်ဆင် ထည့်လိုက်ပါ၊ အားလုံးက အဆင်သင့် ပြင်ဆင်ထည့်ရုံ ပါပဲ"

သခွားသီး၊ မုန်လာဥနီနှင့် ခရမ်းချဉ်သီးတွေကို ပန်းပွင့်ပုံလေးတွေဖော်ပြီး လှီးထားပုံအား ငွေယုန် တွေ့ရသျှင်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူ့လက်ရာမှန်း မသိပေမဲ့ ဖျားသွားပါသည်။ ငွေယုန်တို့ ဒီလိုမျိုး မလိုးတတ်။ သခွားသီးလို အကွင်းလိုက်တို့၊ တဓောင်းတို့၊ အရှည်လိုက်တို့သာ လှီးတတ်တာ။ မုန်လာဥနီတွေ ခရမ်းချဉ်သီးတွေလည်း အဲဒီအတိုင်းပဲ လှီးတတ်တယ်။ ဒီလိုမျိုး နှင်းဆီပန်းဖူးပုံလေး ဖြစ်အောင်တော့ ဘယ်လိုစ,လှီးရမှန်းတောင် မသိဘူး။

အားလုံး ပန်းကန်ကိုယ်စီဖြင့် ထည့်ပြင်နေကြသည် ကို မသိမသာ ကြည့်မိလျှင် ငွေယုန် သူတို့မိသားစုပုံစံကို ခန့်မှန်းမိသွားပါသည်။ ထမင်းဝိုင်း ပြင်သည်ဆိုလျှင် တကယ့်ထိ ပြီးစလွယ် ပြင်တာမျိုး မဟုတ်ဘဲ အကျအန ပြင်ကြသည်။ ဟိုတယ်တွေ Restaurant တွေမှာ ပြင်ဆင်ကြသလိုမျိုး ပြင်ဆင် တာ တွေ့ရသည်။ ဒါ တကယ့်ပွဲကြီးမို့လား။ နေ့တိုင်း ဒီလို ပြင်ဆင်သလား။

ငွေယုန့်ဘေးမှာ ဝဠာ။ သူကလည်း ငါးထည့်ဖို့ သီးသန့်ပန်းကန်ပြား ဖြစ်ပုံရသော လေးထောင့်လည်း မကျ ဘဲဥပုံလည်း မကျသော ပန်းကန်ပြား လှလှကြီးထဲ ငါးတုံးတွေ စီထည့်နေသည်မှာ ငါးတစ်ကောင်လုံးပုံဖြစ်အောင် စီထည့်တာမျိုး ခေါင်းနေရာခေါင်း၊ ဗိုက်နေရာမှာဗိုက်၊ အမြီးနေရာမှာ အမြီး ညီပြီး တိ,နေအောင် စီထည့်တာမို့ တကယ့် ငါးပုံစံမပျက် ဖြစ် သွားသည်။





"ဝဠာရေ ... ငါးက ချိုချဉ်ကြော်နော်၊ မေမေ ချိုချဉ်ကြော် sauce နဲ့ သီးသန့်ကြော်ထားတဲ့ fruit & vege တွေကို ငါး ပုံစံပြင်ပြီးတာနဲ့ အပေါ်က ဖြန့်လောင်းလိုက်"

"ဝဠာ သိပါတယ် မေမေ"

ဂေါ်ဖီပန်းပွင့်၊ Brocoli ဟုခေါ်သော ပန်းဂေါ်ဖီစိမ်း၊ ...ပ်ပြာ၊ Baby corn ဟုခေါ်သော ပြောင်းဖူးပေါက်စလေးတွေ ...ကြက်သွန်နီ အကွင်းလိုက်ကြီးများ၊ ပန်းငရုတ်ပွမျာ:၊ နံနတ် ...စိပ်များဖြင့် ချိုချဉ်ကြော်,ကြော်ထားသော ဟင်းသီးဟင်းရွက် ...ကြော်ကို ငါးပေါ်မှ လှပစွာ ဖွန်းဖြင့် တစ်ဖွန်းခြင်း မလောင်းထည့် ...ပြင်ဆင်နေသော ဝဠာ့လက်တွေက အနုစိပ်လှသည်။ ငွေယုန်သည် ...ကိုယ်ပြင့်ဆင်ရသော ပုစွန်တန်ပူရာကြော်ကိုပင် ပုံစံလှ,မလှ ...ခါခါ စစ်ဆေးနေမိပြီး သွားချလိုက်ဖို့ပင် စိတ်ပူနေပြန်သည်။ ...ါ့,ပြင်ဆင်ထားတာကြီး မလှရင် သိသာနေမှာ။ ကိုကို့ကို ကြည့် ...ဦးမှ။ ကိုကို ဘာဟင်းတာဝန်ယူရလဲ။

ကိုကိုက တကယ့်ကို ကြီးမားသော ပန်းကန်ပြား ...ဝိုင်းဝိုင်းကြီးထဲ ကြက်ကောင်လုံးမပျက် Roast လုပ်ထားသော ...ဝင်ပြာရည်ရောင် ဝနေသည့် ကြက်ကောင်လုံးကို ထည့်နေသည်။ ...ထိုကြက်ကောင်လုံး ဘေးမှာတော့ ကြက်သားကို Roast လုပ်ဖို့ Oven ထဲထည့်စဉ် တစ်ခါတည်းထည့် Roast လုပ်ထားသော အာလူးခြမ်းများနှင့် ရွှေဖရုံသီးခြမ်းများကို ဝိုင်းပတ်ပြီး လှပအောင်



www.burmeseclassic.com

www.burmeseclassic.com



ထည့်နေပုံများ ငွေယုန်ပင် ကိုကို့ကို ငေးမောကြည့်နေရစေသည်
ကိုကို ပြင်ဆင်တတ်လိုက်တာ ကြည့်စမ်း ...။ ဒါဆို သေချာ
သူတို့မိသားစုဟာ ဒီလိုပဲ သေသေချာချာ ဟင်းတွေကို မျ
ပသာဒဖြစ်အောင် ပြင်ဆင်နေကျဆိုတာ။

ကုရှေက ဝက်နံရိုးကြော်တွေကို ပန်းကန်ထဲ
ထည့်သည် ဆိုပေမဲ့ နံရိုးကြော်အောက်မှာ အရင်ဆုံး အသင့်ကြေ
ထားသော ကြာဆံအကြွပ်ကြော်တွေကို ခင်းလိုက်သေးသည်
ပြီးမှ ဝက်နံရိုးကြော်ကို စီပြီး စိတ်ရှည်လက်ရှည် ထည့်သည်
ပန်းကန်ဘေး နှုတ်ခမ်းတစ်လျှောက်မှာလည်း နံနံပင် အနု
တွေကို လှနေအောင် ခွေပြီးထည့်ထားသည်။ သံပရာသီးစိ
လေးတွေကလည်း ပါလိုက်သေးသည်။

အိန္ဒြေက ဘဲပေါင်းကြဲမဆိုင်ဟင်းချိုကို ဟင်းသော
ပန်းကန် အကြီးကြီးထဲ ယောက်ချိုဖြင့် ခပ်ထည့်နေသည်။
ကန်ကို ဒီတိုင်းကိုင်တာမျိုး မဟုတ်ဘဲ အောက်ခံပန်းကန်ပြားဖြ
ကိုင်ပါသည်။ အိန္ဒြေ့ ဟင်းရည်ထည့်ပုံကသာ ဘာပညာသား
ပါစရာမလိုတာပင်။ ကျန်တဲ့လူတွေက အားလုံး ကိုယ့်ပညာကို
ပြပြီး ဟင်းတွေ ပြင်ဆင်ကြတာ။

ဒေါ်ရွှေစင်ကတော့ စားခါနီးမှ ငါးဖယ်သုပ် လု
မည်ဖြစ်၍ တစ်ခါသုံးလက်အိတ်စွပ်ပြီး အသင့်လှီးချွတ်ထားသော
ဂေါ်ဖီ၊ ကြက်သွန်၊ နံနံပင်၊ ငရုတ်သီးစိမ်း၊ ငါးဖယ်ဖတ်များကို





အခုမှ ပဲမှုန့်၊ ငံပြာရည်ဆီချက်၊ ရှောက်ရည်တွေ ထည့်ပြီး နယ်
တ်သုပ်နေပါသည်။ သုပ်ပြီးသား အသုပ်များကို အိမ်ဖော်မိန်း
လေးက အနေတော် ပန်းကန်ပြား ခပ်ဖောက်နက်နက်များထဲ
စ်ပန်းကန်ချင်းထည့်ပြီး ထမင်းဝိုင်းမှာ သွားချနေသည်။

အားလုံးထဲမှာ စန္ဒရာကတော့ ဗိုက်ကြီးနဲ့မို့ ဘာ
လေးအပင်မှ မလုပ်ခိုင်းဘဲ ထမင်းဝိုင်းမှာ ထမင်းစားပန်းကန်
ပြားများ၊ ရေသောက်ဖို့ ဖန်ခွက်များ၊ ဟင်းချိုပန်းကန်များ၊ ဇွန်း
ခက်ရင်းများ အစီအရီ လိုက်ချစေပါသည်။ သို့ပေမဲ့ သာမန်ကာ
လျှံကာ ချထားတာမျိုး မဟုတ်ဘဲ တကယ့်ကို ဟိုတယ်ကြီးတွေ
မှာ စီစဉ်ချထားသလိုမျိုး ညီနေအောင်၊ တစ်ယောက်နဲ့ တစ်ယောက်
အကွာအဝေးညီအောင် ချထားတာဖြစ်ကြောင်း ငွေယုန့် ပုစွန်ကြော်
ပန်းကန် သွားအချမှာ မြင်ခွင့်ရလိုက်ပါသည်။

ထမင်းဝိုင်း မပြင်ရသူဆိုလို့ ဦးအောင်ရယ်၊ ကိုဇင်
ရယ်၊ ကိုနေမျိုးရယ်၊ ဇာဖြူရယ်သာ ရှိသည်။

"ထမင်းဝိုင်းက ကျယ်တော့ ဘာဟင်းပဲ ထည့်ထည့်၊ လေး
ပန်းကန် လေးဖက်လေးတန် ဖြစ်အောင် ထည့်ကြနော်၊
ဟင်းတွေ အလုံအလောက်ရှိတယ်၊ ထည့်သာထည့်၊ မထည့်
ရင် မစားဖြစ်ပဲနေမယ်"

ဒေါ်ရွှေစင်သည် ငွေယုန် တစ်ယောက် ယောင်န
ဖြင့် ပုစွန်တစ်ပန်းကန်ထဲပြင်ပြီး စားပွဲမှာ သွားချတာ မြင်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ငွေယုန့်ကို တိုက်ရိုက်မပြောလိုတာနဲ့ သူ့သားသမီးတွေကို ပြော သလိုမျိုး ခြိုင့်ပြီး လှမ်းပြောလိုက်သည်။ ကိုယ့်သားသမီးတွေ ကိုယ်ပြောစရာတောင် မလို။ ဘာဟင်းပဲပြင်ပြင် လေးပန်းကန် ပြင်ပြီးသားပါ။

ငွေယုန့်ကတော့ တစ်ပန်းကန်ထဲ ပြင်ထားသဖြ အခုမှာ ပျာယီးပျာယာဖြစ်ပြီး ပန်းကန်သွားဆွဲလာကာ ပုစွန် ပန်းကန်ထဲ ထည့်နေတာ တွေ့ပါသည်။ မိသားစုနဲ့ မနေ ကိုယ့်ဘာသာ သီးသန့်နေတော့ ဒီလို လူစုံတက်စုံ ပြင်ဆင်ရ ထမင်းစားပွဲမျိုး မကြုံဖူးဘူး ထင်ပါရဲ့။ ဒေါ်ရွှေစင့် စိတ်ထဲ ကြဲဖန်ဝေဖန်မိပြန်သည်။

သားကြီးခများမှာတော့ ဒီအသားညိုညို လည်ချောင်း တဟင်းဟင်းမ,ကိုပဲ တုန်အောင်ချစ်လိုက်ရတာ ... ကြည့်စမ်း သူ့ကြက်ကောင်လုံးပန်းကန် လေးပန်းကန်လုံး ပြင်ဆင်ပြီးသွ တာ စားပွဲမှာ သွားတောင်မချအားဘူး။ ငွေယုန် တစ်ယောက်တည် ပျာယာခတ်နေပြီမှန်းသိလို့ ပြေးလာပြီး ဝိုင်းကူနေလိုက်ရတာ ပါးစပ်ကလည်း တွတ်တွတ် တွတ်တွတ်နဲ့ ဘာတွေ အားပေး သိမ့်နေသလဲ မသိဘူး။ အဲဒီလောက် ချစ်ပြစရာလား၊ အဲဒီလော သည်းစရာလား၊ ရုပ်ရည်ကဖြင့် ဘာမှမက်မောလောက်စရာလည်း မရှိဘူး။ အသားကလည်း ညိုသေး။ ကိုယ်လုံးကိုယ်ပေါက် လားဆိုတော့လည်း မယ်ရထားလောက်တဲ့ ကိုယ်လုံးမျိုးလည်း





မဟုတ်ပါဘူး။ သူ့လိုကိုယ်လို သိပ်မထူးခြားတဲ့ ကိုယ်လုံးကိုယ် ပေါက်ပါ။ အရုပ်အမောင်းကလည်း ပေမိဒေါက်မီတယ် ဆိုရုံလေး ရှိလှ ငါးပေနှစ်,သုံး အဲဒီလောက်ပေါ့။ တစ်ကိုယ်လုံး ဘာမှ ထူးထူးခြားခြားကြီး လှနေတဲ့မိန်းမ, မဟုတ်ပါဘဲ သားကြီးခများ သည်းသည်းလှုပ် ဖြစ်နေတာတော့ အံ့သြစရာပဲပေါ့။ ရေစက်ပဲ ပြောရမလား။ သူ့ဖူးစာနဲ့ သူလို့ပဲ ပြောရမလား။

အားလုံး ပြင်ဆင်ပြီးသောအခါ စားပွဲဦးထိပ်နှစ်ဖက် မှာ ဦးအောင်နဲ့ ဒေါ်ရွှေစင်တို့ နေရာယူပါသည်။ ဦးအောင် ညာ ဘက်ဘေးမှာ ကိုကို ဝင်ထိုင်သဖြင့် ငွေယုန်လည်း ကိုကို့ဘေးခုံ ကိုသာ နေရာယူလိုက်သည်။ ဦးအောင်ရဲ့ ဘယ်ဘက်ဘေးမှာ တော့ သမက်ဖြစ်သော ကိုရန်မျိုးနဲ့ စန္ဒာ နေရာယူသည်။

နဂိုမိသားစုခုနစ်ယောက်မှာ အခုတော့ လူပိုသုံး ယောက် ပါလာ၍ စားပွဲနဲ့ခုံ အတိအကျ ဖြစ်နေလေရာ ကလေး ဖြစ်သော ဇာဖြူလေးကတော့ အဖေနဲ့အမေကြား ခေါက်ကုလား ထိုင် အိအိလေး ဝင်ထိုးပြီး ထိုင်လိုက်ပါသည်။

အားလုံး ထိုင်နေရုံပင်။ ထမင်းထ,ထထည့်စရာ မလိုပါ။ အိမ်ဖော်ဖြစ်သော ဒေါ်သိန်းနှင့် မိထောတို့က ထမင်း အုပ်ကြီးများထဲမှ အငွေ့တထောင်းထောင်း ထနေသော ထမင်း များကို တစ်ယောက်ချင်း ပန်းကန်တွေထဲ လိုက်ထည့်ပေးနေပါ သည်။



www.burmeseclassic.com

www.burmeseclassic.com



အားလုံး ထမင်းထည့်ပြီးမှ ကိုကိုသိဒ္ဓိက သူ့အဆေ ပန်းကန်ထဲ ပုစွန်ကြော်တစ်ကောင် ဦးချလိုက်သည်။ ဒေါ်ရွှေစင် နဲ့နီးသော အိန္ဒြာကလည်း ဒေါ်ရွှေစင့် ပန်းကန်ထဲ ပုစွန်တစ်ကောင် ဦးချလိုက်ပါသည်။

"ကဲ ... ကဲ ... အားလုံး ကြိုက်တာထည့်စားလို့ ရပါပြီ၊ အားမနာနဲ့။ မေမေ့သားသမီးတွေနဲ့ မောင်ရန်မျိုးကတော့ ပြောနေစရာ မလိုတော့ပါဘူး။ အခုမှ မိသားစုထဲ ဝင်လာတဲ့ ငွေယုန်နဲ့ ကိုဇင်ကတော့ မေမေ ပြောထားပါတယ်၊ အလှမစားနဲ့ အဝစား။ မေမေ ချက်ထားတာတွေ တကယ့်ကို မြိန်ရေရှက်ရေစားမှ ကြိုက်တာနော်။ အရိုးကိုက်စရာရှိ အားရပါးရ လက်နဲ့ကိုင်ကိုက်လည်း ကြိုက်တယ်။ ထမင်းထပ်ထည့်ချင်ရင် ဒေါ်သိန်းရေ မထောရေ ထည့်ပါဦး ပြောရုံမှ ကြိုက်တယ်၊ ဟင်းထပ်ထည့်ချင်ရင် ထပ်ထည့်မှ ကြိုက်တယ်။ မေမေတို့အိမ်က အဲဒီလိုမျိုးပဲ ဘယ်သူ့ကိုမှ လောကွတ်လုပ်ပြီး လိုက်ထည့်မပေးဘူး။ ကိုယ့်ဘာသာ ထည့်သာစား။ စားလို့မကုန်ရဲ့ဘူး။ မစားဘဲ ဟန်ဆောင်ပြမှသာ ကဲ့ရဲ့ကြတာ"

ဒေါ်ရွှေစင် ပြောလိုက်သည်မှာ အရှင်းဆုံး ဖြစ်လေသည်။ ငွေယုန်လည်း ကိုယ့်ကို ဟန်ဆောင်သည် ထင်မှာစိုး၍ ဟင်းတွေ ခပ်ထည့်ထားရပါသည်။





"ကဲ ... ပြောပါဦး ကိုဇင်က၊ ဝဋ္ဋာနဲ့ သိကြတာ ကြာပြီလား၊ အန်တီက မီးဖိုချောင် ရောက်နေလို့ ဇည့်မခံဖြစ်ဘူးကွယ်၊ ပြောပါဦး ... မိတ်ဆက်ပေးပါဦး"

"ကိုဇင်က ကလေးအသုံးအဆောင် ပေါင်ဒါတို့ ရေချိုးဆပ်ပြာတို့၊ ခေါင်းလျှော်ရည်တို့ကို ပြည်တွင်းဖြစ်ထုတ်ဖို့ စီစဉ်နေတာပါ အန်တီ။ အဲဒီမှာ မွေးပွဲအရုပ်တွေ စပြီးလုပ်နေတဲ့ ဝဋ္ဋာတို့ အုပ်စုနဲ့ ခင်သွားပြီး ကိုယ့်လုပ်ငန်း သူ့လုပ်ငန်း ဆက်စပ်နေတော့ ... အဲ ... ဆက်စပ်နေတယ်လို့ ဆိုရမှာပေါ့နော် အန်တီ။ မွေးပွဲအရုပ်တွေက ကလေးတွေ ဝယ်ဖြစ်တာ များတာကိုး။ အဲဒီလိုမျိုး နီးစပ်တယ်ဆိုပြီး မကြာခဏ တွေ့ကြရင်းက ခင်မင်သွားတာပါ"

ငွေယုန်သည် ထမင်းငုံ့စားနေရင်းမှ ကိုဇင် ဆိုသူ အကဲခတ်မိသည်။

"သြော် ... ဒါဆို ကိုဇင်က ကုမ္ပဏီနဲ့ ထုတ်မှာပေါ့"

"ကုမ္ပဏီ အသေးလေးပါ အန်တီ။ ဝဋ္ဋာတို့ group က လူများပြီး ရှယ်ယာများတော့ ကုမ္ပဏီကြီး ဖြစ်နေပြီ။ နိုင်ငံခြားကိုပါ အလုပ်တွေ တင်ပို့နေပြီဆိုတော့ ဝဋ္ဋာတို့က ပိုအောင်မြင်ပါတယ်"

"မပြောက်နဲ့ ကိုဇင်။ စား ... ထည့်စား။ မေမေ့လက်ရာတွေ ဝ,အောင်စား။ ဝဋ္ဋာ ချက်ရင် မေမေ့လက်ရာ မမီဘူး



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ သိသွားပြီး နောက်ဆို မေမေ့လက်ရာပဲ စား
တယ် အော်နေတော့မှာပဲ”

အိန္ဒြာက ...

“စားပြီးရင် ဖေဖေနဲ့ မေမေ့ကို ကန်တော့ပြီး present
မယ်၊ ပြီးရင် မပြန်ရသေးဘူး၊ game ကစားမှာ
အားလုံးပဲ”

ဟု သူ့အကြံအစည်ကို ကြိုပြီးအော်ပြောနေသည်
စန္ဒရာက ...

“ငါ မပါဘူး၊ ငါ့ဗိုက်ကြီးနဲ့ နင့် game ကို ကစားရ
လူရယ်စရာ ဖြစ်မယ်”

“မစန္ဒရာ အမူအရာ မလုပ်ဘဲ ထိုင်ပြီး အဖြေထုတ်တဲ့နေရာ
မှာ ပါလေ”

ငွေယုန် ဘာမှနားမလည်သည်ကို ကိုကိုက ရိပ်မိပြီး
တိုးတိုးကပ်ပြောပါသည်။

“ပဟေဠိဝှက်တမ်း ကစားတာပါ၊ များသောအားဖြင့်
ရုပ်ရှင်ကားတွေကို ပဟေဠိလုပ်တာမျိုးပေါ့”

“ဘယ်လို မဟေဠိ လုပ်တာလဲ”

“မဲလိပ်နှိုက်ခိုင်းတယ်၊ မဲလိပ်ရတဲ့လူက ဖြေကြည့်ရတယ်
အထဲမှာ ကိုယ့်ကို အသံတိတ် အမူအရာ လုပ်ခိုင်းတဲ့
အကြောင်းအရာတစ်ခု ပါမယ်၊ ကိုယ်က ဘာမှ အသံမ





ထွက်ဘဲ အမူအရာ လုပ်ပြရမယ်၊ အဲဒါကို အားလုံးက
ဝိုင်းကြည့်ပြီး အဖြေထုတ်ရတာကွာ။ ဥပမာ ... မဲလိပ်ထဲ
မှာ ‘ထမင်းစားတဲ့ အမူအရာ လုပ်ပြပါ” ရေးထားရင်
ငွေယုန်က စားတဲ့ပုံပေါ့။ ထမင်းစားမှန်း သိသာအောင်
ပေါ့၊ အဲဒီလို အမူအရာမျိုး အသံတိတ် လုပ်ရမယ်၊ ဘေး
ကလူတွေက ဒါ ဘာလုပ်ပြတာလို့ ဝိုင်းအဖြေထုတ်
ဒါပဲ။ အချိန်က နှစ်မိနစ်ပေးတယ်၊ နှစ်မိနစ်အတွင်းမှာ
သူတို့ အဖြေမရှာနိုင်ရင် သူတို့မရှုံးဘူး။ ငွေယုန် ရှုံးတယ်”

“ဟင် ... ဘာဖြစ်လို့လဲ”

“သူတို့ သဘောပေါက်အောင် အမူအရာ မလုပ်ပြနိုင်လို့
နှစ်မိနစ်အတွင်းမှာ သူတို့ မြန်မြန်အဖြေထုတ်လို့ရတဲ့
အမူအရာ လုပ်ပြနိုင်ရင် ငွေယုန် တော်လို့ဆိုပြီး ငွေယုန်
နိုင်တယ်”

ထူးဆန်းပြီး ကြားလည်း မကြားဖူးသော game
ကို ငွေယုန် လန့်တော့ လန့်သွားမိလေသည်။

မကစားချင်ဘူး။ မပါချင်ဘူး ငြင်းလည်း ရမှာ
မဟုတ်။ ဒီမိသားစု ကြည့်ရတာ အသစ်ရောက်လာသူကို ဖော်ရွေ
သလိုလို၊ မိသားစုထဲ သွင်းသလိုလိုဖြင့် ဒုက္ခပေးတတ်ပုံရသည်။
ဟင်းပွဲပြင်ခိုင်းတာပဲကြည့်။ အိန္ဒြာကျတော့ အလွယ်ဆုံး ဟင်းချို
ထည့်ခိုင်းတယ်။ တကယ်ဆို ငွေယုန်က ခုမှ ရောက်လာသူပဲ။



www.burmeseclassic.com

www.burmeseclassic.com



လွယ်တဲ့ ပညာသား မပါတဲ့ ဟင်းချိုထည့်တဲ့အလုပ် ခိုင်းပေါ့။ အဲဒါတော့မခိုင်းဘဲ ပုစွန်တန်ပူရာကြော်တွေကို သခွားသီး၊ မုန်လာဥနီနဲ့ ခရမ်းချဉ်သီး ပန်းပွင့်ပုံတွေနဲ့ လှအောင်ပြင်ခိုင်းတယ်။

ကိုယ်ဟာ ဟင်းပွဲလှလှ ပြင်နေကျလူ မဟုတ်မှန်း သူတို့သိသာအောင်ပဲ ငွေယုန့် ဟင်းပွဲဟာ ဘာလိုနေမှန်းမသိ၊ ကြည့်မကောင်းလှကြောင်း ထင်ရှားစွာ ပေါ်လွင်နေတော့သည်။

ဟင်းတွေကတော့ အကုန်လုံး စားကောင်းပြီး လက်ရာကလည်း အစပ်အဟပ် တည့်လှပါသည်။ Restaurant လက်ရာကိုမီသော လက်ရာပဲ ဖြစ်သည်။ မှန်တာပြောရရင် ငွေယုန်က ဟင်းအမယ် သိပ်များများစားစား မချက်တတ်လှပါ။ ငွေယုန်က အငယ်လည်း အငယ်မို့ မေမေ ရှိစဉ်ကတော့ မေမေနဲ့ မီးဖိုချောင်ဝင်သူမှာ ငွေယုန့်အစ်မလတ် မကြေးမုံပဲ ဖြစ်သဖြင့် ငွေယုန်ဘာမှမချက်တတ်ခဲ့။ မေမေ တရှောင်ရှောင်နဲ့ အိပ်ရာထဲလဲပြီး နေမကောင်း ဖြစ်လာတော့မှ မလတ်က ငွေယုန့်ကိုပါ မီးဖိုချောင်ထဲ ခေါ်ခိုင်းတော့သည်။ ကလေးဘဝတည်းက ကျောက်ကပ်ရောဂါရှိခဲ့သော မေမေသည် ငွေယုန် မှတ်မိသလောက်ကတော့ မကြာခဏ ပြန်ပြန်ဖြစ်တတ်တာပင်။ အသက်ကြီးလာတော့ ခံနိုင်ရည်အားလည်း နည်းလာသလား မသိ။ လေးဆယ်ကျော်တုန်းက သိပ်အဖြစ်မစိပ်လှပေမဲ့ ငါးဆယ်ကျော်လာသောအခါ ကျောက်ကပ်ခဏခဏပြန်ယောင်လာသည်။ ဆေးရုံတက် ကျောက်ကပ်ဆေးရ





များလာသည်။ နောက်ဆုံးတော့ မေမေ ဆုံးတာပါပဲ။ မေမေ့ကို ချစ်သော ဖေဖေက, မေမေဆုံးပြီး တစ်လပြည့် ဆွမ်းအပြီးမှာပင် ဆွေတွေမျိုးတွေ လူစုံတုန်းမှာ ...

"ရှိသမျှ စည်းစိမ်ဥစ္စာတွေကို ငါးပုံ ပုံမယ် ဖေဖေအပါအဝင် သားသမီးလေးယောက် တစ်ယောက်တစ်ပုံ အပြီးခွဲမယ်၊ ဖေဖေကတော့ ဖေဖေ့အပုံကို ဆွမ်းစားကျောင်းဆောင်ကြီး ဆောက်လှူပစ်လိုက်ပြီးတာနဲ့ တစ်ခါတည်းဘုန်းကြီးဝတ်တော့မယ်၊ သားတွေ သမီးတွေလည်း အရွယ်အကုန်ရောက်ကြပြီမို့ ဖေဖေ ဒီလိုစိတ်ဖြတ်ပြီး စီစဉ်သွားတာကို နားလည်လက်ခံမယ်လို့ ထင်တယ်"

ဆိုကာ အမွေတွေ ခွဲပေးပြီး သားသမီးတွေကို စိတ်ဖြတ် သံယောဇဉ်ဖြတ် ထားခဲ့ပါသည်။

အစ်ကိုကြီးတို့က U.S မှာနေတာ မေမေ မဆုံးခင်ကတည်းကမို့ ကြာပြီဖြစ်ရာ အငယ်ဖြစ်သော ငွေယုန့်ကို တာဝန်ယူ ခေါ်ချင်ပေမဲ့ ခေါ်လို့မရပြန်။ မမလတ်ကတော့ ...

"ငါနဲ့ လာနေစမ်းပါ၊ မိန်းကလေး တစ်ယောက်တည်း မသင့်တော်ပါဘူး"

ဆိုပြီး ခေါ်ပေမဲ့ ငွေယုန်က သူများမိသားစုကြား ညှပ်နေမှာစိုး၍ မနေခဲ့ပါ။

"အစ်ကိုငယ်နဲ့ ကပ်ရပ်အခန်းမှာ ဝယ်နေလိုက်ချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... သူက သုံးနှစ် လေးနှစ်နေမှ ဒီပြန်လာတဲ့လူကို။ သူ့သွားအားမကိုးပါနဲ့"

"ဒါပေမဲ့ ကိုယ့်အစ်ကို အခန်းဘေးမှာရှိလို့ ဝယ်နေတယ် ဆိုရင် သင့်တော်ပါတယ်။ ပြီးတော့ ကွန်ဒိုအခန်းတွေက လုံခြုံပါတယ်။ ဝင်းတံခါးနဲ့ အစောင့်နဲ့ ဘာမှပူစရာမရှိဘူး။ မမလတ်သာ ငွေယုန်နဲ့ အမြဲနေနိုင်မဲ့ ကောင်မလေးတစ်ယောက် သေသေချာချာ ရှာပေး"

ဒီလိုနဲ့ပဲ ငွေယုန် တစ်ယောက်တည်း နေလာခဲ့တော့မှ ကိုယ်တိုင် ချက်စားတဲ့အခါစား၊ မစားရင် အပြင်ကဝယ်စားနဲ့။ အတူနေပေးသော အိမ်ဖော်မိန်းကလေးကလည်း ကလေးမကျ လူကြီးမကျ အသက်ဆယ့်သုံးနှစ် အရွယ်မို့ ထမင်းဟင်းတော့ မချက်တတ်။ အိမ်သန့်ရှင်းဖို့၊ ဟိုနားဒီနားခိုင်းဖို့၊ အဝတ်လျှော်စက်ထဲ ထည့်လျှော်ခိုင်း၊ မီးပူတိုက်ခိုင်းဖို့လောက်သာ လုပ်နိုင်သဖြင့် ငွေယုန်ပဲ ချက်ရပါသည်။

ဒါနဲ့ပဲ အိမ်ထမင်းဟင်း စားချင်ရင်တော့လည်း ချက်စားလိုက်။ ချက်ရမှာ ပျင်းရင်တော့ ဝယ်စားလိုက်နဲ့ပဲ ငွေယုန် ချက်သော ဟင်းအမယ်က နည်းပါးလှသည်။ လူကလည်း နှစ်ယောက်တည်းမို့ ဘာမှ ကြိုးစားမချက်ကြည့်ဘဲ ကြက်သားဆီပြန်၊ ကြက်သားကြော်၊ ဝက်သားနှပ်၊ ငါးကြော်၊ ငါးဟင်း၊ ပုစွန်ဆီပြန် စသဖြင့် လှည့်ပတ်ချက်လိုက်၊ ချဉ်ရည်ထဲကဆို





ကန်စွန်းရွက်၊ မုန်လာဥ၊ မုန်လာရွက်၊ ဘူးသီးနဲ့ ခရမ်းချဉ်သီး၊ ချဉ်ပေါင်နဲ့ မျှစ် စသဖြင့် စားနေကျတွေလောက်သာ ချက်တတ်သည်။

အခု ဒေါ်ရွှေစင် ချက်သလိုမျိုး ဟိုတယ်ပုံစံတော့ တစ်ခါမှကို မချက်ဘူးပါ။ အမေက ချက်ပြုတတ်နေတော့ သူ့သမီးတွေလည်း ချက်တတ်မှာပဲ ထင်တယ်။ ငွေယုန်တို့ မေမေကိုယ်တိုင်က ဒီလိုပုံစံမျိုး ချက်လေ့မရှိတော့ ငွေယုန်တို့လည်း မချက်တတ်။ ဒီစန္ဒရာတို့ အိန္ဒြာတို့အမေ ဒေါ်ရွှေစင်ကတော့ ချက်ပြုတတ်တယ်ဆိုတော့ သမီးတွေ ဆိုတာကလည်း အမေ့ဆီကပဲ နည်းယူ အတုခိုးရတယ် ဆိုတော့ သူတို့လည်း ချက်တတ်နေမှာပဲ ထင်တယ်။

"စားကောင်းရဲ့လား ငွေယုန်"

ဒေါ်ရွှေစင်က ငွေယုန့် မျက်နှာ အတွေးလွန်နေဟန်ကို သတိထားမိပြီး စကား‚စလိုက်ပါသည်။

"ရှင် ... ဟုတ်ကဲ့ မေမေ ကောင်းပါတယ်၊ မေမေ သိပ်ချက်တတ်တာပဲလို့ တွေးနေတာပါ။ ငွေယုန်ဆို ဒီလိုအဆန်းအပြားတွေ မချက်တတ်ဘူး။ ဒီလိုမျိုး အသီးအနှံလေးတွေကို ပုံဖော်ပြီးတော့လည်း မလှီးတတ်ဘူး"

"မေမေတို့က စာအုပ်ဖတ်ချက်ရင်းနဲ့ ချက်တတ်သွားတာ"

"မစန္ဒရာတို့လည်း ချက်တတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ချက်တတ်တယ်၊ အိမ်ရှိ့သြာလည်း အငယ်ဆုံးပေမဲ့ ချက်တတ်တယ်"

ငွေယုန် ကိုယ့်ကိုယ်ကိုယ်ပင် သိမ်ငယ်သလို ခံစားလိုက်ရပါသည်။

"ဒါနဲ့ ငွေယုန့်ဖေဖေက အရင်က ဘယ်မှာလုပ်လဲ"

"ဖေဖေက (Pilot) ပိုင်းလော့ပါ၊ ပြည်တွင်းလေကြောင်းလိုင်းကို မောင်းပါတယ်၊ မေမေကတော့ သူ့မိဘတွေထားခဲ့တဲ့ လိမ္မော်ခြံ စပျစ်ခြံတွေ ပန်းသီးခြံတွေကို ဆက်ဦးစီးပြီးလုပ်တယ်။ ဝိုင်တို့ အရက်တို့လည်း ထုတ်ဖူးတယ်။ နောက် မေမေ တော်တော်မကျန်းမာလာတော့မှ သူ့စီးပွားရေးကို ရပ်ပစ်လိုက်တယ်။ ခြံတွေအကုန်လုံး ရောင်းပစ်လိုက်တယ်"

"ခြံတွေက ဘယ်မှာရှိလို့လဲ"

"တောင်ကြီး ကလောဘက်မှာပါ"

"ရှမ်းစပ်တယ် ထင်တယ်"

"ဟုတ်ကဲ့ ... မေမေကတော့ ရှမ်းစပ်ပါတယ်။ အဘိုးက ရှမ်းတိုင်းရင်းသားပါ၊ အဘွားကသာ ဗမာစစ်စစ်ပါ"

ရှမ်းတွေက လူအများစုက ဖြူပါတယ်။ ဒီမိန်းကလေးကျမှ ညိုနေတယ်။ ကေ့ အဘွားဗမာမို့ ဗမာစစ်စစ်ဘက်လိုက်ပြီး ညိုတယ်ထင်တယ်။





"အခုကျ မောင်နှမ ဘယ်နှယောက်လဲ သုံးယောက်တည်းလား"

"မဟုတ်ပါဘူး လေးယောက်ပါ။ အစ်ကိုကြီးက သူ့မိန်းမဘက်က ဆွေမျိုးတွေခေါ်လို့ U.S ကို လိုက်သွားပြီးနေတာ၊ ဆယ်နှစ်ကျော်ပြီ။ အခု မြန်မာပြည်မှာ သုံးယောက်ကျန်တာပါ။ အစ်မလတ်က သူ့အိမ်ထောင်နဲ့သူ ရှစ်မိုင်ဘက်မှာ နေတယ်။ ငွေယုန်နဲ့ အစ်ကိုငယ်နဲ့က (......)ကွန်ဒိုအခန်းတွေမှာ ဘေးချင်းကပ် တစ်ယောက်တစ်ခန်းဝယ်ပြီးနေတာပါ။ အစ်ကိုငယ်က အခုတော့ သင်္ဘောတက်သွားပြီ"

ဒေါ်ရွှေစင် မေးသမျှ သတိထား ဖြေနေရှာသော ငွေယုန့်ကို ကိုကိုက သနားနေပြီး စားပွဲပေါ် တင်ထားသော ငွေယုန့် လက်ဖမိုးကို အသာလာအုပ်ကိုင် နှစ်သိမ့်ပေးပါသည်။

"ဒါနဲ့ သားကြီးနဲ့ ဘယ်တော့လက်ထပ်ကြမယ် တိုင်ပင်ထားလဲ"

ငွေယုန် ဘာမှမစီစဉ်ရသေးသဖြင့် ကိုကို့ကိုလှည့်ကြည့်လိုက်ပါသည်။

"ဝါမဝင်ခင် လက်ထပ်မယ် မေမေ"

ဒေါ်ရွှေစင် ခေါင်းအသာညိတ်နေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



## ၇

"ငါသိတယ် ... ငါသိတယ် ... ဒီကောင် ငါ့ဆီက ငါ့အမေ လက်စွပ်ကို တောင်းတော့မယ်၊ ငါသိတယ် စန္ဒရာ"

ဒေါ်ရွှေစင်သည် သားကြီးဖြစ်သူ၏ အရိပ်အခြည်ကို ကြည့်ပြီး သမီးကို တိုးတိုးကပ်ပြောလေသည်။ စားသောက်ပြီး သော ပန်းကန်များကို အားလုံးဝိုင်းသိမ်းပေမဲ့ ငွေယုန့်ကိုတော့ မသိမ်းခိုင်းတော့ဘဲ ဧည့်ခန်းမှာသာ သွားထိုင်စေပါသည်။

သမီးနှစ်ယောက်နဲ့ ဒေါ်ရွှေစင်က ဒေါ်သိန်းနှင့် မိထောတို့ သိမ်းလာသော ပန်းကန်များထဲမှ စားကြွင်းစားကျန် တွေကို အမှိုက်ပုံးထဲထည့်၊ ခြစ်ချလို့ရသမျှ ခြစ်ချပြီးတာနဲ့ ပန်းကန်ဆေးစက်ထဲ စီပြီးထည့်နေစဉ် ဒေါ်ရွှေစင်က ပြောတာဖြစ်သည်။





အိန္ဒြာသည် ပန်းကန်ဆေးစက်ထဲ ပန်းကန်ဆေးဆပ်ပြာ ထည့်နေရင်း ...

"အဘွား အိမ်ထောင်ဦးမှာ သူ့ယောက္ခမတွေ လက်ဖွဲ့ပေးတဲ့ မင်္ဂလာလက်စွပ်က သိပ်တန်ဖိုးကြီးတာနော်။ ရှေးစိန်လည်း ရှေးစိန်ဖြစ်တာ ထားတော့၊ မိသားစု အဆက်ဆက် ထိန်းသိမ်းလာခဲ့တယ်ဆိုတဲ့ တန်ဖိုးက ဘာနဲ့မှ တန်ဖိုးဖြတ်မရဘူး။ အဲဒါကို သူ့ရည်းစားက သိမှာမဟုတ်ဘူး။ သူက သူ့လက်ခလယ်က ရှေးခေတ်လက်ရာ စိန်လက်စွပ်ကို တောင် တကိုင်ကိုင် လုပ်နေတာကြည့်။ သူ့ပစ္စည်းမှ သူ့ပစ္စည်းဆိုပြီး ဖြစ်နေတာ၊ ကိုကြီးက သွားပေးလည်း သူက သိပ်တုန်လှုပ်မှာ မဟုတ်ဘူး"

စန္ဒရာကတော့ ...

"မေမေက ကိုကြီးကို ပြောထားမိခဲ့တဲ့ စကားအခံကရှိတာကိုး။ သားကြီးက အကြီးဆုံးမို့ သားကြီးအိမ်ထောင်ပြုရင် အဘွားလက်စွပ်ကို မေမေက လက်ဖွဲ့မယ် ပြောထားမိတော့ သူ တောင်းကို တောင်းမှာပဲ"

"မေမေက သူ့ကို ဒီလိုမိန်းကလေး ရွေးမယ်မှ မထင်တာ။ ဘယ့်နှယ် ကိုယ်နဲ့ တန်းတူရည်တူ စီးပွားရေးလုပ်ငန်းရှင်တော့ မရွေးဘဲ ပလာဇာမှာ ဆိုင်ဖွင့်ရောင်းတဲ့ ရိုးရိုးသာမန် မိန်းကလေးကိုမှ ကြိုက်ကြိုက်ဖန်ဖန် သူမို့ ရှာတွေ့တတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီးက ဝါမဝင်ခင် ယူမယ်ပြောနေတာ သိပ်တော
မလိုတော့ဘူး။ ခုပဲ မတ်လကုန်တော့မယ်။ ဒီနှစ်ဝါဝင်
က ဇူလိုင်လဆန်း။ ဒါပေမဲ့ မိုးသိပ်မများခင် မင်္ဂလာဆော
တွေက လုပ်ကြတော့ သူ အလွန်ဆုံး ရက်သတ်မှတ်
မေလကုန်ပဲ"

"သူ ဘယ်မှာစီစဉ်ထားလဲ အိန္ဒြာ၊ နင် သိလား"

"အို ... ဘယ်က သိရမှာလဲ"

"နင်နဲ့ ကိုကြီးက ကုမ္ပဏီကို အတူဦးစီးနေတာဆိုတော
သိမလားလို့"

"ကိုကြီးက ဘာတွေ လျှို့ဝှက်နေမှန်းကို မသိဘူး၊ လုံး
မပြောဘူး။ ဝါမဝင်ခင်လို့ ခုမှ အားလုံးရှေ့မှာ ထုတ်ပြော
မှ အိန္ဒြာပါ သိတာ။ မေမေတို့က ကိုကြီးကို ငွေကြေးကိ
အကုန်လွှဲထားတော့ သူ့ဘာသာပဲ ပိုက်ဆံထင်တိုင်းသုံးပြီး
မင်္ဂလာပွဲကို စီစဉ်နေပြီထင်တယ်"

ဒေါ်ရွှေစင်ကတော့ အိန္ဒြာ စွပ်စွဲတာကို လက်မခံ
ဘဲ ...

"သားကြီးက မိဘကို ဒီလောက်ထိ ဆားဖယ်ပြီး သူ့ဘာသာ
စီစဉ်မယ် မထင်ပါဘူး။ သူ တကယ်စ,စီစဉ်ရင် ဖေဖေ
မေမေတို့ကို လာပြောမှာပဲ။ ဘယ်ရွေ့ ဘယ်မျှ သုံးထားပြီး
ပြီလို့ ပြောမှာပဲ။ ကြည့်ရတာ သူ့,ဒီနေ့ကျမှ ဖေဖေမေမေ





တို့ကို သူ့ငွေယုန်နဲ့ မိတ်ဆက်ပေးရင်း လက်စွပ်ပါ မေမေ့
ဆီက တောင်းရင်း မင်္ဂလာဆောင်ကိစ္စ စ,တိုင်ပင်မယ်
ထင်တယ်"

သားအမိသုံးယောက်သား ခေါင်းချင်းဆိုင် ဆွေးနွေး
ခဲ့ အလိုက်မသိတတ်သော ကုဋေ တစ်ယောက် မီးဖိုခန်း
မှာ ကားကားကြီးရပ် တမင် ခါးပြေပြေထောက်ပြရင်း ...

"ဟောဗျာ ... သားအမိတစ်တွေ နောက်ဖေးမှာ အတင်း
တုပ်နေကြပါလားဗျို့။ အိန္ဒြာ တစ်ယောက် သူ့ game
သူစီစဉ်ထားပြီး ထွက်မလာပါလား၊ 'ထွက်မလာပါလား
နဲ့ လက်စသတ်တော့ ဟား ဟား ဟား"

ဟု အော်ကျယ် ဟစ်ကျယ် လာပြောတော့လေ
သည်။

"ဟဲ့ ... ကုဋေ၊ တိုးတိုးပြောစမ်း။ မင်းဟာလေ အလိုက်
ကိုမသိဘူး"

"မေမေတို့ကလည်းဗျာ၊ ကိုကြီး ကြိုက်တာယူပါစေလား။
သူ့ဘာသာ အသားညိုရုံမက နီဂရိုးလို မည်းချင်လည်းမည်း။
အရပ်ပု သွားခေါ ဝတုတ်မ ဖြစ်ချင်ရင်လည်းဖြစ်။ ကိုကြီး
မျက်စိထဲ လှပြီး သဘောကျရင် သူစိတ်ချမ်းသာမှာပဲ။
ဒီတော့ သူ ရွေးလာပြီးသား ဒီတိုင်းပဲ လက်ခံလိုက်ပါ၊
အပြစ်မြင်မနေပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ခင်း မရှည်ပါနဲ့။ ငါ အမေပါ။ သိပါတယ်၊ အပြစ်[illegible] လည်း ငါက သဘောမတူဘူးလို့ မပြောပါဘူး။ သူတို့[illegible] တာယူတာ ယူပါစေ။ ဘယ်သားသမီးကိုမှ မချုပ်ချယ်[illegible] ဒါပေမဲ့ စိတ်တိုင်းမကျတာ အတင်းကတော့ ပြောမှာ[illegible]

"ကုဒ္ဒေ ... မေမေ ဝဋ္ဋာကိစ္စကို မေ့ထားချင်တယ်၊ [illegible] အစမဖော်နဲ့။ သားသမီးထဲမှာ ဝဋ္ဋာကတော့ မိဘ[illegible] နားအထောင်ဆုံး၊ အလိမ္မာဆုံး ဖြစ်ပေမဲ့ သူ့ဘာသာ သ[illegible] ဖောက်ပြန်နေတာကိုတော့ မေမေ မေ့ထားမယ်"

ကုဒ္ဒေမှာ မေမေ ဝမ်းနည်းသွားမှန်းသိ၍ ပါး[illegible] ပိတ်ပြီး ပန်းတွန့်လိုက်ပါသည်။

"ဒါဖြင့်ရင်လည်း မစန္ဒရာနဲ့ အိန္ဒြာ လာကြလေ။ နင်[illegible] နောက်ပေးမှာ စုပြုံပြီး ကျန်ခဲ့တော့ ကိုကြီးရဲ့ ကောင်မ[illegible] စိတ်ထဲမှာ ဘယ်နောက်ကြောလုပ်ပါ့မလဲ"

စန္ဒရာ တစ်ယောက် မောင်ဖြစ်သူက ဆရာ[illegible] သဖြင့် လက်မောင်းကို ပိတ်ထုလိုက်ပြီးနောက် ဗိုက်ကြီးကော့[illegible] ကော့ကော့ဖြင့် အိမ်ရှေ့ကို ထွက်သွားပါသည်။ အိန္ဒြာက[illegible] အစ်ကိုဖြစ်သူကို မျက်စောင်းကြီးထိုးပြီး ခြေထောက်ဆောင့်[illegible] သည်။

အိမ်ရှေ့မှာ ရှိနေသော ငွေယုန်ကလည်း ကိုကို[illegible] သာ စကားပြောနေရတယ်။ နောက်ပေးမှာ သားအမိတွေ [illegible]





[illegible]ပြီး ထွက်မလာ ထွက်မလာနဲ့ အချိန်ဆွဲနေသည်ကို မိန်းမ [illegible] စိုးမိပါသည်။ မိန်းမ,ဆိုတာမျိုးက အတင်းလည်း ပြောတတ် [illegible] ကိုယ့်အကြောင်း အတင်းပြောနေပြီဆိုလည်း မသိစိတ်က [illegible]လိုလိုခံစားနေရသည်။ နားနဲ့ကြားသည်ဖြစ်စေ၊ မကြားသည် [illegible] သူတို့တော့ ငါ့အကြောင်း ပြောနေပါပြီ ဆိုတာကို [illegible]လို ခံစားလို့ရပါသည်။

"ကိုယ်တို့ မေလကုန်လောက် လက်ထပ်လို့ရအောင် စီစဉ်ကြတာပေါ့၊ ကိုယ် တမင်ပဲ ငွေယုန့်ကိုပါ အချိန်မပြောသေးဘဲ Surprise လုပ်တာပါ။ ဖေဖေ မေမေနဲ့ ညီအစ်ကိုမောင်နှမတွေရှေ့မှာပါ ကြေညာရင်း ငွေယုန့်ကို Surprise လုပ်တာပါ၊ စိတ်မကောက်နဲ့နော်"

ကိုကိုက ငွေယုန် တိတ်ဆိတ်လွန်းနေသဖြင့် စိတ်[illegible]ကောက်သည်ထင်ကာ ချော့နေသည်။

"ကိုကို့ဟာက ချက်ချင်းကြီး စီစဉ်မှာလို ဖြစ်နေပြီ၊ နှစ်လအတွင်း ဖြစ်ပါ့မလား"

"ဖြစ်ပါတယ် ကိုယ် ဟိုတယ်ကို ဖုန်းနဲ့ပဲ စုံစမ်းလိုက်တာ ပြီးခဲ့တဲ့ အပတ်ကပဲ။ မေလကုန်မှာ ရက်တော့ရှိတယ်၊ ကိုယ့်နာမည်နဲ့ ကုမ္ပဏီနာမည်၊ လိပ်စာ ဖုန်းတွေ တိတိကျကျပေးပြီး ဖုန်းနဲ့တော့ Booking လုပ်ထားပါတယ်။ ဟိုတယ်မန်နေဂျာက ကိုယ့်မိတ်ဆွေ ဖြစ်နေတော့ ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



တခြားလူဆို မရဘူး၊ စရန်ပေးမှ ကိုယ်ချိတ်ချင်တဲ့ ကို သေချာတယ်၊ ကိုယ်ကတော့ ပါးစပ်နဲ့ ချိတ်ထားတ ဒီနေ့ အားလုံးရှေ့ တိုင်ပင်ဆွေးနွေးပြီးရင် မနက် တနင်္လာမှာ ကိုယ်နဲ့ ငွေယုန် အဲဒီဟိုတယ်မှာ စရန်သွ ပေးမယ်လေ"

"ကိုကို"

"ဟေ, ဘာလဲ ... ငွေယုန် ဘာမကြိုက်လို့လဲ"

"ဟိုတယ်မှာ မဆောင်ရင် ရမလား ကိုကို"

"ဟောဗျာ ... သူ့ကျမှ ကြားဖူးတယ်။ မိန်းကလေးတွေ ဒီလိုမင်္ဂလာပွဲကြီးမျိုးပဲ စိတ်ကူးယဉ်ကြတာ၊ ငွေယုန်လည်း စိတ်ပါမယ် ထင်နေတာကွာ"

"ဟိုတယ်မှာ ဆောင်ရင် မိစုံဖစုံတွေနဲ့ ပွဲထုတ်ကြမှာ ငွေယုန့်မှာ ဖေဖေ ရှိပေမဲ့ ဖေဖေက လောကီကိစ္စတွေမှာ မပါတော့ဘူး။ မေမေလည်း မရှိဘူး။ ငွေယုန့် ဘက်မှာ ဘယ်သူမှ မရှိဘူး"

"ငွေယုန့် အစ်မလတ် လင်မယားကို ငွေယုန့်ဘက်က အုပ်ထိန်းသူလုပ်ပြီး ပွဲထုတ်ရင် ရပါတယ်"

"ငွေယုန် ဖေဖေမေမေတို့ကို သတိရပြီး ငိုမိလိမ့်မယ်ထင် တယ်"

"ဒါဖြင့် ငွေယုန်က ဘာလုပ်ချင်လဲ"





"ဘုန်းကြီးကျောင်းမှာ ဆွမ်းကျွေးချင်တယ်"

"ညနေကျတော့ pool side မှာ dinner ကျွေးပေါ့ ဟုတ်လား။ အဲဒါဆို ပွဲထုတ်စရာလည်း မလိုဘူး၊ ကောင်းသားပဲ။ ကိုယ် အစီအစဉ် ပြောင်းလိုက်မယ်"

"ကိုကို ... တကယ်လို့ ကိုကို့မိဘတွေက သားအကြီးဆုံးမို့ အကောင်းဆုံးပွဲပဲ လုပ်ပေးချင်တယ် ပြောလာရင်လည်း မငြင်းနဲ့နော်။ သူတို့ စိတ်ကြိုက် လုပ်ပါစေ၊ ငွေယုန့်ကို ငြိုငြင်မှာ စိုးတယ်"

သိဒ္ဓိမှာ ချစ်သူကို သနားကရုဏာသက်ပြီး ငယ်ထိပ် ဆေးဖိပြီး ကောင်းပါပြီကွာလို့ ဖြေသိမ့်ပေးလိုက်မိပါသည်။ သူ့ သားစု အုပ်စုတောင့်လှသလို ထမင်းဝိုင်းပြင်ပြတာကအစ ပညာ ပြသလိုလေး လုပ်ပြခြင်း၊ မေမေနဲ့ ညီမတစ်တွေ မထွက်လာဘဲ နောက်ဖေးမှာ အချိန်ဆွဲပြနေခြင်းတွေက ငွေယုန့်ကို အလိုလိုနေရင်း နိုးရွံ့စေကြောင်း သိဒ္ဓိ ရိပ်မိပါသည်။ ဒါတောင် အစပဲရှိသေး တယ် ငွေယုန်ရယ်။ မင်း နောက်ဆို ဒီမှာ နိစ္စဓူဝနေရင် ကြုံရ မှာတွေ အများကြီးပဲလို့ သိဒ္ဓိ စိတ်ထဲမှာ ပြောလိုက်မိပါသည်။

ဖေဖေ့ရဲ့ စည်းကမ်းကြီးမှု၊ မေမေ့ရဲ့ အတ္တကြီးမှု၊ အိန္ဒြာရဲ့ ချောက်ချတတ်မှုကို ငွေယုန် ကြုံရရှာမည်။ ဒီကြားထဲ ကုဋေက အလိုက်မသိစွာ ဆိုင်ကယ်ဝယ်ရောင်းဖို့ ပိုက်ဆံထုတ် ပေးပါဦးလို့ အစ်ကိုဖြစ်သူကို လာဂျီကျသလိုမျိုး ငွေယုန့်ကိုလာ



www.burmeseclassic.com

www.burmeseclassic.com



ဂျိုကျတာလည်း ကြုံရရင် ကြုံရနိုင်မည်။ ဝဋ္ဋာရဲ့ မိန်းမ,မကျ ယောက်ျားလည်း မဆန်သော စိတ်ခာတ်အမူအရာတို့ကိုလည်း ငွေယုန် နေသားကျအောင် တော်တော်ကြိုးစားရမည်။ စန္ဒရာ က ထားပါတော့။ သူ့အိမ်နဲ့သူ ခွဲနေတာ။ သူလည်း တစ်ခါ တလေလာရင် တစ်မျိုးဆိုးတာနဲ့တော့ ကြုံရနိုင်သည်။ အားလုံး ထဲမှာ စန္ဒရာက အပျော့ဆုံးပေမဲ့ စန္ဒရာလည်း တစ်ခါတလေကျ ဘယ်နေရာမှာ ဆိုးမှန်းမသိ ဆိုးသည်ဟု သိဒ္ဓိ ထင်မြင်ပါသည်။

"ကဲ ... ကဲ ... အားလုံး လာကြပါ၊ game စမယ်"

အိန္ဒြာ အော်ကျယ် အော်ကျယ်လုပ်ပြီး ရောက်လာ သည်။ အိမ်ရှေ့ဧည့်ခန်းမှာ အကျယ်ကြီးမို့ ဧည့်သည်လာရင်ထိုင် ဖို့ ကတ္တီပါသား ဆိုဖာကြီးတွေ ဝန်းရံချထားသည်က ထောင့် တစ်ထောင့် ကျန်တစ်ထောင့်မှာတော့ ပန်းပုရုပ်များ၊ အိမ်တွင်း အလှစိုက်ပန်းအိုးများနှင့် မျိုးရိုးအဆက်ဆက် လက်ဆင့်ကမ်းလာ သော ရှေးခေတ်လက်ရာပစ္စည်း အစုံအလင်တို့ကို ကြွားဝါစွာ ထည့်ပြထားသည့် ရှိုးကေ့စ်ကြီးတစ်လုံးသာ ရှိပါသည်။ အဲဒီ နေရာလပ်မှာတော့ မွေးပွကော်ဇော ရွှေဝါရောင်ကြီးကို ဟိုးအရင် ကတည်းက ခင်းထားပါသည်။

အမြဲတမ်း ဖုန်စုပ်စက်ဖြင့် ရှင်းလင်းထားသည်မို့ ကော်ဇောမှာ ဖုန်မတက်ပါ။ ဒီတိုင်း ဖင်ချထိုင်လည်း ယားကျိကျိ မဖြစ်ပါ။ ဒါကြောင့် မောင်နှမတွေ အကုန်ဖင်ချ ထိုင်ပေမဲ့





စန္ဒရာကတော့ ဗိုက်ကြီးအင့်နေ၍ ဒရင်းဘက်(ခ)တစ်လုံး သွားယူ ခဲ့ပြီး အဲဒီပေါ်မှာ ထိုင်ပါသည်။

"အားလုံးပဲ ကိုယ့်ထက် ကြီးသူတွေကို ကန်တော့နော် လို့ တောင်းပန်တယ်နော် ... စန္ဒရာ ခုံပေါ်မှာ ထိုင်နေတယ်"

အိန္ဒြာက မဲလိပ်တွေ တစ်ပုံကြီး ထည့်ထားသော ဖလားကို တဖွဖွ လုပ်နေသည်။

"မဲတွေကလည်း အများကြီးပါလား"

"အများကြီးလေ၊ အရင်က မကစားဖြစ်တာတွေပါ ရော ထည့်ထားလိုက်တယ်"

"နင်က မဲလိပ်ရေးတဲ့လူဆိုတော့ အကုန်သိနေမှာပေါ့ အိန္ဒြာ"

"အိန္ဒြာ တကယ်ပြောတာ၊ ဟိုးအရင်က မကစားဖြစ်တော့ တာတွေပါ ရောထည့်လိုက်တော့ အရင်က မဲလိပ်တွေမှာ ဘာရေးထားလဲ မမှတ်မိတော့ဘူး၊ တကယ် ပြောတာ။ တစ်ယောက် အမူအရာ လုပ်ပြရင် အိန္ဒြာ မဖြေဘူးလေ။ အိန္ဒြာက ပွဲကြည့်ပရိသတ် လုပ်မယ်၊ အိန္ဒြာ့ အလှည့်ကျ မှ အားလုံးဝိုင်းဖြေ၊ ကဲ ... တို့အစ်ကို အကြီးဆုံးပဲ ဦးစား ပေးပါတယ်၊ ကိုကြီးပဲ စ"

"ကောင်မလေး ငါ့ကို ချောက်ချချင်တယ် ထင်တယ်၊ နေဦး ... နင့်ကို ရုံးခန်းရောက်မှ paper work တွေ အများ ကြီးခိုင်းမယ်"



www.burmeseclassic.com

www.burmeseclassic.com



ငွေယုန် ကိုကို့မဲလိပ်ကို စိတ်ဝင်တစား ငေးကြည့်မိရာ ...

"ဟေး ... ဟေး ... မဖတ်ကြည့်နဲ့။ ကိုကြီးလုပ်ပြတာဲ ဘာအမူအရာဆိုတာ ပြောရမှာ"

အိန္ဒြာက ဆရာလုပ်ပြီး ငွေယုန့်ကို တားမြစ်လေသည်။ ကိုကိုက မတ်တတ်ရပ်လိုက်ပါသည်။ တမင်ကြီး ပါးစပ်ကို စေ့ပိတ်ထားပြသော အမူအရာကတော့ ရယ်ဖို့ကောင်းသည်။ အားလုံးက ကိုကို့ကို ဝိုင်းမော့ကြည့်နေကြသည်။ သူတို့မောင်နှမတွေ ကြည့်ရတာ ဒီကစားနည်းကို အတော်စိတ်ပါပုံရသည်။ အပြင်လူဖြစ်နေသော ကိုဇင်နဲ့ ငွေယုန်တို့က အဲဒီလောက် စိတ်မပါလှကြောင်း ထင်ရှားလေသည်။ ကိုဇင် ဆိုလျှင် ကိုဝဏ္ဏဘေး မှီကပ်ထိုင်ပြီး ဟိုငေးဒီငေး ဖြစ်နေသည်။ ငွေယုန်လည်း ဘာထူးလို့လဲ။ မေးလေးထောက်ပြီးသာ ကြည့်နေရပေမဲ့ စိတ်တွေက ပျံ့လွင့်နေမှန်း သိသာပါသည်။

ကိုကိုက လက်ဖဝါးနှစ်ဖက်ကိုဖြန့်ပြီး သူ့မျက်နှာဘက် လက်ဖဝါးနှစ်ဖက်ထားကာ လက်ဖဝါးနှစ်ဖက်ပူးပြီး မျက်လုံးတွေပြင့် လူးလာခေါက်တုံ့ ကြည့်ပြသော အမူအရာကို လုပ်ပါသည်။

စန္ဒရာက ...

"သိပြီ ... အခုဗုက်မဲ့ ခေါင်းစဉ်က စာအုပ်တစ်အုပ်ရဲ့ ခေါင်းစဉ်လား"





ကိုကိုက ခေါင်းညိတ်ပြသည်။ ပြီးမှ သူ့လက်ပတ်နာရီကို ကြည့်ပြသည်။ ကုဋေက ...

"စာအုပ်နာမည်က အချိန်နဲ့ ဒီရေသည် လူကိုမစောင့်"

ကိုကို ခေါင်းခါပါသည်။ ဝဏ္ဏက ...

"ဝဏ္ဏ သိပြီ၊ အချိန်ကို လေးစားပါ"

ကိုကို မျက်မှောင်ကြုတ်ပြီး ခေါင်းခါပြန်သည်။ ပါးစပ်ကြီးကိုလည်း စေ့ပိတ်နေကာ နာရီကို ထောင်ပြသည်။ အထဲက နာရီလက်တံတွေကိုပြသည်။ စားပွဲတင် ပြက္ခဒိန်ကို သွားယူပြသည်။ အိန္ဒြာကတော့ တဟိဟိရယ်ကာ ...

"နှစ်မိနစ် ပြည့်တော့မယ် ကိုကြီး၊ အဲဒါကို ရအောင် အမူအရာလုပ်ပြ"

လို့ အော်နေသည်။ စန္ဒရာက ခေါင်းကုတ်ရင်း ...

"ကိုကြီးဟာကလည်း နာရီလက်တံတွေရော ပြက္ခဒိန်တွေရော ရှုပ်နေတာပဲ၊ ဘာလဲ ဝတ္ထုခေါင်းစဉ်မှာ နာရီတွေ ပြက္ခဒိန်နာမည်တွေပါလား"

ကိုကို ခေါင်းခါပြန်သည်။ ဝဏ္ဏက ...

"အချိန်တွေ နာရီတွေ ဘယ်လောက်ပြောင်းပြောင်း ကိုယ့်အချစ်ကတော့ မပြောင်း"

လို့ ဘယ်ကရလာသော စာသားမှန်း မသိသည်ကို ထပ်အော်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"စာရေးဆရာလား၊ စာရေးဆရာမလား"

ကိုကိုဟာ ခေါင်းသာခါသည်။ သူ့လက်ဖဝါးကို စာအုပ်ပုံစံ လုပ်ပြပြီး တစ်ရွက်ပြီးတစ်ရွက်သာ လှန်ပြလိုက် နာရီကို ထိုးပြလိုက်။ နောက်ဆုံးတော့ အိန္ဒြာ Timer (တိုင်မာ) မှတ်ထားသော နာရီလေးဆီမှ "တင် ... တင် ... တင် ... တင်" မြည်သံသာ ပေါ်လာသည်။

"အချိန်ပြည့်ပြီ ... ဟေး။ ကိုကြီး ရှုံးတယ်"

ကိုကိုက ဒီတော့မှ စိတ်ကုန်သလိုဖြင့် ခါးပြေပြေ ထောက်လိုက်ရင်း ...

"ဘာ ငါရှုံးတာလဲ၊ နင်တို့ အသုံးမှ မကျတာ။ ဟိုပြော ဒီပြောနဲ့ လွယ်လွယ်လေး လုပ်ပြတာကို ခက်တာတွေ လျှောက်ပြောတာကိုး"

ကုဋေက အစ်ကိုဖြစ်သူ မျက်နှာကို ကြည့်ရယ်ရင်း ...

"ကိုကြီးက တစ်ချိန်လုံး လက်ပတ်နာရီ အကောင်းစားကြီးကိုပဲ ပြနေတာကိုး"

"ဟေ့ကောင် ... ငါပြတာ အချိန်ကွ Time (တိုင်း(မ)) ကွ။ စာအုပ်လည်း ပြတယ် Time လည်း ပြတယ်၊ ကဲ ဘာဖြစ်မလဲ"

ဝဋ္ဋာ လက်ခုပ်တီးလိုက်တော့သည်။

"ဟား ... သိပြီ၊ Time မဂ္ဂဇင်း"





"ငတုံးတွေ၊ ပါးစပ်ကပြောမှ သိတော့ ငါ ရှုံးသွားတာပေါ့"

"ကိုကြီးကလည်း ဘာကြေးမှ မဟုတ်ပါဘူး။ ခံစားမနေပါနဲ့"

စန္ဒရာက ဗိုက်ကို အသာဖိရင်း လှမ်းပြောနေသည်။

"ကိုကြီးက ငွေယုန့်ရှေ့မှာ ကြွားချင်နေတာ"

အိန္ဒြာ တစ်ခွန်းဝင်ပြောပြီး ဝဋ္ဋာ့ဘက် ဖလားကို ထိုးပေးနေသည်။

"ဟယ် ... ငါ့အလှည့်လား"

"ဘာဖြစ်ရပြန်တာလဲ"

"ဘာမှ မဖြစ်ဘူး။ နင်တို့ မထုံဖို့ အရေးကြီးတယ်"

"လုပ်ပြတဲ့လူက သေသေချာချာ လုပ်ပြပေါ့"

ဝဋ္ဋာက မဲလိပ်တစ်လိပ် နှိုက်လိုက်ပါသည်။ ပြီးတော့ ပါးစပ်ကြီး စေ့ပိတ်ဟန်လုပ်ပြရင်း အားလုံးအလယ်မှာ မတ်တတ်ရပ်ပါသည်။ အိန္ဒြာက ...

"ငွေယုန်ပါ ဝင်ပြောလေ၊ ဘာအမူအရာလဲ ဆိုတာ ကြည့်ပြီး ဟုတ်တာတွေရော မဟုတ်တာတွေရော ပြောရတာ သိပ်ပျော်ဖို့ကောင်းတယ် ငွေယုန်၊ ပျော်လာလိမ့်မယ်"

ဆိုပြီး ဆရာလုပ်သလို လေသံဖြင့် ပြောလေသည်။ သူနဲ့ ငွေယုန် ရွယ်တူဟာကို ငွေယုန့်ဘာသာ ပြောပြော၊ မပြော



www.burmeseclassic.com

www.burmeseclassic.com



ပြော သူ့အပူလား။ ငွေယုန် ခေါင်းမညိတ် ခေါင်းမခါဘဲ နေပြ လိုက်သည်။

"ကဲ ... ကိုဝဏ္ဏ၊ ဘာလဲ လုပ်ပြတော့"

ဝဏ္ဏက ကိုယ်ကို မတ်မတ်လေးရပ်၍ လက်တစ်ဖက်ကတော့ လက်ချိတ်ထားဟန်လုပ်၊ ကျန်လက်တစ်ဖက်ကတော့ ဗိုက်ရှေ့အပေါ်နားလောက် ခပ်ကွေးကွေးထားပြီး ထိုလက်ကပင် တစ်ခုခု ကိုင်ထားဟန်ပြပြီး လမ်းကို ဖြည်းဖြည်းလျှောက်ပြပါသည်။

စန္ဒရာက ...

"သိပြီ ... သိပြီ၊ မင်္ဂလာဆောင်"

ဝဏ္ဏက ခေါင်းညိတ်ပြလို့ မဆုံးသေး ကုရေှက ဝင်အော်သည်။

"ဝဏ္ဏ ... မင်းဟာက ရုပ်ရှင်လား၊ စာအုပ်လား၊ သီချင်းလား၊ တစ်ခုခု ပြဦးလေကွာ၊ မင်္ဂလာဆောင်တဲ့ အမူအရာကြီးတော့ လူတိုင်းလုပ်ပြရင် သိတယ်"

ဝဏ္ဏ ခေါင်းညိတ်ရင်း မိုက်ခရိုဖုန်းကိုင် သီချင်းဆိုဟန် လုပ်ပြသည်။

"ဩော် ... သီချင်းခေါင်းစဉ်"

ကိုကိုက လှမ်းအော်သည်။ ငွေယုန့် စိတ်ထဲ သိသလိုလိုဖြစ်ပြီး ကိုကို့ကို တိုးတိုးကပ်ပြောသည်။





"တနင်္ဂနွေနေ့မှာ မင်္ဂလာဆောင်မယ် ဆိုတဲ့ သီချင်းလား မသိဘူး ကိုကို"

ငွေယုန် တိုးတိုး ပြောလိုက်တာကိုပဲ ကိုကိုက ပုံတူ ဆူပြီး ...

"တနင်္ဂနွေနေ့မှာ မင်္ဂလာဆောင်မယ်"

ဝဏ္ဏ ဝမ်းသာအားရဖြင့် ...

"ဟေ ... ဟုတ်တယ်၊ ငါတို့အစ်ကိုကြီး ပြောတာ မှန်တယ် ... ဟေး"

အိန္ဒြာသည် ကိုကို့ကို မျက်လုံးပြူးကြည့်ရင်း ...

"မှန်မှာပေါ့၊ သူက တနင်္ဂနွေနေ့မှာ မင်္ဂလာဆောင်ဖို့ စီစဉ်နေပြီကိုး"

ကုရေှသည် ငွေယုန့်ကို ပြုံးတွေ့တွေ့ လှမ်းကြည့်ရင်း ...

"ကဲ ... ငွေယုန် ညီမလေး။ ဘယ်လိုလဲ နောက်တစ်လှည့်ကို ညည်းအလှည့် လုပ်လိုက်ပါလား"

ဟု ပြောလေသည်။ ငွေယုန်မှာ လူအများရှေ့လည်းဖြစ်။ ကိုယ်နဲ့ သိပ်လည်း မရင်းနှီးသေးတဲ့ မိသားစုလည်းဖြစ်သေရာ ...

"ဟင် ... မလုပ်ချင်ဘူး။ ငွေယုန် လုပ်တတ်မှာ မဟုတ်ဘူး ကိုကုရေှ"



www.burmeseclassic.com

www.burmeseclassic.com



စန္ဒရာက ...

“ဘာဖြစ်လို့လဲ ရှက်လို့လား။ မရှက်ပါနဲ့၊ ဒီလူဒီလူ[illegible] ရှေ့မှာပဲ။ နောက်လည်း အမျိုးတော်ရမဲ့ဟာ ဘာလို့ရှ[illegible] ရမှာလဲနော်”

ဝဠ္ဍာကလည်း ငွေယုန် သူ့ကို သေသေချာချာ[illegible] ကြည့်ထားသဖြင့် စိတ်ခုနေလေရာ ...

“ဟုတ်သားပဲ ငွေယုန်ရယ်။ ဒီမောင်နှမတွေကို ရှက်[illegible] ရင် ငွေယုန်ဟာ ဝဠ္ဍာတို့ကို မရင်းနှီးချင်လို့ပဲ ဖြစ်မယ်[illegible] ဘာရှက်စရာရှိလဲ၊ ဘာအမှုအရာကြီးပဲ လုပ်လုပ်၊ ဘယ်သူ[illegible] ကမှ မဟားပါဘူး”

ကုဋေကတော့ ပွင့်ပွင့်လင်းလင်းသမားမို့ ...

“ကွယ်ရာမှာကျ အတင်းပြောပြီး ပြန်ဟားမှာပေါ့”

လို့ အော်ပြောပြီး ရယ်ပါသည်။

ကိုကိုက ငွေယုန့်ကို ...

“ကဲပါ ... မဲလိပ်တစ်လိပ် နှိုက်လိုက်။ ငွေယုန် မလု[illegible] တတ်လည်း တတ်သလိုသာ လုပ်ပြလိုက်၊ ရှုံးလည်း ဘ[illegible] ဖြစ်လဲ။ ကိုယ်တောင် ရှုံးသေးတာပဲ”

ဟူ၍ ဝင်၍ တိုက်တွန်းအားပေးလိုက်သဖြင့် ငွေယု[illegible] မနှိုက်ဖို့ လက်ကမ်းလိုက်ရပါသည်။ အိန္ဒြာ့ရဲ့ ကြောက်နေပြီလား[illegible] အခုမှ စိတ်ညစ်နေပြီလား။ ဒီမိသားစုထဲ ဝင်ရဲသေးရဲ့လား [illegible]





သော မျက်နှာပေးဖြင့် စိုက်ကြည့်နေသည်ကိုလည်း မခံချင်သည် ဖြစ်ရာ ငွေယုန် မဲလိပ်တစ်လိပ်ကို လှမ်းနှိုက်လိုက်ပါတော့လေသည်။

ငွေယုန်သည် အားလုံးအလယ်မှာ ထရပ်လိုက်သည်။ နှုတ်ခမ်းကို တင်းစေ့နေအောင်ပိတ်ရင်း လက်တစ်ဖက်ဖြင့် မျက်လုံးရှေ့ မှန်ပြောင်းဖြင့်ကြည့်သောဟန် လုပ်ပြပြီး ကျန်လက်တစ်ဖက်ကတော့ ဖြန့်လျက် ပခုံးပေါ်တင်ဟန် ပြပါသည်။

ဝဠ္ဍာက ...

“ရုပ်ရှင်ကားတစ်ကား နာမည်လား”

လို့ အဖြေထုတ်လေသည်။

ငွေယုန် ခေါင်းညိတ်ပြလိုက်ပြီး ဆက်၍ ရှိုးကေ့စ်ပေါ်တင်ထားသော ကမ္ဘာလုံးပုံစံ ရုပ်တုလေးကို သွားယူလိုက်သည်။ မြန်မာပြည်ပုံနေရာကို လက်ညှိုးဖြင့် ထောက်ပြပြီးမှ လက်ခါပြတော့ ကိုကိုက ...

“မြန်မာကားနာမည် မဟုတ်ဘူးလား”

ငွေယုန် ခေါင်းညိတ်ပြပါသည်။ အားလုံးက ငွေယုန် ဟိုသွား ဒီသွား လုပ်နေသည်ကို လိုက်ကြည့်နေကြသည်။ ငွေယုန်က ခဏစဉ်းစားလိုက်ပြီး ခြေဖဝါးမှာ ဖိနပ်ကို ဝတ်ပြဟန်ပြပါသည်။

“ဖိနပ်ဆိုတော့ Shoes ပေါ့၊ Shoes လား Slippers လား”



www.burmeseclassic.com

www.burmeseclassic.com



ငွေယုန်သည် ဖိနပ်ကို ထိုးသွင်းဝတ်ပြရန် အသေ အချာ ထပ်လုပ်ပြသည်။ ကုငွေက ...

"Shoes ဖြစ်မှာပါ၊ ဘိုတွေက Slipper မှ သိပ်မစီးတာ Shoes ပဲ"

"Boots လည်း ရှိသေးတယ်၊ ကိုကုငွေကလည်း"

ဝဠာက ဝင်ရှင်းပြန်သည်။ ငွေယုန် ခေါင်းခါရင်း ကုငွေ့ဆီသာ လက်ညှိုးထိုးပြီး ခေါင်းညိတ်ပြသဖြင့် ...

"တွေ့လား၊ ငါပြောတာ မှန်တယ်၊ Shoes ကို ပြောတာ"

"ဘာကားဖြစ်မလဲ"

စန္ဒရာက ဗိုက်ကိုပဲ တစ်ချိန်လုံး ပွိဖိဒိဖိ စမ်းနေ သဖြင့် ကိုရန်မျိုးက လှည့်မေးသည်။

"စန္ဒရာ ဘာဖြစ်နေတာလဲ၊ ဗိုက်နာတာလား"

"မနာပါဘူး။ ဝမ်းသွားချင်သလား မသိဘူး၊ အစားများပြီး ဗိုက်က မအီမသာနဲ့ ငွေယုန့် အလှည့်ပြီးရင် စန္ဒရာ ခဏ ထွက်မယ်၊ Toilet သွားမယ်"

ကိုကိုက ငွေယုန့်ကို ကူညီလိုဟန်ဖြင့် ...

"Cinderella Story လား။ အဲဒီကား ကိုယ်ကြည့်ဖူးတယ်၊ အဆိုတော် ကောင်မလေး Hilary Duff နဲ့ ရိုက်တာ"

ငွေယုန် ခေါင်းခါပြန်သည်။

"Cinderella က ဖိနပ်ပျောက်တော့ ကိုယ်လည်း အဲဒါပဲ ထင်ပြီး ပြောတာ"





ထိုအချိန်တွင် အိန္ဒြာ Timer မှတ်သော နာရီက အမြည်ပါသည်။ အိန္ဒြာဆီမှ ...

"အချိန်စေ့ပါပြီ ငွေယုန်"

ဟူသော အသံသည် ငွေယုန့်ကို တမင်ပဲ မခံချိ ခံသာဖြစ်အောင် ပြောသလိုပင်။

စန္ဒရာက ဗိုက်ကိုကိုင်၍ ထရင်း ...

"ဘာကားလဲ ငွေယုန်ရယ်၊ တစ်ချိန်လုံး Shoes ပဲပြနေ တော့ စဉ်းစားလို့ကို မရဘူး"

ငွေယုန်က ...

"In her shoes ဆိုတဲ့ ရုပ်ရှင်ကားပါ"

"အဲဒီကား ရှိလို့လား"

"ရှိပါတယ်၊ ငွေယုန်တောင် ကြည့်ပြီးပြီ၊ အိန္ဒြာတို့ မစန္ဒရာတို့လည်း ကြည့်ပြီးရောပေါ့၊ မကြည့်ရသေးဘဲနဲ့ အဲဒီမဲလိပ်ထဲ အဲဒီရုပ်ရှင်ကားနာမည် ရောက်မနေပါဘူး"

ငွေယုန့် အသံ မကျေမနပ် ဖြစ်နေမှန်းသိ၍ ကိုကို က ဖျောင်းဖျသလိုဖြင့် လက်ဆွဲပြီး ထိုင်ခိုင်းပါသည်။ စန္ဒရာက တော့ ပြန်ပြောချင်ပေမဲ့ ဆီးသွားချင်သလိုလို၊ ဝမ်းသွားချင်သလိုလို ဖြစ်နေ၍ အိမ်သာထသွားရသဖြင့် ပြန်မပြောအား။

ငွေယုန်မှာ နေရတာ စိတ်မပျော်တော့။ ကိုယ့်ကို ဘာတွေဒုက္ခပေးဦးမလဲ။ ဘယ်လိုကြည့်ပြီး ဝေဖန်ဦးမလဲ တွေး



www.burmeseclassic.com

www.burmeseclassic.com



ပြီး ထိုင်နေရသော မိသားစုထဲမှာ နေရတာ စိတ်တော်တော် ကျဉ်းကျပ်ပါသည်။ ဒါနဲ့ပဲ ...

"ငွေယုန် ပြန်တော့မယ် ကိုကို။ ပြန်လို့ရပြီလား"

ကုဋေက အလိုက်မသိစွာ သူများကြားထဲ စကား ဝင်ဖြတ်ပြောသည်။

"ဘာဖြစ်လို့လဲ မပြန်ပါနဲ့။ ငါတို့ ညီအစ်ကို မောင်နှမ တွေက ဒီလိုပဲဟ။ နင် ကြာရင် နေတတ်သွားမှာပါ။ အခု ခဏလေးတောင် မနေတတ်ရင် တစ်သက်လုံး ဘယ်လိုနေ သွားမလဲ၊ စဉ်းစားနော်"

ငွေယုန် ဒီလို ဆရာဝင်လုပ်ခံလိုက်ရတော့ ပိုပြီး စိတ်ပျက်သွားပါသည်။ ကိုယ့်ချစ်သူက ဘာမှမပြောရဘဲ မဆိုင် တဲ့သူက ဝင်ပြောတာကို ခံရသဖြင့် ငွေယုန့် မျက်နှာမှာ မရယ် နိုင် မပြုံးနိုင် ဖြစ်သွားပါသည်။ သူတို့အားလုံးထက် ငါဟာအသက် အများကြီးငယ်တာလည်း ငယ်တာပေါ့လေ။ ဒါပေမဲ့ ငါက အစ်ကိုအကြီးဆုံးရဲ့ မိန်းမပဲ။ ငါ့အားဖြင့် ငါက ဝါကြီးတယ် အငယ်ဆိုပြီး ဆရာလုပ်ပြီး ဆက်ဆံချင်လို့ ဘယ်ဖြစ်မလဲ။

"ငွေယုန် ပြန်မယ် ကိုကို။ ကိုကို လိုက်ပို့ပါ"

"ကောင်းပြီ ... ကောင်းပြီ ... ပို့မှာပါ"

ငွေယုန်သည် ဖိနပ်စင်ကို အရောက်မှာ ကိုယ်တမြတ် တနိုး သိမ်းထားပြီး နှစ်သက်ရှုလည်း မကြာခဏ စီးဖြစ်သော



နှစ်လက်မဒေါက်မြင့်လေးကို စီးဖို့ ကြမ်းပေါ်ယူချလိုက်ပါသည်။ အဲဒီမှာ ငွေယုန့် အတွက် မထင်မှတ်တာက ဖြစ်လာသည်။

"ဟင် ... ဒေါက်က ကျိုးနေပြီ"

"ဟာ ... ဟုတ်သားပဲ၊ ဒေါက်ကျိုးနေပြီ၊ ကြည့်စမ်း ... ဒါ ဓာဖြူ့ လက်ချက်ပဲ ဖြစ်ရမယ်"

ကိုကိုသည် တူမဖြစ်သူကို လှည့်မာန်သလို ပြောသဖြင့် ဓာဖြူက အခုမှ အိမ်သာထဲမှ ပြန်ထွက်လာသော အမေ့ ခန္ဓာကိုယ်နောက် ပြေးပုန်းပါသည်။ စန္ဒရာက အစ်ကိုဖြစ်သူကို လှမ်းကြည့်သည်။

"ဒီမှာ နှင့်သမီး လုပ်ထားတာ ငွေယုန့်ဖိနပ် ဒေါက်ကျိုး သွားပြီ"

"Super Glue နဲ့ ပြန်ကပ်လိုက်ပါလား။ ဖိနပ်ပဲ ဘာဖြစ်လဲ တန်ဖိုးမရှိပါဘူး။ အသစ်တစ်ရန် ထပ်ဝယ်ရင် ရပါတယ်"

ငွေယုန်ဒေါသတွေ အလိပ်လိုက် တက်လာတော့ သည်။

"ဒီဖိနပ်မျိုးက ပုံစံတူသာရရင် ရမယ်၊ သူ့အမျိုးအစားတူ တော့ ရမယ်မထင်ဘူး မစန္ဒရာ။ ဒီဖိနပ်က Gucci တံဆိပ် အစစ်ပါ၊ ဒီကဆိုင်တွေမှာ တင်ရောင်းတာကိုတောင် ဝယ် ထားတာ မဟုတ်ပါဘူး။ သူငယ်ချင်း တစ်ယောက်ရဲ့ အစ်မ,က U.S ခဏ သွားလည်တုန်း ဟိုက ငွေယုန့်

www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုကြီးက လက်ဆောင်ဝယ်ပေးလိုက်တဲ့ ဖိနပ်ပါ။ သူ များနဲ့ လူကြိုလို့ တကူးတက ပေးလိုက်တဲ့ ဖိနပ်ပါ။ ဒါကြောင့် ငွေယုန် သိပ်တန်ဖိုးထားမိတယ်၊ Glue နဲ့ကပ် လည်း ကပ်တာပဲ ဘယ်လောက်ကြာကြာ ခံမှာမို့လဲ"

"အို ... ဒါကတော့ ကလေးပဲ၊ သူယူစီးကြည့်ချင်တာပဲ သိမှာပေါ့။ ဖိနပ်က Gucci လား။ Chanel လား။ သူ ဘယ်သိပါ့မလဲ"

ငွေယုန်သည် စန္ဒရာ့ကို တော်တော်ပဲ အံ့ဩပါသည်။ ကိုယ့်ကလေး ကိုယ်တစ်ချက်မှ မဆူ။ မမာန်။ မဆုံးမ။ ငွေယုန် ကိုလည်း မတောင်းပန်ခိုင်းပါပဲ တမင်ပဲ အရေးမကြီးသလို ပြန် ပြောနေသဖြင့် စန္ဒရာ့ စိတ်ကို သိသွားပါသည်။ အေးအေးလေး နဲ့ သူလည်း တစ်မျိုးဆိုးရင် ဆိုးတတ်တယ်ဆိုတာ ဒါမျိုးပဲလား။

"ငွေယုန် Super Glue ယူမလား"

ဝဏ္ဏာက Super Glue ကို လာပေးသည်။ အားလုံး က ခပြုံ့ကို တစ်ချက်မဆူဘဲ ငွေယုန့်ဖိနပ် ကော်ကပ်ဖို့သာ စိတ်ဝင်စားပြနေသည်။

"မယူတော့ဘူး၊ ဒီတိုင်းပဲ နေတော့မယ်"

ဒေါ်ရွှေစင်ကလည်း ...

"ဟုတ်သားပဲ၊ သားကြီး လိုက်ပို့မှာပဲ၊ ကိုယ့်ကားပေါ် ကိုယ် ဖိနပ်ပါလား မပါလား ဘယ်သူမှ ကြည့်မိမှာ မဟုတ်ပါဘူး"





တဲ့လေ။ သူ့မြေးကို တစ်စက်မှ အပြစ်ရှိတယ်လို့မ ပြောဘဲ ငွေယုန် ပြန်ဖို့အဆင်ပြေရန်သာ ဖြေရှင်းပေးလိုပုံရပါသည်။

အိန္ဒြာကတော့ ဘယ်လို သဘောလဲတော့ မသိ။ ဘတ္တိပါ အပါးတစ်ရန် သွားယူလာကာ ...

"ဒါ စီးသွားမလား၊ ဒါ အသစ်ကြီး ရှိသေးတယ်၊ အိန္ဒြာ တစ်ခါတလေ ပေါ့ပေါ့ပါးပါး စီးချင်လို့ဆိုပြီး ဝယ်ထားတာ၊ လုံးဝမစီးရသေးဘူး တွေ့လား၊ ဘူးထဲက ခုမှထုတ်တာ။ အောက်ခံခြေနင်းပြားမှာလည်း အသစ်မှန်း သိသာအောင် ဘာအမှိုက်သရိုက်မှ သဲတွေ ဖုန်တွေမှ မရှိဘူး"

ဟူ၍ ပြောရင်း သူ့လှည်းဘီးတံဆိပ်ပါ ကတ္တီပါ ဖိနပ်ဘူးကို အတင်းထိုးပေးနေသည်။ ဒီအိမ်က လူတွေဟာ တလေးကို နည်းနည်းမှ မဆုံးမပေးချင်ကြဘူးလား မသိ။ ကိုယ့် တလေးကိုယ် ...

"အန်တီ့ဖိနပ် ဘာလို့ ယူဆော့ရလဲ"

လို့ တစ်ခွန်းလောက် ဟန်ပြဆူရင်တောင် ကျေနပ် ပါပြီ။ ခုတော့ ကလေးကို လုံးဝမဆူဘဲ ငွေယုန့် ဘာသာပဲ ဖိနပ် က ကျိုးသလိုပုံစံနဲ့ ဒီကိစ္စကို ဝိုင်းဖြေရှင်းရှုပ်နေကြတာ ဘာ သဘောလဲ။

ဖိနပ်ရဲ့ တန်ဖိုးကြီးမားမှုကြောင့် မဟုတ်ဘဲ အစ်ကို ကြီးဖြစ်သူက လူကြိုနဲ့တောင် တကူးတက ဝယ်ထည့်ပေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



ရတာကြောင့် နမြောပါသည်။ စိတ်မကောင်း ဖြစ်ပါသည်ဟု ပြောထားရက်နဲ့ တစ်စက်လေးမှလည်း နှစ်သိမ့်ဖော်မရ။ စိတ်မကောင်း ဖြစ်နေသူ စိတ်ကျေနပ်အောင် ကလေးကို တစ်ချက်လေးမှ ဆူပြတာလည်း မရှိ။ ငွေယုန် တော်တော် စိတ်ကုန်သွားပါသည်။ ဒီပုံအတိုင်းဆို ကိုကို့အိမ်မှာ လိုက်နေပါမည်ဟူသော ကတိစကားကိုပင် ပြန်ပြင်ရတော့မလို ဖြစ်လာသည်။ အစကတော့ ဒီ ဒိုမျိုး ကသိကအောက် ဖြစ်စရာတွေဖြစ်အောင် အတွေးကြီးကြီး မယ်မှန်း ကြိုတင်မခန့်မှန်းမိလို့ပါ။ ကိုယ့်သားသမီးမှ ကိုယ့်သားသမီး၊ ကိုယ့်မြေးမှ ကိုယ့်မြေး ဖြစ်တာတော့ ဖြစ်ပေါ့။ ဒီလိုမျိုးကြီး တစ်ဖက်စွန်း ရောက်နေသလို အတွေ့တွေ ရှိနေတာတော့ မကောင်းလှဘူး။

ငွေယုန် မျက်နှာမသာမယာဖြင့်ပင် ကားတံခါးကို ဖွင့်လိုက်စဉ်မှာ ...

"အား ... ကျွတ် ... ကျွတ် ... မေမေ လုပ်ပါဦး၊ ကိုရန်မျိုး ရေ ... လာပါဦး၊ ဒီမှာ ... ဒီမှာ"

ဟူသော စန္ဒရာ့ အသံ အကျယ်ကြီးကြောင့် ငွေယုန် လက်တွေပင် တန့်သွားပါသည်။ ကိုကိုရော ငွေယုန်ပါ လှည့်ကြည့်လျှင် စန္ဒရာ တစ်ယောက် မတ်တတ်ရပ်ရက်သား၊ ခြေထောက်အောက်မှာ ရေအိုင်ကြီး ဖြစ်နေတာကို တွေ့ရသည်။

"ဟယ် ... မစန္ဒရာ ရေမွှာပေါက်တာလား"





ငွေယုန် ခုနက စိတ်မကြည်တာတွေ သတိမေ့သွားပြီး ပါးစပ်က ပြောလည်းပြော၊ ပြန်လည်းလှည့်လာမိသည်။ စန္ဒရာ့နားမှာ မောင်နှမတွေရော ကိုရန်မျိုးပါ ဝိုင်းနေသည်။

"ဗိုက်နာလာပြီ၊ ဗိုက်နာလာပြီ၊ လုပ်ပါဦး ဖေဖေရဲ့ မေမေရဲ့။ စန္ဒရာ့ကို ဆေးရုံပို့ပေးပါဦး။ စန္ဒရာ အိမ်မှာ မွေးသွားမှာ ကြောက်တယ်၊ မမွေးရဲဘူး"

"သမီးက ဖေဖေနဲ့ မေမေရဲ့ anniversary နေ့မှာ မွေးမှာ ဝမ်းသာစရာပဲဟ"

ဒေါ်ရွှေစင် ဝမ်းသာပြီး သမီးကို တစ်ဖက်က ဝင်မွေ့လေသည်။

ကုငွေက ...

"ကဲ ... ကဲ ... ကြာမနေနဲ့၊ ဆေးရုံမြန်မြန်ရောက်ဖို့ အရေးကြီးတယ်"

လို့ အော်စဉ် ဝဥ္စာက ...

"ကိုကြီးကား အိမ်ရှေ့မှာ အဆင်သင့်ပဲ၊ အဲဒီကားနဲ့ပဲ သွားလိုက်၊ လာ ... လာ ... ဝိုင်းတင်ပေးကြမယ်၊ ကိုရန်မျိုး တစ်ယောက်တည်း မနိုင်ဘဲ လွတ်ကျနေမှဖြင့်။ ကိုရန်မျိုးက ဟိုဘက်ခြမ်းမ၊ ဝဥ္စာ ဒီဘက်ခြမ်းမ,မယ်"

အိန္ဒြာက အိပ်ရာခင်း အဟောင်းတစ်ခု ပြေးယူလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီးကား ညစ်ပတ်သွားဦးမယ်၊ မစန္ဒရာ လှဲနေ... အောက်မှာ ခင်းလိုက်ဦး"

အိပ်ရာခင်းကို ဘယ်သူမှ လှမ်းယူဖော် မရဘဲ ကားပေါ်တင်ဖို့သာ စိတ်လောနေကြသဖြင့် ငွေယုန် မနေသာတော့ဘဲ ယူလိုက်ရသည်။ သေသေချာချာ ခပ်ထူထူလေး ခေါက်လျက်_

"ခဏလေး ... ခဏလေး နေကြပါဦး။ နောက်ခန်းမှာ ဒါလေး ခင်းပေးမလို့"

ဦးအောင်ထံမှ ...

"ဩော် ... ကူရှင်ပေလည်း ဘာဖြစ်လဲ၊ ရေဆေးပစ်လို့ရရင် ဆေး။ မရရင် ကူရှင်အသစ် လဲလိုက်ပေါ့၊ အရေးမကြီးပါဘူး"

ဟူသော မကျေမနပ် ရေရွတ်သံသည် ငွေယုန့်ကို မကျေနပ်နေသကဲ့သို့ အသံမျိုး ဖြစ်သည်ဟု ခံစားလိုက်ရပါသည်။ တကယ်တော့ အိမ်ြွာ ယူလာပေး၍ ခင်းပေးဖို့ ငွေယုန် ကူညီလိုက်တာကို မသိဘဲ သူ့သမီး စန္ဒရာ ဆေးရုံမြန်မြန်ရောက်ဖို့ ဒီလောက်လေးကြောင့် ပိုနှောင့်နှေးသွားမှာကို မလိုလားတာမျိုး ဖြစ်နေတော့လည်း ငွေယုန်လည်း ဘာမှပြန်ပြောမနေတော့ဘဲ နောက်ခန်း ကူရှင်ပေါ်သာ အိပ်ရာခင်းကို မြန်မြန်ခင်းပေးလိုက်သည်။ အဖေလည်း အဖေမို့။ အမေလည်း အမေမို့ ... အင်း ... ဒီမိသားစုနဲ့ အဆင်ပြေအောင် တော်တော်လုပ်ယူရမဲ့ သဘောပဲ။





ကိုကိုက ...

"ရန်မျိုးက မိန်းမကို ထိန်းမွေ့ရင်း နောက်မှာထိုင်၊ ဟုတ်ပြီလား။ ငွေယုန် ရှေ့မှာထိုင်လေ"

ဟု စီစဉ်သည်ကို ဒေါ်ရွှေစင်ဆီမှ ...

"ဟယ် ... သားကြီး၊ မေမေ လိုက်မှာလေ၊ မေမေ ကိုယ့်သမီးမွေးခန်းဝ,မှာ စောင့်ချင်သေးတာပေါ့"

ဆိုသော ပြောလိုက်သံနောက်မှာ ဦးအောင်ရဲ့ ..

"ငွေယုန် လိုက်ခဲ့ချင်ရင် ကျန်တဲ့လူတွေရဲ့ ကားပေါ် တက်လိုက်လာပေါ့"

ကုငွေက လေတစ်ချက်ချွန်ရင်း ....

"ကုငွေ့ဆိုင်ကယ်နောက် လိုက်စီးရဲလား"

လို့ ရိသလို ထေ့သလို နောက်သည်။

ဥာနဲ့ ကိုဇင်တို့ကတော့ ...

"ပတ်ပလေကာ ဆိုတော့ ငွေယုန် နောက်မှာထိုင်ရမှာ၊ အဆင်ပြေလား"

သူတို့နှစ်ယောက်တည်း ရှေ့ခန်းမှာ ထိုင်ချင်ဟန်ဖြင့် လှမ်းပြောနေပေမဲ့ ကားကတော့ ငွေယုန့်ကို မစောင့်။ စက်တောင်နိုးနေပြီ။

ငွေယုန်မှာ ရပ်စဉ်းစားရင်း ငိုတောင် ငိုချင်လာပါသည်။ သူတို့ရဲ့ စန္ဒရာကိစ္စ အရေးကြီးတာနဲ့ ငွေယုန့်ကိုတောင်



www.burmeseclassic.com

www.burmeseclassic.com



**အမှတ်မရှိတော့။** အရေးမထားတော့။ ငွေယုန် အိမ်ပြန်ဖို့ကိုပင် မေ့ကျ ကြပြီ။ မဆီမဆိုင် ငွေယုန်ကပါ ကိုယ်နဲ့ သိပ်အစေးမကပ်သော တဲ့ ယောက်မ၊ ခုလေးတင် ကိုယ့်ဖိနပ်ဒေါက်ကို ချိုးပစ်လိုက်တဲ့ ကလေးကြောင့် စိတ်မကြည်လင်မိတဲ့ ယောက်မရဲ့ ကလေးမွေး တဲ့နေရာကို ဘာကြောင့် လိုက်ရမှာလဲ။ ဒါကိုတော့ ထည့်မစဉ်း စားဘဲ ငွေယုန်ပါ ဆေးရုံလိုက်ဖို့ကို ဝိုင်းပြောနေကြတော့သည်။

ကိုကိုကတော့ အမေဖြစ်သူကြောင့်လား။ သူလည်း တကယ်မေ့သွားတာလား မသိ။ ကားမောင်းထွက်သွားတာဖြင့် ကြာလှပြီ။

ကုငွေလည်း ငွေယုန့်ကို တမင်စ,နောက်ပေမဲ့ သူ့ ဆိုင်ကယ်ဖြင့် ခေါ်ချင်ပုံ မရ။ ကိုကို့ကားနောက်က ဝေါခနဲ ထက်ကြပ်မကွာ လိုက်သွားပါသည်။ ဝဠာကတော့ သူ့ပတ်ပလေ ကာကို ဘီးလှိမ့်ရုံမောင်းလာရင်း ...

"ငွေယုန် ... လိုက်မှာလား"

လို့ ထပ်မေးနေစဉ် ဝဠာ့ကားနောက်မှာ ငွေမင်ရောင် လက်လက်ထနေသော Limited ကားကြီးက တတိတိလုပ်နေ သဖြင့် ...

"ဟော ... အိမ်ဖြွာ ကားထွက်တော့မှာ ရှေ့ကပိတ်နေလို့ ဟွန်းတီးနေပြီ ငွေယုန်။ ဝဠာတို့ သွားတော့မယ်နော်၊ အိမ်ဖြွာ ကားနဲ့ပဲ လိုက်ခဲ့လိုက်"

BURMESE CLASSIC .com



အမှန်တော့ ငွေယုန့်ကို ဘယ်သူမှ အိမ်ပြန်ပို့မယ် ပြောဖော်မရဘဲ ဆေးရုံလိုက်ဖို့သာ ပြောခံနေရသည်မှာ အတော့်ကို အခံရခက်စေပါသည်။

ငွေယုန် ကြောင်ငေးပြီး ရပ်နေစဉ် ဦးအောင်၊ အိမ်ဖြွနှင့် ဇာဖြူတို့ပါသော Limited ကားက ငွေယုန့် ရှေ့မှာ ရပ်ပြီး ...

"တက်လေ ... ငွေယုန်"

ဟူသော ဦးအောင်ရဲ့ ခေါ်သံဟာ ငွေယုန့်ရဲ့ နောက်ဆုံးသော ဆုံးဖြတ်ချက် ဖြစ်သွားပါသည်။

မတက်တော့ပါဘူး။ ကျွန်မ အိမ်ပြန်တော့မယ်လို့ ငွေယုန့် ပါးစပ်က ထုတ်ပြောပြီး ငြင်းလိုက်ရမှာ အားနာသည် လား၊ မဝံ့မရဲ ဖြစ်သည်လားတော့ မသိ။ ငွေယုန်ဟာ နောက်ဆုံး မှာတော့ ကိုယ် နည်းနည်းအမြင်ကတ်နေသော ဇာဖြူ ဟူသော ကလေးမလေးနှင့် နောက်ခန်းမှာ ဘေးချင်းယှဉ် ထိုင်လိုက်ခဲ့ရ ပြီး ကိုယ်နဲ့ မရင်းနှီးသေးသော ယောက်မလော်င်းမွေးမဲ့ အချိန် ထိ စောင့်ဖို့ဆေးရုံကို ရောက်ခဲ့ရတော့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



## ၈

"ဘယ်လိုလဲ ငွေယုန်၊ စိတ်ပျက်နေပြီလား"

ကိုကို ငွေယုန့်နားကပ်ပြီး တိုးတိုးတိတ်တိတ် မေးလေသည်။ စန္ဒရာ မွေးခန်းထဲ ဝင်သွားတော့ အားလုံး ညှိသည်တွေနားပြီး စောင့်ရသည့်နေရာမှာ စုပြုံစောင့်နေကြစဉ် ဆေးရုံဝင်းအပြင်ဘက်ကို မျက်နှာမူပြီး ငေးနေသော ငွေယုန့် နားကပ်လာပြီး ကိုကိုက မေးတာ ဖြစ်ပါသည်။

အိမ်ရှိလူကုန် လာစောင့်သော မိသားစုကို ဆေးရုံရှိ ဝန်ထမ်းတွေရော၊ တခြားလူနာတွေကို လာစောင့်ကြသော လူတော်တော်များများကတော့ သတိပြုမိ အကဲခတ်တာ ခံရသည်။ ဒီမိသားစုနဲ့ ဘာမှမပတ်သက်သော ကိုဇင်ကတော့ ဘယ်လိုသဘောနဲ့ လိုက်လာပြီး စောင့်သည်မသိ။ ငွေယုန်ကတော့ ပျင်းလှပြီ။ ပြန်လည်း ပြန်ချင်လှပြီ။ မွေးလာမှာ ယောကျ်ားလေးဆိုတာ





…သည်း သိပြီးသား။ ပြီးတော့ ကိုယ်နဲ့လည်း ဘာမှ သွေးသား…ဘ်စပ်တာမှ ကလေးကို ကြည့်ခွင့်ရဖို့ စိတ်က သိပ်မပါလှပါ။

"ကိုယ်မေးတာ ဖြေတောင် မဖြေနိုင်တော့ဘူး။ တော်တော် စိတ်ပျက်နေပြီထင်တယ်၊ ငွေယုန် စိတ်ပျက်တဲ့အထဲမှာ ကိုယ်ရောပါလား"

ငွေယုန် ခေါင်းသာခါပြလိုက်သည်။

"အိမ်ပြန်ချင်ပြီလား"

"ခုချိန်ကျမှ ပြန်လည်း မထူးပါဘူး။ မစန္ဒရာ ကလေးကိုတောင် စောင့်မကြည့်ဘဲ ပြန်တယ် ဖြစ်ပါဦးမယ်၊ ငွေယုန် စောင့်လက်စနဲ့ စောင့်လိုက်ပါ့မယ်လေ၊ တကယ်တော့ အိမ်ကနေ ဒီထိလိုက်လာဖို့တောင် အစီအစဉ် မရှိပါဘူး။ အကုန်လုံးက ငွေယုန် အိမ်ပြန်ဖို့ကို မမေးဘဲ ဆေးရုံကို ဘယ်သူ့ကားနဲ့ လိုက်မလဲဘဲ မေးတော့ တက်လိုက်လာရတယ်"

"အေးပါကွာ ... ကိုယ့်အမှားပါ၊ ငွေယုန့်ကိုပါ ကိုယ့်ကားနဲ့ ခေါ်ခဲ့ရင် ရပါတယ်၊ မေမေတို့ကို ဆေးရုံမှာ ချပေးပြီးတာနဲ့ ကိုယ် ငွေယုန့်ကို အိမ်တန်းပို့ပေးရင် ရပါတယ်"

"ကိုကို မမှားပါဘူး၊ သူတို့ပဲ မှားနေတာ။ သူတို့အတွက်ပဲ သူတို့သိတဲ့ အတ္တက ကြီးနေတာ သူတို့သဘောက ကိုကို့ကို ငွေယုန် မပိုင်သေးဘူး၊ သူတို့ပဲ ပိုင်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုက သူတို့ကိုပဲ ဦးစားပေးရမယ်ဆိုတဲ့ သဘောကို ပြနေတယ်"

သိဒ္ဓိ စိတ်ထဲမှာလည်း ငွေယုန် ပြောတာမှန်နေ၍ အသာငြိမ်နားထောင်နေလိုက်သည်။

ဒေါ်ရွှေစင်သည် သားကြီးနှင့် ငွေယုန်တို့ ဆေးရုံ ကော်ရစ်ဒါ ထောင့်တစ်ထောင့်မှာ ကပ်ပြီး တီးတိုးပြောဆိုနေသည်ကို မကြာခဏ အကဲခတ်နေပါသည်။ ဘာတွေများ သူ့ဘက်ပါ အောင် စည်းရုံးသိမ်းသွင်းနေပြန်ပြီလဲ။ ကောင်မလေးကြည့်တော့ လှပုံကသာ သိပ်ပုံမလာတာ။

သားကြီး သူ့ကိုပစ်ကျနေအောင် ဆွဲဆောင်နိုင်စွမ်း ရှိပုံပဲ။ ဒီတော့ လျှော့တွက်ပြီး ပစ်ထားလို့ မရဘူး။ ကိုယ့်ဘက် ကလည်း အလိမ္မာလေးနဲ့ ပေါင်းမှပါ။ ကောင်မလေး ကြည့်ရတာ မိသားစုကို စိတ်တိုင်းမကျပုံဘဲ။ မကျလည်း နေပေါ့။ မဝင်နဲ့ပေါ့ လို့ အရင်မိန်းကလေးတွေလို ပစ်ထားလို့တော့ မရဘူး။ အရင် မိန်းကလေးတွေနဲ့ မတူတဲ့ အရည်အချင်းမျိုး သူ့မှာရှိတယ်။ သိဒ္ဓိအောင် ဆိုတဲ့ ယောကျ်ားက ချစ်နေအောင် လုပ်ထားနိုင်တဲ့ အစွမ်းအစ သူ့မှာ ရှိတယ်။ ဒီတော့ သူက သားကြီးကို အပြင် ကိုခေါ်ထုတ်သွားနိုင်တယ်။ သားကြီးကို ဒီမိသားစုထဲကနေ ခွဲထွက် အောင် လုပ်နိုင်တယ်။ ဒါကြောင့် ပစ်ထားလို့ မဖြစ်တာ။

"သားကြီးရေ"





ဒေါ်ရွှေစင့် အသံပေါ်လာသဖြင့် သိဒ္ဓိနဲ့ ငွေယုန် ချင်းခွဲလိုက်ပြီး နှစ်ယောက်စလုံး ဒေါ်ရွှေစင့်ကို လှည့်ကြည့်ပါသည်။

"စန္ဒရာက ဘယ်တော့ မွေးမယ် မသိဘူး၊ ငွေယုန် ပြန်ချင်ရင် မင်း လိုက်ပို့လိုက်ပါလား"

ငွေယုန် ဘာပြန်ဖြေရမှန်းမသိ ဖြစ်ပြီး ကိုကို့ကို ကြည့်မေးသလိုပုံနဲ့ အသံမထွက်ဘဲ ကြည့်လိုက်ပါသည်။

"ဟုတ်သားပဲ၊ ငွေယုန် အကြာကြီး စောင့်နေရပြီ ပြန်တော့ နော်၊ ကိုယ် လိုက်ပို့ပေးမယ်"

"ဆောရီးပဲ ... ငွေယုန်ရယ်၊ သမီးယူလာတဲ့ ငှက်ပျောရွှေ ကြည်တောင် မစားလိုက်ရသေးဘူး၊ စန္ဒရာ ဗိုက်နာတာနဲ့ အားလုံး ဆေးရုံရောက်လာကြရတယ်၊ နောက်မို့ နေ့လယ် ဘက်ကျ ကော်ဖီသောက်ရင်း စားမလို့ပါဘဲ စီစဉ်ထားတာ လေ"

"ရပါတယ် မေမေ"

ထိုအချိန်မှာပဲ မွေးခန်းတံခါး ပွင့်လာတော့သည်။ အားလုံးရဲ့ အာရုံဟာ (ကိုကို အပါအဝင်) အဲဒီဘက် ရောက်သွား ပြန်ပါသည်။ ငွေယုန်လည်း ကံဆိုးစွာပင် အိမ်မပြန်ရဘဲ ဒီမိသားစု ရဲ့ အပျော်တွေထဲ ကန့်လန့် ကန့်လန့် ဆက်ပါရဖို့သာ ရှိတော့ သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဘောဘိစန္ဒရာ မွေးပါပြီ၊ ရှစ်ပေါင်အတိရှိပါတယ်၊ မိခင်
ရော ကလေးပါ၊ ကျန်းမာပါတယ်"

"ဟယ် ... ရှစ်ပေါင်တောင်"

"ပြီးတော့ ဖေဖေနဲ့ မေမေရဲ့ anniversary နေ့မှာမှ
အမှတ်တရ ရှိလိုက်တာ"

"မစန္ဒရာက ဖေဖေနဲ့ မေမေကို အကောင်းဆုံး လက်ဆောင်
ပေးလိုက်တယ်ဟေ့"

"သမီးနဲ့ မြေးလေးကို ကြည့်ချင်လှပြီ၊ မြေးယောကျာ်းလေး
ဆိုတော့ အဘိုးအဘွားတွေ ရှင်ပြုပေးရမဲ့တာဝန် ရှိသွားပြီ"

"အမယ်လေးဗျာ ဒေါ်ရွှေစင်၊ ခင်ဗျားမြေးက ခုမှ နာရီ
ပိုင်း အသက်ရသေးတာဗျာ၊ ဘယ်အချိန်ကျမှ သက်နန်းနိုင်
မယ် မသိဘဲ စိတ်ကူးတွေက ကြိုယဉ်နေပြီ"

"ဟာ ... ဟာ ... ကိုရန်မျိုး မျက်နှာကြီး ပွံ့နေတာ ခုထိ
အပြုံး မလျှော့သေးဘူး။ လုပ်ပါဦး။ အကြောတင်ပြီး
ပါးစပ်ပြန်ပိတ်မရတော့ဘူး ထင်တယ်"

"မောင်လေးကို ဇာဖြူ အရင်ဆုံး ချီမယ်နော်"

မိသားစုများ၏ တစ်ယောက် တစ်ပေါက်သံတွေထဲ
ငွေယုန့် အသံ တိတ်ဆိတ်နေပါသည်။ ကိုကိုကအစ ဒီ့ကလေး
လေး မွေးသွားတာကိုပဲ လှုပ်လှုပ်ရှားရှား ဝမ်းသာပြနေသဖြင့်
ငွေယုန် အသာငေးကြည့်နေမိသည်။ ဘယ်အဘိုးအဘွား မဆို





မြေးဦးကိုသာ အချစ်ဆုံး။ အထူးသဖြင့် သမီးကမွေးသော မြေး
ကိုပါ ပိုပြီး အချစ်ပိုကြတာမို့ မစန္ဒရာရဲ့ ကလေးတွေသည်
ဦးအောင် ဒေါ်ရွှေစင် တို့ရဲ့ အသည်းနှလုံး ဖြစ်နေပါတော့
မည်။

အကယ်၍ ငွေယုန်သာ ကိုကိုနဲ့ ယူဖြစ်လို့ ကလေး
တွေမွေးလာစေဦးတော့။ ဦးအောင် ဒေါ်ရွှေစင်တို့ရဲ့ မြေးတွေ
အဖြစ် ဆက်ထွန်းကား လာစေဦးတော့။ ဒီကလေးတွေလောက်
အချစ်ခံရမည်မထင်။ ဒီကလေးတွေလောက် နေရာပေးခံရမယ်
မထင်ပါ။ အဘိုးအဘွား မပြောနဲ့။ ကျန်တဲ့ ဦးလေး အဒေါ်တွေ
ကလည်း ဒီအရင်ဦးဆုံးနေရာ နေထားပြီးသော တူ၊တူမကိုသာ
ပိုအရေးပေး ချစ်ကြမှာပဲ ဖြစ်သည်။

ဒီမိသားစုထဲဝင်ရင် ဒီလူတွေနဲ့ အမျိုးတော်ရင်
သူ့ကလေး ကိုယ့်ကလေးချင်း ပြဿနာတွေလည်း ရှိလာနိုင်သည်။
အခုတောင်ကြည့် ငွေယုန့်ဖိနပ် ပြဿနာလေးနဲ့တောင် ငွေယုန်
စိတ်ခုသွားရတာ။ ကိုယ့်ကလေးနဲ့ ပတ်သက်ပြီး ပြဿနာဖြစ်
ရင်တော့ ငွေယုန် ဘယ်လောက် စိတ်မကောင်း ဖြစ်ရမလဲ။
ဘယ်လောက် မခံချင်စိတ်တွေ၊ ဒေါသတွေနဲ့ လုံးပန်းရမလဲ။
အဘိုးအဘွား ဦးလေး အဒေါ်တွေက ကိုယ့်ကလေးကို မပါ
ဘဲ ဒီကလေးတွေကိုသာ ကာကွယ်နေရင် ငွေယုန် ဘယ်လောက်
ခံနိုင်ရမလဲ။



www.burmeseclassic.com

www.burmeseclassic.com



ငွေယုန်သည် မစန္ဒရာ လက်ထဲမှာ ချိထားသော မွေးခါစ ကလေးပေါက်စလေးကို ငေးကြည့်ရင်း အများကြီး အရှည်ကြီး တသိတတန်းကြီး အတွေးလွန်သွားပါတော့သည်။

"အားလုံးပဲ ကြေညာတယ်၊ ဒီည သားလေးမွေးတဲ့ အထိမ်းအမှတ်နဲ့ B.B.Q. party လုပ်မယ်"

ကိုရန်မျိုးက သူ့ဆန္ဒကို ကြေညာပါသည်။ ဦးအောင်က ခေါင်းခါလိုက်ရင်း ...

"ဟာ ... ဘယ်ဖြစ်မလဲ၊ သမီးမှ မပါတာ။ သားသမီးထဲက တစ်ယောက် လိုနေရင် ဘာပွဲပဲလုပ်လုပ် ငါမပျော်ဘူးဟေ့၊ ဒီတော့ သမီးဆေးရုံကဆင်းမှ မင်း့ခြံထဲပွဲလုပ်ရင်လုပ်"

ကိုရန်မျိုး ပါးစပ်ပိတ်သွားပါသည်။ ငွေယုန်လည်း ထပ်ပြီး ပညာရသွားပါသည်။ ဒီမိသားစုထဲဝင်ရင် ကိုယ့်ဘာသာ ပျော်ချင်ပါးချင်လို့ ပါတီပွဲလုပ်ချင်လည်း မရဘူး။ သူ့အဖေအမေတွေ ခွင့်မပြုရင် ဘာမှလုပ်ခွင့်ရှိပုံ မရဘူး။

"စန္ဒရာ ဘာစားချင်လဲ ပြောနော်။ ငါတို့ အိမ်တစ်ခေါက် ပြန်ကြဦးမယ်၊ ဘာယူလာခဲ့ရမလဲ"

"ညနေစာတော့ လွတ်သွားပြီဆိုတော့ ထမင်းဟင်းတွေ မစားတော့ပါဘူး ကိုကြီး။ ကော်ဖီပဲ သောက်တော့မယ်"





မစန္ဒရာက ညခုနစ်နာရီ မွေးသည်မို့ အပြင်မှာတော့ လမ်းမီးတွေပင် ထိန်လင်းနေပြီ။ ငွေယုန်လည်း အိမ်ပြန်ချင်လှပြီ။ ကိုယ့်ဘာသာပင် ကားငှားပြီး ပြန်ရတော့မည် ထင်သည်။ ကိုကိုကလည်း သူ့ညီမမှာ ယောက်ျားရော၊ အဖေအမေရော၊ ညီအစ်ကို မောင်နှမတွေရော တစ်ပုံကြီး ဝိုင်းနေရက်နဲ့ အနားမှာ ဂရုတစိုက် ရှိနေသဖြင့် ငွေယုန်မှာ ကိုယ့်အိမ်ပြန်ဖို့ကိုပင် သတိပြန်ပေးရမလို ဖြစ်နေသည်။

"ငွေယုန် ယူလာတဲ့ ငှက်ပျောရွှေကြည်ပါ ယူခဲ့မယ်၊ ညကျ ဗိုက်ဆာရင် စားပေါ့၊ ဆေးရုံကငှားတဲ့ နာ့(စ်)ကိုလည်း ဧည့်ဝတ်ပြုလို့ ရတာပေါ့၊ ဟုတ်ပြီလား"

"စန္ဒရာ အချို သိပ်မစားချင်ဘူး ကိုကြီး။ မုန့်ကို ယူရင် ယူခဲ့ပါ၊ ကိုကြီး ပြောသလိုပဲ နာ့(စ)ကို ဧည့်ခံလို့ ရတာပေါ့။ စန္ဒရာ့ အတွက်တော့ ပေါင်မုန့်ကြက်ဥကြော်ပဲ လုပ်ပြီး လာပို့ပါ၊ သကြားမထည့်ဘဲ အဆိမ့်လေးပဲ ကြော်နော် မေမေ"

"အေး ... အေး ... သမီးစားချင်ရင် မေမေ ကြော်လာပေးမယ်"

ထိုအချိန်မှာ ဝဋ္ဌာက စပြီး ...

"မေမေ ... ကိုဇင်နဲ့ ဝဋ္ဌာ ဗိုက်ပြန်ဆာလာပြီ၊ အိမ်ပြန်နှင့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု စပြောလာပါသည်။ ဒီတော့မှ ကျန်တဲ့လူတွေကပါ ...

"ဟုတ်သားပဲ၊ အိန္ဒြာလည်း ခြောက်နာရီလောက်ကတောင် ဗိုက်ဆာလို့ ခုဖြူ့ လက်ထဲမှာ စားနေတဲ့ Pringles အာလူးကြော်ဘူးထဲက နှိုက်စားလိုက်ရသေးတယ်။ အခုကျ ဗိုက်ကဆာလာပြီ၊ အိမ်ပြန်ပြီး မေမေ့လက်ရာ စားမယ်"

"ကုဋေက သူငယ်ချင်းတွေနဲ့ club သွားဖို့ ချိန်းထားပြီးသား ဖြစ်နေလို့ လစ်ပြီနော် ... တာ့တာ။ မစန္ဒရာဆီ မနက်ကျမှ ပန်းစည်းကြီး ပို့ခိုင်းလိုက်မယ်"

"ကိုရန်မျိုးပါ, ပြန်ရင်ပြန်လေ၊ ပြီးမှ မေမေ ကြော်ပေးလိုက်တဲ့ ပေါင်မုန့်ကြက်ဥကြော်နဲ့ ကော်ဖီဓာတ်ဘူး ပြန်လာပို့လိုက်"

စန္ဒရာကပါ သူ့ယောက်ျားသူ ပြန်ခိုင်းတော့မှပဲ အားလုံး အိမ်ပြန်ဖို့ အသီးသီး ထကြသည်။ အိန္ဒြာက ငွေယုန့် ခြေထောက်အောက်မှာ စီးထားသော ကတ္တီပါဖိနပ်ကို ငုံ့ကြည့်ရင်း ...

"ဖိနပ် အပိုင်ယူလိုက်တော့နော်၊ ငွေယုန် ပြန်ဝယ်ပေးတာတွေ ဘာတွေလဲ လုပ်မနေနဲ့"

လို့ ငွေယုန့်ဖိနပ်ကို သတိတရ ပြောသွားသေးလေသည်။ ဒေါ်ရွှေစင်ကတော့ ...





"ငွေယုန်ပါ အိမ်လိုက်လာပြီး ညစာပါ ထပ်စားပြီးမှ ပြန်ပါလား"

ဒီတစ်ခါတော့ ငွေယုန် အားနာမနေတော့ပေ။ ခပ်မြန်လေးပဲ ...

"မလိုက်တော့ပါဘူး မဲမေ။ အိမ်မှာ ကလေးမလေးတစ်ယောက်တည်း တစ်နေကုန် ထားခဲ့ရတော့ သိပ်မိုးချုပ်ရင် မကောင်းတာမို့ ပြန်လိုက်ဦးမယ်"

ဟူ၍ ချက်ချင်း ငြင်းရတော့သည်။ နောက်မို့ ...ယ်အချိန်ကာလထိ ဝင့်ခံရဦးမည် မသိ။ ကိုယ်မပျော်ပိုက်သော ...ကျင်မှာ ဆက်နေရဦးမည်။ မရယ်ချင် မပြုံးချင်ပါပဲ၊ ရယ်ပြ ...ပြုံးနေရဦးမည်။ တော်ပါပြီ ... ဒီနေ့နဲ့တင် လန်သွားပြီ။ ကိုကို့ လက်ထပ်ဖို့ ထပ်စဉ်းစားရတော့မည်တည်း။

ကိုကို့ကားပေါ် ရောက်တော့မှပဲ ငွေယုန့် စိတ်ထဲ ...လွတ်လပ်ပျော်ရွှင်မှု၊ ကိုယ့်ကိုယ်ကိုယ် ပိုင်ဆိုင်မှုနှင့် ကိုယ့် ...ကိုယ် ယုံကြည်စိတ်ချမှုတို့ကို တစ်ဖြိုင်တည်း ခံစားလိုက်ရသည်။

"Oh I am what I am I'll do what I want ... "

ဟူသော Dido (ဒီဒို)၏ သီချင်းစာသားလေးကို ...အခိပ္ပာယ်နဲ့ကိုယ် လိုက်ဆိုညည်းလိုက်မိသည်။ ငါဟာငါပဲ ...ပ်ချင်တာလုပ်မယ်၊ ဟုတ်တယ်၊ ဘာဖြစ်လဲ၊ အဲဒီမိသားစုရဲ့



www.burmeseclassic.com

www.burmeseclassic.com



စိတ်အလိုကျ မနေပြနိုင်ဘူး။ မလုပ်နိုင်ဘူး။ အပေါ်ယံ ကောင်းသလိုလိုနဲ့ သူတို့ဆက်ဆံပုံက တစ်မျိုးတော့ တစ်မျိုး နေတာမို့ အဲဒီအိမ်မှာ ရှိနေသမျှ တစ်ချိန်လုံး ကိုယ့်ကိုယ် လုံခြုံစိတ်ချမှု နည်းသလိုပဲ ခံစားရတယ်။

"ငွေယုန့်မှာ ကိုယ့်ကို ပြောစရာတွေ တစ်ပုံကြီး ရှိ လား"

ကိုကို သိဒ္ဓိအောင်က ငွေယုန့်ကို အကဲခတ် မေးလာပါသည်။ ငွေယုန် ခေါင်းကို ခါလိုက်ရင်း ...

"ပြောစရာ တစ်ခုတည်းပါ၊ အများကြီး မဟုတ်ဘူး"

လို့ တည်ငြိမ်စွာ ပြန်ပြောလိုက်ပါသည်။

"အဲဒီ တစ်ခုက ဘာလဲ"

"ငွေယုန်တို့ လက်ထပ်ပြီးရင် အိမ်ခွဲနေမယ် ဆို ကိုကို"

သိဒ္ဓိအောင် ပြုံးပါသည်။ သူ့အပြုံးက ကြိုတင် ဆပြီးသားမို့ ဒါကို ကြားလိုက်ရ၍ ပြုံးတာမျိုးပင်။

"ဘာလဲ ကိုကိုက ကြိုသိပြီးသားလား"

"ကိုယ့်အိမ်လိုက်လာပြီးရင် ငွေယုန့်ဆီက တစ်ခုဖြစ် အများကြီးဖြစ်ဖြစ် ကိုယ့်မိသားစုကို စိတ်တိုင်းမကျနိုင် တွေ ရှိမယ်ဆိုတာ သိပြီးနေတော့ ငွေယုန် အိမ်ခွဲနေ လာမယ် ဆိုတာလည်း ကိုယ် ကြိုမြင်ထားပါတယ်"





"သူတို့ကြည့်လိုက်ရင် သိပ်တော့ စိတ်သဘောမဆိုးပါဘူး။ ဒါပေမဲ့ အတ္တတွေ ကြီးနေကြတယ်"

ငွေယုန် ဝေဖန်ပြီးမှ ကိုကို့ကို ပြန်အကဲခတ်လိုက်ပါသည်။

"ကိုယ် စိတ်မဆိုးပါဘူး၊ ပြောသာပြောပါ၊ ကိုယ်တို့မိသားစု အတ္တကြီးတယ်ဆိုတာ ကိုယ် သိပါတယ်"

"ကိုဝဏ္ဏကလည်း ငွေယုန့်ကို မြင်မြင်ချင်း သဘောမကျသလို ကြည့်တယ်၊ အဲဒီထဲကစပြီး သူ ငွေယုန့်ကို မကြည့်တော့ဘူး"

"ငွေယုန် သူ့ကို အခြောက်ဖြစ်နေမှန်း သိပြီး သေသေချာချာ ကြည့်တာကိုး။ အဲဒါ သူရိပ်မိပြီး စိတ်ဆိုးသွားတာ၊ ကိုယ်တို့ မိသားစုက ဝဏ္ဏ အဲဒီလို ခြောက်နေတာကို မကြိုက်ကြပေမဲ့ တခြားသူစိမ်းတစ်ယောက်က ဝဏ္ဏကို အခြောက်ဆိုပြီး သေသေချာချာ အကဲခတ်ပြီး ကြည့်ရင်တော့ စိတ်ဆိုးကြတယ်"

"ကိုကုဋေကလည်း ငွေယုန့်ကို ရိသဲ့သဲ့လိုနဲ့"

"အဲဒါ သူ့စရိုက်ပဲကွ၊ သူက ဘယ်မိန်းကလေးမဆို ရိတီတီ ညုတုတု ကြည့်တတ်တာ အကျင့်ဖြစ်နေပြီ၊ ဒါကြောင့်ပါ။ အမျိုးတော်သွားရင်တော့ သူ အဲဒီလို မကြည့်ပါဘူး၊ စိတ်ချ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ ကိုကုရှေကတော့ စိတ်သဘော မဆိုးပါဘူး အမှန်အတိုင်း ပြောတတ်တယ်"

"ကိုယ့်အမေရော"

၊ ငွေယုန် သက်ပြင်းတစ်ချက်ချရင်း ...

"ကိုကို့ အမေက ငွေယုန့်ကို ပညာစမ်းတယ်"

"ဟောဗျာ ... ဘယ်လိုမျိုးပါလိမ့်၊ ပြောပါဦး၊ မိန်းမချင်း သိတဲ့ အထာတွေ ကိုယ် မသိလို့"

"ငွေယုန့်ကို ပုစွန်တန်ပူရာကြော်တွေ ပြင်ဆင်ခိုင်းတာလေ၊ တကယ်ဆို လွယ်ကူတဲ့ ဟင်းချိုထည့်တာလေးပဲ လုပ်ခိုင်းရင် ရသားနဲ့၊ အိန္ဒြာကို ခိုင်းပြီး ငွေယုန့်ကိုတော့ ပုစွန်အကောင်တွေနဲ့ အသီးအနှံတွေ လှအောင် ဘယ်လို ပြင်ဆင်ထည့်သလဲဆိုတာ သိချင်ပြီး ပညာစမ်းပြီး ပန်းကန်ထဲ ပြင်ခိုင်းတယ်၊ ကိုကိုတို့ မောင်နှမတွေ အကုန်လုံးကတော့ အရမ်းပြင်ဆင်တတ်နေတယ်နော်။ ငွေယုန်ကတော့ တစ်ခါမှ မပြင်ဆင်ဖူးဘူး။ ဒါကြောင့် ကိုယ် မြင်ဖူးသလောက် မှန်းပြီး ပြင်ဆင်ထည့်ပေးလိုက်ရတော့ အဆင်မပြေဘူး"

"ကိုယ်တို့က မိတ်ဆွေတွေကို ကြောခဏ ထမင်းစားဖိတ်တယ်။ အဲဒီလိုမျိုး ဟင်းပွဲတွေကို လှအောင် ပြင်ဖို့ မေမေက ခိုင်းတတ်တယ်၊ သင်လည်းသင်ပေးတယ်၊ အစားအသောက်ဆိုတာ ကိုယ် ဘယ်လောက်ကောင်းအောင်





ချက်ထားထား မျက်စိပသာဒ မဖြစ်ဘဲ စားချင့်စဖွယ် မပြင်ဆင်ထားရင် ဘယ်သူမှ သဘောကျမှ မဟုတ်ဘူး တဲ့၊ ဟင်းတွေက ကောင်းလိုက်တာ ပြင်တတ်ဆင်တတ်လိုက်တာလို့ ချီးကျူးခံရတာဟာ ကိုယ့်ရဲ့ အဆင့်အတန်းကို ပြတာပဲတဲ့လေ၊ အဲဒါ သူ့ရဲ့ ဒဿနပဲ"

ငါ ပြင်ဆင်တာကို ကြည့်ပြီး ငါ့ရဲ့ အဆင့်အတန်း ဘာဖြစ်တယ်လို့များ ကွယ်ရာမှာ ကဲ့ရဲ့ကြတော့မလား။ ငွေယုန် တွေးရင်း ရင်ထဲ လေးလာသည်။

"အခုဆို ငွေယုန့် အကြောင်းတွေ သူတို့ ပြောနေရောပေါ့နော်"

"ဘယ်မိသားစုမဆို ကိုယ့်မိသားစုထဲ အသစ်ဝင်လာမဲ့ လူစိမ်းတစ်ယောက် ပြန်သွားရင် အနည်းနဲ့အများတော့ ကောင်းတာရော ဆိုးတာပါ ပြောကြမှာပါကွာ၊ ငွေယုန့်မှာ မိသားစု ရှိခဲ့ရင်လည်း ကိုယ် ပထမဦးဆုံး ငွေယုန့် အိမ်လာတဲ့နေ့မှာ ကိုယ် ပြန်သွားရင် ကိုယ့်အကြောင်း ပြောမှာပဲ"

"ငွေယုန့်မှာ မိသားစုမှ မရှိတာ ကိုကိုရယ်"

"အေးကွာ ဆောရီးကွာ၊ ကိုယ် ဒီလိုထည့်မပြောသင့်ဘူး။ ဒါပေမဲ့ ဘာမှ အားမငယ်ပါနဲ့ ငွေယုန်ရယ်၊ ကိုယ်က ငွေယုန့်နဲ့ မိသားစု ဖြစ်လာမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငွေယုန်တို့ အိမ်ခွဲနေမှ ဖြစ်မယ်နော်"

သိဒ္ဓိအောင်ထံမှ ကြားရသော ...


"ကိုယ် ကြိုးစားပြီး ပြောကြည့်ပါ့မယ်ကွာ"

ဟူသော အားမရစရာအသံသည် ငွေယုန့်ကိုလည်း အိပ်မက်ဆိုးတွေနဲ့ ရင်ဆိုင်ရလေသည်။

ထိုနေ့က အိမ်ပြန်ရောက် ရေမိုးချိုးပြီး အိပ်ရာထဲ တန်းဝင်၊ အိပ်ပျော်သွားသောအခါမှာ ငွေယုန်တစ်ယောက် ယောက္ခမ၊ ယောက်မနှင့် မတ်တော်သူတို့ကြားထဲ ပြန်ရောက်သွား သည် ဆိုသော အိပ်မက်ကို မက်စဉ် ချွေးစေးတွေ ပြန်ပြီး လန့် တောင်နိုးရလေသည်။









www.burmeseclassic.com

www.burmeseclassic.com







# ၉

နောက်တစ်နေ့မနက် မေမေ စန္ဒရာကို ဈေးရုံမှာ သွားတွေ့ဖို့ ထွက်သွားစဉ် အလုပ်သွားမလို့ ပြင်ဆင်နေသော သိဒ္ဓိကို ဖေဖေက ...

"သားကြီး ... မင်း အလုပ်မသွားခင် ဖေဖေ စကားပြော ချင်တယ်၊ ပြီးရင် ခဏလာခဲ့ဦး"

လို့ အခန်းဝလာရပ်ရင်း မှာပါသည်။

"ဟုတ်ကဲ့ ဖေဖေ ... ခုပဲ ပြီးပါပြီ၊ လာခဲ့မယ်"

ဖေဖေ ဧည့်ခန်းက သူ ထိုင်နေကျ လှုပ်ကုလား ထိုင်မှာ ထိုင်စောင့်ရင်း တစ်ခုခုကို အတွေးနက်နေဟန်ဖြင့် ငြိမ်ထိုင်နေသည်။ သိဒ္ဓိ အနားသွားထိုင်တော့မှ သူ့ကုလားထိုင်ကြီး လှုပ်နေတာကို ရပ်လိုက်သည်။

"ဘာများလဲ ဖေဖေ"



www.burmeseclassic.com

www.burmeseclassic.com



"မင်း အမေအကြောင်း ပြောမလို့ပါ"

"ဟုတ်ကဲ့"

"သားသမီးတွေကို မင်္ဂလာနှစ်ပတ်လည်လုပ်ပြီးတဲ့ နောက် နေ့ကျမှ ပြောပြမယ်လို့ နှစ်ယောက် တိုင်ပင်ထားခဲ့တယ်။ ဒါပေမဲ့ မနေ့က စန္ဒရာ သားလေး မွေးသွားတော့ ဒီသတင်းကို အားလုံးကို အသိမပေးသေးဘဲ သားကြီးက တော့ သိထားသင့်တယ်လို့ ညက တိုင်ပင်မိကြတာနဲ့"

"မေမေ ဘာဖြစ်လို့လဲ"

"သူ့ရင်သားမှာ အကျိတ်တွေ့ထားတယ်၊ သူကတော့မစစ် ချင်ဘူး၊ အဖြေသိရမှာ ကြောက်လို့တဲ့။ ဖေဖေက အတင်းပဲ ဆရာဝန်ဆီ ခေါ်သွားပြီး စစ်လိုက်တယ်။ အသားစ နမူနာ ယူလိုက်ပြီးတော့ အဖြေကို စောင့်နေရတုန်းက မင်းအမေ စိတ်ကယောင်ချောက်ချား ဖြစ်ပြီး ညဆို အိပ်မပျော်ဘဲ ထ,ထ ငိုတယ် သားကြီးရယ်၊ ဖေဖေတို့ Anniversaryမရောက်ခင်နှစ်ရက် အလိုမှာ Result သိတယ်။ သူ့အကျိတ်က ကင်ဆာအကျိတ် ဖြစ်နေပြီ သားကြီး"

"ဟာဗျာ ... ဖြစ်ရလေဗျာ"

သိဒ္ဓိ ရင်ထဲမှာ ကြေကွဲဝမ်းနည်းရလွန်းသဖြင့် မျက်ရည်တွေပင် ဝေ့သွားပါသည်။ ဟင်ဆာလို့ ကြားလိုက်ရက တည်းက မေမေ့ကို လူ့လောကမှာ မြင်ရမဲ့အချိန် ဘယ်ရွေ့ဘယ်မျှပဲ လို့ သတ်မှတ်ခံလိုက်ရသလိုပင်။





"မေမေရယ် ... ဖြစ်မှဖြစ်ရလေ မေမေရယ်၊ သား တို့ကို ဘာလို့ စောစောက မပြောလဲဗျာ၊ မေမေ့ခမျာ ရောဂါကြီး ရှိရက်နဲ့ Anniversaryမှာ သားတွေ သမီးတွေကို ချက်ပြုတ် ကျွေးမွေးနေသေးတယ်၊ တကယ်ဆို နားနားနေနေပဲ နေခိုင်း သင့်တယ် ဖေဖေရယ်"

"ငါ တားတာပဲ၊ မင်း အမေက မရဘူး။ နောက်နှစ်ဆို သူ မရှိတော့ဘူး။ နောက် Anniversaryမှာ သားသမီးတွေ ကို သူ့လက်ရာ မကျွေးနိုင်တော့ဘူးဆိုပြီး ဝင်လုပ်တာပဲ"

"ဗျာ ... နောက်နှစ်တောင် မနေရဘူးလား"

"ဆရာဝန်က မှန်းတော့ သူ့ကင်ဆာဆဲလ်တွေ ပျံ့နှံ့ပုံက မြန်နေတယ်တဲ့။ ခြောက်လ အလွန်ဆုံး တစ်နှစ်ပဲ နေရမယ် တဲ့၊ တကယ်တော့ ဆရာဝန်က ဖေဖေ့ပဲ ပြောတာပါ။ မင်းအမေက ဒေါသတွေခဲလေ၊ သူ သိချင်ပါတယ်၊ ကြားချင် ပါတယ်ဆိုပြီး ဆရာဝန်ကို သူကိုယ်တိုင် ဝင်တွေ့ပြီး ပြောတော့ သူပါ အခြေအနေမှန်ကို သိရတာပေါ့"

"ဘာကြောင့် ဖြစ်ရတာလဲ၊ အဲဒါမျိုးက ကလေး မမွေးတဲ့ မိန်းမတွေ၊ ကလေးနို့မတိုက်တဲ့ မိန်းမတွေမှ ဖြစ်တာဆို၊ ကြားဖူးတာပဲ။ မေမေက သားသမီးငါးယောက်စလုံးကို သူ့နို့တိုက်မွေးခဲ့တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူတို့မှာ မျိုးရိုးရှိတယ်လေကွာ၊ အဲဒီရောဂါက မျိုးရိုးလိုက်တယ်တဲ့၊ မင်းအမေရဲ့ အမေ၊ မင်းတို့အဘွားမှာလော မဖြစ်ပါဘူး၊ မင်းအမေရဲ့ အဒေါ်အရင်းတစ်ယောက် Breast Cancer နဲ့ပဲ ဆုံးတာလေ၊ နောက် သူ့ညီမဝမ်းကွဲထဲက တစ်ယောက်လည်း ဟိုတလောကတင် အဲဒါနဲ့ပဲ ဆုံးသွား ပြီးပြီ မှတ်မိလား"

သိဒ္ဓိအောင်ထံမှာ ဘာမှ ပြောစရာမရှိတော့ဟု ဖြင့် ခေါင်းသာ ညိတ်ပြရပါသည်။

"အခုတော့ သူ့အကျိတ်က တဖြည်းဖြည်း ကြီးလာပြီမို့ အဲဒီအကျိတ်ကို လှီးထုတ်ပစ်ရမယ်၊ အမြစ်တွေ ရသလောက် လှီးရမယ် သားကြီး၊ Operation လုပ်ရမယ်၊ ပြီးရင် Chemotherapy ယူရမယ်"

"ဘယ်တော့ Operation လုပ်ရမှာလဲ"

"နောက်အပတ်ထဲမှာ"

"ဟာ ... သိပ်တောင်မလိုတော့ဘူး။ အဲဒါ သူက အိမ်မှာ မနေဘူး၊ သွားလာနေတယ်။ စန္ဒရာအတွက် ကြက်သား ကြော်တွေ ထ,လုပ်။ ဟင်းချိုတွေ ထ,ချက်နဲ့"

"ဒါတော့ ငါလည်း တားလို့မရဘူး သား။ သူက အမေ ကွ၊ သူ့သားပဲဖြစ်ဖြစ်၊ သမီးပဲဖြစ်ဖြစ် သူကိုယ်တိုင် ထ,ချက်ကျွေးချင်မှာပဲ၊ ငါ တားရင် ဘာပြန်ပြောသလဲဆို





တော့ သူ လူ့လောကမှာ နေခွင့်ရတဲ့ အချိန်လေးမှာ သူ့ သားသမီးတွေကို သူ လုပ်ပေးနိုင်တာ လုပ်ပေးပါရစေ တဲ့"

"မေမေ ငိုသေးလား"

"Result သိရတဲ့နေ့က သူ လုံးဝ မငိုဘူး။ ဖေဖေက သူ သတိလစ်လောက်အောင် ငိုမယ်ထင်တာ မငိုဘူးကွာ၊ ဖေဖေ့ကိုတောင် သူက ပြန်နှစ်သိမ့်နေသေးတယ်၊ ဖေဖေ ကသာ မျက်ရည်ကျတာ"

ပြောရင်း ဦးအောင်သည် မျက်ဝန်းထောင့်မှာ ဝဲသီ သော မျက်ရည်စတွေကို လက်ခုံဖြင့် တို့သုတ်လိုက်ပါသည်။ သိဒ္ဓိအောင်လည်း ခုံမှာ ထိုင်နေရာမှ ဖေဖေ့ ခြေရင်း ကြမ်းပြင်မှာ ထိုင်လိုက်ပြီး ဖေဖေ့ လက်တစ်ဖက်ကို အားပေးသလို ကိုင်လိုက်မိသည်။

"သူ ဘယ်နေ့က ငိုလဲဆိုတော့ စန္ဒရာသားလေး မွေးတဲ့ ညက အိမ်မှာ ဖေဖေနဲ့ မေမေ အိပ်ရာဝင်တော့မှ ငိုတယ် သားကြီး။ သမီးက မွေးတဲ့ မြေးလေးတွေ ကြီးလာတာကို မြင်ခွင့်မရတော့ဘူး။ သားကြီးမွေးတဲ့ မြေးတွေကိုတောင် စောင့်ပြီး မချီနိုင်တော့ဘူးတဲ့"

သိဒ္ဓိအောင် ရင်ထဲ နင့်ပြီး လည်ချောင်းတွေဆို့ကာ နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မေမေ နေမကောင်း ဖြစ်နေတာကို ကျန်တဲ့လူတွေ ဘယ်တော့ ပြောမှာလဲ ဖေဖေ"

"ဖေဖေ ထပ်ပြီး မပြောချင်တော့ဘူးကွာ၊ သားကြီး ပြောလိုက်ပါ။ အမှန်ဆို အမေ ဘာဖြစ်နေတယ်ဆိုတာ သားသမီးတွေပါ အစအဆုံး သိရမှာပါ။ ဒါကို မင်းအမေ အစကစပြီး ပေးမသိစေချင်ဘူးတဲ့၊ ရှင်နဲ့ ကျွန်မပဲ ဆေးခ တိတ်တိတ်သွားမယ်၊ ဆေးစစ်မယ်၊ ပြောလာတော့ ဖေ လည်း အခု အခြေအနေကျမှ ပေးသိရသလို ဖြစ်နေပြ

"စိတ်ချပါ။ သားပဲ ပြောလိုက်ပါ့မယ်"

"ပြီးတော့ကွာ၊ မင်းအမေ နေခွင့်ရတဲ့အချိန်မှာ သူ စိတ် မချမ်းသာတာမျိုးကို မင်း မတောင်းဆိုပါနဲ့လား သားကြီး"

"ခင်ဗျာ"

ဦးအောင်မှာ သားဖြစ်သူ မျက်နှာကို အကဲခ ကြည့်ရင်း ...

"သားရဲ့ ကောင်မလေးက အိမ်ခွဲနေမယ်လို့ ပြောလာခဲ့ရ သူ့ဆန္ဒကို မလိုက်လျောပါနဲ့ကွာ။ မင်း အမေက သားကြီ ကို အချစ်ဆုံးပါ။ သားကြီးကို ကျွန်မ နောက်ဆုံးအချိ ထိ မျက်စိအောက်မှာ မြင်ချင်တယ်လို့ ပြောထားတယ်"

သိဒ္ဓိအောင်မှာ အသေအချာပင် ကတိပေးလိုက်ပ သည်။





"မေမေ ဒီလို ဖြစ်နေတာ သားလည်း လက်ထပ်ဖို့ကိစ္စ မှာ အလျှင်မလိုတော့ပါဘူး ဖေဖေ"

"အဲဒါကတော့ မင်း သဘောပါ။ ဖေဖေနဲ့ မေမေကတော့ မင်း သဘောကျလာတာ ဘယ်သူ့ယူယူ မတားပါဘူး။ ဒီအိမ်ကနေ ခွဲမထွက်သွားရင်ပဲ ကျေနပ်ပါတယ်"

သိဒ္ဓိအောင် ထရပ်လိုက်ပါသည်။

"အခု မေမေ စန္ဒရာ့ဆီမှာလား"

"ဟုတ်တယ်"

"ဒါဆို သား မေမေ့နောက် လိုက်သွားလိုက်မယ်"

"အလုပ်နောက်ကျရင် ဖြစ်လား"

"ဖြစ်ပါတယ်၊ မန်နေဂျာကို ဖုန်းကြိုဆက်ပြီး ညွှန်ကြားထား လိုက်မယ်၊ သား လုပ်ရမဲ့ကိစ္စတွေကိုလည်း စက္ကတေရီကို လှမ်းဖုန်းဆက်ထားမယ်၊ အလုပ်က သားမသွားလည်း ရပါတယ်၊ ကိုယ့်ဘာသာ ဝတ္တရားတစ်ရပ်အနေနဲ့ သွားသွား ကြည့်တဲ့ သဘောပါ။ နောက်ပိုင်းရက်တွေမှာတော့ အမေ့ နားမှာ အချိန်များများ ဖြုန်းနိုင်အောင် ကြိုးစားတော့မယ် ဖေဖေ"

သိဒ္ဓိအောင် ကားသော့ကို ကိုင်ကာ အိမ်တံခါးဝ ဆီ လျှောက်သွားလိုက်ပါသည်။ ကားမောင်းလာရင်း စန္ဒရာ ဘလေးမွေးသော ပုဂ္ဂလိက ဆေးရုံကြီးမှာ ရှိနေမည့် မေမေ့ကို



www.burmeseclassic.com

www.burmeseclassic.com



တွေ့ချင်စိတ်တွေသာ ကြီးစိုးနေသည်။ တစ်ဖက်ကလည်း ငွေယ
ကို သတိရသွားပြန်သည်။ မနေ့ညကမှ ငွေယုန်က ...

"အိမ်ခွဲနေကြပါစို့ ကိုကိုရယ်"

လို့ တောင်းဆိုခဲ့သည်ကို သူကလည်း ကြိုးစား
မယ်ဟု ကတိပြန်ပေးခဲ့တာကို သတိရသွားသည်။ အခြေအနေ
မထင်မှတ်ဘဲ ပြောင်းလဲကုန်သဖြင့် ငွေယုန်ကိုတော့ သဘောပေ
လက်ခံသွားအောင် ရှင်းပြလိုက်ဖို့သာ ရှိပါသည်။ ငွေယုန်
စိတ်သဘောကောင်းပြီး အေးဆေးသော မိန်းကလေးမို့ ဒါ
နားလည် လက်ခံနိုင်လိမ့်မည်ဟုလည်း ယုံကြည်နေပါသည်။

ထိုနေ့တစ်နေ့လုံး သိဒ္ဓိသည် အလုပ်ကိုပင် မသွာ
တော့ဘဲ မေမေ့နား တကပ်ကပ် လုပ်နေခဲ့ပါသည်။ ငွေယုန်
လည်း ဖုန်းတောင် မဆက်ဖြစ်ပါ။

မေမေက သားကြီးဖြစ်သူ တကပ်ကပ် လုပ်နေသ
ကို ကြာတော့ ရိပ်မိလာပြီး သိဒ္ဓိ မျက်စိထဲ တည့်တည့်စိုက်ကြ
ရင်း ...

"သားကြီးကို ဖေဖေ ပြောလိုက်ပြီလား"

ဟု မေးတော့လေသည်။ သိဒ္ဓိ ရင်ထဲ ဆို့နေ့သ
ခေါင်းပင် မညိတ်ပြနိုင်ခဲ့ပါ။ မေမေကသာ သဏ္ဍာတွေ ရှိနေ
သိဒ္ဓိကတော့ မေမေ သေသွားတော့မယ်ဆိုတဲ့ အတွေးကို မ
ဘဲ မနေနိုင်။ တွေးမိပြန်ရင်လည်း ခံနိုင်ရည် မရှိပြန်ပါ။



"ဝမ်းနည်းမနေပါနဲ့ကွာ။ မေမေတို့ လူကြီးတွေဆိုတာ တစ်နေ့ကျရင် သေကြရမယ်ဆိုတာ လူတိုင်း သိပြီးသားပဲ။ လူဖြစ်လာရင် မွေးနေ့တွေ အကြိမ်ကြိမ် ဖြတ်သန်းပြီး အသက်တဖြည်းဖြည်း ကြီးလာကြမယ်၊ ကိုယ့်အသက်ရှင်ခွင့်ရတဲ့ သက်တမ်းကုန်ရင် တစ်နေ့ သေကြရမယ်လေ။ မေမေလည်း အဲဒီလိုပါပဲ သားကြီးရယ်၊ ဒီရောဂါ ဖြစ်မှရယ် မဟုတ်ပါဘူး။ တစ်နေ့ကျ မေမေ သေရဦးမှာပဲလေ"

"မဟုတ်ဘူး မေမေ။ မဟုတ်ဘူး မေမေ့ကို ဒီလောက် အရွယ်နဲ့ မသေစေချင်သေးတာပါ။ အသက်ခြောက်ဆယ်ဆိုတာ လူ့လောကမှာ နေမို့ရက်တွေ အများကြီး ကျန်သေးတဲ့အသက်ပါ။ တချို့အမေတွေဆို အသက်ရှစ်ဆယ် ကိုးဆယ်ထိ နေကြရတဲ့သူတွေ ရှိတော့ မေမေ့ကိုလည်း အဲဒီအသက်ထိ နေစေချင်တယ်"

"သားကြီးလိုပဲ ငွေယုန်လည်း သူ့အမေ သေတုန်းက အဲဒီလို တွေးမှာပဲ၊ ယူကျုံးမရဖြစ်မှာပဲ၊ သူ့အမေဆို သူ့ အသက်နှစ်ဆယ်ကျော်ကျော်လေးမှာ သူတို့ကို ခွဲသွားတာနော်၊ အဲဒီလို တွေးကြည့်ရင် ကောင်မလေးကိုတော့ သနားပါတယ်။ ဒါပေမဲ့ မေမေ သူ့ကို သဘောမကျတာတွေ ရှိနေတယ်"

www.burmeseclassic.com

www.burmeseclassic.com



မထင်မှတ်ဘဲ မေမေက ငွေယုန့်အကြောင်း ဆက်ပြောလိုက်သဖြင့် သိဒ္ဓိပင် အံ့အားသင့်သွားပါသည်။ ကြည့်စမ်း မေမေ့ ခေါင်းထဲမှာ ငွေယုန့်အကြောင်း ရှိနေခဲ့ပါလား။

"ဘယ်နေရာမှာ သဘောမကျတာလဲ မေမေ"

"ဘယ်နေရာမှာရယ်တော့ မဟုတ်ပါဘူး၊ တိတိကျကျ ပြောရခက်တယ်၊ ဒါပေမဲ့ သားကြီးဟာ ဒီလို မိန်းကလေးမျိုးနဲ့ မတန်ဘူး။ ဒီထက်ပိုကောင်းတဲ့ မိန်းကလေးနဲ့သာ သင့်တော်တယ်လို့ ထင်တယ်လေ"

"ငွေယုန်က သားကို ချစ်ပါတယ်"

"အေးပါ ... မင်း သဘောပါ၊ ဒီကိစ္စနဲ့တော့ မေမေ သားကြီးနဲ့ အခန့်မသင့် မဖြစ်ချင်ပါဘူး။ မေမေ မရှိတော့ရင်ပဲ ဒါတွေ ဆက်မြင်တွေ့ခံစားနေရမှာ မဟုတ်တော့တာမို့ အားလုံးကို စိတ်လျှော့လိုက်ပြီ၊ ဒါကြောင့် သား ယူချင်တဲ့သူ ယူဆိုပြီး ခွင့်ပြုထားလိုက်တာ"

မေမေ သေသွားရင် ဟူသော အတွေးက ဝင်လာသောအခါ သိဒ္ဓိသည် ခေါင်းငုံ့ပြီး အံကြိတ်ထားလိုက်မိပါသည်။ ငါ့အမေ ငါ ဆေးကုမယ်၊ ဘယ်လောက်ကုန်ကုန် နိုင်ငံခြားသွားကုဆိုလည်း ကုမယ်ဟု တွေးတောကြံစည်နေမိသည်။

ထိုနေ့က တစ်နေကုန် အလုပ်ပင် မသွားဘဲ အမေနားမှာ အချိန်ဖြုန်းနေခဲ့သလို တစ်နေ့တစ်ခေါက်လောက်တော့





ဖုန်းဆက် နှုတ်ဆက်နေကျ ငွေယုန့်ထံပင် ဖုန်းမဆက်ဖြစ်ခဲ့ချေ။ သိဒ္ဓိ ခေါင်းထဲမှာ အမေပဲ ရှိသည်။ အမေ့ကို ဘယ်လို ဆေးကုရမလဲပဲ တွေးနေမိသည်မှာ ချစ်သူကို ဖုန်းဆက်ဖို့ မေ့သွားရသည် အထိပင်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၀

ငွေယုန် ၏ ပြောသောအခါ ဖြူဖြူ ငေးကြည့်

တော့သည်။

"ဖြူဖြူ ... နင် ငါ့အိမ် လိုက်ခဲ့ပါဟယ်၊ ငါ နင့်ကိုမှ ဒီ
စကားကြာကြာ မပြောရရင် ရူးသွားနိုင်တယ်"

ဆိုပြီး ရှော့ပင်ပလာဇာကြီး ပိတ်ခါနီးမှာ ဆိုင်ဘ
ရောက်လာကာ မှာသော ငွေယုန့်ကို သူငယ်ချင်းကောင်း ပီသ
လိုက်လျော့ပြီး အိမ်ပြန်ချင်နေတာတောင် မပြန်ဘဲ ငွေယုန့်
လိုက်လာခဲ့ရပါသည်။

အိမ်ရောက်တော့ ငွေယုန် စပြီးပြောပြသည့် သိဒ္ဓိတို့
မိသားစုနှစ်ပတ်လည်နေ့ကအကြောင်း။ မနေ့ကတော့ ကတိတွေ
ပေးပြီး ဒီနေ့ကျ တစ်နေကုန် ဖုန်းပင်မဆက်တဲ့အထိ အဆက်
အသွယ် ဖြတ်သည့် အကြောင်းတို့ကို ဆက်တိုက်သိခွင့်ရပါသည်။





"နင် ငါ့ကို ဘယ်လိုကြည့်သလဲဆိုတာ ငါ သိပါတယ်- ဖြူဖြူ။ နင်က 'ငါ မပြောထားဘူးလား၊ ဒီအကြောင်းတွေကို။ ပြောထားရက်နဲ့ နင် အဲဒီလူကိုမှ သွားကြိုက်တာကိုး' လို့ တွေးပြီး ငါ့ကို ကြည့်တာ မဟုတ်လား"

"ဟုတ်တယ်လေ၊ နင်ပဲ အစက ငါ့လို ပုံကို သူ သဘောကျမှာ မဟုတ်ပါဘူးဆို။ သူလည်း သဘောကျလာရော သိပ်တောင်ဟန်မဆောင်နိုင်ပဲ ပြန်လက်ခံလိုက်ကတည်းက နင် ထည့်တွက်ထားရမှာက နင် အဲဒီမိသားစုကို အရှုံးပေးလိုက်ရပြီဆိုတာပဲ"

"ကိုကိုကတော့ သူ့မိသားစုနဲ့ စိတ်ဓာတ်ချင်းလည်း သိပ်မတူပါဘူးလို့ ထင်ခဲ့တာ"

"ကိုသိဒ္ဓိအောင်က မိသားစုကို သိပ်သိတတ်တယ်၊ မေမေ့သား၊ သားအကြီးဆုံးမို့ မိဘကလည်း သူ့ကိုအားထားကုန် လွှဲထားခဲ့တဲ့အထိ စိတ်ချယုံကြည်ပြီး ချစ်တယ်။ သူတို့ ယုံကြည်ရလောက်အောင်လည်း ကိုသိဒ္ဓိအောင်က မိသားစုအပေါ် ဘယ်တော့မှ လျစ်လျူမရှုခဲ့ဘူးလေ။ သူ့မိဘ၊ သူ့ညီ၊ ညီမတွေ အရေးကို သူက ပိုပြီး ဂရုစိုက်တတ်တယ်။ နင့်ကိုတော့ တော်တော်ချစ်လို့ သူ နင့်ဘက် နည်းနည်းပါတာ။ အရင် ရည်းစားတွေတုန်းက သူကိုယ်တိုင်လည်း သိပ်မချစ်လို့ ထင်တယ်၊ သူ့မိသားစု မကောင်းကြောင်း ပြောတာနဲ့ သူကစ လမ်းခွဲတော့တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ငွေယုန် အငိုမျက်နှာဖြင့် လှောင်ရယ်ရယ်လိုက်ရင်း_

"အမယ်လေး ... အခု ဘာတွေးလို့လဲ၊ မနေ့က ငါ့ကို အိမ်ခေါ်သွားကြည့်တယ်၊ သူ့မိသားစုနဲ့ မတည့်နိုင်မှန်း သိသွားတယ်၊ ငါက စ,ပြီး အိမ်ခွဲနေမယ်ဆိုတဲ့ စကားကို ပြောမိတယ်။ သူ့တူမလေး ငါ့ ဒေါက်ဖိနပ်ကို ချိုးပစ်လိုက်လို့ ငါ စိတ်ဆိုးပြီး ကလေးနဲ့ အပြိုင် စိတ်ကောက်တာကို လည်း သိသွားတယ်၊ သူ့ညီ အခြောက်ကိုလည်း ငါ သိပ်မကြိုက်မှန်း သိသွားတယ်၊ ဒါတွေကြောင့် အခု တစ်နေကုန်ကို အဆက်အသွယ် ဖြတ်သွားပြီလေ"

ဖြူဖြူကတော့ ငွေယုန့်ကို နှစ်သိမ့်စရာစကား မရှိတော့သလိုဖြင့် နားထောင်ရင်း ခေါင်းလည်းမညိတ်၊ ခေါင်းလည်း မခါ။

"ကိုဝဏ္ဏက အမှန်တော့ သဘောကောင်းပါတယ်၊ နင်က သူ့ကို အခြောက်ဆိုပြီး ဂရုတစိုက် သွားကြည့်တာကိုး။ အမှန်တော့ သူ့ဘာသာ ခြောက်နေတာဟယ် ကိုယ်လည်း အနှောင့်အယှက်မှ မဖြစ်တာ။ မသိဟန်ဆောင်ပြီး သာမန်လူလိုပဲ သဘောထားဆက်ဆံလိုက်ရုံပါပဲ။ ကိုဝဏ္ဏက စိတ်သဘောကောင်းပေမဲ့ သူ့ကို အခြောက်ဆိုပြီး သေသေချာချာကြည့်တာတို့၊ အကဲခတ်တာတို့ လုပ်ခံရရင် မကြိုက်ဘူး။ သူတို့ မိသားစုလည်း မကြိုက်ကြဘူးလို့ ငါသိထားတယ်"





"ဖြူဖြူရယ် ... နင့်အစ်ကိုကသာ ကိုဝဏ္ဏကို သဘောကောင်းတယ် ပြောနေ။ သူကတော့ ငါ့အပေါ် သဘောမကောင်းပါဘူး။ စိတ်နာပုံရတယ်။ ငါက အပြင်လူပဲ သူ့ကို ကြည့်တာ ဘာဖြစ်လဲ။ သူ မြို့ထဲ လျှောက်သွားလည်း သူ့ကို လူက ခပ်ခြောက်ခြောက် ဖြစ်နေတယ်ဆိုပြီး ငါ ကြည့်သလို အကြည့်ခံရမှာပါပဲ။ ယောကျ်ားလို ဝတ်စားထားပေမဲ့ လူ့စိတ်ဆိုတာ သိနေတယ်ဟ၊ ဒီလူ Normal မဟုတ်ဘူး ဆိုတာ သိကိုသိတယ်"

ဖြူဖြူ ရယ်နေပါသည်။ ငွေယုန်လည်း တစ်စုံတစ်ယောက်ကို ရင်ဖွင့်လိုက်ရ၍ စိတ်ထဲမှာ ပေါ့သွားသလိုလိုတော့ ဖြစ်သွားပါသည်။ ငိုချင်စိတ်လည်း လျော့ပါးသွားပါသည်။

"ငါ ပြောရဲပါတယ် ကိုသိဒ္ဓိအောင်၊ နင့်ဆီတော့ ဖုန်းဆက်မှာပါ။ မနေ့က နင့်ကို သူ အိမ်ခေါ်သွားတော့ ဒီနေ့မှာ သူ့အမေတွေ ညီအစ်ကိုမောင်နှမတွေ ဝိုင်းဝေဖန်တာကြောင့် ဇဝေဇဝါနဲ့ စိတ်ရှုပ်ပြီး နင့်ကို ဖုန်းမဆက်တာပါ၊ သူ နင့်ကို မစွန့်လွှတ်ပါဘူး"

"သူ့အဖေကလည်း ဖြောင့်မတ်သလိုလို၊ စိတ်ကောင်းရှိသလိုလိုနဲ့ တစ်မျိုးကြီးဟ။ လူကို မျက်နှာထိ မျက်နှာထားနဲ့ ကြည့်ပြီး ဒါ လုပ်ကိုလုပ်ရမယ်လို့ အမိန့်ပေးတတ်တယ်။ ငါ မစန္ဒာရဲ့ ဆေးရုံကို လိုက်သွားချင်လား မလိုက်ချင်လား



www.burmeseclassic.com

www.burmeseclassic.com



မမေးဘဲ ငါ လိုက်ကို လိုက်ရမယ်လို့ သူကပဲ ဆုံးဖြတ် သလိုနဲ့ ကြည့်တယ်"

"အေးပါ ငွေယုန်ရယ်၊ နှင့်မလည်း အဖေအမေနဲ့ကအစ အစ်ကို မောင်နှမအဆုံး တစ်ယောက်နဲ့မှ အဆင်မပြေ ဖြစ်လာတာ ငါ နားလည်ပါတယ်။ ဒါပေမဲ့ နှင် ပြန်စဉ်းစား ရမှာက နှင် အဲဒီမိသားစုထဲက လူကို ချစ်နေပြီလေ။ သူနဲ့ လမ်းမခွဲချင်ဘူးလေ၊ ဒီတော့ နှင် လျှော့ပေးနိုင်တာရှိရင် သေသေချာချာတွေးပြီး လျှော့ပေးပြီး သင့်တင့်အောင် ပေါင်းပေါ့၊ နှင် ကိုသိဒ္ဓိအောင်ကို ပြောထားသလို နှင်တို့ အိမ်ခွဲနေရရင်တော့ နှင် စိတ်ချမ်းသာမှာပါ။ အမြဲ နီးစပ်ရ မတွေ့ရဘဲ တစ်ခါတလေမှ တွေ့ရရင် ပြဿနာလည်း နည်းတာပေါ့"

"ဖြူဖြူ နှင် ညနေစာ စားသွားနော်၊ ငါ ချောဆွဲလာတာ နဲ့ ငါ့သူငယ်ချင်း ညနေစာတောင် မစားရသေးဘဲ လိုက် လာရတယ်"

"ဘာဝယ်လာခဲ့လဲ"

"ဝက်သားလုံးချိုချဉ်ကြော်၊ ဘဲကင်တစ်ခြမ်းနဲ့ ယိုးဒယား ဟင်းချိုပါ။ ကောင်မလေးကို မနက်တည်းက ထမင်းပဲ ချက်ထားဖို့ မှာထားတယ်၊ သူ ထမင်းချက်ထားပါတယ်၊ ဟင်းတွေတော့ Microwaveနဲ့ နွေးစားတာပေါ့။ ဟင်းချို နဲ့လည်း မွှေးနေပြီ၊ ဟင်းချိုကိုတော့ အိုးနဲ့ နွေးခိုင်းထား တယ်"





သူငယ်ချင်းနှစ်ယောက် ထမင်း အတူတူစားကြရင်း ယုန် သတိတရ ပြောမိပါသေးသည်။

"ဒေါ်ရွှေစင်က သိပ်ချက်တတ်တယ်၊ သိပ်လည်း ပြင်တတ် ဆင်တတ်တယ်၊ ငါကတော့ ဝယ်စားတဲ့နေ့က များပြီး ဘာမှ သိပ်မချက်တတ်တော့ တစ်ပန်းရှုံးနေတယ်"

ထိုနေ့ညကတော့ ကိုကို ဖုန်းမဆက်ဘူးဟူသော မ်းနည်းစိတ်နဲ့ အိပ်တစ်ဝက် နိုးတစ်ဝက် ဖြစ်ခဲ့ရပါသည်။ နောက်နေ့မနက်ကျတော့ ငွေယုန် ခုနစ်နာရီလောက် အိပ်ရာက ကာ ကော်ဖီသောက်နေတုန်း ရှိသေးသည်။ တံခါးဘဲလ်သံ ကြားရသည်။

"မိစံရေ ... ချောင်းကြည့်ပြီးမှ ဖွင့်နော်"

"ဟုတ်ကဲ့ အစ်မငွေယုန်"

မိစံ ချောင်းကြည့်လိုက်ပြီး မဖွင့်သေးဘဲ ငွေယုန့်ထံ ပြန်ဝင်လာသည်။

"ဟဲ့ ... ဘယ်သူလဲ"

"ဦးသိဒ္ဓိအောင် အစ်မ။ ဖွင့်ရမလား အဲဒါ ..."

မိစံလည်း ညက ဖြူဖြူနဲ့ ပြောသံကြားထားရ၍ စေဖေါ်နှင့် လာမေးတာ ဖြစ်ပုံရသည်။ ခါတိုင်းဆို ကို



www.burmeseclassic.com

www.burmeseclassic.com



လာတိုင်း ငွေယုန့်ကိုပင် လာမေးမနေဘဲ ဖွင့်ပေးလိုက်ပြီးသား ဖြစ်ပါသည်။

"ဖွင့်ပေးလိုက်လေ"

ငွေယုန့်ဆီမှ အခွင့်ရမှ မိစံ တစ်ယောက် ဗီရို အတွင်းသစ်သားတံခါးကြီးကို အရင်ဖွင့်သည်။ အပြင်မှာ ခြင်ဇ ာ သံဆန်ခါ တံခါးတစ်ထပ် ရှိလေရာ အတွင်းတံခါးကို ဖွင့်ပြီး တာနဲ့ ကိုကို့အသံ၅ှင်၅ှင်ကို ငွေယုန်ပါ စပြီး ကြားရသည်။

"ငါပါ မိစံရ၊ တံခါးပေါက်က ချောင်းကြည့်ပြီး ဖွင့်ပေး တော့မယ် ထင်နေတာ။ မဖွင့်ဘဲ ကြာနေတယ်၊ ဘာဖြစ် လို့လဲ၊ သော့ပျောက်ပြန်ပြီလား"

မိစံမှာ အိမ်ထဲမှာပင် အိမ်သော့ကို ခဏခဏ အထားမှားပြီး ရှာရဖွေရတတ်တဲ့ ပြဿနာ အမြဲရှိနေ၍ ကိုကိုက သိလျက် မေးတာဖြစ်သည်။

"အဟီးဟီး ... ဘာမှ မဖြစ်ပါဘူး။ အစ်မကို သွားမေးနေ လို့"

မိစံက မလိမ်တတ်၍ အမှန်အတိုင်း ပြောလိုက်လေ ရာ ကိုကို့ မျက်ခုံးတွေ ပင့်ပြီး ကော်ဖီ ထိုင်သောက်နေသော ငွေယုန့်ကို အိမ်အတွင်း ဝင်လာရင်း ကြည့်ပါသည်။

"ငွေယုန် နိုးနေမယ်ဆိုတာ ကိုယ် သိတယ်၊ ငွေယုန်က Morning person လေ၊ မနက်ဆို နိုးနေပြီ။ လန်းဆန်းနေပြီ၊





ကိုယ်က Night person ဆို စောစောမထချင်ဘူး။ ညဆို နှစ်နာရီ သုံးနာရီမှ အိပ်ချင်တယ်"

"အခုကျ အစောကြီး နိုးလာသားပဲ"

"တမင် နှိုးစက်တောင်ပေးပြီး ထလာတာ၊ ငွေယုန့်ဆီ စောစောလာချင်လို့"

လက်ထဲမှာ အခုမှ ဝယ်လာပုံရသော ဂန္ဓမာပွင့်ဝါဝါ များဖြင့်လှပနေသည့် ဘုရားပန်းစည်းကို မိစံထံ ကိုကိုကမ်းပေးရင်း ...

"ဘုရားပန်းလဲလိုက်နော် မိစံ"

ဟု တစ်ခါတည်း မှာပါသည်။

ကိုကို ဒီအိမ်မှာ ဝင်ထွက်နေတာ ကြာပြီမို့ မိစံနဲ့ သည်း ရင်းနှီးနေပြီ။ ခိုင်းစရာရှိ ခိုင်းတတ်နေပြီ။

"ဘာမုန့်စားပြီးပြီလဲ"

"မစားရသေးဘူး၊ ညက ဖြူဖြူနဲ့ ညစာ အတူစားကြတော့ ရှစ်နာရီ ကျော်နေပြီ။ ညဘက် နောက်ကျမှ စားလိုက်လို့ ထင်တယ်၊ မနက်ကျ ဗိုက်ကသိပ်မဆာတာနဲ့"

"ညစာ ဆိုင်မှာစားတာလား"

"မဟုတ်ဘူး၊ အိမ်ပဲဝယ်လာပြီး စားလိုက်တယ်"

ခါတိုင်း ထိုသို့ ဝယ်စားသည်ဟု ကိုကို့အား ပြော ရလျှင် မရှက်တတ်သော ငွေယုန်ဟာ အခုကျ ဝယ်စားသည်ပြော လျှင် ကိုကို စိတ်ထဲမှာ ကဲ့ရဲ့တော့မလားတွေးပြီး လန့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အမေနဲ့ ညီမတွေက သိပ်ချက်တတ်ပြုတ်တတ်ပြီး ကိုယ်က သိပ်ညံ့ဖျင်းသလိုကြီးများ ဖြစ်နေပြီလား။

"ဖြူဖြူ လာလည်တယ်လား"

"ငွေယုန် အတင်းခေါ်လို့ လိုက်လာတာပါ၊ သူလည်း ဆိုင်ပိတ်တာနဲ့ အိမ်ပြန်ချင်မှာပဲ၊ ငွေယုန်ကလူတစ်ယောက် ယောက်ကို ရင်ဖွင့်ချင်နေတော့ ..."

သိဒ္ဓိ နည်းနည်း သဘောပေါက်သွားပြီး ငွေယုန့် ပခုံးလေးကို အသာပွေ့၍ ချော့လိုက်ပါသည်။

"ဆောရီးကွာ ... ကိုယ်လည်း မနေ့က မေမေ့အနားမှာ တစ်နေကုန် နေမိသွားတယ်၊ မေမေ့ အကြောင်းပဲ ခေါင်းထဲမှာ ကြီးစိုးပြီး ဝမ်းနည်းနေတော့ ငွေယုန့်ဆီ ဖုန်းလေး တစ်ချက်တောင် မဆက်ဖြစ်လိုက်ဘူး"

သိဒ္ဓိ အသံမှာ ဝမ်းနည်းကြေကွဲမှုတွေဖြင့် ဆို့နင့်သလိုဖြစ်နေ၍ ငွေယုန်ပင် တအံ့တသြ ဖြစ်ရသည်။ သူ့အမေ ကောက်ခါငင်ခါကြီး နေမကောင်း ဖြစ်လို့လား။ ဒါဆိုရင်တော့ အံ့သြစရာပဲ။ ချက်ချင်းကြီး အိပ်ရာထဲလဲအောင် နေမကောင်း ဖြစ်တယ် ဆိုရင်တော့ ဒါ သူတစ်ခုခုကို သားဆီက ကတိတောင်း ချင်လို့ ဟန်ဆောင်ပြတာပဲနေမယ်။ ငွေယုန့် စိတ်ထဲမှာလည်း ကိုယ့်နာကြည်းချက်လေးနဲ့ကိုယ်၊ ကိုယ့်မယုံသင်္ကာစိတ်နဲ့ ကိုယ်မို့ ဒေါ်ရွှေစင့်ကို မယုံနိုင်ပါ။





"ကိုယ်တို့လက်ထပ်ကြရင် အိမ်ခွဲပြီး ငွေယုန့် အိမ်မှာ ကိုယ် လိုက်မနေနိုင်တော့ဘူး ငွေယုန်ရယ်။ အဲဒါကို မင်း သဘောတူပါ့မလားလို့ ကိုယ် စိတ်ပူနေတယ်"

ကြည့်စမ်း ... တွေ့လား။ သူ့အမေက မူယာမာယာ ...ပြီး နေမကောင်း ဖြစ်ပြလိုက်တာနဲ့ ဒီစကားက ထွက်လာ ... ငွေယုန် တမင်ပဲ အသံထွက်ကာ တဟားဟားရယ်ပြလိုက် ...

"သားကြီး စိတ်ပူလောက်အောင် တစ်ရက်လောက် နေမ ကောင်းဖြစ်ပြပြီး ဒီကတိကို ရအောင်တောင်းယူလိုက် တယ်ပေါ့လေ ... ဟုတ်လား"

"မေမေ နေမကောင်းဘူး ဆိုတာ ငွေယုန် ဘယ်လိုလုပ် သိလဲ"

"ရှင်ပဲ ပြောတယ်လေ၊ မေမေ့ အနားမှာ တစ်နေကုန်နေ ပြီး ဝမ်းနည်းနေတယ်ဆို၊ ဒီတော့ ... ရှင့်အမေဟာ ဟန် ဆောင် နေမကောင်းဖြစ်ပြပြီး သူ့သား အိမ်ကနေ ခွဲထွက် မသွားအောင် လုပ်ပြပြီလို့ မိန်းမချင်း အကဲခတ်နိုင်ပြီး မှန်းပြောတာပါ"

"မေမေ နေမကောင်းဘူး ဟုတ်တယ် ငွေယုန်။ မေမေ့မှာ breast cancer ဖြစ်နေပြီဆိုတာ ကိုယ့်ကို မနေ့ကမှ ဖေဖေ ပြောတယ်"



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် မထင်မှတ်ထားတာ ကြားလိုက်ရတော့ ငွေယုန် ဘာပြောရမှန်းမသိ ဖြစ်သွားပါသည်။ တကယ်ရော ဟုတ်ရဲ့လား ဟူသည့် သံသယကတော့ ရှိတုန်းပင်။

"အခုတော့ ကိုယ်ပဲ တာဝန်ယူပြီး ညီ့ညီမတွေကို ပြောပြရမယ်၊ စန္ဒရာက မွေးပြီးခါစမို့ အချိန်ကို စောင့်နေရမှာမို့ နောက်တစ်လလောက်ကြာမှ ကိုယ် သူတို့ကို အားလုံး အသိပေးရမယ်။ ခုတော့ ကိုယ် တစ်ယောက်တည်းပဲ သိပြီး ဝမ်းနည်းနေရတယ် ငွေယုန်။ ကိုယ် မေမေ့ကိုဆုံးရှုံးရတော့မယ်၊ အလွန်ဆုံး တစ်နှစ်ပဲ မေမေ့ကို အသက်ရှင်ရက်နဲ့ ကိုယ်တွေ့ရမယ်"

"တကယ်ရော ဟုတ်ရဲ့လား"

ငွေယုန့် စိတ်ထဲမှာ ရှိသည်ကို မမျိုသိပ်နိုင်ဘဲ လွှတ်ခနဲ မေးလိုက်မိသည်။

"ဒါ ညာစရာလား၊ ဟန်ဆောင်စရာလား ငွေယုန်ရယ်၊ ကိုယ့်အမေ အသက်နဲ့ရင်းပြီးတော့ ကိုယ် မညာပါဘူး"

"အဲဒီလောက်ကြီး စိတ်ဓာတ်ကျ ဝမ်းနည်းနေစရာလည်း မလိုပါဘူး ကိုကို။ ငွေယုန့်မှာလည်း မေမေ မရှိပါဘူး၊ ကိုကိုကမှ အသက်သုံးဆယ့်ငါးနှစ်ကျမှ အမေကို ဆုံးရှုံးရတာ။ ငွေယုန်ဆို အသက်နှစ်ဆယ်ကျော်လေးနဲ့ အမေ မရှိတော့တာကို ကြုံခဲ့ရတယ်"





"ငွေယုန် ... မင်းဘာဖြစ်နေတာလဲ၊ ကိုယ့်ကို မနှစ်သိမ့်ဘဲ အပြစ်ပြောနေသလိုပဲ၊ မင်း ဘာဖြစ်နေတာလဲ။ အရင်က မင်း့ဒီလိုမဟုတ်ဘူး၊ အခုကျမှ ဘာဖြစ်သွားတာလဲ"

သိဒ္ဓိ လေသံမှာ မာသွားပြီး ငွေယုန့်ကိုလည်း အသေအချာ စိုက်ကြည့်လိုက်ပါသည်။ ငွေယုန်မှာ အအော်ခံလိုက်ရ၍ မျက်ရည်တွေ ဝဲသွားပါသည်။ သို့သော် ဘာမှပြန်မပြောဘဲ ထ,သွားပြီး ကော်ဖီခွက်ကို ဘေစင်မှာ သွားဆေးနေပါသည်။

"ကော်ဖီခွက်ကို ဆေးစရာ မလိုပါဘူး။ မိစံ အရင်က ဆေးပေးတယ်လေ။ ဘာကြောင့် ကိုယ့်ကို ရှောင်ထွက်သွားတာလဲ၊ ကိုယ်ကတော့ မင်း မျက်နှာလေးကိုကြည့်ပြီး ပြောပြချင်တယ်။ မင်းဆီက နှစ်သိမ့်ပေးမဲ့ စကားကို ကြားချင်တယ်။ ဒါကြောင့် မနက်အစောကြီးတောင် မထ,စဖူး ထ,လာခဲ့ရတယ်။ ဒီရောက်တော့ မင်းက ကိုယ့်ရင်ဝကို ဆီးကန်သလိုပဲ"

"ရင်ဝကို ဆီးကန်တာ မဟုတ်ဘူး ကိုကို။ ငွေယုန် ဘယ်လိုမှ နှစ်သိမ့်မှု မပေးနိုင်လို့ ဟန်မဆောင်တတ်လို့။ ငွေယုန့် ရင်ထဲမှာ ဝမ်းမှမနည်းတာ၊ ငွေယုန်လည်း ဝမ်းနည်းနေပါတယ်ဆိုပြီး ဟန်ဆောင်မပြနိုင်ပါဘူး"

"ဘာပြောလိုက်တယ် ငွေယုန်။ ကိုယ့်အမေမလေကွာ။ ကိုယ့်အမေအတွက် မင်းက ဘာမှ မခံစားရဘူး ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ငွေယုန် ခပ်တည်တည် ပြန်လှည့်ကြည့်လိုက်ပြီး

"ငွေယုန့် အမေမှ မဟုတ်တာ။ မတ်ရားတာ မပြောနဲ့လေ။ လူဆိုတာ ကိုယ့်အဖေအမေဖြစ်မှ ကိုယ့်သားသမီး ညီအစ်ကို မောင်နှမဖြစ်မှ ခံစားရတာ။ ကိုယ်နဲ့ ဘာမှသွေးသားမတော် စပ်တဲ့ လူတစ်ယောက် ဖြစ်တာကို ဘာလို့ ဝမ်းနည်းနေ မှာလဲ။ ကိုကို လာပြောတယ်၊ ငါ့အမေ ကင်ဆာဖြစ်နေပြီ ဒါပဲ မဟုတ်လား။ ငွေယုန့် စိတ်ထဲမှာလည်း သြော် ဟုတ်လား၊ ဒီလောက်ပဲ ဖြစ်မိတယ်။ ဒါ စိတ်ထဲမှာအရှိ အရှိအတိုင်း ပြောတာ။ ဘာမှ ဟန်မဆောင်ဘူး။ လောက ကြီးမှာ ယောက္ခမရောဂါခံစားရတာကို ဝမ်းနည်းကြေကွဲပြီး တသ,သ ငိုနေတဲ့ ချွေးမ,မရှိဘူး ကိုကို။ ဒါကို သဘော ပေါက်ဖို့သင့်တယ်"

သိဒ္ဓိသည် ငွေယုန့်ကို မကျေမနပ် ဖြစ်သလိုကြည့် လိုက်လေသည်။ ငွေယုန် ဘာဖြစ်နေသလဲ သူ,မသိတော့။ သူသိ တာက ငွေယုန့်မှာ ကိုယ်ချင်းစာစိတ် မရှိဘူး၊ ငါ့အမေ ဖြစ်နေ တာကို နည်းနည်းမှတောင် မသနားဘူး။ စိတ်မကောင်း ဖြစ်တော် မရဘူး။ ငွေယုန် စိတ်မကောင်းပါဘူး ကိုကိုရယ်လို့ ပြောတော် တောင် မရဘူး။ မေမေနဲ့ ငွေယုန် ကြားမှာ ဘာမှပြဿနာမ မရှိပါဘဲ ငွေယုန် တစ်ဖက်သတ်ကြီး စိမ်းနေတာကို သူ မနစ် နိုင်ပါ။





"ကိုယ် သွားတော့မယ်"

သိဒ္ဓိအောင် ဤတစ်ခွန်းသာပြောပြီး နှုတ်ဆက်ကာ ထွက်လာခဲ့သည်။ အိမ်ရှေ့မှာ ဆက်တီတွေ ဖုန်သုတ်နေသော မိစံကတော့ နောက်ဖေးက အော်ကျယ် အော်ကျယ် ပြောသံတွေ နားစွင့်ထားပြီးပြီမို့ သိဒ္ဓိကို မရဲတရဲ ပြုံးပြနှုတ်ဆက်ပါသည်။

ကားပေါ်ရောက်တော့ ကားစက်နှိုးပြီး မောင်းထွက် လာရင်းမှ သူ့ရင်ထဲက မကျေမနပ် ဖြစ်စိတ်ကို တဖြည်းဖြည်း လျှော့ချနေရသည်။ ငွေယုန် ဘယ်လိုဖြစ်ကျန်ခဲ့မယ်တော့ မသိပေမဲ့ သိဒ္ဓိ့ရင်ထဲမှာတော့ ဒီအဖြစ်အပျက်မျိုး ဖြစ်လာတာကိုပင် လက် မခံနိုင်အောင် ကြေကွဲဝမ်းနည်းနေမိပြန်သည်။ သူ ဘာကယ်ချစ်ရ သော မိန်းကလေးတစ်ယောက်နဲ့ ဒီလိုပုံစံနဲ့ လမ်းခွဲရမှာတဲ့လား။



www.burmeseclassic.com

www.burmeseclassic.com



## ၁၁

ဒီလိုနဲ့ပဲ တစ်ပတ်လောက် အဆက်အသွယ် ပြတ်သွားခဲ့ပါသည်။ ငွေယုန် တစ်ယောက်ကား အဆိုးဆုံးကို မျှော်လင့်ထားနိုင်ခဲ့ပြီ ဖြစ်ပေမဲ့ ကိုကို ဒီလောက်ထိ အသည်းမာသည်ကိုတော့ ကြေကွဲစွာ ခံစားရပါသည်။ သူ့အမေကို ကိုယ့်အမေလို သဘောမထားနိုင်တာ အပြစ်လား။ ကိုယ့်အမေလည်း ပြင်းထန်တဲ့ ရောဂါဆိုးတစ်ခုကြောင့် ဆုံးပါးခဲ့ရဖူးတာမို့ သူ့အမေမှာလည်း ကင်ဆာရောဂါဆိုး ဖြစ်တယ်ဆိုတာ သိရတော့ ကိုယ့်အနေနဲ့ သိပ်တုန်လှုပ်မိတာမျိုး မဖြစ်တာဟာ အပြစ်လား။ ကိုကို့မှာ သူ့မိသားစုလိုပဲ ငါမှငါ ငါ့အမေမှ ငါ့အမေဆိုတဲ့ အတ္တကြီးကြီးမားမား ရှိနေတာကို သိလိုက်ရတော့ စိတ်မကောင်း ဖြစ်မိပြန်သည်။

တစ်ပတ်ကျော်သွားပြီး ဆယ်ရက်မြောက်နေ့မှာ ငွေယုန် မျှော်လင့်မထားသော လူတစ်ယောက် ငွေယုန့်ဆိုင်ကို ရောက်လာခဲ့သည်။





"ဆိုင်ရှင်ကို စာပေးချင်ရင် ရမလားခင်ဗျာ"

ငွေယုန်သည် စားပွဲမှာထိုင်ရင်း ကွန်ပျူတာကို စိုက်ကြည့်နေစဉ် ထိုအသံနှင့်အတူ ငုံ့မိုးရပ်လာသော အရိပ်မားမားတစ်ခုကြောင့် အလန့်တကြား မော့ကြည့်မိခဲ့သည်။

"ရှင် ... သြော် ... ကိုကုဋေ"

"မဆိုးပါဘူး၊ မှတ်မိသားပဲ၊ အေးဗျ ... ကျွန်တော်က ကိုကြီးနဲ့ တော်တော့်ကို ဆင်တယ်လို့ လူတော်တော်များများက ပြောကြတယ်"

"ကိုကုဋေ ဝယ်စရာရှိလို့လား"

"မဟုတ်ပါဘူး၊ စာပေးဖို့လာတာ"

"ဟင်"

ငွေယုန်မှာ ရိသဲ့သဲ့ဟန်ပန် စကားပြောတတ်သော ကိုကုဋေကို မျက်နှာထားတည်တည်ဖြင့် ပြန်ကြည့်လိုက်ဖို့ ပြင်လျှင် ...

"ကိုကြီးက စာပေးခိုင်းလိုက်လို့ပါ၊ သူ့ဘာသူကျ ဘာတွေ မျက်နှာပူပြီး မလာရဲလဲ မသိဘူး၊ ကျွန်တော် သူ့ဆီ ဆိုင်ကယ်တစ်စီး အလိုက်ပေးပြီး ထပ်ဝယ်ဖို့ ပိုက်ဆံသွားတောင်းတော့ အံမယ် ဒီတစ်ခါကျ သိပ်စစ်ဆေးမေးမြန်းမနေဘဲ ထုတ်ပေးပါတယ် ထင်နေတာ။ လက်စသတ်တော့ သူ့ရည်းစားသူ စာပြန်ပေးချင်တာ မပေးရဲလို့ ကျွန်တော့်ကို ခိုင်းချင်တာကိုး"



www.burmeseclassic.com

www.burmeseclassic.com



ငွေယုန်သည် ကိုကုဋေ ဘောင်းဘီအိတ်ထဲမှ ထုတ်ပေးလာသော ရိုးရိုးလေယာဉ်စာအိတ်ဖြင့် ထည့်ထားသည့်စာကို မဝံ့မရဲ လှမ်းယူလိုက်ပါသည်။

"ဟဲ ဟဲ ... ဖတ်လို့မရအောင် ဘိုးတော်က တစ်ခါတည်း ကော်ကပ်ထည့်လိုက်တာဗျာ။ ဘာတွေ အယူခံဝင်ထားလဲ ဖတ်ကြည့်ပါဦး၊ ဘာတွေ အဆင်မပြေ ဖြစ်ကြတာလဲဗျား အားလုံး အိုကေနေတာပဲဥစ္စာ၊ ဘာဖြစ်လို့ စိတ်တွေကောက် ကြတာလဲ"

ကိုကုဋေ့ ကြည့်ရတာ သူ့အစ်ကို မပြောသေးတာရဲ့ အမေကိစ္စ ဘာမှသိသေးပုံမရ။ အပူအပင် ကင်းမဲ့ပြီး ပျော်ရွှင်တက်ကြွနေသည်။ လေလေးချွန်ပြီး ရှော့ပင်းစင်တာကြီးထဲ ဖြတ်သွားဖြတ်လာ လုပ်နေကြသော ဖက်ရှင်မျိုးစုံနှင့် မိန်းကလေးတွေကို ကြည့်နေသည်။ သူ့အစ်ကို ပြောသလို သူက အကျင့်ပါပြီး ဒီလိုပဲ ရိထွေထွေလေး ပြောတတ်။ ခပ်ရီရီလေး ကြည့်တတ်တာ ထင်ပါရဲ့။ ငွေယုန့်ကိုတော့ သူ့အစ်ကိုရဲ့ချစ်သူ မရီးလောင်းအဖြစ် သူ လက်ခံထားပုံ ရပါရဲ့။

"အခု ဖတ်မှာလား ငွေယုန်"

"ဟို ... ပြီးမှ ..."

"ဖတ်လိုက်ပါဗျာ၊ ကျွန်တော့်အစ်ကို လူပျိုကြီး စိတ်ချမ်းသာအောင် ဖတ်လိုက်ပါ။ ပြီးရင် ဖုန်းပြန်ဆက်လိုက်ပါ။





ကျွန်တော် သူ့ဆီက ပြန်ပြန်ချင်း၊ ချက်ချင်းဝင်ပေးကြောင်း သိအောင် အချိန်ပါ ထည့်ပြောလိုက်ပါ။ သူ့ဆီက ပိုက်ဆံယူပြီး စာကျချက်ချင်း မပေးပေးဘူး ထင်မှာစိုးလို့။ ကိုကြီးက တစ်အိမ်လုံးရဲ့ ဘဏ္ဍာစိုးကြီးဗျ။ သူ ငွေထုတ်ပေးမှ ကိုယ်လုပ်ချင်တာ လုပ်လို့ရတာ"

ငွေယုန် ခေါင်းပဲ ညိတ်ရမလို။ ခေါင်းပဲ ခါရမလို ဖြစ်နေသည်။ ကိုကုဋေ ကြည့်ရတာ ငွေယုန် စာဖောက်မဖတ်ရင် မပြန်မဲ့ပုံ။ ကိုကုဋေက ကိုကိုသိဒ္ဓိလောက်ပဲ ရုပ်ရည်ချောမောတာမျိုး ရှိပေမဲ့ ကိုကုဋေ့မှာ စန်းတစ်မျိုးက ရှိသလိုပင်။ သူ့ကို မိန်းကလေးတွေက တကူးတကပင် လှည့်ကြည့်သွားတာတွေ တွေ့ရသည်။

ကိုကိုကတော့ လူကြီးဆန်အေးဆေးနေပြီး ကိုကုဋေကတော့ အသက်သာ သုံးဆယ်ကျော်ကျော် ဆိုပေမဲ့ လူငယ်လေးတွေလိုပဲ Hip Hop ဘောင်းဘီပွပွကြီး ဝတ်ထားလား ဝတ်ထားရဲ့။ တီရှပ်ကလည်း လူငယ်ပုံစံ နေကာမျက်မှန်နက်ကလည်း ခေါင်းပေါ်မတင်။ နဖူးမှာ ကပ်ထားသေးသည်။ သူတို့ လုပ်ပဲ လုပ်တတ်သည်။ ပြုတ်မကျဘူးလား မသိ။ ဆံပင်တိုတိုထောင်ထောင်တွေနဲ့ အဲဒီဆံပင်ဖျားတွေမှာ အပြာရောင်လေးသမ်း၊အောင် ဆေးဆိုးထားပြန်သေးသည်။ ဒါကြောင့် သူ့ပုံစံက အသက် နှစ်ဆယ်ကျော်ပုံ ဖြစ်နေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုကုဋ္ဌေနှင့် စကားရပ်ပြောနေသော ငွေယုန့်လည်း လှကြည့်ခံရသဖြင့် ရှက်လာပြီး ငွေယုန်သည် ...

"ကိုကုဋ္ဌေ ပြန်မှဖတ်မယ်၊ ငွေယုန့်နားမှာ လူတစ်ယောက် စောင့်ကြည့်နေရင် ငွေယုန် မဖတ်တတ်လို့ပါ"

ဟု အရှင်းဆုံး ပြောလိုက်ရတော့လေသည်။

"ကတိတော့ပေးဗျာ၊ ကျွန်တော် ထွက်သွားသွားချင်း စာကိုဖတ်ပါ။ ပြီးတာနဲ့ ကိုကြီးဆီ ဖုန်းဆက်ပါနော်"

"ကိုကုဋ္ဌေ ထွက်သွားသွားချင်း စာဖတ်မှာပါ၊ ဖုန်းဆက်မယ်၊ မဆက်ဘူး ဆိုတာတော့ ငွေယုန် ကတိပေးနိုင်မှာ မဟုတ်ဘူး။ ဘာလို့လဲဆိုတော့ စာထဲမှာ ဘာရေးထားမှန်းမှ မသိတာ"

"ဩော် ... ဒီလိုလား"

ကိုကုဋ္ဌေ မျက်ခုံးတွေ ပင့်သွားရင်း ခေါင်းတညိတ်ညိတ် စဉ်းစားနေသေးသည်။ အစ်ကိုကိစ္စကို ဘာကြောင့်ဒီလောက် စိတ်ပါလက်ပါ ဝင်ပါနေမှန်း မသိသော ကိုကုဋ္ဌေသည် နောက်ဆုံးတော့ ငွေယုန့်ကို ...

"ဒါဆိုလည်း တာ့တာ၊ ကျွန်တော် သွားပြီ"

ဟု နှုတ်ဆက်၍ ဆိုင်ထဲက ပြန်ထွက်သွားပါသည်။

သူ ထွက်သွားသွားချင်းပဲ ငွေယုန်လည်း ဖတ်ကြည့်ချင်လှပြီမို့ စာကို ဖောက်ဖတ်လိုက်သည်။





"ငွေယုန်လေး"

ဟု စာ၏အစမှာ ရေးသားဟန်မှာ ငွေယုန့်ကိုကိုကို စပြီးတောင်းပန်သည်ဟူ၍ ငွေယုန် ခံစားလိုက်ရပါသည်။

"ဆောရီးကွာ၊ ကိုယ် မေမေ့ကြောင့် စိတ်ရှုပ်နေတာမို့ ငွေယုန်နဲ့ စကားပြော အဆင်မပြေ ဖြစ်သွားတယ်ကွာ။ တကယ်တော့ ကိုယ် ငွေယုန့်ကို လက်တွဲမဖြုတ်နိုင်ပါဘူး။ ငွေယုန့်ကို လက်ထပ်မယ်လို့ ဆုံးဖြတ်ထားတာ ဘယ်တော့မှ မပြင်ပါဘူး၊ ငွေယုန်လည်း ကိုယ့်ကို ချစ်တယ်မဟုတ်လား၊ ကိုယ်နဲ့ မခွဲနိုင်ဘူး မဟုတ်လား၊ ဒီတော့ ကိုယ်တို့ မာနတွေ မကြီးကြဘဲ နေရအောင်။ ကိုယ်တို့ လက်ထပ်ရက်ကို သတ်မှတ်ကြရအောင်နော် ...

ကိုယ့်ကိုချစ်ရင် တစ်ခုပဲ လိုက်လျောပေးပါလား ငွေယုန်ရယ်။ ကိုယ့်အိမ်မှာပဲ လိုက်နေပါ။ ကိုယ်တို့မိသားစုနဲ့ သိုက်သိုက်ဝန်းဝန်း နေကြည့်ပါ။ ကိုယ်က သားအကြီးဆုံးမို့ အိမ်ရဲ့စီးပွားရေးကို ကိုယ်ပဲဦးစီးနေရတယ်၊ ကိုယ့်ကို ဘယ်လောက်ထိ အားကိုးသလဲဆိုရင် ငွေရေးကြေးရေး အကုန် ကိုယ့်လက်ထဲမှာ လွှဲထားတာပါ။ ဒီတော့ ကိုယ်ခွဲထွက်လို့ မဖြစ်ဘူး။ ကိုယ့်ညီ၊ညီမတွေ အကုန်အိမ်ထောင်ကျသွားမှ ကိုယ် ခွဲထွက်လို့ရရင် ရလိမ့်မယ် ငွေယုန်။ ဒီတော့ ကိုယ်တို့ မဝေးချင်ရင် ငွေယုန် ကိုယ်နဲ့လိုက်နေဖို့ကို စဉ်းစားပေးပါ။ ကိုယ် ပြောဖူးသလိုပါပဲ၊ ကိုယ်တို့



www.burmeseclassic.com

www.burmeseclassic.com



အိမ်က အကြီးကြီးပါ၊ ငွေယုန် ဘယ်သူနဲ့မှ ရောရောနှော နှော မနေဘဲ သီးသန့် ကိုယ့်အထပ်ကိုယ်၊ ကိုယ့်အခန်းထဲ ကိုယ်နေရင် ရပါတယ်၊ ဖေဖေ မေမေတို့က ပြောတယ်၊ ကိုယ်တို့ အပေါ်ဆုံးထပ် တစ်ထပ်လုံး နေပါတဲ့။ အပိုင် ပေးတယ်တဲ့၊ ဘယ်သူမှလဲ တက်မလာစေရဘူး။ ဘယ်သူ မှလဲ အနှောင့်အယှက် မပေးစေရပါဘူးတဲ့။ ကဲ ... ငွေယုန် ကိုယ် ငွေယုန့်ကိုချစ်လို့ လုပ်နိုင်သလောက်တော့ လုပ်ပေး ပြီးပါပြီ၊ ငွေယုန် ဘယ်လိုဆုံးဖြတ်မှာလဲ”

သိဒ္ဓိအောင်

ဟူ၍သာ သူ့နာမည်သူ လက်မှတ်ထိုးထားသော ကိုကို့စာကို အဆုံးထိ ဖတ်ပြီးသောအခါ ငွေယုန် ရင်မောသွား ပြန်သည်။ ချစ်သူနဲ့လည်း မဝေးချင်၊ သူ့မိသားစုနဲ့လည်း မနေ ချင်၊ ချစ်သူကလည်း သူ့မိသားစုရဲ့ အိမ်ရိပ်ကနေ ဘယ်မှမသွား ချင် စသော ပြဿနာတွေကြားထဲ ငွေယုန် ဘာကိုဆုံးဖြတ်သင့် ဆုံးလဲ။

ကိုယ့်အထပ်ကိုယ်နေ၊ ကိုယ့်အခန်းကိုယ်နေလို့ သူ တို့က ခွင့်ပြုထားပြီးဖြစ်လို့ နေတော့ရော ကိုယ့်အိမ်ကိုယ့်ရာရယ် လို့ ခံစားလို့ရပါမည်လား။ သူတို့မနှောင့်ယှက်ပါဘူး ပြောပေမဲ့ တစ်အိမ်တည်း အတူတူနေရက်နဲ့ ကိုယ်က သိပ်သီးသန့်ကြီးနေ ပြပြီး ထမင်းတောင် အတူတူ ဆင်းမစားနိုင်၊ မီးဖိုချောင် အတူတူ မဝင်ကူနိုင်တဲ့အထိ နေပြလို့တော့ ဘယ်သင့်ပါ့မလဲ။





ငွေယုန် တစ်နေကုန် စဉ်းစားနေရသဖြင့် လူက  တ်နှင့် လူနှင့် မကပ်သလို ဖြစ်နေသည်။ ပစ္စည်းတွေ ရောင်းရ  ိုင်း ငွေပေးငွေယူ တွက်ချက်ရတာကိုပင် မှားတာလည်း ခဏ  ော ဖြစ်နေသည်။ ညရောက်လို့ အိပ်ရာထဲ ဝင်သည်အထိ ဒီအကြောင်း တတွေးတွေးနဲ့မို့ အိပ်တောင် မအိပ်နိုင်သလို ဖြစ် နေသည်။ ညဆို ပုံမှန် ဆယ်နာရီခွဲ ဆယ့်တစ်နာရီမှာ အိပ်ပျော် တတ်သော ငွေယုန့်ရဲ့စံချိန်ကိုချိုးပြီး ဆယ့်တစ်နာရီကျော်တဲ့အထိ အိပ်မရတဲ့အတူတူ ထပြီး T.V ရှေ့ထိုင်၊ ဆိုင်ဘေးက အသိမိတ်  ွေဆီမှ ခဏငှားလာသော DVD တစ်ကား ကြည့်မလို့ စက်ထဲ  ည့်ရုံရှိသေးသည်။ အိမ်ဖုန်းက အသံမြည်လာပါသည်။

မိစံကတော့ အိပ်နှင့်နေပြီမို့ ငွေယုန်ပဲ ဖုန်းအရင်  း ကိုင်လိုက်ရပါသည်။ ဒီအချိန်ကြီးကျမှ ဆက်တာ ဘယ်သူ ဖြစ်မလဲ။ ဖုန်းသရဲဆိုရင်တော့ အပြတ်ကို ဟောက်ပစ်လိုက်ဦး  ယ်။ ဒီမှာ ကိုယ့်ပြဿနာနဲ့ကိုယ် စိတ်ရှုပ်နေရတဲ့ ကြားထဲ။ ငွေယုန် စိတ်တိုတိုဖြင့် အသံမာမာလုပ်ကာ ...

“ဟဲလို”ဟု ထူးလိုက်ပါသည်။

“ငွေယုန်”

တစ်ဖက်မှ ခပ်တိမ်တိမ် အသံသည် ဘယ်လောက်  င် တိုးလျနေသည်ဖြစ်စေ ငွေယုန့် အာရုံထဲမှာ မှတ်မိနိုင်နေခဲ့ သည်။

“ကိုကို”



www.burmeseclassic.com

www.burmeseclassic.com



"ငွေယုန် အိပ်နေတာကို နှိုးလိုက်သလို ဖြစ်သွားလား"

"မအိပ်ရသေးပါဘူး"

"ဟုတ်လား ... ငွေယုန် ခါတိုင်းဆို အိပ်ပြီ"

"ဒီနေ့ အိပ်မပျော်တာနဲ့"

"ကိုယ့်စာကိုဖတ်ပြီးလို့ စိတ်ရှုပ်နေတာလား"

"......"

"ငွေယုန် တစ်နေ့လုံး ဖုန်းပြန်မဆက်တော့ ကိုယ်လည်း စိတ်တထင့်ထင့် ဖြစ်နေမိတယ်။ ဘယ်သွားသွား စိတ်က မဖြောင့်ဘူး။ ဖုန်းကိုလည်း မပိတ်ထားရဲဘူး။ ကိုယ့်ဖုန်းသံ ကိုယ်ကြားနိုင်ပါရက်နဲ့တောင် ငါများ ဖုန်းခေါ်သံ မကြားလိုက်လို့လားဆိုပြီး ခဏခဏ missed calls ရှိ၊မရှိ check လုပ်မိတယ်၊ ငွေယုန် ဘာလို့ ဖုန်းပြန်မဆက်တာလဲ"

"ငွေယုန့်မှာ အဖြေမရှိသေးလို့ပါ"

"ငွေယုန်ရယ်"

သိဒ္ဓိ အသံက သက်ပြင်းချသံနှင့်အတူ ရောပြီးပြော သံ ဖြစ်နေသည်။

ဒီနေ့ ကံမကောင်းလိုက်ပုံများ ငွေယုန့်ကို ကုဋေနှင့် စာလှကြွဲမပေးခင် မနက်က အိမ်မှာ မေမေ့ကိုတွေ့ပြီး...

"သား ငွေယုန့်ကိုဂဲ သက်ထပ်ချင်တယ် မေမေ၊ သူ့ကို မင်္ဂလာလက်စွပ်အဖြစ် အဘွားရဲ့ လက်စွပ်လေး ပေးချင်တယ်"





လို့ မေမေ့ဆီ ခွင့်တောင်းမိသေးသည်။ မေမေ့ ချက်နှာ သိပ်မကောင်းလှဘဲ သိဒ္ဓိကို စိုက်ကြည့်ပါသည်။

"မေမေ ဘာဖြစ်လို့လဲ။ မေမေပဲ ပြောထားတယ်လေ။ သားအကြီးဆုံးမို့ သားလက်ထပ်ရင် အဘွားလက်စွပ်ကို သားရဲ့ဇနီးလောင်းကို ပေးမယ်လို့ မေမေ ပြောဖူးလို့ တောင်းတာပါ"

"မေမေ အခုစိတ်ပြောင်းသွားပြီ၊ မပေးချင်တော့ဘူး"

သိဒ္ဓိ စိတ်မကောင်း ဖြစ်သွားပေမဲ့ မေမေလည်း ရောဂါကြီး တစ်လုံးနဲ့ဆိုတော့ ဆက်ပြီးအတိုက်အခံ မတောင်းတော့ပါ။

"သူ့ကိုပဲယူယူ၊ ဘယ်သူ့ကိုပဲယူယူ ဒီလက်စွပ်ကို မပေးတော့ဘူး။ ဒါ ငါ့အမေရဲ့ လက်စွပ်၊ ရှေးဟောင်းလက်စွပ်၊ ငါ့အမေကိုလည်း သူ့ယောက္ခမတွေက လက်ဖွဲ့ပေးခဲ့တာ တန်ဖိုးရှိတယ်၊ ဆွေမျိုးဆက် သုံးဆက်လောက် ပြောင်းလာ ပြီးပြီမို့ မေမေ့လက်ထဲကျမှ မထိုက်တန်သူကို ပေးလိုက်ရ တာမျိုး မဖြစ်ချင်ဘူး"

"ငွေယုန်နဲ့ ဘာလို့မထိုက်တန်ဘူး ထင်တာလဲ"

"မေမေ သူ့ကို မမုန်းဘူး၊ သားကြီး သူ့ကိုယူလည်း ခွင့်ပြုတယ်။ ဒါပေမဲ့ သူ့ကို လက်စွပ်ပေးနိုင်လောက်တဲ့အထိ မေမေ မရက်ရောဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီ မေမေ၊ ဒါဆိုလည်း သားဘာသာပဲ တခြား လက်စွပ်တစ်ကွင်း စီစဉ်လိုက်ပါ့မယ်"

သိဒ္ဓိ ရင်ထဲမှာလည်း မကောင်းလှ။ စိတ်ထဲမှာလည်း မေမေ ပေးမယ်ပြောထားပြီး မပေး၍ သိပ်တော့ မကျေနပ်လှ။ သို့ပေမဲ့ ကိုယ့်အမေမှာ ရောဂါကြီးရှိမှန်း သိရက်နဲ့ မိန်းမယူဖို့ အဘွားလက်စွပ်ကို အတင်းမရမက အမွေတောင်းသည့်သား မဖြစ်ချင်၍ အလျှော့ပေးလိုက်ရပါသည်။

မနက်က မေမေ့ဆီကသာ လက်စွပ်တောင်းလို့ ရခဲ့ရင် သူကိုယ်တိုင် ငွေယုန့်ဆီပြေးပြီး မျက်နှာလုပ်ကာ တောင်းပန်မည်။

"မေမေက အဘွားလက်စွပ်တောင် ပေးလိုက်ပြီ ငွေယုန်း ကိုယ်တို့ လက်ထပ်ကြစို့နော်"

ဟူ၍ ဒီတစ်ခွန်းသာ ပြောလိုက်ရုံ။ ဒါဆို ငွေယုန် လည်း သဘောကျမည် ထင်သည်။ မေမေက မိသားစုအမွေ ရှေး စိန်လက်စွပ်ကြီးကိုပင် ငွေယုန့်ကို ရက်ရက်ရောရော ပေးသည်ဟု ငွေယုန့် စိတ်ထဲမှာ ကျေနပ်ပီတိ ဖြစ်သွားမည်မှာ သေချာ၍ သိဒ္ဓိ ဒီလက်စွပ်ကို ရချင်တာဖြစ်သည်။

သို့သော် ထင်သလို ဖြစ်မလာ၊ မျှော်လင့်သလို မေမေက ပေးမလာ။ ဒါကြောင့် ငွေယုန့်ကို မျက်နှာချင်းဆိုင် တောင်းပန်ရရင် ကိုယ့်ဘက်က အားအင်နည်းပါးနေသလိုလို ခံစားရ၍ အလုပ်ရောက်တာနဲ့ စာထိုင်ရေးလိုက်သည်။ ကုဋေ





မလာဘူးဆိုလျှင် သူ့လက်အောက်က တပည့်လူယုံတစ်ယောက် ယောက်ကို လွှတ်၍ ငွေယုန့်ဆီ သွားပေးခိုင်းမည်ဟု တွေးကာ စီစဉ်ထားခဲ့သည်။ ကုဋေက ပိုက်ဆံတောင်းဖို့ ရောက်လာ၍ စိတ်ထဲမှာ ငွေယုန်နဲ့ သူ့ညီအစ်ကို မောင်နှမတွေနဲ့လည်း ရင်းနှီး ချင်၍ ကုဋေ့ကိုပဲ လူကြုံပေးလိုက်တာ ဖြစ်ပါသည်။ စာရရ ချင်း ငွေယုန် ဖုန်းဆက်မည်ဟုထင်ကာ မျှော်ပေမဲ့ ငွေယုန်က ညနေက်သည်ထိ ဖုန်းဆက်မလာသောအခါ သိဒ္ဓိပဲ အရဲစွန့်ပြီး ဖုန်းဆက်ရတော့သည်။

ဖုန်းဆက်မေးတော့လည်း ငွေယုန်က ဘာမှအဖြေ မရှိသေးပါ ဆိုတာ ပြောသံကြားရလျှင် သိဒ္ဓိသည် ဘာမှမဆီမဆိုင် ဒီနေ့ကို ငါ့ရဲ့ ကံမကောင်းတဲ့နေ့လို့ စိတ်နာနာဖြင့် မှတ်ထား လိုက်ချင်သွားပါသည်။

"ကိုယ် ငွေယုန့်အတွက် လက်စွပ်လေး ဝယ်ပေးတော့ မလို့ နေ့လယ်က စိန်ဆိုင်တောင် သွားကြည့်မိသေး တယ်"

"ဘာအတွက်လဲ"

"လက်ထပ်လက်စွပ်လေ"

ငွေယုန့် စိတ်ထဲမှာ ညွှတ်နူးချင်သွားသည်။

"ငွေယုန်မှ မဆုံးဖြတ်ရသေးဘဲ"

"ငွေယုန့် ရင်ထဲမှာ အဖြေရှိမှာပါ။ ငွေယုန် ကိုယ့်ကို မပြောချင်သေးတာ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"လက်ထပ်တယ် ဆိုတာ လူနှစ်ယောက်ပဲ ပေါင်းရ မဟုတ်ဘူးလေ။ သူတို့နဲ့ ပတ်သက်တဲ့ လူတွေကိုပါ သက်လုံး ပေါင်းဖော် ဆက်ဆံရမှာ။ ငွေယုန့်မှာ အ ကြီး တွေးစရာတွေ ရှိလို့ပါ ကိုကို။ ငွေယုန့်ကို အ နည်းနည်းပေးပါ၊ ငွေယုန် ချက်ချင်း မဆုံးဖြတ်နိုင် ပါ"

"အချိန်သိပ်ဆွဲရင် ဝါဝင်သွားမယ်၊ ကိုယ်တို့ မေလ သတ်မှတ်ထားတယ် ငွေယုန်၊ ဒီထက် တစ်လလော နောက်ကျလို့ရမယ်ထင်တယ်၊ ဒီနှစ် ဝါဝင်မှာ ဇူလိုင် မှာ ထင်တယ်"

"ဝါကျွတ်မှ လုပ်တော့ရော ဘာဖြစ်လဲ"

"ကိုယ့်အမေက တစ်နှစ်လောက်ပဲ ခံမှာလို့ ခန့်မှန်း တယ် ငွေယုန်၊ မေမေ့အတွက် ရက်တိုင်း လတိုင်း အရေးကြီးနေတယ်။ ကိုယ်တို့ ဝါကျွတ်မှ လက်ထပ် စီစဉ်ထားရင် သူက အဲဒီအချိန်မှာ သက်သာနေမလာ ရောဂါရဲ့ အဆိုးဆုံးအခြေအနေကို ရောက်နေမလား ကိုယ်တို့ ခန့်မှန်းနိုင်ဘူး ငွေယုန်၊ ဒါကြောင့် မေမေဘာ သိပ်မခံစားရသေးပဲ လှလှပပ ပျော်ပျော်ရွှင်ရွှင် ဝတ်စားပြီး ကိုယ့်ရဲ့မင်္ဂလာဆောင်မှာ ပါနိုင်မဲ့အချိန်မှာပဲ ကိုယ် လက် ထပ်ချင်လို့ပါ"

ငွေယုန်မှာ ဘာမှမပြောနိုင်တော့ဘဲ စိတ်ထဲမှာ





"ဩော် ... ဘယ်နေရာမှာ ဘာတွေပဲလုပ်လုပ် သူ့အမေ အကြောင်း ရှေ့တန်းတင် စဉ်းစားပြီး စီစဉ်တတ်တဲ့ သား လိမ္မာကြီးပါလား"

ဟုပင် ချီးကျူးရတော့မလို တွေးလိုက်မိတော့သည်။

"အကယ်၍ ငွေယုန်က ဝါကျွတ်မှ လက်ထပ်ပါမယ်ပြော ရင် ကိုကိုက လက်မထပ်တော့မဲ့ သဘောလား"

ငွေယုန် ပက်ခနဲ ပြန်ပြောလိုက်သောအခါမှာ သိဒ္ဓိ သန့်သွားပါသည်။ ဒီနေ့ ကံမကောင်းတဲ့နေ့လေ။ စကားကို သတိထား ပြောမှ ... ပြောမှ ...။ သူ့ကိုယ်သူ ပြန်သတိပေးလိုက် ရပါသည်။

"ငွေယုန် ကြိုက်သလို ဆုံးဖြတ်ပါ"

သိဒ္ဓိ မြန်မြန်ပြောလိုက်ပါသည်။ ငွေယုန်ကတော့...

"ငွေယုန် ... အခုမှ အိပ်ချင်လာပြီ ကိုကို"

ဟု တစ်ခွန်းသာ ပြန်ပြောပြီး ဖုန်းကိုချသွားပါ သည်။ သိဒ္ဓိမှာ ရင်ထဲတွင် မတင်မကျကြီးဖြင့် ငူငူငေါင်ငေါင်နဲ့ ပင် ဖုန်းနားမှာ ထိုင်နေမိတော့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၂

ဒေါ်ရွှေစင်သည် သားကြီးဖြစ်သူ အလုပ်သွားသည့် မြင်ကွင်းကို ဝရန်တာမှ ရပ်မောင့်ကြည့်နေသည်။ မနက်ပိုင်း အလုပ်သွားလျှင် သိဒ္ဓိနှင့် အိန္ဒြာတို့နှစ်ယောက် အတူတူ သွားကြတာများသည်။ ညနေပိုင်းမှာသာ အိန္ဒြာ ပြန်ချင်လျှင် အစ်ကိုတွေဖြစ်သော ကုဇေ့ကိုဖြစ်ဖြစ်၊ ဝဇ္ဇာကိုဖြစ်ဖြစ် ဖုန်းဆက်ခေါ်ပြီး အိမ်ပြန်ပါသည်။ သိဒ္ဓိကတော့ ညနေဆို သူ့ကောင်မလေးဆီ အမြဲဝင်တွေ့တတ်သဖြင့် တစ်ခါတလေလည်း ညီမကို အိမ်အရင်ပြန်ပို့၊ ပြီးမှ တစ်ခေါက်ပြန်ထွက်ပြီး သူ့ကောင်မလေးရဲ့ ဆိုင်ကို သွားသည်ဟု အရင်တည်းက သိထားပါသည်။ ခုနောက်ပိုင်းတော့ သားကြီးတစ်ယောက် သူ့ကောင်မလေးဆီ အသွားအလာ ကျဲသွားသလားလို့ တွေးပြီး ဒေါ်ရွှေစင့် စိတ်ထဲမှာ ပျော်လည်းပျော်သလိုလို သားကြီးကိုပဲ သနားနေသလိုလို ခံစားရပါသည်။





စန္ဒရာက အနားလာရပ်ရင်း ...

"ကိုကြီးတို့ ဘယ်တော့ လက်ထပ်မယ် ပြောလဲ မေမေ"

ဟု အစ်ကိုဖြစ်သူ၏ ကားနောက်မြီးတန်းကို လိုက်ကြည့်ပြီး မေးပါသည်။

"ဟိုတစ်နေ့ကတော့ မေမေ့ဆီမှာ အဘွား လက်စွပ်လာတောင်းလေရဲ့"

"ဟယ် ... ဟုတ်လား"

"မေမေ မပေးနိုင်ဘူးလို့ ပြောလိုက်မိတယ်"

"အဲဒီတော့ ကိုကြီးက ဘာပြောလဲ"

"ဘာမှမပြောရှာပါဘူး။ သူ့ဘာသာပဲ အပြင်က လက်စွပ်ဝယ်လိုက်မယ်တဲ့"

စန္ဒရာသည် မွေးခါစ နှစ်ပတ်သားပဲ ရှိသေးသော သားငယ်ကို ပွေ့ချီထားရင်း မိခင်ဖြစ်သူကို အကဲခတ်နေမိသည်။ စန္ဒရာ ကိုယ်တိုင်လည်း ကိုကြီးယူမဲ့ ဇွေယုန့်ကို သိပ်သဘောကျလှသည်တော့ မဟုတ်။ သူ့ကိုယ်သူပဲ အထင်ကြီးနေသလိုလို၊ သူကပဲ အောင်မြင်တဲ့ ဆိုင်ကြီးတစ်ဆိုင်ကို ဖွင့်ထားနိုင်လို့ မာနတက်နေသလိုလို မျက်နှာပေးကို မနှစ်မြို့လှပါ။ သို့သော် ကိုကြီးချစ်နေတယ် ဆိုတော့လည်း ယူချင်ယူပါစေပေါ့။ ကိုယ့်တုန်းကတောင် ကိုယ်ကြိုက်တဲ့သူ ယူခဲ့သေးတာ ဆိုပြီး ကိုကြီးကို ဘာမှ မဝေဖန်မိပါ။



www.burmeseclassic.com

www.burmeseclassic.com



"အခုလို သားကြီးမျက်နှာ သိပ်မရွှင်မလန်းနဲ့ ပုံမှန်ရှု လုပ်နေကျ မနက်အလုပ်သွား၊ ညနေပြန်လာ၊ တချို့ရက်တွေ တစ်ခေါက်ပြန်ထွက် လုပ်နေတာကို မြင်တော့လည်း မမေ သနားလာမိပြန်တယ်။ တကယ်တော့ ငါ့သားကြီးက မိသားစုအရေးကို ဆောင်ရွက်နေရသူပါ။ သူ ဒါလေး လိုချင်တာ ပေးလိုက်တော့ရော ဘာဖြစ်မှာလဲ။ ငါ အခု ကိုင်တွယ်သိမ်းပိုက်ထားလို့ရတဲ့ ပစ္စည်းဥစ္စာ ရတနာတွေ ငါသေတော့ရော ကိုင်တွယ်ထားနိုင်ပါတော့မလားလို့ တွေးမိလာတယ်။ ဒီတော့ မဆဲခင်လေးမှာ ကိုယ့်သားစိတ်ချမ်းသာအောင် ပေးလိုက်သင့်တယ်လို့ တွေးမိလာပြန်တယ်"

စန္ဒရာတို့ကို သိဒ္ဓိက ဘာမှ ပြောမထားသေးလေရာ စန္ဒရာကတော့ မေမေ ပြောနေသည်ကို လက်မခံသလိုဖြစ်လျက် ...

"ဟင် ... မေမေကဖြင့် ခြောက်ဆယ်ကျော်ရုံလေး ရှိသေးတယ်၊ မသေသေးပါဘူး မေမေရယ်"

ဟူ၍ပင် ပြန်ဖြေပြောနေသေးသည်။ ဒီတော့မှ ဒေါ်ရွှေစင်လည်း သတိရသွားပါသည်။ သြော် ... သူတို့ကို သားကြီး မပြောရသေးဘူးပဲ။ စန္ဒရာ မွေးပြီးခါစ သွေးသားနုနေသေးလို့ တစ်လပြည့်မှ ပြောမယ်ဆိုလား ဦးအောင်ဆိုက ပြန်ကြားထားတယ်။





"အဘွားလက်စွပ်ကို ပေးလိုက်ရင် သမီးတို့ရော ကျေနပ်ကြမှာလား"

"သြော် ... ကျေနပ်ပါတယ် မေမေရယ်။ စန္ဒရာတို့ အမျိုးပေါက်အဝကတည်းက မေမေ ပြောထားပြီးသားပါ။ မေမေ့ အမေလက်စွပ်ကို သားကြီး မိန်းမယူရင် လက်ဖွဲ့မယ်ဆိုတာ သိပြီးသားပါ"

"တစ်ခါတလေကျ ပေးလည်းပေးချင်၊ တစ်ခါတလေကျ ဟိုမိန်းကလေးကိုမြင်ပြီး မပေးလည်း မပေးချင်နဲ့စိတ်က နှစ်ခွဖြစ်နေတယ်"

"စန္ဒရာတို့လည်း သူ့ကို သိပ်မလိုလားပါဘူး။ ဒါပေမဲ့ ကိုကြီးက သဘောကျနေတော့လည်း ကိုယ့်ယောက်မဆိုပြီး လက်ခံရမှာပေါ့လို့ ဆုံးဖြတ်ရတာပါ။ သမီး ဇာပြူလေးနဲ့ ပြဿနာ ဖြစ်တာကိုပဲကြည့်။ ကလေးပဲ မသိလို့ ယူဆော့ပြီး သူ့ဖိနပ်စီးမိတာပဲ မတော်တဆ ဒေါက်ကျိုးသွားတာပဲ အဲဒါကို မျက်နှာက ဟန်တောင်မဆောင်နိုင်ဘူး။ ကလေးကို အပြစ်မြင်နေတာလေ။ သူ့ရှေ့မှာ အဘွား အမေ ဦးလေး အဒေါ်တွေကထဲ တစ်ယောက်ယောက်ကပဲ ကလေးကို ရိုက်ပြီး ဆူပူပြရမလိုလို မျက်နှာပေးနဲ့။ ကလေးပဲ မသိလို့ လုပ်မိတယ်ရယ်လို့ ခွင့်လွှတ်ဖော် မရဘူး။ အဲဒီထဲက သူ့စိတ်ဓာတ်ကို ပိုသိသွားတယ်၊ သူက ဒီမိသားစုထဲကို



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းငုံ့ဝင်လာဖို့ မရည်ရွယ်ဘူး။ ခေါင်းမော့ပြီး ဝင့်ကြွား
အနိုင်ယူပြီး ဝင်ချင်တာ"

"ဝဏ္ဏာကလည်း သူ့ကို မြင်မြင်ချင်း မတည့်ဘူးလို့ မေမေ့
ကို ပြန်ပြောပြတယ်။ သူ့ကို ဒီလူအခြောက်ပဲဆိုပြီး နှိမ့်ချ
ပြီး ကြည့်လို့တဲ့။ လူဖြစ်လာရင် သူ့ကုသိုလ်ကံကရားနဲ့သူ
ယောကျ်ားဖြစ်ရင် ဖြစ်မယ်၊ မိန်းမဖြစ်ရင် ဖြစ်မယ်။
အခြောက်တို့ ယောကျ်ားလျာတို့ ဖြစ်ရင်ဖြစ်မယ်၊ ဒါအပြစ်
ပြောစရာမှ မဟုတ်တာ။ သူ့ဘဝပေးကုသိုလ်က အထုံ
အဆက်မှာကိုက ဒီလိုဖြစ်ရမယ်လို့ ပါလာပြီးရင် ဖြစ်မှာပဲ
လေ။ မေမေတို့လည်း ကိုယ့်သားတစ်ယောက် ဒီလိုဖြစ်နေ
တာ ဘယ်ကြိုက်ပါ့မလဲ။ ဒါပေမဲ့ ကိုယ့်သား ကိုယ်ချစ်
တော့ ခွင့်လွှတ်ပြီး လက်ခံရတာပဲ။ ဒါပေမဲ့ ကိုယ့်သားကို
အခြောက်ဆိုပြီး သူများလာနှိမ်ရင်တော့ မကြိုက်ဘူးကွယ်"

"ကုဋေက ဘာပြောလဲ"

"ကုဋေက အကောင်းမြင်ဝါဒသမားပဲ၊ သူကတော့ ကိုကြီး
မိန်းမယူမယ်၊ ကောင်းတယ်၊ ဒါပဲပြောတယ်၊ အိန္ဒြာက
လည်း သူတို့ချင်း ရွယ်တူဆိုတော့ မကြိုက်ဘူး။ အငယ်ဆုံး
ညီမနဲ့မှ အသက်အတူတူဖြစ်ပြီး သူက သူ့ကိုယ်သူ'မရီး'
နေရာ ဝင်ယူရတယ်ဆိုတဲ့ မောက်မာမှုမျိုး တွေ့ရတယ်လို့
ပြောတယ်"





"ဒါဆို သူက ဘယ်သူနဲ့မှကို အဆင်မပြေနိုင်တဲ့ သဘော
ပဲနော် မေမေ"

ဒေါ်ရွှေစင် ခေါင်းညိတ်လိုက်ရင်း ...

"မတည့်သာ မတည့်တယ် သားကြီးယိုလူမျိုးကျ သူ
လက်မလွှတ်နိုင်ဘူး ထင်ပါရဲ့။ ခုထိ သူတို့ချင်း အဆက်
အသွယ် ရှိနေသေးတယ်လေ။ ဒါပေမဲ့ သိပ်အဆင်ပြေကြပုံ
တော့ မရဘူး၊ သမီးအစ်ကို မျက်နှာပဲကြည့်။ အီးဆယ်
ချက် မှန်ထားသလို မှုန်တေ ရှုံ့မဲ့နေတယ်။ လက်ထပ်ဖို့
ကိစ္စ ဆွေးနွေးကြတာ အဆင်မပြေဘူး ထင်တယ်။ သား
ကြီးခမျာမှာတော့ သူ့ကောင်မလေးနဲ့ မေမေတို့နဲ့ အပြီ
မျက်နှာချင်းဆိုင်နေရမှာ စိုးလို့ထင်ပါရဲ့။ လက်ထပ်ပြီးကြ
ရင် ဒီမှာပဲ နေပါ့မယ်၊ ဒါပေမဲ့ အပေါ်ထပ် တစ်ထပ်လုံး
ကို သူတို့ယူမယ်လို့တောင် အဖေ အမေ့တွေကို ကြိုတောင်း
ဆိုထားရှာတယ်၊ ဒါတောင် ဟိုက ဘာတွေထပ်တောင်းဆို
ပြီး ညှိမရတယ် မသိဘူး"

စန္ဒရာမှာ ဒီလိုကြားလိုက်ရတော့ အံ့သြသွားသည်။

"ဟယ် ... အပေါ်ထပ် တစ်ထပ်လုံး အကျယ်ကြီးပဲဟာ၊
အဲဒါ သူတို့အပိုင်ယူရင် စန္ဒရာတို့က ဒီအိမ်လာရင် အပေါ်
ဆုံးထပ်ကို မဝင်ရနယ်မြေ သတ်မှတ်ထားတာနဲ့ မဝင်ရဘူး
ပေါ့။ ဘယ့်နှယ် ကိုယ့်မိဘအိမ်၊ ကိုယ်ငယ်ငယ်လေးထဲက



www.burmeseclassic.com

www.burmeseclassic.com



နေလာတဲ့ သုံးထပ်တိုက်ကြီး။ ကြိုက်တဲ့အထပ် တက်နေချင် တက်။ အမှိုက်ပွချင်ပွ ကြိုက်တဲ့အခန်း ဝင်အိပ်ရင် အိပ်ခွင့်ရထားတာကို ငွေယုန် လာမှပဲ တစ်ထပ်ကို လက်လွှတ်ဆုံးရှုံးရမှာလား”

“ဖေဖေနဲ့ မေမေကတော့ သားကြီး ဒီကထွက်မသွားရင် ပြီးရောဆိုပြီး ခွင့်ပြုပြီးပြီ စန္ဒရာ”

စန္ဒရာ မကျေမနပ်ဖြင့် ရှုပုပ်နေသည်။ အပိုင်[illegible] တာလည်း မဟုတ်။ နှုတ်စကားဖြင့် နေခွင့်ပေးခြင်းကိုပဲ မကျေမနပ် ဖြစ်နေတာ။ ကိုယ်ကိုယ်တိုင်တော့ ဒီအိမ်မှာနေတာ မဟုတ်ပေမဲ့လည်း ကိုယ့်မိဘအိမ် ဆိုပြီး အတွက်ကြီးနေတာမျိုး ဖြစ်ပါသည်။

“သားကြီး ပြန်လာမှ မေးဦးမှပါ၊ သူတို့ ဘယ်တော့လောက်လုပ်မယ် စီစဉ်နေပြီလဲလို့၊ ပြီးတော့ ... အင်း ... ဖေဖေကလည်း မေမေ့ကို နားချပါတယ်လေ၊ ဒီမိန်းကလေးနဲ့ထိုက်လို့ရတာ ပေးသင့်ရင် ပေးလိုက်ပါတဲ့။ အရင်မိန်းကလေးနှစ်ယောက်လောက်တုန်းက ရုပ်ကလေးတွေလည်း ချောကြပြီး သားကြီးလည်း သဘောကျပါရက် ဖူးစာမပါလို့ မယူဖြစ်ခဲ့ကြဘူး၊ ဒီမိန်းကလေးကျတော့ ရုပ်ရည်ကလည်း သိပ်တော့မရှိ၊ အရည်အချင်းလည်း အဲဒီလောက်ကြီး ထိတ်ထိတ်ကြဲ မဖြစ်ပေမဲ့ သားကြီးက သူ့ကိုမှယူမယ်





ဖြစ်လာတော့ သူ့ကုသိုလ်ကံပေါ့။ မိဖုရားဖြစ်ထိုက်တဲ့သူ မိဖုရား ဖြစ်မှာပါပဲ၊ ဒီလိုပဲ ယူဆပြီး မေမေ အမေ့လက်စွပ်ကို ပေးလိုက်ဖို့ ဆုံးဖြတ်ပါပြီလေ”

စန္ဒရာကတော့ အမေ ဆုံးဖြတ်ထားပြီးသားမို့ အဘွားလက်စွပ်ဟာ ရှေးစိန် တန်ဖိုးကြီးလှသည် ဆိုပေမဲ့ ပုလည်းတုံးတုံးကြီးမို့ စိတ်မဝင်စားလှလေရာ စိန်လက်စွပ် ကိစ္စမှာတော့ ဝင်မပါပါ။ အပေါ်ထပ် တစ်ထပ်လုံး ပေးသည် ဆိုတာကိုပဲ မကျေနိုင်၊ မချမ်းနိုင်။ တစ်ယောက်တည်းလည်း စိတ်ထဲ ကျိတ်မခံစားချင်ပြန်သည်ဖြစ်ရာ အဖေအမေ အလစ်မှာ အပြင်ရောက်နေသော ကုဋေ့ mobile ဆီဆက်ပြီး ဒီအကြောင်းပြောလိုက်၊ လှိုင်သာယာ စက်ရုံဘက်မှာ ရောက်နေသော ဝဇ္ဇာ mobile ကိုဆက်ပြီး ပြောလိုက်၊ ကိုကြီးနဲ့အတူ ရုံးမှာရှိနေသော အိန္ဒြာဆီလည်း ရုံးဖုန်းမှ တစ်ဆင့် ဖုန်းခေါ်ပြီး ...

“အိန္ဒြာ ... နင်သိပြီးပြီလား”

ဟု အစချီကာ မေးရင်း ပြောလိုက်ဖြင့် အလုပ်ရှုပ်သွားပါသည်။

“သိပြီးသားပါ မစန္ဒရာရယ်။ အိန္ဒြာက ကိုကြီးကို ဘယ်ဝင်ပြောရပါ့မလဲ။ ပြီးတော့ အိမ်က သုံးထပ်အကြီးကြီးမှာ အခုဆို သေသေချာချာ နေတယ်လို့ ပြောလို့ရတဲ့သူက ကိုကြီးနဲ့ အိန္ဒြာပဲရှိတော့ လူကနည်းနေပြီ။ ကိုကုဋေတို့



www.burmeseclassic.com

www.burmeseclassic.com



ကို ဝဠာတို့က တစ်လမှာ ဆယ်ရက်လောက်ပဲ အိမ်ပြန်အိပ်ကြတာလေ။ လူလည်း နည်းနေရက်သားနဲ့ အိမ်ကြီးကလည်း အကြီးကြီး ဖြစ်ရက်သားနဲ့ သူ့ကိုအပေါ်ဆုံးထပ် တစ်ထပ်လုံး မပေးပါဘူးလို့ သွားကန့်ကွက်လို့ ဘယ်ရပါ့မလဲ"

"အဲဒီလိုနေမယ်လို့ ငွေယုန်က ပြောတာတဲ့လား"

"မဟုတ်ဘူး မစန္ဒရာရေ။ အဲဒါ ကိုကြီးအိုင်ဒီယာ၊ ငွေယုန်က သူ့ကွန်ဒိုအခန်းမှာ အိမ်ခွဲပြီး နေကြမယ်လို့ ကိုကြီးကို တိုင်ပင်ပြီးသားတဲ့"

"အံမယ် ... သူက ငါတို့အစ်ကို့ကို တစ်ယောက်တည်း မောင်ပိုင်စီးထားချင်တာပေါ့"

"ဒါပေါ့ မစန္ဒရာရဲ့ ကိုကြီးက ဒီအိမ်ရဲ့ဘဏ္ဍာရေးကို အကုန်ထိန်းချုပ်ထားရမှန်း သူသိနေပြီလေ။ ကိုကြီးကို မောင်ပိုင်စီးနိုင်ရင် သူ ရွှေပုံပေါ် ထိုင်ရပြီဆိုတာ သိကိုသိနေပြီ"

"ကိုကြီးကလည်းလေ၊ ဘာတွေ ဆေးမိနေလဲ မသိဘူး၊ အဲဒီ အသားညိုပုပ် လည်ချောင်း တဟင်းဟင်းမ,ကိုပဲ တမ်းတမ်းစွဲနေတာ"

ညီအစ်မနှစ်ယောက် စိတ်ကြိုက် အတင်းအုပ်နေစဉ် အိန္ဒြာက ...





"မစန္ဒရာရေ ... ကိုကြီး အခန်းထဲ ဝင်လာနေပြီ၊ အိန္ဒြာတို့ ငွေယုန့် အတင်းပြောတာ ရပ်မှဖြစ်မယ်၊ တော်ကြာ ကိုကြီး ကြားသွားမယ်"

ဆိုမှပဲ ငွေယုန့် အတင်းချခန်း ရပ်တော့သည်။

ညနေကျ သိဒ္ဓိသည် အလုပ်မှ ညီမနှင့်အတူ ပြန်လာ ရေမိုးချိုးပြီးတာနဲ့ အပြင်ပြန်ထွက်မလို့ ပြင်သည်ကို ဒေါ်ရွှေစင် စောင့်ကြည့်နေပါသည်။

"သားကြီး ... ဘယ်လဲ၊ ညနေစာ စားသွားဦးလေ"

"မစားတော့ဘူး မေမေ။ ငွေယုန်နဲ့ အပြင်မှာ စားမယ်လို့ ကြိုမှာထားပြီးလို့"

"ဘယ်အချိန် ချိန်းထားလဲ"

"သူက သူ့ဆိုင်ပိတ်ချိန် ကိုးနာရီပေမဲ့ အိမ်ကို အမြဲ ခုနစ်နာရီလောက် ပြန်တယ် မေမေ၊ အိမ်က ကောင်မလေးကို ညဉ့်နက်ထိ ဝစ်ယောက်တည်း ထားရမှာ စိတ်မချတတ်ဘူး။ ဒါကြောင့် ခုနစ်နာရီ ပြန်တယ်၊ သားက သူ့ကို ခုနစ်နာရီကျော်မှာ အိမ်မှာသွားခေါ်ရုံပါပဲ"

"ဒါဖြင့် အချိန်ရသေးတာပဲ၊ ခဏထိုင်ပါဦး၊ မေမေ မေးစရာရှိလို့ပါ"

သိဒ္ဓိ နာရီကို တစ်ချက်လှမ်းကြည့်ပါသည်။ တိုင်ကပ်နာရီက ခြောက်နာရီ မိနစ်ငါးဆယ်ကို ညွှန်ပြနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ငွေယုန်ကိုတော့ အိမ်ကို ခုနစ်နာရီခွဲပါနီး အရောက်လာမည်ဟု မှာထားတာမို့ အချိန်တော့ နည်းနည်းရပါသေးသည်။

"သားတို့ ဘယ်လိုလဲ၊ ဘယ်တော့လောက် စီစဉ်ပြီးပြီလဲ ခုပဲ ပြေကုန်တော့မယ်၊ သားပြောတော့ မေလကုန်ဆို တစ်လပဲ ကျန်တော့တာ။ တော်တော်နီးနေပြီ၊ အိမ်မှ မိသားစုတွေကိုလည်း ဘာမှ မပြောမဆို မတိုင်ပင်သေးဘူး လား"

သိဒ္ဓိသည် အားလျော့သလို ပြုံးရင်း ...

"ငွေယုန်က ခုထိ စဉ်းစားတုန်းတဲ့ မေမေ"

ဟု ပြန်ဖြေပါသည်။

"ဟဲ့ ... ဒါဖြင့် မင်းပြောတော့ အစက တိုင်ပင်ပြီးသား ဆို၊ အခု ဘယ်လိုဖြစ်ရတာလဲ"

"သူက မိန်းကလေးဆိုတော့ ထပ်စဉ်းစားချင်သေးတယ် ထင်တယ်"

အမှန်တော့ ဒီအိမ် လိုက်နေရေး၊ မနေရေးကိုသာ ငွေယုန် စဉ်းစားရခက်ကြောင်း သိဒ္ဓိ ထုတ်မပြောချင်ပါ။ သိဒ္ဓိ မပြောပေမဲ့လည်း ဒေါ်ရွှေစင်ကတော့ ရိပ်မိသည်။ သြော် ... ဒီမိန်းကလေး ဒီအိမ်ကို လိုက်မနေချင်လို့ စဉ်းစားနေတယ်ထင် တယ်။ ဖြစ်ရလေ ... သူကပဲ နာအုံထင်နေသေး။

"သူက ဒီမှာလိုက်မနေချင်လို့လား"





"အဲဒီလိုလည်း မပြောသေးပါဘူး"

"အေးပါကွယ်၊ သူနေရတော့ရော မေမေက သူနဲ့ ဒီအိမ် မှာ အကြာကြီး မျက်နှာချင်းဆိုင်မဲ့ ယောက္ခမ မဟုတ်တာ။ မင်း ပြောပြလိုက်ပါလား။ မေမေ့မှာ ရောဂါရှိနေပြီလို့။ နောက်အပတ်မှာပဲ ခွဲရစိတ်ရတော့မယ်လို့"

"မေမေ ခွဲစိတ်ရ ဆေးရုံသွားရ အလုပ်ရှုပ်နေတဲ့ကြားထဲ- သားတို့က မင်္ဂလာဆောင် ထ,လုပ်ဖို့သင့်ပါ့မလား"

"မင်းတို့ ဆွေးနွေးထားတော့ မနက်ပိုင်း ဘုန်းကြီးကျောင်း ဆွမ်းကျွေး၊ ညနေ dinner ဆို ဟုတ်တယ် မဟုတ်လား"

"အဲဒါ မသေချာသေးပါဘူး"

"သားကြီးရယ် ... မင်းကလည်း မေးလိုက်ရင် ဘာမှသေချာ တယ်ကို မရှိတော့ဘူး၊ တကယ်ပဲ။ ဒါနဲ့ နေပါဦး ... မင်း သူ့အတွက် လက်စွပ်ဝယ်လိုက်ပြီးပြီလား"

"အမှန်တော့ ဒီည အပြင်ထွက်စားတာ၊ အဲဒီကိစ္စလည်း ပါတယ် မေမေ။ စိန်ဆိုင်ကိုပါ ဝင်ကြည့်ပြီး သူကြိုက်တာ ရွေးခိုင်းမလို့ပါ"

"ဝယ်မနေနဲ့တော့၊ ရွေးလည်း ရွေးခိုင်းမနေနဲ့တော့"

သိဒ္ဓိမှာ မေမေ သဘောမတူတော့ဘဲ စိတ်ဆိုးသွား ပြီလားလို့ စိုးရိမ်သွားပြီး ကြည့်လျှင် ဒေါ်ရွှေစင်က သဘောပေါက် သွားပြီး သူ့အိမ်နေရင်း ဖလန်နယ်အနွေးအင်္ကျီ၏ အိတ်ကပ်ထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာ အသင့်ထည့်ထားသော ဘူးတစ်ဘူးကို လက်ဖဝါးပေါ်ထုတ်၍ တင်ပြလိုက်ပါသည်။

"ဟင် ... အဘွားလက်စွပ်လား"

"ဟုတ်တယ် ... မေမေ သားကြီးကို ပေးမယ်လို့ ကတိပေးထားတာပဲလေ။ ပေးရမှာပေါ့။ ဘူးကတော့ နှစ်ကြာပြီမို့ ဟောင်းနေတယ်၊ ကတ္တီပါဘူး အသစ်ဝယ်ချင်၍ ဝယ်လိုက်ပေါ့။ လက်စွပ်ကတော့ သူနဲ့ တော်,မတော် မသိဘူး မတော်ရင်လည်း ပြုပြင်လို့ ရပါတယ်။ ကျယ်နေရင်ဖြတ်လိုက်၊ ကျဉ်းနေရင် ရွှေထပ်ထည့်ပြီး ဆက်လိုက်"

"မေမေ ... မေမေ ... သား ဘယ်လိုပြောရမှန်းတောင် မသိတော့ဘူး၊ ဝမ်းသာလိုက်တာ မေမေရယ်၊ ငွေယုန်လည်း ဝမ်းသာမှာပဲ။ သူ့အပေါ် မေမေ လိုလိုလားလားနဲ့ ဂရုတစိုက် ရှိတာကို ပီတိဖြစ်သွားမှာပဲ"

လိုလားလှတယ်ရယ်လို့ မဟုတ်ပါဘူး။ ကိုယ့်မသေခင်လေးမှာ ကိုယ့်သားကြီး စိတ်ချမ်းသာ ပျော်ရွှင်တာကို မြင်ချင်လို့ လုပ်ပေးသွားတယ် ဒါပဲ။ ဒေါ်ရွှေစင် စိတ်ထဲမှာသာ ပြောလိုက်ပါသည်။

"လက်စွပ်လေးက တစ်လုံးစိန်လေးနော်၊ လှလိုက်တာ"

"မေမေ ပြန်အရောင်တင်ထားတယ်၊ သူ့ကိုလည်း သေသေချာချာ ပြောလိုက်ပါ၊ အဘွားလက်စွပ်ကို ပေးတာလို့၊





အဘွားလက်ထက်က စိန်တော်င်မဟုတ်ဘူး၊ အဘွားရဲ့ ယောက္ခမတွေက တစ်ဆင့် ပေးသွားတာ၊ လက်စွပ်က ဒီထက် ရှေးကျရင်တောင်ကျမယ်၊ သူ့တန်ဖိုးထားတတ်၊ မတတ်တော့ မသိဘူးပေါ့လေ။ ရှေးလက်ရာ ရှေးအမွေအနှစ် ဆိုတာက ပိုပြီးတန်ဖိုးမဖြတ်နိုင်ဘူး။ အခုခေတ်မှာ ပိုက်ဆံရှိရင် ပေးဝယ်လို့ ရပေမဲ့ မိဘအမွေဆိုတာကတော့ တန်ဖိုးရှိလွန်းတာပေါ့လေ"

"ငွေယုန့်ကို သေသေချာချာ ပြောပြမှာပါ"

"သူ့မှာလည်း ရှေးလက်ရာလား ဘာလား စိန်လက်စွပ်လေးတစ်ကွင်း ဝတ်ထားတာ တွေ့ပါတယ်၊ အဲဒါ သူ့ဝယ်ထားတာလား"

"မဟုတ်ဘူး၊ သူလည်း သူ့အဘွားဆီက ရလိုက်တာလို့ ပြောတယ်"

"သြော် ... သြော် ... ဒါဆို သူလည်း ရှေးပစ္စည်းကို ထိန်းသိမ်းတတ်မှာပေါ့"

"သား သွားတော့မယ် မေမေ"

"အေး ... သွား သွား"

ဒေါ်ရွှေစင် တစ်ယောက် သားကြီးထွက်သွားမှပဲ ရင်ထဲမှာ တင်းကျပ်နေသလို ဖြစ်ခဲ့သော အစိုင်အခဲတစ်ခု လွှတ်လပ်ပေါ့ပါးသွားသလို ခံစားရပါသည်။ ဒါပဲပေါ့ ... ရှုဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



စွဲလမ်းတွယ်တာမှု လောဘတရား၊ မောဟတရားတွေနဲ့ မာနတွေ ထားနေမယ်ဆိုရင် ကိုယ့်ကိုယ်ကိုယ် နှိပ်စက်တာနဲ့ အတူတူပဲပေါ့ လေ။ ငါလည်း တစ်နေ့ သေရတော့မဲ့လူပဲ၊ ဒါတွေ စွဲလမ်းမနေ တော့ပါဘူးလို့ စိတ်ဆုံးဖြတ်ပြီး သားလက်ထဲ ထည့်ပေးလိုက်ပြီး တဲ့အခါ စိတ်က အတော့်ကို ပေါ့ပါးလန်းဆန်းသွားတာပါပဲလား။

ဦးအောင်ကတော့ ဇနီးဖြစ်သူကို နှစ်သိမ့်လျက် ပခုံးလေး အသာလာပွေ့ ခေါ်ပါသည်။

"မင်းလည်း အနားယူလိုက်ဦး ရွှေစင်။ နောက်အပတ်မှာ ခွဲရစိတ်ရဦးမယ်၊ အနားယူ ဆိုတာ စိတ်ရော ကိုယ်ပါ အနားယူလို့ ပြောတာ။ မင်း ဒီနေ့ အမှန်ကန်ဆုံးကို လုပ် ပေးနိုင်ခဲ့ပြီးပြီ၊ အဲဒီအတွက် ကိုယ့်စိတ်ကိုယ် မညှဉ်းဆဲနဲ့ တော့။ ကိုယ့်လက်ထဲက လွှတ်လိုက်ပြီးတဲ့ ပစ္စည်း၊ ကိုယ့် ပစ္စည်း မဟုတ်ဘူးလို့ပဲ သတ်မှတ်ပြီး မေ့လိုက်တော့ ဟုတ်ပြီလား"



၁၃

(နောက်နှစ်လအကြာ ...)

ရုတ်တရက် အိပ်ရာမှ ဖျတ်ခနဲ နိုးသောအခါ ငွေယုန်သည် ကိုယ့်ကိုယ်ကိုယ် ဘယ်ရောက်နေသလဲ ဆိုတာ အရင်စဉ်းစားနေရသည်။ နောက်မှ စက္ကန့်ပိုင်းလေးအတွင်း ပြန် သတိရသွားပါသည်။

အနံ့အသက် မတူသော၊ အရောင်မတူသော၊ အပြင် အဆင်မတူသော၊ ပတ်ဝန်းကျင်အသံ မတူသော နေရာတစ်ခုကို ငွေယုန် ရောက်နေတာ၊ ဒီနေ့ဟာ ပထမဦးဆုံးသောနေ့ရဲ့ နံနက် ခင်း။ ငွေယုန့်ရဲ့ ပထမဦးဆုံးသော အတွေ့အကြုံ။

စောင်းအိပ်နေရာမှ လှုပ်လိုက်သောအခါ ငွေယုန့် ခါးကိုဖက်လျက် တစောင်းအိပ်ပျော်နေဆဲဖြစ်သော ကိုကို့လက်ဟာ

www.burmeseclassic.com

www.burmeseclassic.com



ပြုတ်ကျသွားသည်။ ကိုကို မနိုးသေးဘူး။ ငွေယုန်ကတော့ ညဘယ်လောက်ပဲနက်မှ အိပ်ရာဝင်သည်ဖြစ်စေ မနက်ဆို ခုနစ်နာရီမှာ ပုံမှန်နိုးသူမို့ မျက်လုံးတွေ စိတ်အာရုံတွေက အကျင့်ပါပြီး နိုးသွားတာ ဖြစ်ပါသည်။ ညကတော့ Dinner party ပွဲက ဆယ်နာရီပြီးသည် ဆိုပေမဲ့ ပွဲအပြီး ဗီဒီယိုရိုက်ကြ၊ ဓာတ်ပုံရိုက်ကြနဲ့မို့ အိမ်ပြန်ရောက်ချိန်မှာ ဆယ့်တစ်နာရီ ရှိနေပြီ။ အဝတ်အစားတွေ ပြန်လဲ၊ လိမ်းထားရသော မိတ်ကပ်တွေဖျက်၊ ရေတစ်ခေါက်ချိုးပြီး သပ်ချိုးကြသေးတာမို့ တကယ် အိပ်ဖြစ်ချိန်က သန်းခေါင်ကျော်ပြီလား မသိ။ နာရီပင် မကြည့်မိပါ။ လူကသာ အကျင့်ဖြစ်နေ၍ စောစောနိုးပေမဲ့ ခေါင်းကတော့ နောက်ကျိနေဆဲ။

ငွေယုန် အသာထလာပြီး အိပ်ခန်းကြီးနှင့် တွဲလျက်ဖြစ်သော ရေချိုးခန်း အိမ်သာထဲ ဝင်ခဲ့သည်။ သွားတိုက် မျက်နှာသစ် အိမ်သာထိုင် လုပ်ပြီးသောအခါ စိတ်ထဲမှာ တောင့်တသည်မှာ ကော်ဖီသောက်ချင်လိုက်တာ ဟူ၍ပင်။

ကော်ဖီသောက်မည်ဆိုလျှင် အခုလောလောဆယ်တော့ ကိုယ်က အောက်ဆုံးထပ် မီးဖိုချောင်ကို သွားရမှာပဲပေါ့။ အပေါ်ဆုံးထပ်ကနေ အောက်အထပ် နှစ်ထပ်တို့ကို ဆင်းတက်ဖို့ လှေကားမှာ အိမ်အတွင်းမှာလည်း ရှိသလို ဘေးဘက်မှာလည်း ရှိသည်။ ငွေယုန်တို့နေရသော အပေါ်ဆုံးထပ်မှာလည်း ဝရန်တာလေးဖက်လေးတန်၊ ရှေ့ဘက်ဧည့်ခန်း၊ အိပ်ခန်းကျယ်ကြီး နှစ်





ခန်းနှင့် နောက်ဘက်မှာတော့ ဘာမှပြင်ဆင်မထားဘဲ Hall ကြီးသို့ နေရာကျယ်ကြီး ရှိပါသည်။

ကိုကိုကတော့ ငွေယုန် ပထမဆုံး လာကြည့်စဉ်က…

“နောက်မှ ဒီ Hall ကို အကန့်ကန့်ပြီး ထမင်းစားခန်း၊ မီးဖိုချောင် တွဲရက်တစ်ခန်းနဲ့ အဝတ်လျှော်စက်တွေ ဘာတွေထားဖို့တစ်ခန်း လုပ်ပေးမယ်နော်”

ဟု ကတိပေးထားခဲ့ရာ အခုတော့ မီးဖိုခန်းပုံစံနေရာအကန့်ကိုတော့ စပြီး ပြင်ဆင်စ,ပြုနေတာ ရှိပါသည်။ မင်္ဂလာပွဲရက်မို့ အိမ်ပြင်ဆင်သူတွေကိုပါ မလာခိုင်းသေးဘဲ နားထားရာ ဆောက်လက်စပစ္စည်းတွေ၊ ကြွေပြားတချို့တွေ၊ ရေဘုံဘိုင်ခေါင်းတွေ စသဖြင့် ဟိုတစ်ပုံ ဒီတစ်ပုံကိုလည်း တွေ့နေရသည်။ လက်သမားတွေ ပြင်ဆင်သူတွေက နောက်အပတ်မှ အလုပ်ပြန်စမည်ဟုလည်း ငွေယုန် သိထားပါသည်။

ငွေယုန့် ကွန်ဒိုအခန်းကတော့ ဒီအတိုင်းပဲ ပိတ်ထားခဲ့ပြီး မိစံကလည်း ငွေယုန်နဲ့သာ လိုက်နေလိုသည်ဆို၍ သူ့ကိုပါ ဒီအိမ်ခေါ်လာခဲ့ပါသည်။ သို့သော် မိစံမှာ ဒီအိမ်ရောက်ရောက်ချင်းပဲ …

“မိထောတို့နဲ့ အတူဝင်အိပ်ပေါ့၊ ဟုတ်ပြီလား”

လို့ ဒေါ်ရွှေစင်ကပဲ အဆင့်အတန်း သတ်မှတ်ပေးသလိုဖြင့် နေရာပေးလိုက်သဖြင့် ငွေယုန်နဲ့ အပေါ်ထပ်မှာ လိုက်



www.burmeseclassic.com

www.burmeseclassic.com



နေခွင့် မရတော့ပါ။ သူ့ဘာသာ မျက်နှာငယ်လေးနဲ့ ဒီအိမ်ရဲ့ အိမ်ဖော်ကြီး နှစ်ယောက်ကြား ကျန်ခဲ့ရရှာသည်။ မိစံမှာလည်း မိဘမရှိ။ သူတို့မောင်နှမတွေ တစ်ပုံကြီးပေမဲ့ အားလုံးက ဒီလိုပဲ၊ ဟိုအိမ်မှာဝင်လုပ် ဒီအိမ်မှာ ဝင်လုပ်နဲ့ ကိုယ့်ဘဝ ကိုယ်ကျောင်း နေကြရသူများဖြစ်ရာ ငွေယုန့်ကိုပဲ သူ့မှာအစ်မလိုခင်ပြီး (ငွေယုန်ကလည်း သိပ်မဆူပူတတ်၊ သိပ်လည်း အနိုင်းမရက်စက်၊ ငွေယုန့်အိမ်မှာ အဖော်အဖြစ် နေလောက်ရုံသာ နေရပြီး ဘာမှသိပ်မလုပ်ရသော အချက်တွေလဲ ပါမည်) သံယောဇဉ်တွယ်လျက် ငွေယုန်နှင့် လိုက်နေမည်ဟု ပြောလာတာ ဖြစ်သည်။

ငွေယုန်က ပြောတော့ ပြောပါသေးသည်။

“ဟဲ့ … ငါတောင် ယောက္ခမအိမ် သွားနေရမှာ။ နင်လိုက်တော့ မျက်နှာပိုတောင် ငယ်ဦးမယ်”

“ဦးသိန္ဒိက သဘောကောင်းပါတယ်၊ အစ်မ ငွေယုန်ရယ်။ ဦးသိန္ဒိက မိစံလိုက်လည်း ဘာမှ တားမြစ်မှာ မဟုတ်ပါဘူး”

ဆိုပြီး ကိုကို့ကို သူကိုယ်တိုင် ဝင်ပူဆာသဖြင့် ဒီအိမ်ကို လိုက်ခွင့်ရတာ ဖြစ်သည်။ အခုတော့ တစ်ယောက်တည်း ဘယ်လိုကြုံရနေသည်တော့ မသိ။

အမှန်တော့ ငွေယုန်လည်း ကိုကို့ကို ချစ်ရလွန်းလို့သာ ဇွတ်မှိတ်ပြီး နောက်ဆုံး, ဆုံးဖြတ်ချက်ကို ချလိုက်ရတာပါ။





ဒီမိသားစုနဲ့တော့ အခုထိ အကျွမ်းတဝင် မဖြစ်သေး၊ မရင်းနှီးနိုင်သေးတာကို ငွေယုန့်ဘာသာ ခံစားလို့ ရနေပါသည်။

အခုတော့ ရောက်ရောက်ချင်းမို့ ငွေယုန့်ဘာသာ အပေါ်မှာ ကော်ဖီဖျော်သောက်ဖို့တွေ၊ ရေနွေးကြိုဖို့တွေ အသင့်မပြင်ထားနိုင်သေးသည်ဖြစ်ရာ ကော်ဖီ သောက်ချင်လျှင်တော့ အောက်ထပ်ကို ဆင်းရုံသာ။ တစ်အိမ်တည်း အတူတူနေရသည်မို့ မတွေ့ချင်၊ မဆုံချင်ပါဘူး ဆိုပြီး ရှောင်လို့မရမှန်း သိပေမဲ့ အမြဲတမ်းကြီး မိုးလင်းက မိုးချုပ် တွေ့နေတာမျိုး မဖြစ်ချင်၍ မနက်ကော်ဖီသောက်ဖို့လောက်တော့ ကိုယ့်ဘာသာ စီစဉ်မှပါ။ ထမင်းစားချိန် တွေ့ရတာ အကြောင်းမဟုတ်ဘူး။ ပြီးတော့ ငွေယုန်လည်း ဆိုင်ကို နေ့တိုင်းသွားနေမှာမို့ သူတို့နဲ့ ထမင်းစားချိန်ဆုံဖြစ်ဖို့ကလည်း တစ်ပတ်နေမှ နှစ်ခါ သုံးခါလောက်ပဲ ကြုံရင်ကြုံမှာပဲ ထင်တယ်။

ငွေယုန် အတွေးနှင့် အိမ်၏ နောက်ဆုံးဘက်အခြမ်းမှာရှိသော အိမ်တွင်းလှေကားမှပင် အောက်ထပ်သို့ တောက်လျှောက်ဆင်းလာခဲ့ပါသည်။ အပေါ်ဆုံးထပ်ကနေ အောက်ဆုံးထပ်ထိကို လှေကားလေး ခပ်လိမ်လိမ်ပုံစံ တော်တော့်ကို ကျယ်ကျယ်လုပ်ထားပြီး ဘေးက ကနုတ်ပန်းကွက် ဖော်ထားသော ပွတ်လုံးတိုင်တွေနှင့် ကာထားပါသည်။ လှေကားမှာ ဖုန်တစ်စက် မတင်အောင် ပြောင်လက်နေသည်။ အရောင်က ရွှေဝါရောင် ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တိုက်ကိုနဲ့ လကသာထပ်လိုက်ရသည်။ ငွေယုန် ဒီအိမ်ကိုရောက်တာ သုံးခါပဲ ရှိသည်။ ပထမဦးဆုံးက အမေအဖေရဲ့ anniversary မှာ တစ်ခါ။ နောက်နှစ်ခါကတော့ ငွေယုန့် အဝတ်အစား အသုံးအဆောင်တွေ ဒီအိမ်ကို သယ်ပို့စဉ်မှာဖြစ်သည်။ ဒါကြောင့် ဒီအိမ်အကြီးကြီးကို ဘယ်နေရာမှာ ဘယ်လိုဆိုတာ ငွေယုန် အသေးစိတ် မသိသေးပါ။ အခုမှသာ စတင်ကြည့်မိတာဖြစ်သည်။

ငွေယုန် ဆင်းလာတော့ အိမ်ကြီးတစ်အိမ်လုံး တိတ်ဆိတ်နေသည်။ အောက်ဆုံးထပ်မှာ ဦးအောင်နဲ့ ဒေါ်ရွှေစင့် အခန်း၊ အိမ်ဖြူ အခန်းတို့ရှိပြီး၊ အလယ်ထပ်ကိုတော့ ကိုကုရှေနှင့် ကိုဝဠာတို့ အခန်းတွေ ပြင်ဆင်ပေးထားသည်ဟု သိထားပါသည်။ ကိုကုရှေနှင့် ကိုဝဠာတို့က အခုနောက်ပိုင်း အိမ်သိပ်မကပ်တော့ပေမဲ့ ဒီနေ့တော့ သူတို့ ရှိနေပါသည်။ ညက dinner ပြီးတော့ အားလုံးအတူတူ ကားတွေ ရှေ့ဆင့် နောက်ဆင့် ပြန်လာကြတာဖြစ်သည်။

အိမ်စေမျာ: နေဖို့ကိုတော့ အောက်ဆုံးထပ်ရဲ့ မီးဖိုချောင်နောက် မြေကွက်လပ်မှာပင် အိမ်မကြီးနှင့် တစ်ဆက်တည်း ကူးသန်းလို့ရအောင် တိုက်ခန်းတွဲလေး ဆောက်ပေးထားသည်။ သူတို့ပြောတော့ လေးခန်းတောင် ရှိသည်ဟု သိထားသည်။ မိစံကတော့ တစ်ခန်းသီးသန့် နေရပေမဲ့ ဘယ်အခန်းရသလဲဆိုတာပင် ငွေယုန် မမေးရသေး။





မီးဖိုချောင်ထဲမှာ ဘယ်သူမှ မတွေ့ပေမဲ့ လေချွန်သံပေးသော ရေနွေးအိုးကတော့ မီးဖိုပေါ်မှာ တရှိုရှိုစမြည်နေတာ တွေ့ရသည်။ မီးဖိုချောင်မှ လူရိပ်မြင်၍ထင့်။ အိမ်ဖော်တွေအခန်းဘက်မှ ဒီဘက်ကူးလာသံ ကြားရပါသည်။

"ဟယ် ... မိစံ"

"အစ်မငွေယုန် ပါလား"

မိစံလည်း ငွေယုန် အကျင့်လုပ်ပေးထား၍ စောစောနီးတတ်မှန်း ခုမှ ငွေယုန် သတိရသွားသည်။

"ရေနွေးအိုး နင် တည်ထားတာလား"

"ဟုတ်တယ်"

"ဟယ် ... သူတို့ကို မေးရဲ့လား"

"မေးတာ မဟုတ်ဘူး။ ဒေါ်သိန်း ဆိုတဲ့ အဒေါ်ကြီးက ညကတည်းက မှာတယ်၊ ဘယ်သူနိုးနိုး အရင်နိုးတဲ့လူ ရေနွေးအိုး တည်ထားတဲ့"

"အေး ... ဒါဖြင့်လည်း ပြီးရော။ မေးပြီးမှ လုပ်နော်၊ ကိုယ်က အခုမှ အသစ်လာတာ၊ သူတို့မကြိုက်ရင် အပြောခံနေရမယ်။ နင် နေရတဲ့အခန်းက ဘယ်အခန်းလဲ"

"ဒေါ်သိန်း အခန်းဘေးမှာ"

"နေလို့ကောင်းရဲ့လား"

"ကောင်းပါတယ်၊ မွေ့ရာနဲ့ ခုတင်နဲ့ ပေးထားပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... နင် နေကြည့်ပေါ့။ မပျော်ရင်လည်း ငါ့ကိုပြော စိတ်မပူနဲ့၊ နင့်ကိုတော့ ပြန်မလွှတ်ဘူး။ မလတ်ဆီ သွားပို့ပေးမယ်"

"အစ်မကြေးမုံ ဆီမှာ ကလေးတွေရှိတယ်၊ သူ့ကလေးတွေက သိပ်ဆော့တာပဲ၊ မိစံ, မနိုင်ဘူး"

"အေးနော် ... ညကပွဲမှာ ဘယ်ကလေးမှ ဖန်ခွက်မကွဲဘူး၊ သူ့ကလေးတွေပဲဖြစ်တော့ လူကဲ့ရဲ့စရာကြီးပေါ့၊ ငါဖြင့် ရှက်လိုက်တာ။ ဒီဘက်က, ကလေးတွေက ဆော့တော့ ဆော့ပေမဲ့ ညှော်ခံပွဲကျ ဟန်လေးနဲ့ နေတတ်လိုက်တာ ငေးတောင်ယူရတယ်"

ကော်ဖီခွက်ထဲ ကော်ဖီမှုန့်တစ်ဇွန်းထည့်၊ သကြားခဲထည့်ပြီးမှ Lipton Tea bag တစ်ထုပ်ထည့်၍ နို့ဆီနည်းနည်းနဲ့ ဖျော်သော ငွေယုန့်နား မိစံ့ထိုင်ရင်း ...

"မိစံ ဘာစားရမှာလဲ မသိဘူးနော်"

ဟု ပြောလေသည်။

မိစံက စ,ရောက်ကတည်းက ငွေယုန် ကော်ဖီတို့ လက်ဖက်ရည်တို့ ဖျော်တိုက်ပေမဲ့ မသောက်တတ်ချေ။ သို့သော် ဆိုင်က လက်ဖက်ရည်တော့ ကြိုက်သဖြင့် ငွေယုန်နဲ့ နေစဉ်ကတော့ မနက်ဆို မနက်စာ မုန့်စားဖို့ ထွက်ဝယ်ရင်း သူ့ဘာသာ လက်ဖက်ရည် ဝယ်လာပြီး သောက်တတ်ပါသည်။





လက်ဖက်ရည်ဆိုင်ဖျော်ကိုသာ ကြိုက်ရှာသော မိစံသည် ဒီလို သူဌေးရပ်ကွက်ကြီးမှာကျတော့ လမ်းလျှောက်ထွက်သွားပြီး ဝယ်ချင်လည်း ဝယ်လို့မရ။ လမ်းထိပ်မှာ ဆိုင်တွေတော့ တွေ့ပေမဲ့ အဝေးကြီး ဖြစ်နေသည်။

"ငါ ဖျော်ထားတာမျိုးပဲ သောက်လိုက်ပါလား မိစံရယ်၊ နင့် ဆိုင်ဖျော်လက်ဖက်ရည် သောက်ဖို့က မဖြစ်နိုင်ဘူး။ လမ်းလျှောက်သွားရင် အဝေးကြီး"

"အစ်မငွေယုန်က ကော်ဖီမှုန့်ရော လက်ဖက်ခြောက်ထုပ်ရော နှစ်မျိုးရောဖျော်တာ မကြိုက်ဘူး။ ဘယ်လိုအရသာမှန်း မသိဘူး"

"ဒါဖြင့် လက်ဖက်ခြောက်ထုပ်ချည်းပဲ နင့်ဆိုင်ကဖျော်သလို နို့ဆီများများနဲ့ ဖျော်သောက်လေဟယ်"

"မိစံ ... အရင်က သောက်ကြည့်ဖူးသားပဲ။ အဲဒါက ပေါ့ရွတ်ရွတ်နဲ့ မလေးဘူး။ ဆိုင်မှာ လက်ဖက်ခြောက်အိုးက အကျအန နှပ်ထားတော့ ပိုသောက်လို့ ကောင်းတယ်"

"အမယ်လေး ... လက်ဖက်ရည်ချိုးကပ်မရယ်၊ ဒါဆိုလည်း အပင်ပန်းခံနိုင်ရင် နင့်ဘာသာ လမ်းလျှောက်ထွက်သွားပြီး သွားဝယ်သောက်"

ထိုသို့ ပြောနေစဉ် ဒေါ်ရွှေစင် မီးဖိုထဲဝင်လာပြီး နားစွန်နားဖျား ကြားသွားသဖြင့် ...

www.burmeseclassic.com



"ကလေးမလေး ဘယ်သွားချင်လို့လဲ ငွေယုန်။ သွားရ
ပြောလေ။ ဒီအိမ်မှာ အလုပ်သမားရယ် ဘယ်သူ ဘယ်ဝါ
မခွဲခြားပါဘူး။ သွားချင်ရင် ကားကြုံရင် ခေါ်သွားပါတယ်"

"မဟုတ်ဘူး မေမေ၊ သူက ဆိုင်ကလက်ဖက်ရည်သော
ချင်တာပါ။ ဒီကနေ့ လမ်းထိပ်ထွက်ဖို့ လမ်းအကြာကြီး
လျှောက်ရမယ်လို့ ပြောတာပါ"

"စက်ဘီး နင်းတတ်လား"

မိခံ မျက်လုံးဝိုင်းပြီး မဖြေရဲသလို နေသည်။ သူ
အလိုလိုနေရင်း ဒေါ်ရွှေစင့်ကို ရှိန်ကာ စကားမပြောရဲတာဖြစ်
ကြောင်း ငွေယုန် ရိပ်မိပါသည်။

"သူ မနင်းတတ်ဘူး မေမေ"

"သြော် ... နင်းတတ်ရင်လည်း ကောင်းသား။ ဒီအိမ်က
မိထောဆို နင်းတတ်တော့ သူ လမ်းထိပ်ထွက် ဝယ်စရာ
ရှိ စက်ဘီးနဲ့ သွားတတ်တယ်၊ စက်ဘီးလေးတွေကတော့
စန္ဒရာတို့ အိန္ဒြေတို့ အရင်က အပျော်စီးတဲ့ ဘီးတွေပါ၊
အခုတော့ သူတို့ စက်ဘီးကိုစီးဖို့ ဝါသနာမပါတော့ပြန်
တာနဲ့ ချောင်ထိုးထားတယ်လေ"

ဒေါ်ရွှေစင်သည် အပြင်ပန်းသာ ရယ်ပြုံးပြီး သဘော
ကောင်းနေဟန်ဆောင်ပြောရပေမဲ့ စိတ်ထဲမှာတော့ သိပ်မကျေနပ်
လှ။ ငါတို့မရှိတုန်း သူ့လူယုံကို ဘာတွေ ကျိတ်သင်နေလဲ မသိ





ဘူး။ တိုးတိုး တိုးတိုးနဲ့။ သူတို့ခိုင်းရင် သိပ်မလုပ်ပေးနဲ့ ဆိုတာ
မျိုး။ ငါ့ကွယ်ရာမှာ ငါ့အကြောင်း သူတို့ ဘာပြောကြသလဲ နား
ထောင်ထား ဆိုတာမျိုးတွေလည်း ဖြစ်ရင်ဖြစ်နိုင်တယ်။ ဒါကြောင့်
စန္ဒရာတို့ အိန္ဒြာတို့ကတောင် ပြောသေး။

"ဒီအိမ်မှာ ဒေါ်သိန်းနဲ့ မိထော လုပ်တာနဲ့တင် ဘာမှ
လုပ်စရာမရှိတာကို သူ့ကောင်မလေး ဘာလို့ခေါ်လာဦး
မှာလဲ။ တော်ပြန်ပို့လိုက်ပေါ့"

တဲ့လေ။ ဒေါ်ရွှေစင်ကတော့ သားကြီး ပြန်ပြောတာ
ကိုပဲ သနားနေတာမို့ ...

"သူ့ကောင်မလေးက မိဘမရှိတော့ဘူး။ ညီအစ်ကိုမောင်နှမ
တွေ အကုန်လုံး ဒီလိုပဲ ဟိုအိမ်ပို့ခံရ ဒီအိမ်ပို့ခံရနဲ့ အဖေ့
ညီဆိုလား အဲဒီလူက ပွဲခယူပြီး ပို့ပစ်တာ၊ နောက် ပြန်ပို့
ချင်တယ်လည်း ဆိုရော အဲဒီလူကို ရှာမတွေ့ဘူးလို့ ပြော
တယ်တဲ့။ ဒါနဲ့ ကလေးမလေးလည်း ပြန်စရာမရှိဖြစ်နေ
တယ်တဲ့"

"အိမ်ဖော်ပွဲစားဆိုက ခေါ်တာမဟုတ်ဘူးပေါ့"

"မဟုတ်ဘူး ပြောတယ်"

"ဟင် ... ဒါဆို ဘယ်လွယ်မလဲ၊ ကိုယ်က ဒီကလေးမကို
တစ်သက်လုံးကြီး တာဝန်ယူရမဲ့သဘော ဖြစ်နေတာပေါ့။
အခု ငွေယုန် အိမ်ထောင်ကျပြီး ယောကျ်ားအိမ် လိုက်နေ



www.burmeseclassic.com

www.burmeseclassic.com



တာတောင် တတန်းတန်း ပါနေပြီပေါ့။ ကြည့်လည်း လက်ခံဦး မေမေ။ ငွေယုန်က သူ့လူယုံကိုပါ အိမ်ထဲထည့်ချင်လို့ လုပ်ကြံပြောတာ၊ ကိုကြီးကို ယုံအောင်ပြောတာဆို မေမေ ဘယ်လိုလုပ် အမှန်သိမလဲ"

ဒေါ်ရွှေစင်ကတော့ သားကြီး ဒီကိစ္စလေးလောက်နဲ့ စိတ်အနှောင့်အယှက် မဖြစ်စေချင်တာမို့ ခေါ်လာရင်လည်း ခေါ်လာပါစေ၊ ကိုယ်လည်း ခိုင်းဖို့အဖော်တစ်ယောက် အလကားနေရင်း အပိုရတာပေါ့ဟု သဘောထားခဲ့ပါသည်။ ခုကျ မနက်စောစောထပြီး ဘာတွေသင်ပေးနေမှန်း မသိဘူးဟု သံသယဖြစ်မိလျှင် စိတ်က တယ်လိုမှ ကြည်လင်၍ မရတော့။

"မေမေတို့ ဒီနေ့ ဘယ်အချိန်လောက် ဟင်းချက်ကြမှာလဲ ဟင်"

"ဒေါ်သိန်း နိုးရင် ဈေးဝယ်လွှတ်လိုက်တယ်၊ အိန္ဒြာလိုက်ဝယ်တာ များတယ်၊ ဒါပေမဲ့ ဒီနေ့လိုမျိုး ညကပွဲရှိတော့ နောက်ကျမှ အိပ်ရာဝင်ရရင် အိန္ဒြာက မနိုးတော့၊ ဒေါ်သိန်းပဲ ဝယ်စရာ စာရင်းရေးပေးပြီး ဈေးလွှတ်တယ်။ ဝယ်စရာရယ်လို့ကလည်း ဟင်းသီးဟင်းရွက်ဆို လတ်လတ်ဆတ်ဆတ် စားချင်လို့ ဝယ်တာမျိုးလောက်ပါ၊ များသောအားဖြင့် အသားငါးတွေကို freezer ထဲ ထည့်သိမ်းထားတော့ ဈေးဝယ်စရာ သိပ်မလိုသလောက်ပါပဲ၊ ဒေါ်သိန်း ဈေးသွားရင်





မိစံ လိုက်ချင်ရင် လိုက်သွားလေ၊ အသွားတော့ ခြေကျင်။ အပြန်မှ ဈေးကဆိုက်ကားငှားပြန် လုပ်ရင်ရတယ်"

"ဟင်းချက်ကြမယ်ဆိုရင် ငွေယုန်လည်း ဝင်ကူလုပ်ပေးမယ်လေ"

"ငွေယုန် ကူချင်ရင်လည်းကူပါ၊ ရပါတယ်၊ မကူဘဲလည်း နေလို့ရတယ်နော်။ တကူးတကကြီးတော့ ဝင်မကူပါနဲ့။ ရပါတယ်။ ညနေလည်း ခရီးထွက်ဖို့ ပြင်ဆင်ရဦးမှာ မဟုတ်လား"

ကိုကိုနဲ့ ငွေယုန်က ဒီညနေကစပြီး ဟန်းနီးမွန်းအဖြစ် အထက်မြန်မာပြည် ဘုရားဖူးဖို့ စီစဉ်ပြီးနေပါသည်။ ကိုကို့ 4WD ကို ကိုကို ကိုယ်တိုင်မောင်းကာ နှစ်ယောက်တည်း ခရီးထွက်ရမည့် အဖြစ်ကို ငွေယုန်လည်း ပျော်ရွှင်တက်ကြွနေသည်။ အထက်မြန်မာပြည် ဆိုပေမဲ့ ဖြစ်နိုင်ချေက မန္တလေးတစ်ဝိုက်လောက်ပဲ သွားဖြစ်ဖို့များသည်။ ဒါတောင် အေးအေးဆေးဆေး မောင်းသွားပြီး လည်ပတ်မှာမို့ တစ်ပတ် အချိန်ယူရမည်။ ဒီ့ထက် ပိုကြာလို့တော့ မဖြစ်။ ကိုကိုက ကုမ္ပဏီကြီးတစ်ခုလုံးကို ဦးစီးနေရသူဖြစ်ရာ ကြာကြာခရီးထွက်၍ မရပါဟူ၍ ကြိုပြောထားပါသည်။ ဘယ်လိုပဲ သွားရ သွားရ ကိုယ့်ချစ်သူနဲ့ နှစ်ယောက်တည်း လက်ထပ်ပြီးခါစမှာ သွားခွင့်ရမည့် ခရီးကို ငွေယုန် ကျေနပ်ပီတိ ဖြစ်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မေမေ ဒေါ်ရွှေစင်လည်း ရင်သားရှိ အကျိုက်
ရော ရင်သားတစ်ဖက်လုံးကိုရော လှီးပစ်ပြီး ဆေးသောက်နေသည့်
အခါ တော်တော်လေး သက်သာနေချိန်မှာ ငွေယုန်တို့ လက်ထပ်
မင်္ဂလာဆွမ်းကျွေးပြုကြ၊ မင်္ဂလာညစာစားပွဲလုပ်ကြဖြင့် ချက်ချင်း
ပြီးအောင် စီစဉ်ခဲ့တာမျိုးလည်း ဖြစ်သည်။

ငွေယုန့်ကို ကိုကိုက သူ့အမေရဲ့အမေ သူ့အဘွား
လက်စွပ်ကို ဝတ်ပေးပြီး ...

"မေမေကိုယ်တိုင် လိုလိုလားလားနဲ့ ဒီသူ့အမေလက်စွပ်
ကို ထုတ်ပေးပြီး မင်္ဂလာလက်ဖွဲ့ပေးတာပါ ငွေယုန်ရယ်
ကိုယ်တို့ လက်ထပ်ကြပါစို့နော်"

လို့ ခွင့်တောင်းခဲ့စဉ်က ငွေယုန် တော်တော်လေး
ကျေနပ်သွားခဲ့ပါသည်။ သူတို့ မျိုးရိုးစဉ်ဆက် ထိန်းသိမ်းလာခဲ့
သော အမွေကိုတောင် ပေးပြီး သဘောတူသည်ဆိုသော အချက်
က ငွေယုန့်ကို အရည်ပျော်စေခဲ့လေသည်။ အဲဒါကြောင့်လည်း
ကိုကို့ကို လက်ထပ်ဖို့ ခပ်မြန်မြန်ပဲ ဆုံးဖြတ်နိုင်သွားတာ ဖြစ်
သည်။

ငွေယုန့် အစ်မကတော့ ...

"သူတို့အိမ် လိုက်နေရလည်း ဘာဖြစ်လဲဟယ်၊ ကိုယ်နေ
တတ်ရင် ရပါတယ်။ ပြီးတော့ အပေါ်ထပ် အောက်ထပ်
တွေ ခွဲထားပြီး နေရတာပဲ အဆင်ပြေမှာပါ"





ဟု ငွေယုန့်ကို အားပေးသလို ဖြူဖြူကလည်း ...
"နှင့်ဘက်မှာ ကိုသိဒ္ဓိအောင် ရှိရင် ပြီးပြီ။ ကိုယ့်လူကိုယ်
ပိုင်အောင်သာ လုပ်ပေတော့"

ဟူ၍ အကြံပေးသေးသည်။

"နင် ပြောတော့ ကိုသိဒ္ဓိအောင်ကလည်း အဖေ အမေတွေ
မောင်နှမတွေကို သိတတ်နေတယ်ဆို ငါက ဘယ်လိုလုပ်
ပိုင်အောင်လုပ်ရမလဲ ဖြူဖြူရဲ့"

"ဟယ် ... ငါကြားဖူးတာတော့ အိမ်ထောင်ကျပြီးပြီးချင်း
တစ်နှစ်လောက်မှာ ယောကျ်ားတွေဟာ သူတို့ လူပျိုတုန်း
က နေခဲ့သလို အကျင့်ပါပြီး အကျင့်ကို မဖျောက်နိုင်သေး
ဘဲ လည်တုန်း ပတ်တုန်း အပေါင်းအသင်း မင်တုန်းတဲ့။
အဲဒီအချိန်မှာ ကိုယ်က အလိမ္မာလေးနဲ့ ခွင့်ပြုတဲ့အခါ ခွင့်
ပြုလိုက်၊ ခွင့်မပြုသင့်ဘူးထင်ရင် ခွင့်မပြုဘဲ နေလိုက်နဲ့
သူ့ဘက် 50% ကိုယ့်ဘက် 50% အပေးအယူလုပ်ပြီး နေရ
သတဲ့ ...

အဲ ... နှစ်နှစ်ကြာလာပြီ ဆိုရင်တော့ သူ့ကို ခြေ
နည်းနည်း ငြိမ်လာအောင် ကိုယ်က ကြိုးစားလာတတ်ရ
မယ်။ ကိုယ့်ဘက်ပါလာအောင် ဘယ်လိုလုပ်ရမလဲ ဆိုတာ
ကို သိလာရမယ်တဲ့၊ အိမ်ထောင်သက် သုံးနှစ်မှာမှ သူက
ကိုယ့်ဘက်မပါရင်တော့ သေချာပြီ၊ သူဟာ တစ်သက်လုံး



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဘက် အမြဲပါမဲ့ ယောကျ်ား မဟုတ်ဘူး၊ ကိုယ့် နားထောင်မဲ့ ယောကျ်ားမဟုတ်ဘူးတဲ့၊ အဲဒါဟာ ယော ကို ထိန်းသိမ်းနိုင်တဲ့မိန်းမရဲ့ အရည်အချင်းနဲ့ပဲ ဆိုင်တယ်

ဖြူဖြူက ဆရာမကြီးလုပ်ပြီး ဩဝါဒချွေ ငွေယုန်ပင် အူတက်မတတ် ရယ်မိသေးသည်။

"နင်က အပျိုကြီး လုပ်နေပြီး အိမ်ထောင်ရေးအကြော တယ်သိနေပါလား ဖြူဖြူရယ်"

"အသက်နှစ်ဆယ့်ငါးနှစ်ဟာ အပျိုကြီး မဟုတ်သေးပါဘူ ငါ့အဒေါ်တွေဆို သုံးဆယ့်ငါးကျမှ ယူတဲ့သူနဲ့ သုံးဆ ရှစ်မှ ယူတဲ့သူနဲ့၊ ငါတို့က မျိုးရိုးလိုက်ပြီး နောက်ကျ အိမ်ထောင်ကျတဲ့ အကျင့် ရှိတယ်ဟဲ့။ အိမ်ထောင်ရေ အကြောင်း သိပ်သိလို့ရယ် မဟုတ်ပါဘူး။ ငါ ခုနပြောတာ စာအုပ်တွေထဲမှာရေးတာ တွေ့ဖူးပြီး နင့်ကို ပြန်ပြောတာ"

အင်း ... ဖြူဖြူ့စကား ပြန်ကြားယောင်နေမိတာ ကိုကိုရော နောင်သုံးနှစ်ကြာရင် ငါ့ဘက်ပါမဲ့ လင်ယောကျ်ား ဖြစ်ပါ့မလားလို့ တွေးပူချင်စရာပဲ။ ခုတော့ အိမ်ထောင်သက်က တစ်ရက်ပဲ ရှိသေးတာမို့။

"ဟောဗျာ ... အပေါ်မှာ ရှာမတွေ့လို့ ဘယ်ရောက်သွား ပါလိမ့် ထင်နေတာ။ သူက ဒီမှာ ကော်ဖီနဲ့ လာစိမ်ကျ နေတာကိုး"





"ငွေယုန်က အစောကြီး နိုးတတ်တယ်လေ၊ ကော်ဖီလည်း သောက်ချင်တာနဲ့"

"ကော်ဖီနဲ့ လက်ဖက်ခြောက်ထုပ်နဲ့ ရောဖျော်တဲ့ ကပြား ကော်ဖီကြီးကွာ"

"ရှစ်နာရီပဲ ရှိသေးတယ်၊ ကိုကို နိုးလာပါလား"

"ခေါင်းကိုက်ပြီး နိုးလာတာ"

"ညက သူများလာတိုက်တာ တစ်ခွက် တစ်ခွက်နဲ့ နည်း တာ မဟုတ်ဘူး"

ညက Dinner မှာ မိတ်ဆွေတွေနဲ့ သောက်လိုက်၊ ာခြားမောင်နှမဝမ်းကွဲတွေနဲ့ သောက်လိုက် ဖြစ်နေသော ကိုကို့ ကိုကြည့်ပြီး ငွေယုန် စိတ်ပူနေခဲ့ရသည်။ ကိုကိုက မူးနေပေမဲ့ ာန်လည်းမပျက်။ စကားသာများလျက် စိတ်ကလည်း ပုံမှန်ထက် ငင် နူးညံ့နေတတ်သော ယောကျ်ားတစ်ယောက် ဖြစ်ကြောင်း ငွေယုန် သိသွားပါသည်။ ကိုကို အရက်မူးတာကို ငွေယုန် ကြုံရ တာ ဒါ ပထမဦးဆုံး အကြိမ်ပဲ ဖြစ်သည်။ သူ သောက်တတ်မှန်း သိပေမဲ့ အမြဲတမ်းကြီးသောက်တာ မဟုတ်ကြောင်းလည်း ငွေယုန့် ကို အရင်ထဲက ပြောထားဖူး၍ သိထားပါသည်။

"ခေါင်းကိုက်တယ်ကွာ၊ လုပ်ပါဦး၊ နားထင်ကို နှိပ်ပေးပါ ဦး"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ရွှေစင် မီးဖိုခန်းထဲ ပြန်ဝင်လာသောအခါ သို့

ပြောတာ ကြားသွားပြီး ...

"သားကြီး အကိုက်အခဲပျောက်ဆေး ယူသောက်လိုက်ဆေး

အဲဒီလို အော်နေလို့ ရမလား"

"ငွေယုန် ယူပေးမယ်၊ ဘယ်မှာလဲဆေး"

"ထမင်းစားခန်းထဲမှာ နံရံကပ် ဗီရိုလေးတွေ ရှိတယ်

မဟုတ်လား။ အဲဒီထဲက ဗီရိုတစ်ကန့်မှာ အိမ်သုံးဆေး

ပုလင်းတွေချည်း သီးသန့်ထားထားတယ် ငွေယုန်"

"ဘာဆေး သောက်မှာလဲ"

ဒေါ်ရွှေစင် မနေသာတော့ဘဲ ...

"အယ်နယ်လ်ဂျက်ဆင် ယူပေးလိုက်ပါ ငွေယုန်၊ သားကြီး

က ပါရာနဲ့ မရဘူး"

ငွေယုန်သည် နောက်ဆို ငါတို့ဘာသာ အပေါ်ထပ်မှာ အိမ်သုံးဆေး သီးသန့်ဝယ်ထားမှပါလို့ တွေးလိုက်ပါသည်။ အောက်ထပ်ဆင်းလာမိတော့ ကိုယ့်ဘာသာ နှစ်ယောက်တည်း ပြောချင် ဆိုချင်တာ မပြောရ။ ဒေါ်ရွှေစင်က အနားလာထိုင်ပြီး သူ့သားသူ နှိပ်ပေးနေသဖြင့် ငွေယုန် ဖယ်ပေးလိုက်ရသည်။

အိန္ဒြာ နိုးလာတော့လည်း ...

"ကိုကြီး ... အိန္ဒြာ ဖက်ကြောကို ပရုတ်ဆီနဲ့ ဆွဲပေးမယ်

နော်"





ပြောပြီး သူ့အစ်ကို့ကို သေသေချာချာ ဖက်ကြော ဆွဲ ပရုတ်ဆီလိမ်းပေးနှင့် ဝိုင်းဂရုစိုက်နေကြသောအခါ ငွေယုန် မှာ ဘေးရောက်သွားရပါသည်။ နောက်ဆို ကိုကို ခေါင်းကိုက်ရင် ပဲဖြစ်ဖြစ်၊ နေမကောင်းဖြစ်ရင်ပဲဖြစ်ဖြစ် ဘယ်တော့မှ အောက်ထပ် ဆင်းမလာစေရ၊ အောက်ထပ်က အမေတွေ နှမတွေ မပြုစုစေရ။ ကိုကုဋေ နိုးလာပြီး ...

"ကော်ဖီကြမ်းမှာ . သံပရာသီး ညှစ်လာပြီးပြီ၊ ကိုကြီး

သောက်လိုက်"

ဆိုကာ ကော်ဖီဖျော်တိုက်ခံရတာမျိုး မဖြစ်စေရ။ ကိုဝဍ္ဍာဆိုက ...

"ကိုကြီး ခေါင်းကိုက်နေရင် အေးအေးပဲ အောက်မှာလှဲနေ၊

ဝဍ္ဍာ ကိုကြီးရဲ့ အဝတ်အစားတွေ luggage ထဲ ထည့်ပေး

မယ်၊ ညနေကျ ကားမောင်းပြီး ခရီးထွက်ရဦးမှာ"

ဟူ၍ ကြိုပြောခံလိုက်ရတာမျိုး မရှိစေရ။ မိန်းမဖြစ် သူက ဘေးရောက်နေပြီး ညီတွေ ညီမတွေရဲ့ ဂရုစိုက်ခံ အစ်ကို ကြီးလည်း မဖြစ်စေရ စသဖြင့် ငွေယုန်သည် တစ်ချက်ချင်းပဲ သင်ခန်းစာရသလို မှတ်သားထားလိုက်တော့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၄

ဟန်းနီးမွန်း ခရီးသည် ငွေယုန့် ဘဝအတွက် မမေ့နိုင်သော ခရီးတစ်ခု ဖြစ်ခဲ့ပါသည်။ စစ်ကိုင်းဘက်ရောက်တော့ ငွေယုန့် ဖေဖေ ဦးပဥ္ဇင်းကြီးထံလည်း ဝင်ခဲ့သေးသည်။ ဦးပဥ္ဇင်းကြီးကလည်း ကိုကို့ကို အခုမှသာ တွေ့ဖူးရတာဖြစ်သည်။ ငွေယုန် လက်ထပ်တော့မဲ့အကြောင်း အစ်မလတ်ကပဲ ဦးပဥ္ဇင်းကြီးဆီ စာရေး ဓာတ်ပုံပို့ အကြောင်းကြားခဲ့ပေမဲ့ ...

"သံယောဇဉ်တွေ့အကုန်ဖြတ်ပြီး တရားရှာနေတဲ့ ရဟန်းတစ်ပါး ဖြစ်နေပြီမို့ သားသမီး အရေးကိစ္စတွေမှာ ဝင်မပါလိုတော့ပါဘူး။ မင်္ဂလာပွဲကိုလည်း လာစရာအကြောင်း မရှိပါဘူး"

ဟူသော သဘောမျိုးပါသည့် စာတစ်စောင်ကိုသာ ခပ်တိုတို ပြန်ရေးပို့သော ဖခင်ဦးပဥ္ဇင်းဆီ ဝင်တွေ့ရသောအခါ





ငွေယုန် တစ်ယောက်ကား အသည်းမမာပါ။ မျက်ရည်ကျရင်း မိခင်ကိုပါ သတိရမိသေးသည်။

အဲဒီလို ခဏတာ ဝမ်းနည်းကြေကွဲမှု ဖြစ်ခဲ့ရတာက လွဲရင် ငွေယုန်ရဲ့ ဟန်းနီးမွန်း ခရီးကတော့ ပျော်စရာအတိနှင့် သာယာပြည့်စုံခဲ့ပါသည်ဟု ပြောနိုင်ပါသည်။

ဆွေမျိုးညီအစ်ကို မောင်နှမ မိတ်ဆွေများအတွက် လက်ဆောင်များဖြင့်ဝယ်ပြီး ပြန်လာသောအခါ ရန်ကုန်ထဲဝင်တော့ ညနေပင် စောင်းနေပြီ။

ကိုကိုကတော့ အိမ်ပဲ မြန်မြန် ရောက်ချင်ဇောဖြင့် ကားကို မြန်မြန်မောင်းနေတော့သည်။

"အိမ်ရောက်တော့မှာပါ ကိုကိုရဲ့။ ကားဖြည်းဖြည်းမောင်းပါ"

"ကိုယ့်စိတ်က ဒီလိုပဲ၊ အိမ်ရောက်ခါနီးလေ အိမ်ကို မြန်မြန်ရောက်ချင်လေပဲ။ ပြီးတော့ ကိုယ် မေမေ့ကို သိပ်သတိရပြီး စိတ်ပူနေတယ်"

လမ်းခရီးတစ်လျှောက် ဘာမှပြောသံ မကြားပေမဲ့ တစ်နေရာမှာ ခဏနားတိုင်း တယ်လီဖုန်းရှာကာ အိမ်ကို ဖုန်းပြန်ဆက်နေတတ်သော ကိုကို့ကိုတော့ ငွေယုန် သတိထားမိခဲ့သည်။ အလုပ်ကိစ္စတွေ လုမ်းလုမ်းမှာသလားလို့ ငွေယုန်က ခပ်ပေါ့ပေါ့ပဲ တွေးခဲ့လေသည်။ အိမ်က အမေ့ကျန်းမာရေးကို မေးသလား



www.burmeseclassic.com

www.burmeseclassic.com



မမေးဘူးလား ငွေယုန် မသိခဲ့ပါ။ ငွေယုန် မမေးဖြစ်တာကလည်း ငွေယုန်တို့ ထွက်လာတုန်းက အကောင်းကြီး ဖြစ်နေသဖြင့်၊ အားလုံးကိုလည်း ဟန်းနီးမွန်း သွားမည်ဟု ကြေညာပြီး ထွက်လာသဖြင့် ဘာကိုမှ စိတ်ထဲမှာ မထည့်ခဲ့တာပင်။ ငွေယုန့်ဆိုင်ကိုလည်း စိတ်ချရသော ဝန်ထမ်းကောင်မလေးကိုပင် supervisor ရာထူး ချက်ချင်းတိုးပေးပြီး ထားပစ်ခဲ့တဲ့အထိ ငွေယုန်က စိတ်ထဲမှာ ဘာမှ မထည့်ခဲ့ပါ။ ကိုကိုကတော့ ...။ အင်း ...။ သူ့မိသားစုကို ဘယ်ရောက်ရောက် သတိရနေမဲ့လူစား ပဲ။ သူ့မိသားစုရဲ့ မှီခိုအားထားရာ ဒီလုပ်ငန်းကြီးကို ဘယ်တော့မှ ခေါင်းထဲက မထုတ်မဲ့လူစားပဲ။

"ကိုယ် အိမ်ကိုပြန်ဖုန်းဆက်တိုင်း မေမေ လာမပြောဘူးကွ။ ဖေဖေ့ကို တွေ့လိုက်၊ ကျန်တဲ့သူတွေ တွေ့လိုက်နဲ့၊ မေမေ ရောမေးရင် နေကောင်းပါတယ်၊ အိပ်နေတယ်တို့၊ စန္ဒရာ လာခေါ်လို့ ထွက်သွားတယ်တို့။ ဆရာဝန်နဲ့ ရက်ချိန်းယူထားတဲ့နေ့မို့ သွားပြတယ်တို့၊ အဲဒီလို ကြားရတော့ ကိုယ့်ကို မေမေ့ အခြေအနေ မသိစေချင်လို့ လိမ်နေကြတယ်ထင်ပြီး စိတ်ပူလာမိတယ်။ ငွေယုန် ပျော်နေတာမြင်လို့ ကိုယ်အနှောင့်အယှက် မပေးချင်တာနဲ့ မပြောတာပါ။ တကယ်တော့ ကိုယ် စိတ်ထဲမှာ တွေးပူနေရတာမို့ သိပ်တောင် မပျော်ဘူး"





ငွေယုန်သည် ရင်ထဲမှာ ဟာခနဲ ဖြစ်သွားပါသည်။ သူနဲ့ကိုယ် စိတ်တူကိုယ်တူ ပျော်နေမယ်ထင်တာ။ သူကမပျော်နိုင်ပါဘူး။ အမေကို စိတ်ပူနေပါတယ် ပြောလာသောအခါ ပြီးခဲ့တဲ့ တစ်ပတ်လုံး ငွေယုန် ပျော်နေခဲ့ရတာတွေပင် ပျောက်ဆုံးသွားသလိုပဲ ခံစားလိုက်ရသည်။

"ကိုယ့် မေမေ သေသွားရင်တောင် ကိုယ့်လက်ပေါ်မှာပဲ သေတာ မြင်ချင်တယ်"

"ကဲပါ ... ကဲပါ ... တော်ပါတော့၊ အိမ်ပဲ ရောက်တော့မယ်၊ အဲဒီလောက် အဖြစ်သည်းမနေပါနဲ့၊ ဒါဆိုလည်း ဒီဟန်းနီးမွန်းကို ဘာလို့ သွားသေးလဲ၊ မသွားဘဲ အဲဒီအိမ်ထဲမှာပဲ ကုပ်ကပ်နေလိုက်ပါလား"

"ငွေယုန် ပျော်စေချင်လို့လေ"

"ဟုတ်တယ်၊ ငွေယုန်တော့ သိပ်ပျော်ခဲ့တယ်၊ ငွေယုန့်စိတ်ထဲမှာ ဘာပူပင်သောကမှ မရှိတာမို့ ထည့်လည်း ထည့်မထားတာမို့ ပျော်ရပါတယ်ရှင်၊ ကဲ ... ကျေနပ်ပြီလား"

"ကိုယ် ပျော်တော့ပျော်တယ်၊ မေမေ့ကို စိတ်ပူတာ တစ်ဝက်မို့ မပျော်ဘူးဆိုတာမျိုးလည်း ရှိတယ်လို့ ဝန်ခံတာကို ငွေယုန် အပြစ်မထင်ပါနဲ့။ ကိုယ် ရင်ထဲမှာ ရှိတဲ့အတိုင်း ငွေယုန့်ကို အသိပေးတာပါ"



www.burmeseclassic.com

www.burmeseclassic.com



ငွေယုန် မကျေမနပ် ဖြစ်ပေမဲ့ သူ့အမေကိစ္စနဲ့ ဆက်ပြီး စကားမများလိုတာမို့ နှုတ်ဆိတ်နေလိုက်သည်။ ကားကလည်း ခြံဝရောက်နေပြီဖြစ်သည်။

သူတို့ ခြံကြီးက ကျယ်လှပြီး ခေတ်လည်းမီလှသည်။ ခြံတံခါးက လူဖွင့်စရာမလို၊ ကားသော့မှာ အတူတူ တွဲချိတ်ထားသော ခဲဖျက်တုံးလေးတစ်တုံးစာလောက်သာရှိသည့် ရီမုဒ်ဖြင့် အဖွင့်အပိတ် လုပ်နိုင်သည်။

ခြံဝင်း တံခါးကြီး ပွင့်တာနဲ့ ကားကို မောင်းဝင်ရုံ တံခါးကို ရီမုဒ်ဖြင့် ပြန်ပိတ်ရုံသာ။ အိမ်ရှေ့ဆင်ဝင်ကြီးအောက် ရောက်လျှင် ကားရပ်လိုက်တာနဲ့ အိမ်တံခါးက ဖွင့်လိုက်ပါသည်။

"အန်ကယ်လ်ကြီး ပြန်လာပြီလား"

ဓာဖြူ ပြေးထွက်လာပြီး သိဒ္ဓိဘက်မှ ကားတံခါးကို မမှီတမီ လာဆွဲဖွင့်သည်။ အိမ်ပေါက်ဝမှာ လူစုံတက်စုံ ထွက်ကြို နေကြသော မြင်ကွင်းကို ငွေယုန် ငေးကြောင်ကြည့်နေမိသည်။

"ကိုကြီး မနက်က ဖုန်းဆက်တော့ ညနေ ခြောက်နာရီကျော် လောက်ဆို အိမ်ရောက်မယ်ဆိုတာနဲ့ အကုန်လာစောင့်နေ ကြတာ"

ကိုရန်မျိုးက လှမ်းပြောပါသည်။ ကျန်တဲ့ ညီ ညီမ တွေကတော့ ကားနောက်ဖုံးကြီး ဖွင့်ပြီး တစ်ပိုင်တစ်နိုင် ပစ္စည်းတွေ သယ်နေကြသည်။ ကိုကို ဒါကြောင့် အိမ်ကို မြန်မြန်ပြန်ရောက် အောင် မောင်းတာပါလားလို့ ငွေယုန် ခုမှ သိတော့သည်။ သူက





သူ့ညီ ညီမတွေ လာစောင့်နေမယ်မှန်းသိလို့ အချိန်အတိအကျပြော ပြီး ရအောင်ပြန်တာကိုး။ သူတို့မောင်နှမတွေ စည်းလုံးလိုက်ပုံများ အစ်ကိုကြီးဖြစ်သူ ဒီလောက်လေးခွဲပြီး ခရီးသွားတာကိုပဲ နှစ်ပေါင်း များစွာ ခွဲခွာသွားတာကျနေတာပဲ အလွမ်းသယ်ကြတာ။ ညီမနှစ် ယောက်က လက်မောင်းတွေ ဝိုင်းတွဲခိုလို့ပေါ့။ ညီနှစ်ယောက်က တော့...

"မိန်းမရတာ တစ်ပတ်ပဲ ရှိသေးတယ် ငါတို့ ကိုကြီး အဘိုးကြီးပုံ ပေါက်သွားသလိုပဲ" တဲ့။

"ဝဠာ ... သူ့ခေါင်းက ဆံပင်ဖြူ အချောင်းရေ ရေထားပါ တယ်၊ အခု ပြန်လာမှ ထပ်ရေကြည့်ရဦးမယ်၊ ဘယ်နှပင် ပိုလာလဲ လို့"

ဟု နောက်ပြောင်ပြီး ပြောလိုပြော။

"ဟဲ့ ... ကလေးတွေ အပေါက်ဝက ဖယ်ပေးလိုက်ကြပါဦး၊ မင်းတို့ အစ်ကို အိမ်ထဲကို မရောက်တော့ဘူး၊ ခွေးသေ လင်းတဆွဲသလို ဟိုကဆွဲ ဒီကဆွဲနဲ့"

"ဖေဖေ မေမေရော"

သိဒ္ဓိသည် သားသမီးတွေ နောက်မှ ပေါ်လာသော အဖေ့ကို မြင်လျှင် အမေဖြစ်သူကို ကမန်းကတန်း မေးပါသည်။ ငွေယုန်သည် သူမရဲ့ Luggageနှင့် မိတ်ကပ်သေတ္တာလေးကိုတော့ ဘယ်သူမှ သယ်ပေးဖော်မရသည်မို့ ကိုယ့်ဘာသာ သယ်လာရင်း ကိုကို့အမူအရာကို ကြည့်၍ သက်ပြင်းသာ ချနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အမေ ထွက်မကြိုတာနဲ့ပဲ လဲသေတော့မေ့ ပြန်သွားပုံက ဟင်း ... မပြောတော့ပါဘူးလေ။ ကိုယ့်စိတ်ထဲမှာ ထားပါတော့မယ်။ ဟိုကဖြင့် ဘယ်တော့ သေမလဲဆိုတာတောင် ခန့်မှန်းခံထားရတဲ့ ရောဂါသည်ပဲ၊ တစ်ချိန်ချိန်ကျ မသေမှာကျနေ တာပဲ။ မတရားလိုက်ပုံက။ ငါ့အမေလည်း သေဖူးတာပဲ။ ဒါကိုတော့ ကိုယ်ချင်းစာစိတ်မရှိဘဲ သူ့အမေ သေမှာပဲ ကြောက်နေလိုက်တာ။ ဒီလူ့ကို တကယ်သာ ချစ်မနေခဲ့ဘူးဆိုရင် လက်ထပ်စရာကို အကြောင်းမရှိဘူး။ ခုတော့ ငွေယုန့် ကိုယ်တိုင်ကလည်း ဒီလူ့ကိုမှ မရရင် ဘဝဟာ အဓိပ္ပာယ်မဲ့တော့မယ်လို့ ကိုယ့်နှလုံးသားကိုယ် သိထားပြီးခဲ့လို့သာပေါ့။

"မင်းအမေ ရှိပါတယ်။ သူက အခုနောက်ပိုင်းကျမှ အဓိဋ္ဌာန် ပုတီးစိပ်တာကို ညနေခြောက်နာရီက စပြီး စိပ်တတ်တယ်၊ သူ့အဓိဋ္ဌာန် ပုတီးပတ် မပြည့်မချင်း မထဘူးတဲ့။ ဒါကြောင့် သားကြီး ဒီအချိန်ရောက်မယ်မှန်း ကြိုသိပေမဲ့ သူ စောင့်မနေ တော့ဘူး။ ဘုရားခန်းထဲမှာ ပုတီးစိပ်နေတယ်"

"နေကောင်းရဲ့လား"

"ကောင်းပါတယ်၊ မနေ့ကတော့ ဒေါက်တာနဲ့ ရက်ချိန်း စေ့လို့ သွားပြသေးတယ်"

"ဘာတဲ့လဲ ဖေဖေ၊ ဒေါက်တာ ဘာပြောလဲ၊ Prognosis (ပရော(ဂ)နိုးဆစ်(စ)) ရှိရဲ့လား"





"သားကြီး နားလိုက်ပါဦးကွာ။ မင်းကလည်း ခရီးရောက် မဆိုက်"

"သား စိတ်ပူနေခဲ့လို့ပါ ဖေဖေ"

"စိတ်မပူပါနဲ့၊ ကောင်းပါတယ်တဲ့၊ နောက်မှ ထပ်ပြော မယ်ကွာ၊ ဟိုမှာ မင်းမိန်းမ တစ်ယောက်တည်း အပေါ် တက်သွားပြီး သွားလိုက်ဦး"

သိဒ္ဓိသည် ဘုရားခန်းဝမှာ ရပ်ပြီး မေမေ့ကိုတော့ ရအောင်ကြည့်လိုက်သေးသည်။ စိတ်ထင်လို့လား မသိ။ မေမေ ပိုပိန်သွားသလိုပဲ။ ဒီအပေါက်ဝဘက် ကျောပေး ဘုရားစင်ဘက် မျက်နှာမူ ပုဆစ်တုပ်ထိုင်ကာ ပုတီးစိပ်နေသော ဒေါ်ရွှေစင်က တော့ ပုတီးစိပ်နေရင်း သားကြီး ကိုယ့်နောက်မှာ လာရပ်ကြည့် သည်ဆိုတာ ခံစားရပေမဲ့ လှည့်မကြည့်ခဲ့ပါ။

သိဒ္ဓိသည် သူတို့ နေထိုင်ရာ အပေါ်ထပ်ကို တက် သွားသောအခါ ငွေယုန်တစ်ယောက် ရေချိုးခန်းပင် ဝင်နေပြီ။ သိဒ္ဓိလည်း ငွေယုန် အပြီးကို မစောင့်ချင်တာနဲ့ နောက်ထပ်အခန်း လွတ်မှာ ရှိသည့် ရေချိုးခန်းကိုသာ ဝင်လိုက်သည်။

သိဒ္ဓိ ရေချိုးပြီး ထွက်လာသောအခါ ငွေယုန့်နားမှာ မိစံ ရောက်နေပါသည်။

"အစ်မငွေယုန် သေတ္တာကြီး တစ်ယောက်တည်း ဆွဲလာ ရမယ်မှန်း မိစံ သိပါတယ်၊ ဒါပေမဲ့ ဒေါ်ကြီးသိန်းရှိ မိထောတို့ကပြောတယ်၊ ဒီအိမ်မှာ ကိုယ်က ထွက်ကြိုခွင့်



www.burmeseclassic.com

www.burmeseclassic.com



မရှိဘူး၊ သူတို့က လာပါဦး ပြုပါဦး ကူဆွဲပါဦး ခေါ်မှ ထွက်ရမယ်တဲ့၊ အဲဒါကြောင့်ပါ"

သိဒ္ဒိပါ ကြားသွားပြီး ...

"ဟာ ... ဟုတ်လား၊ ငွေယုန့် သေတ္တာကြီး ကိုယ့်ဘာသာ ဆွဲပြီး အပေါ်ကို တက်ရသလားကွာ၊ ဆောရီး ... ဆောရီး ကိုယ် မေ့သွားလို့။ ငွေယုန့်ကလည်း မိစံကို လှမ်းခေါ်ပြီး ဆွဲခိုင်းရောပေါ့"

မိစံက ပခုံးအောင့်နေသော ငွေယုန့်ပခုံးကို လိမ်းဆေးဖြင့် လိမ်းပေးနေတာ ဖြစ်သည်။

"ကိုကို့ ညီ ညီမတွေက ငွေယုန့်သေတ္တာကို ချန်ခဲ့တာ အပြစ်မမြင်ပါဘူး။ သူတို့ ဘယ်သယ်ပေးချင်မလဲ။ ငွေယုန်က အားလုံးထက် ငယ်နေတာကိုး။ ဒါကြောင့် ကိုယ့်ဘာသာ ဆွဲလာလိုက်တာပါ၊ မိစံကိုလည်း အော်ခေါ်ပြီး မခိုင်းချင်ဘူး၊ ခေါ်လိုက်ရင် သူတို့ သိသွားမယ်။ ငွေယုန့် သေတ္တာကို သူတို့ မဆွဲပေးလို့ ငွေယုန် စိတ်ကောက်ပြီး ကိုယ့်လူကိုယ် ခေါ်ပြီး ဆွဲခိုင်းတယ်လို့ အယူအဆ လွဲကုန်မှာစိုးရိမ်တယ်။ ဒီနေရာမျိုးမှာ ကိုယ် ကြည့်ကျက်နေတတ်ရမယ်၊ သူများ အထင်လွဲအောင် အပြောအဆို ဆင်ခြင်ရမယ်ဆိုတာ ငွေယုန့် သိလို့ပါ"

"သူတို့ကလည်း အဲဒီသဘော မဟုတ်ပါဘူးကွာ၊ အရင်ကလည်း ကိုယ် အလုပ်ကိစ္စခရီးထွက်ပြီး ပြန်လာရင် ဒီလိုပဲ





လက်ဆောင် တစ်ပုံတစ်ပင် ပါလာတတ်တော့ လာစောင့်နေတာပါ။ ကိုယ့် သေတ္တာကိုပဲ လုဆွဲကြတာ အကျင့်ပါပြီး ဆွဲသွားကြတာပါ၊ ငွေယုန့်ကို တမင်လုပ် မပေးချင်တာ မဟုတ်ပါဘူး"

"ကိုကို့ကို ငွေယုန် ပြောတယ်လေ၊ ဒီကိစ္စအတွက် ဖြေရှင်းစရာလည်း မလိုပါဘူး။ ငွေယုန့် သေတ္တာကိုပါ ဆွဲမပေးလို့ စိတ်ဆိုးတာမျိုးလည်း မဖြစ်ပါဘူးလို့ ပြောထားပါတယ်၊ စိတ်မပူပါနဲ့ ကိုကိုရဲ့။ ရှင့် ညီ ညီမတွေကို ငွေယုန် စိတ်မကွက်ပါဘူး"

သိဒ္ဓိမှာ ငွေယုန့် မျက်နှာကို အကဲခတ်ပြီး ကြည့်လျှင် ငွေယုန့် မျက်နှာမှာ ဘာခံစားချက်မှ မရှိသလိုပဲ ပကတိ အမူအရာဖြစ်နေသဖြင့် ငွေယုန် တကယ်ပဲ စိတ်ထဲရှိတဲ့အတိုင်း ပြောသည်ဟု ထင်လိုက်ပါသည်။

အမှန်မှာ ငွေယုန်သည် အိမ်ပြန်ခရီး၏ အဆုံးသတ်ကို စိတ်ပျက်နေခဲ့တာဖြစ်သည်။ ကိုယ်က ကိုယ့်ယောကျ်ားနဲ့ ပစ္စည်းတွေ အတူတူသယ်၊ အတူတူ ယူချ လုပ်ချင်တာ။ နွတ်ဆက်သင့်သလောက်လေး နှုတ်ဆက်ပြီး ခရီးပန်းလာတာ အတိုးချပြီး နားလိုက်ချင်တာ။ အခုကျ မဟုတ်ဘူး။ သူ့ညီ ညီမ တစ်ပြုံကြီးက အောက်မှာ အသင့်စောင့်နေကြပြီ။ ကိုကိုကလည်း သွားဖို့ ဖင်တကြွကြွ ဖြစ်နေပြီ။ ယောကျ်ားဖြစ်သူ ဆင်းသွားမှတော့ မီန်းမလုပ်တဲ့သူက အတူမဆင်းသွားလို့ ဖြစ်မလား



www.burmeseclassic.com

www.burmeseclassic.com



အပေါ်ထပ်မှာ ကိုယ်က ကိုယ့်သဘောနဲ့ကိုယ် အနားယူချင်... နေခဲ့၊ ချန်ခဲ့တာကိုပဲ သူတို့က အထင်လွဲကြဦးမည်။ ကိုယ်... စိတ်ကောက်ပြီး ဆင်းမတွေ့သလိုလို၊ ဒါမှမဟုတ် သွေးကြီး... အဖက်မလုပ်ချင်သလိုလို ဒီမိသားစုဝင် တစ်ယောက်ကိုတော့... လက်ထပ်ယူပြီး ဒီမိသားစုထဲကျတော့ အကျွမ်းတဝင်ပဲ မဖြစ်ချင်... လို့ ခွဲထွက်နေသလိုလို။

အင်း ... တကယ့်ကို မလွယ်တဲ့ကိစ္စပဲ။ ငွေယုန်... လည်း လမ်းခရီးမှာ ကိုယ်က ကားမမောင်းရပေမဲ့ ဘေး... သက်သောင့်သက်သာ ထိုင်လိုက်ရပေမဲ့ အိပ်လည်း မငိုက်တတ်... ကားမောင်းနေရသော ကိုကို့ကိုပဲ အဖော်လုပ်ပြီး စကားတွေ... ပြောပေး၊ ဘေးဘီကြည့်ပေးနဲ့ လုပ်ပေးလာရသဖြင့် တော်တော်... လေး ခရီးပန်းနေပါသည်။ ဒါကြောင့် အိပ်ဆေးလေးသောက်ပြီး... ဘာမှပင် မစားဘဲ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပစ်ချင်နေပြီ။ သို့သော်... အင်း ... သို့သော်လည်းပဲပေါ့။ ငွေယုန်တစ်ယောက် ကိုကို့လက်တို... ဆွဲပြီး အောက်ထပ်ကို လိုက်ပါလာရလေသတည်းပေါ့။

အောက်ထပ်က တစ်ပြုံတစ်မကြီးကတော့ တကယ်ပဲ... စောင့်မျှော်နေကြမှန်း သိသာပါသည်။ သူတို့အစ်ကို အရိပ်ကို... မြင်လိုက်တာနဲ့ ...

"ကိုကြီး ဝယ်လာတဲ့ထဲက စိပ်ပုတီး ကုဋေ မယူဘူးဗျို့"

"ထိုးမုန့် ဝဋ္ဋာ သိပ်ကြိုက်တာ၊ ကိုဇင်လည်း ကြိုက်တယ်... တဲ့။ ဝဋ္ဋာ ထိုးမုန့်များများ ယူမယ်၊ လက်ဖက် မယူဘူး"





"အံမာ ... ဘူချည်း ထိုးမုန့်တွေ သိမ်းကျုံးယူလို့ ရမလား၊ စန္ဒရာတို့က မိသားစု လေးယောက်တောင် ပိုယူမယ်"

"ဟင် ... မစန္ဒရာ သားပေါက်စကများ ထိုးမုန့်စားမဲ့ လူစာရင်းပါလို့လား။ ကိုရန်မျိုးက မြန်မာမုန့် မကြိုက်ဘူးလို့ သိထားပြီးသား ဟား ဟား ... လေးယောက်စာ ယူဦးမတဲ့၊ အဲဒါကြောင့် မစန္ဒရာ ကလေးနှစ်ယောက်ပဲ မွေးရသေးတယ် ဗိုက်က တစ်တောင်လောက် ထွက်နေတာ"

"ကိုကြီး သိလား၊ အိန္ဒြာလေ ကိုကြီးကို ကြွားရဦးမယ်၊ ဒီဗိုင်နာတစ်ယောက်ဆီက စကတ်ဒီဇိုင်း လှလှလေးတွေ ရထားလို့ စက်ရုံမှာ ချုပ်ချင်တဲ့ အကြောင်း ပြောချင်နေ တယ်"

စသဖြင့်သော အစ်ကို ဖြစ်သူ လာမှ တိုင်တည်စရာ ပြောဆိုသံတွေ ဆူညံနေပါသည်။

"ဟာ ... ငါတို့က ယောကျ်ားဝတ်တွေ ထုတ်တဲ့ စက်ရုံ ပါဆိုမှ စကတ်ဒီဇိုင်း လှတော့ရော ဘာလုပ်ရမှာလဲ"

"မိန်းမဝတ်ပါ ထုတ်ဖို့ အိန္ဒြာ အကြံပေးထားပြီးသားလေ၊ စဉ်းစားရမှာ ကိုကြီး တာဝန်ပဲ"

"ငါ့သားကြီး ပင်ပန်းလာတုန်း အလုပ်ကိစ္စ မပြောကြပါနဲ့ ကွာ၊ ကျန်တာပြောချင်ပြော"

"ဟော ... မေမေ၊ ပုတီးစိပ် ပြီးသွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



ငွေယုန်မှာ ဟိုလူပြောတာ လိုက်ကြည့်လိုက်၊ ဒီလူပြောတာ လိုက်ကြည့်လိုက်နှင့် ကြားထဲမှာ ညပ်ပြီး ဘာတစ်ခွန်းမှပင် မပြောရသေးပါ။

"မေမေ နေကောင်းရဲ့လား"

"ကောင်းပါတယ် သားရယ်"

"မေမေ့ မျက်နှာ ပိုဖျော့တော့နေသလိုပဲနော်"

"ဆေးအရှိန်တွေလေ၊ ဆေးတွေက ပြင်းတော့ ဆံပင်တွေဆို ကျွတ်လိုက်တာ မနည်းပဲ။ သားတို့ အဖေကတောင် ဆံပင်တု သွားကြို့ဝယ်ထားရအောင်လို့ ပြောနေတယ်။ မေမေကတော့ ဒီအရွယ်ကြီးကျမှ မလှချင်တော့ပါဘူးကွယ်၊ ဒါပေမဲ့ လူတောသူတောထဲ လူမြင်ကောင်းအောင်တော့ လုပ်ရမှာမို့ သွားဝယ်ဖို့ စဉ်းစားထားတယ်"

"သားက တစ်ချိန်လုံး စိတ်ပူနေတာ။ ဖူးခဲ့သမျှ ဘုရားတွေရောက်တိုင်းလည်း ဖေဖေနဲ့ မေမေအတွက် ရှည်ရှူးပြီး သတ်သတ်လှူခဲ့တယ်၊ ဖြတ်ပိုင်းလေးတွေ ငွေယုန် သိမ်းလာတယ်နော်"

"ဪ ... သိမ်းလာပါတယ်၊ ငွေယုန့် ပိုက်ဆံအိတ်ထဲမှာ မနက်ကျမှ ထုတ်တော့မယ်နော်"

"ငွေယုန်ရော အဖေနဲ့ တွေ့ခဲ့လား"

ဦးအောင်က သတိတရ မေးပါသည်။

"တွေ့ခဲ့ပါတယ်"





"ကျန်းမာရေးကောင်းတယ် မဟုတ်လား"

"ကောင်းပါတယ် ဖေဖေ၊ ငွေယုန့် ဖေဖေက အရင်တည်းက ကျန်းမာရေးကောင်းပါတယ်၊ အခုနောက်ပိုင်းတော့ အစာအိမ် လေနာဖြစ်ချင်သလိုလိုတော့ ရှိတယ် ဆိုပေမဲ့ ဆေးမှန်မှန်စားလိုက်ရင် သက်သာတယ်တဲ့"

ငွေယုန် ပြောသာပြောပြနေရသည်။ သူတို့ကလည်း ဟန်ဆောင်ပြီးတော့သာ မေးနေရသည်။ ငွေယုန့် စကားကို သိပ်စိတ်မဝင်စားကြမှန်း ငွေယုန် ရိပ်မိပါသည်။ တကယ်တော့ ဒီမိသားစုထဲသာ ဝင်လာရသည်။ ငွေယုန်ဟာ တကယ့်ကို အပြင်လူတစ်ယောက်လိုပဲ ဖြစ်နေသည်။ သူတို့ စိတ်ထဲမှာလည်း ငွေယုန့်ကို ဘယ်လိုမှ ရင်းနှီးလို့မရဘဲ ဖြစ်နေသည်။

ငွေယုန် ရှိနေလျှင် သူတို့ နေရထိုင်ရတာ မလွတ်လပ်သလို သူတို့အောက်ထပ်မှာ လူစုံတက်စုံ ရောက်နေရင်လည်း ငွေယုန် အနေရခက်စေတာမျိုး ဘယ်နနှစ် ဘယ်နကာလထိများ ဖြတ်သန်းရဦးမည် မသိ။

"နောက်တစ်ပတ်ကျ သားသား လေးလပြည့်မို့ နာမည်ပေး ကင်ပွန်းတပ်လုပ်မယ်၊ ဘုန်းကြီး ဆွမ်းကပ်မယ် ကိုကြီး။ အဲဒါ ကြိုပြောထားပြီးသားနော်။ ကိုကြီး အလုပ်တွေ ရှိတယ် ဘာညာပြောပြီး မလာဘဲ မနေနဲ့"

"ဪ ... လာရမှာပေါ့၊ ကိုယ့်တူအရင်းဆီ အနီကယ်လ်ကြီးမှ မလာရင် ဘယ်သူ လာမလဲနော်၊ ဟုတ်လား



www.burmeseclassic.com

www.burmeseclassic.com



သားသား။ ကြည့်စမ်း … ဒီကောင် မတွေ့ရတာ တစ်ပတ် အတွင်း ဗိုက်ပါးဖောင်းလာသလိုပဲ။ ဟင် … ဟုတ်လား … ဟုတ်လား … ဟော့ကောင်၊ အံမာ မင်းက မရယ်မပြုံးနဲ့ ရုပ်တည်ကြီး လုပ်နေပါလား၊ ဘာကောက်နေတာလဲ"

ငွေယုန်သည် ကိုကိုတစ်ယောက် ကလေးကို တော်တော်ချစ်ပြနေမှန်း သိလျှင် အလိုလိုနေရင်း မနာလိုဝန်တို ဖြစ်လာပါသည်။ တူ၊ တူမတွေကို ဒီလောက်ချစ်နေတာ။ ကိုယ့် သားသမီးအရင်းဆိုရင်ရော သူတို့ထက် ပိုချစ်နိုင်ပါ့မလား။ တူ၊ တူမတွေက နေရာအရင်ရထားပြီးသားမို့ ကိုကိုဟာ ကိုယ့်သားသမီး ရင်းကို နေရာပေးဖို့ရော စဉ်းစားနိုင်ပါ့မလား။ စသဖြင့် ငွေယုန် အတွေးကြီး တွေးနေမိသည်။

အမှန်အတိုင်းဆို ငွေယုန် ကလေးမလိုချင်သေး။ တစ်နှစ်၊ နှစ်နှစ်၊ သုံးနှစ်ပေါ့၊ နေချင်သေးသည်။ ငွေယုန့် အသက်က ခုမှ နှစ်ဆယ့်ငါးမို့ နေလို့ရရင် နေချင်သေးသည်။ သို့သော် ကိုကိုက သူ့တူ၊ တူမတွေကို သိပ်အရေးထား ချစ်ပြ နေသောအခါ ငွေယုန့်မှာ တွေးတောစဉ်းစားစရာ ဖြစ်လာပါသည်။





## ၁၅

ဒေါ်ရွှေစင် ရင်သားနောက်တစ်ခြမ်းကိုပါ လှီးထုတ် ပြီးသောအခါ ဒေါ်ရွှေစင့် အခြေအနေကား တိုးတက်မလာဘဲ ပို၍ ဆုတ်ယုတ်လာသည်။ ဆေးတွေသောက်ရလွန်းသဖြင့် ဆံပင် ဆိုတာ တစ်ခေါင်းလုံးမှာ မရှိသလောက် ဖြစ်လျက် အိမ်နေရင်း ဆိုလျှင် ခေါင်းစည်းပဝါဖြင့် လှပစွာ စည်းပြီး ကတုံးကြီး ဖြစ် နေတာကို မသိသာအောင် ဖုံးထားရသည်။ အပြင်သွားစရာ၊ ဆေးခန်းပြစရာ ရှိရင်တော့ ဆံပင်တုကြီး စွပ်၍ သွားရပါသည်။

ဒေါ်ရွှေစင်သည် တခြားကိစ္စနှင့် အပြင်သွားဖို့ နေနေသာသာ အိမ်ထဲမှာပင် အနေများလာသည်။ အပြင်သွားတာ ဆိုလို့ ဆေးခန်းသွားတာမျိုးလောက် ခင်ပွန်းဖြစ်သူ ဦးအောင် အတင်းခေါ်လွန်း၍ ဦးအောင် သွားနေကျ တစ်ပတ်တစ်ခေါက် လောက် သွားဖူးသော ရွှေတိဂုံဘုရားကို လိုက်ဖူးတာမျိုးလောက် တွေသာ ရှိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ရွှေစင် အိမ်မှာ အနေများလာသောအချိန်မှာ သားသမီးတွေကတော့ အိမ်မှာ မရှိတော့သူ့ များလာသည်။ ကုဋေပင် အစ်ကိုကြီးဖြစ်သူထံ တင်ပြပြီး ခြံလွှတ်တစ်ခြံဝယ်၊ ကားဝပ်ရှော့လုပ်ငန်းကြီးလုပ်ဖို့ အဆောက်အအုံဆောက် စသဖြင့် သူ့ဘာသာ ခြေငြိမ်လျက် အလုပ်အကိုင် အတည်တကျ ဖြစ်ဖို့ ကြိုးစားလာသောအခါ တစ်နေကုန် အိမ်ကထွက်လျက် (အရင်ကလည်း တစ်နေကုန် အိမ်မှာ မနေပါ) ညဆို မိုးချုပ်မှ အိပ်ရုံလောက် ပြန်လာအိပ်သည်။ ဒါနဲ့ပဲ သားလတ် ကုဋေဆိုတာကို ဒေါ်ရွှေစင့်မှာ မနက်လင်းမှ တစ်ခေါက်သာ မျက်နှာမြင်ခွင့်ရပြီး ညကျ ကုဋေ ပြန်လာချိန်ဆို ဒေါ်ရွှေစင်လည်း ဆေးအရှိန်တွေနဲ့ အိပ်မောကျနေတတ်ပြီ။

အိန္ဒြာကတော့ ...

"ကိုကြီး Cross Roads နာမည်နဲ့ပဲ ယောကျ်ားဝတ် ထုတ်မယ်ဆိုရင် အိန္ဒြာ့ကိုတော့ မိန်းမဝတ်ထုတ်ဖို့ ခွင့်ပြုပါ။ အိန္ဒြာ့ Cross Roads ကနေ ခွဲမထွက်ပါဘူး။ မိန်းမဝတ် အထည်လုပ်ငန်းကို အိန္ဒြာ ဦးစီးချင်တယ်၊ အိန္ဒြာကို လုပ်ခွင့်ပေးပါ"

ဆိုလာသောအခါ သိဒ္ဓိလည်း သိပ်ကန့်ကွက်မနေတော့တဲ့ အိန္ဒြာ့ကို အရင်းအနှီး ထုတ်ပေးပြီး ရုံးခန်းခွဲပေးသောအခါ အိန္ဒြာသည် လုပ်ငန်း၏ အကြီးအကဲ ဖြစ်လာသူ ပိပိမိုးလွင်းက မိုးချုပ် မအားတော့ပြန်ပါ။





အရင်ကလို ကလေးလုပ်ပြီး Play Station တွေ ကစားဖို့၊ DVD တွေ တစ်ချပ်ပြီးတစ်ချပ် ထိုင်ကြည့်ဖို့၊ အလုပ်မသွားချင်ဘူးဟု အပျင်းထူကာ ခေါင်းကိုက်သည် အကြောင်းပြပြီး အိမ်မှာ စာအုပ်တစ်ပုံနှင့် ဇိမ်ယူဖို့တွေလည်း သူ့အသိစိတ်နဲ့သူ မလုပ်ဖြစ်လာသောအခါ သမီးအငယ်ဆုံးလေးကိုပင် ဒေါ်ရွှေစင်မှာ အချိန်ပြည့် မြင်ခွင့်မရတော့။

မနက် အိပ်ရာနိုးတာနဲ့ ...

"မေမေ ဒီနေ့ နေသာလား"

လာနှုတ်ဆက်၊ နဖူးလေးနမ်းကာ အလုပ်ကို ထွက်သွားသော သမီးငယ် အိန္ဒြာ (အခုတော့ ရုံးခန်းချင်း မတူတော့၍ အိန္ဒြာက ကားတစ်စီး သတ်သတ်ထပ်ဝယ်ပြီး သူ့ဘာသာ သွားပါသည်။) သည်အလုပ်များသူတို့ ထုံးစံအတိုင်း၊ ကုမ္ပဏီပိုင်ရှင်တစ်ဦးတို့ရဲ့ အကျင့်အတိုင်း သူများအလုပ်ပြီးတာတောင် မပြန်နိုင်ဘဲ အလုပ်လောဘကြီး၍ ဆက်လုပ်နေတတ်လေရာ ညဆို ခုနစ်နာရီ ရှစ်နာရီမှ အိမ်ပြန်ရောက်တတ်သည်။ သားကြီးနှင့် သမီးငယ် အိမ်ပြန်ရောက်ချိန်မှာ အတူတူလောက် ဖြစ်တတ်ပါသည်။

"ကိုကြီး ပိုက်ဆံထုတ်ပေးထားတော့ အိန္ဒြာက အောင်မြင်တိုးပွားအောင် လုပ်ပြမှဖြစ်မယ် မေမေ၊ မအောင်မြင်ရင် ကိုကြီးကတော့ ဘာမှ ပြောမှာ မဟုတ်ဘူးပေါ့။ ဒါပေမဲ့ သူ့မိန်းမ ငွေယုန်က ဒါကို မြင်မယ်၊ အပြစ်တင်ချင်လာမယ်၊



www.burmeseclassic.com

www.burmeseclassic.com



အိန္ဒြာ့ကို အထင်သေးလာမယ်။ သူကတော့ မိဘမရှိဘဲနဲ့ တောင် အရောင်းဆိုင်တစ်ဆိုင်ကို အောင်မြင်အောင် လုပ်ထားနိုင်တဲ့သူဆိုတော့ သူနဲ့ ယှဉ်ရင် အိန္ဒြာက ရွယ်တူဖြစ်ရက်နဲ့ အသုံးမကျသလို ဖြစ်သွားမယ်၊ ဒါကြောင့် အပြောမခံချင်တာနဲ့ အိန္ဒြာ တအားကြိုးစားရမယ် မေမေ"

"မေမေကတော့ ခုချိန်မှာ ဘာမှ မလိုချင်တော့ပါဘူးကွယ်၊ သမီး အငယ်ဆုံးလေးကို မေမေ့ အနားမှာ အမြဲ မြင်ချင်တာပါ"

"အိန္ဒြာ ထုတ်နေတဲ့ ဒီဇိုင်းတွေ ဈေးကွက်ထဲ ရောက်သွားပြီဆိုရင်တော့ အိန္ဒြာ အလုပ်ကို လျှော့ပြီး မေမေ့နားမှာ နေပေးမှာပါ၊ စိတ်ချ မေမေ"

"အေး ... သားသမီးတွေက မအေနဲ့ တဖြည်းဖြည်း ဝေးသွားချိန်မှာ ချွေးမတော်ကတော့ ငါနဲ့ ပိုပိုနီးစပ်လာတယ်ဟေ့၊ တော်တော်ထူးဆန်းတဲ့ အဖြစ်အပျက်ပဲ။ ဘယ်တော့မှ နီးစပ်လာမယ် မထင်တဲ့ ချွေးမက အခုကျ ငါနဲ့ တစ်နေကုန် အရိပ်တစ်ခုအောက်မှာ အတူတူနေပြီး ငါ့ကို နေ့တစ်နေ့ရဲ့ အချိန်တိုင်းလိုလိုမှာ သူက လာလာအဖော်လုပ်နေတာ အံ့ဩစရာပဲ"

ငွေယုန်သည် လက်ထပ်ပြီး ခြောက်လအကြာတွင် ကိုယ်ဝန် ရပါသည်။ အခုတော့ ကိုယ်ဝန်က လရင့်လာသဖြင့်



ဆိုင်တောင် သိပ်မသွားတော့ဘဲ အိမ်မှာ အနေများလာသည်။ အိမ်မှာ အနေများလာသလို စပြီး ရောက်ခါစ လပိုင်းတွေကလို သူ့ဘာသာ သီးသန့်အိမ်ပေါ်မှာ နေနေတာမျိုး သိပ်မရှိတော့ဘဲ အောက်ထပ်မှာ ဆင်းလာပြီး အနေများလာသည်။

ဒေါ်ရွှေစင် မကြီးကြပ်၊ မကွပ်ကဲနိုင်တော့သော အိမ်ဖော်ဒေါ်သိန်း၊ မိထောနှင့် မိစံတို့ကို ငွေယုန်ပဲ ညွှန်ကြားတာဝန်ပေးပြီး ဟင်းစီမံတာတွေ လုပ်လာပါသည်။

ဒေါ်ရွှေစင့်အတွက်ကတော့ လိုလို မလိုလို စပါယ်ရှယ် နာ့(စ)ကို သိဒ္ဓိက ငှားထားပေးသဖြင့် ငွေယုန်မှာ ဘာမှ ဝတ်ကြီးဝတ်ငယ် ပြုစုစရာ မလိုပေမဲ့ ဒေါ်ရွှေစင်ကို ဂရုတစိုက် ခဏခဏ လာကြည့်ဖော်ရသည်။ စကားပြောဖော်ရသည်။ DVD ကား အတူတူ လာကြည့်ပေးဖို့၊ ဒါမှ မဟုတ် ကြည့်မလားဟု လာအဖော်ညှိဖို့ စိတ်ပါလက်ပါ ပြုလာသည်။

အစကတော့ ဒေါ်ရွှေစင် တအံ့တဩနှင့် နေသားမကျခဲ့ပေမဲ့ အခုကျတော့လည်း မြင်နေကျဖြစ်လာ၍ ငွေယုန်သည် ကိုယ့်အိမ်သားတစ်ယောက်လိုပင် ခံစားလာရကြောင်း သူမဘာသာ သတိထားမိလာပါသည်။

အခုလည်း မနက်ပိုင်း ဦးအောင်က သူ့မိတ်ဆွေ အဘိုးကြီးအုပ်စုနှင့် ဂေါ့(ဖ)ရိုက် ထွက်သွားနေကျအတိုင်းသွား၊ သားတွေ သမီးတွေလည်း ထွက်သွားသောအခါ တိတ်ဆိတ်ခြောက်

www.burmeseclassic.com

www.burmeseclassic.com



သွေ့နေတော့မလို ဖြစ်နေသော အိမ်ဂေဟာသည် ထုံးစံအတိုင်း ငွေယုန့်အသံဖြင့် သက်ဝင်လှုပ်ရှားနေပြန်သည်။

ဒေါ်ရွှေစင်ကတော့ အိမ်ရှေ့မှာ ဒရင်း(မ)ဘက်(ခ)မှာ မှီထိုင်ရင်း နှာ့(စ)နှင့်အတူ အဖော်ပြုနေခဲ့သည်။ အရင်က ရောက်ခါစ ကတော့ ငွေယုန်ဟာ မကြာခဏ တဟင်းဟင်း တဟာမ်းဟာမ်း လုပ်တတ်ပေမဲ့ အခုတော့လည်း အဲဒီ အသံ သိပ်မကြားရတော့။ သူမရဲ့ နဂိုမူလအသံ ခပ်ဝင်ဝင် ခပ်တိမ်တိမ် အသံကိုပဲ ကြားကြားနေရသည်။ အသံက တိမ်ပေမဲ့ စကားပြောတဲ့အခါကျ တော့ စူးရှနေပြန်သား။ ဘယ်လို အသံမျိုးမှန်းမသိ ဘဝင်တော့ မကျပေမဲ့ ကြာတော့လည်း နားယဉ်လာ၍ထင့်။ စိတ်ထဲမှာ သိပ် မထူးခြားသလို ခံစားရသည်။

"မေမေ ဒေါ်သိန်းကို 'ဈေးလွှတ်လိုက်တော့မယ်၊ မေမေ ဘာမှာဦးမလဲ"

ဗိုက်ဖုံးဂါဝန်ရှည်လေး ဝတ်ထားသော အသားညိုညို မိန်းကလေး ဒေါ်ရွှေစင့် မြင်ကွင်းရှေ့မှာ ပေါ်လာသည်။ မြင်ပါ များတော့လည်း သူ့ရုပ်ကလေးက ကျက်သရေရှိသားပဲဟု ဒေါ်ရွှေစင့် အမြင်တွေ ပြောင်းပြီး အမှတ်ပေးမိသည်။

"ဟိုတစ်နေ့က ငွေယုန် မှာလိုက်လို့ ဒေါ်သိန်း ဝယ်လာတဲ့ စပျစ်သီးခြောက်လေးတွေ ကောင်းသားပဲ၊ အဲဒါ ကျန်သေး လား၊ ကျန်သေးရင်တော့ မေမေ အဲဒါပဲ ကြိုက်တယ်၊





အဲဒါ စားမယ်။ မကျန်ရင် ထပ်ဝယ်ခဲ့ပါလို့ မှာလိုက် ပါ"

"ဒါပဲလား မေမေ၊ ဘာဟင်းစားချင်သေးလဲ"

"မယ်မယ်ရရ စားချင်တာ မရှိပါဘူး။ ငွေယုန့်တို့ပဲ အဆင်ပြေသလို ချက်ကြ။ မေမေက တစ်လုတ်တစ်ဆုပ်ပဲ စားနိုင်တော့တာ။ သားကြီးနဲ့ အိန္ဒြာ့ဆီ ထမင်းချိုင့် ပို့ရမှာပဲ၊ သူတို့ စားချင်တာတွေပဲ အဓိက ချက်ကြပါ"

"ကိုသိဒ္ဓိက ပုစွန်သုပ်တဲ့၊ အိန္ဒြာက ကြက်သားကြော်တဲ့၊ အဲဒီလောက်ပဲ မှာတာ။ ကျန်တဲ့ အရန်ဟင်း ငွေယုန့် ဘာသာပဲ စီစဉ်လိုက်ပါ့မယ်"

ထမင်းချိုင့်သွားပို့ဖို့ကိုတော့ ငွေယုန်ပဲ ကိုယ်တိုင် ကားမောင်းပြီး သိဒ္ဓိ ရုံးခန်း တစ်ချိုင့်၊ အိန္ဒြာ့ရုံးခန်း တစ်ချိုင့် ပို့ပေးနေဆဲဖြစ်သည်။ သိဒ္ဓိကတော့ ဒီထက်လရင့်လာရင် ကား မမောင်းတော့ဖို့ တားမြစ်လေရာ၊ အိမ်မှာ ဒရိုင်ဘာငှားဖို့ စီစဉ် နေသည်။

ဦးအောင်က ကားတော့ မောင်းနိုင်ပေမဲ့ နေ့ခင်းဘက် တွေကျ ကားရှုပ်သဖြင့် ခုနောက်ပိုင်း သိပ်မမောင်းဖြစ်တော့ပြန်။ ဟိုနားဒီနားလောက်သာ မောင်းရဲသည်။

ဦးအောင်က အသက်ခြောက်ဆယ်ကျော် အရွယ်ပေမဲ့ ကွန်ပျူတာကို ကျွမ်းကျွမ်းကျင်ကျင် သုံးတတ်အောင် သင်ယူထား



www.burmeseclassic.com

www.burmeseclassic.com



သူဖြစ်ရာ သူက အချိန်တော်တော်များများကို ကွန်ပျူတာရှေ့မှာ အချိန်ဖြုန်းနေတတ်ပါသည်။ အသက်သိပ်မကြီးလှသေးသော်လည်း နေးဖြစ်သူ၏ ကျန်းမာရေး အခြေအနေကြောင့် ဦးအောင် ကိုယ်တိုင်ပင် အပြင်သိပ်ထွက် လည်ပတ်တာမျိုး မလုပ်ချင်တော့။ စိတ်လည်း မပါတော့ဘဲ အိမ်မှာ အနေများလာပါသည်။ ဒေါ်ရွှေစင် ကျန်းမာစဉ်ကဆိုလျှင် သူတို့လင်မယားဟာ မကြာခဏ ခရီးတို လေးတွေ ထွက်လိုက်၊ ဘုရားဖူးသွားလိုက်၊ မိတ်ဆွေတွေအိမ်မှာ လူကြီးတွေ စုပြီး မိန်းမတွေက အပျော်တမ်း ဖဲရိုက်တာမျိုး ယောကျ်ားတွေကတော့ ဘီလီယက်ထိုးတာမျိုး လုပ်လေ့ရှိပေမဲ့ အခုကျ တစ်ယောက်က ဘက်ပဲ့နေသလို ဖြစ်လေရာ ဦးအောင် ကိုယ်တိုင်လည်း သွားလိုစိတ် မရှိတော့ပါ။

ငွေယုန် မြင်ကွင်းမှ ပျောက်သွားသောအခါ နာ့(စ) က ငွေယုန့်ကို လိုက်ကြည့်ရင်း ...

"ကိုယ်ဝန် ရင့်နေပြီ၊ ကားမောင်းဖို့ မသင့်တော့ဘူး အန်တီ။ သူ ခုထိ ကားမောင်းတုန်းပဲလား"

ဟု စိုးရိမ်သလို ပြောလာသည်။

"သားကြီးလည်း စိတ်ချရတဲ့ ဒရိုင်ဘာ ရှာနေတာ မရသေးဘူး ထင်ပါရဲ့။ တစ်ရက် တစ်ရက်နဲ့ ကြာနေပြီ။ မရိစိတို့လည်း အဆက်အသွယ်ရှိရင် စပ်ပေးပါဦးနော်"

"ကျွန်မလည်း လျှောက်တော့ပြောထားပါတယ်"





"ချွေးမက လူပုံကြည့်တော့သာ ပျော့သလိုလို ဖြစ်ပေမဲ့ သူ့စိတ်ဓာတ်ကတော့ မာတယ်၊ အမေက သူ့အသက်နှစ် ဆယ်လောက်မှာ ဆုံးတယ်၊ အဖေက လောကီကို စွန့်ခွာ ပြီး တရားရှာဖို့ ရဟန်းဝတ်သွားတယ်။ ဒါပေမဲ့ သူ သူ့ ကိုယ်သူ ထိန်းကျောင်းရပ်တည်ပြီး မိဘ ခွဲပေးထားခဲ့တဲ့ ပစ္စည်းဥစ္စာကို မပျောက်ပျက်ဘဲ တိုးပွားလာအောင် စီးပွား ရေး လုပ်နိုင်ခဲ့တယ်ပေါ့ ...

တချို့ဆို တစ်ယောက်တည်းနေပြီး ကိုယ်စိတ်ထင် ရာလုပ်ပြီး ကိုယ့်သိက္ခာကိုယ် မထိန်းဘဲ နေကြတဲ့ မိန်းက လေးတွေ ရှိတယ်။ သူကတော့ အဲဒီလို မဟုတ်ခဲ့ဘူး။ သူ့နောက်ကြောင်း ရာဇဝင်မှာ ဘာသံမှ မကြားရဘူးလေ။ အန်တီတို့လည်း အဲဒီအချက်နဲ့ပဲ သားကြီး ရွေးခဲ့တာကို မကန့်ကွက်ခဲ့ကြတော့ဘူး"

ဒေါ်ရွှေစင် နှုတ်ဖျားမှ ငွေယုန့်ကို ချီးကျူးအမွှမ်း တင်သလို စကားမျိုး သူစိမ်းတစ်ယောက်အား ပြောပြနေခြင်းမှာ ဟန်ဆောင်နေခြင်း မဟုတ်ကြောင်း သူမဘာသာ သိပါသည်။ ခုချိန်မှာ ဒေါ်ရွှေစင်သည် ငွေယုန့်ကို မုန်းလည်းမမုန်း၊ ချစ်လည်း မချစ်ပါ။ သို့သော် အကောင်းမြင်ကြည့်တတ်လာသည်။ ငွေယုန် ကောင်းတာလည်းမြင်၊ ငွေယုန် ဆိုးတာလည်း သိလာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ငွေယုန် ကောင်းတာတွေကျတော့ အမိကအချက်မှာ သားကြီးကို သိပ်ချစ်ပြီး လေးစား အားကိုးလွန်းတာပဲဖြစ်သည်။ ဘယ်အမေမဆို ကိုယ့်သားရဲ့ မိန်းမဟာ ကိုယ့်သားအပေါ် ချစ်ခင်လေးစားအားကိုးတာ မြင်လျှင် ကျေနပ်သဘောကျသလိုပဲ ဒေါ်ရွှေစင်လည်း သဘောကျရပါသည်။ ပြီးတော့ ယောကျ်ား ဘယ်လောက်ဝင်ငွေကောင်းကောင်း ကိုယ့်ဝင်ငွေလည်း ကိုယ်ရှာ လိုသော စိတ်ဓာတ် ရှိတာပင်။ ခုထိ သူ့ရဲ့ ဆိုင်ကို ပိတ်မပစ် ဘဲ သူကိုယ်တိုင် သွားထိုင်လို့ရနေသေးသည့် အချိန်ထိ ဆိုင်ထို စိတ်ပါလက်ပါ သွားထိုင်ရောင်းဝယ်နေသေးသည်။

ကိုယ်ဝန် လရင့်လာမှ သားကြီး ကိုယ်တိုင်က -

"ဗိုက်ကြီးတကားကားနဲ့ အလုပ်ထွက်လုပ်မနေပါနဲ့ ငွေယုန် ဆိုင်မှာ မင်း မရှိလည်း ဆိုင်ကို ဦးစီးမဲ့ ဝန်ထမ်းတွေ မင်း ကိုယ်တိုင် ရွေးချယ်ခန့်ထားပြီးပြီပဲ။ သူတို့ ဆက်လုပ်လိမ့် မယ်။ ဆိုင်ပိတ်ချိန်မှာ ဆိုင်မန်နေဂျာ မိန်းကလေး မင်းဆီလာပြီး စာရင်းလာပြလိမ့်မယ်၊ မင်း နားနားနေ နေလို့ရပါတယ်၊ ကလေးမွေးပြီးမှ ဆိုင်ပြန်သွားရင်သွား ခုတော့ နားလိုက်ဦး၊ ဗိုက်ကြီးနဲ့ ဆိုင်ထိုင်နေတာ လူမြင် မကောင်းဘူး"

လို့ဆူပူသံပြုတော့မှပဲ ဆိုင်အသွားရပ်ကာ အိမ်မြဲ တာ ဒီတစ်ပတ်နှစ်ပတ်မျှသာ ရှိသေးသည်။ ငွေယုန် ကောင်းတာ





တွေက အဲဒါမျိုးလေးတွေ ဖြစ်ပြီး၊ ဆိုးတာကျတော့ မောင်နှမတွေ ဆုံကြရင် သူက ဘာသိဘာသာလိုလို နေတတ်တာဖြစ်သည်။ မဖြစ်လွန်း၍ အောက်ကို ခဏတစ်ဖြုတ် ဆင်းလာ မျက်နှာပြပြီး လျှင် သူ့ဘာသာ အပေါ်ပြန်တက်နေတတ်သည်။ သားကြီးက တော့ ညီ၊ ညီမတွေကို ခင်သူမို့ အောက်မှာ အကြာကြီး အချိန် ဖြုန်းတတ်သည်။ ယောက်ဖနဲ့ညီနဲ့ ဘီယာဝိုင်းလုပ်ရင် သူလည်း ဝင်ပါတတ်သည်။ စန္ဒရာ သားသမီးတွေနဲ့ ဆော့ရင်ဆော့တတ် သည်။ အိန္ဒြာ ပြောပြသမျှ အဝတ်အထည်သစ် ထုတ်လုပ်မှု အကြောင်း စိတ်ပါဝင်စားနေတတ်သည်။ သားကြီးကတော့ ညီ၊ ညီမတွေ အိမ်မှာ ဆုံကြပြီး Get Together လုပ်ရတာကို ပျော်သည်။ ငွေယုန်ကတော့ ဒါကို ပျော်ပုံမရ။ နေသားကျပုံ မရသေး။

ပြီးတော့ ဓာဖြူ့ကိုလည်း မကြည်ပုံ ရသည်ဟု ဒေါ်ရွှေစင် ထင်သည်။ ငွေယုန် ပထမဆုံး လာလာချင်းနေ့က ဓာဖြူဟာ သူမရဲ့ တန်ဖိုးကြီး ဒေါက်မြင့်ဖိနပ်ကို ချိုးပစ်ဖူးသည့် အတွက် အဲဒီကိစ္စကို အမှတ်သညာကြီးနေပုံရသည်။ အသက်နှစ် ဆယ်ကျော် လူကြီးတစ်ယောက်က အသက်ဆယ်နှစ်ပင် မပြည့်သေး သော ကလေးလေးတစ်ယောက်ရဲ့ မသိနားမလည်မှုကို ဗွေယူကာ ခုထိ စိတ်ထဲ ဘေးမှတ်ထားတတ်သည်မှာတော့ လူကြီးမဆန်လှ။ ငွေယုန့်မှာ ကလေးဆန်သော စိတ်ဓာတ်ဆိုးကို ပိုင်ဆိုင်သည်ဟု ထင်မြင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ရွှေစင် ရင်သားကင်ဆာကတော့ ဆရာဝန်က တစ်နှစ်ဟု မှန်းထားပေမဲ့ ဆေး သေသေချာချာကု၍လားမသိ၊ ဒေါ်ရွှေစင် ကိုယ်တိုင်လည်း စိတ်ဓာတ် လွယ်လွယ်မကျ၍လားမသိ၊ အခုဆို တစ်နှစ်ကျော်လာပြီ။ ဒီထက်ပိုဆိုးရွားလာသော အခြေအနေကို မရောက်သေး။ ဆံပင်တွေ တစ်ခေါင်းလုံး ကျွတ်ကုန်တဲ့အထိ ဆေးပြင်းတွေ သောက်ရလို့ လူကတော့ ခေါင်းတုံးကြီးနှင့် အသားအရေ မစိုပြည်တော့တာက လွဲရင် ခုထိ နေထိုင်ကောင်းဆဲ။

သားသမီးနှင့် ခင်ပွန်းဖြစ်သူတို့ကသာ စိတ်ပူပြီး နေ့ဘက်နာ့(စ)၊ ညဘက်နာ့(စ)တွေ မပြတ်ငှားထားပေးပြီး စောင့်ရှောက်ပေမဲ့ ဒေါ်ရွှေစင်ဟာ ခုထိ အိမ်သာကို ကိုယ်တိုင်ထ,သွားနိုင်တုန်း။ စားချင် သောက်ချင်တာရှိလျှင် ကိုယ့်ဘာသာ စားနိုင်တုန်း၊ တကယ့်လူမမာကြီးတွေလို သူများခွံ့ကျွေးရတဲ့ အဆင့်တို့၊ အစာအိမ်ထဲကို ပိုက်ထည့်ပြီး ထားရတဲ့ အဆင့်တို့၊ အောက်စီဂျင်ဘူးနဲ့ အသက်ရှူရတဲ့ အဆင့်တို့ မရောက်သေးပါပေ။ အဲဒီထိလည်း မဖြစ်ချင်ပါဘူးလေ။ သေစရာရှိ သေသွားပါစေ၊ ဒီလိုချည်း ပိုက်တန်းလန်းတွေနဲ့ မနေချင်ပါဘူး။

နေ့လယ်နေ့ခင်း ထမင်းစားသောက်ပြီးသောအခါ ငွေယုန် တစ်ယောက် လုံအိပ်အနားယူဖို့ မစဉ်းစားပဲ ဒေါ်ရွှေစင်ကို အဖော်ပြုဖို့ အနားရောက်လာပါသည်။ အမြဲတမ်းလည်း ဒီလို





ရောက်လာနေကျဖြစ်၍ ဒေါ်ရွှေစင် တစ်ယောက် မထူးဆန်းတော့သလို ငွေယုန် ရောက်မလာသေးရင်တောင် သူ့ဘာအလုပ်များနေလို့လဲ ဆိုပြီး မျှော်တတ်လာသည်။

"ကိုသိဒ္ဓိဆီ ထမင်းချိုင့်ပို့တော့ သူ့သူငယ်ချင်းဆီက ပို့ပေးထားတဲ့ DVD ကားအသစ်တဲ့၊ မေမေ ကြည့်မလား။ ငွေယုန် ယူလာတယ်၊ မေမေ မကြည့်ချင်ရင်လည်း ငွေယုန်တို့ Satellite က သတင်းပဲ ကြည့်ကြတာပေါ့"

"သတင်းတွေ မကြည့်တော့ပါဘူးကွယ်၊ စစ်ပွဲတွေပြလိုက်၊ လျှင်လှုပ်တာ မီးတောင်ပေါက်တာ ရေကြီးတာတွေပြလိုက်နဲ့ လူတွေ ဒုက္ခရောက်ကြတာကို မြင်ရတော့ စိတ်မချမ်းသာဘူး။ သူတို့နိုင်ငံတွေမှာ ပွဲတော်ရက်ရှိမှ သတင်းကြည့်ရတာ ကောင်းတယ်၊ Christmas တို့ New Year တို့ဆို ပြင်ဆင်ထားတာတွေ ကြည့်လို့ကောင်းတယ်"

"ရုပ်ရှင်ကြည့်မလား"

"သားကြီးက ဘာကားပေးလိုက်လို့လဲ"

"သူ့သူငယ်ချင်း ဘယ်ကရလာတဲ့ ကားလဲတော့ မသိဘူး။ ကလေးကားပဲ မေမေ Ice Age - 2 တဲ့။ animation ပေါ့။ ကာတွန်းရုပ် မဟုတ်ဘူး။ Computer Animation ကားပဲ၊ ပထမကားတော့ ငွေယုန် ကြည့်ဖူးတယ်"

"ဩော် ... သူက Part I လည်း ရှိသလား"



www.burmeseclassic.com

www.burmeseclassic.com



"Part I ရယ် မဟုတ်ပါဘူး။ ပထမကား အောင်မြင်ရင် ဒုတိယကား လိုက်ထွက်လာတဲ့သဘော ဖြစ်မှာပါ။ လမ်းက တခြားစီ ထင်တယ်"

"အမေရိကားမှာလည်း ပထမကား အောင်မြင်ရင် နံပါတ်(၂)တွေ (၃)တွေ ပေါ်လာတတ်တာပဲနော်။ ရအောင် လုပ်တတ်ကြတယ်"

"ကလေးကားတွေတောင် အောင်မြင်ရင် အဲဒီလိုအတွဲလိုက် ထွက်လာတာလေ။ Lion King ဆိုလည်း ၁၊ ၂၊ ၃ ထွက်တာပဲ။ Jungle Boat ဆိုလည်း ၁ တို့ ၂ တယ်။ မေမေ ကြည့်ဖူးလား"

"Lion King တော့ နာမည်ကြီးလို့ ကြည့်ဖူးပါတယ် ဇာဖြူတို့ ကြည့်ကြတော့ အဘွားပါ မြေးနဲ့ရောပြီး ကြည့်တာမျိုးပေါ့။ Jungle Boat တော့ မကြားဖူးဘူး ငွေယုန်က ကလေးကားတွေလည်း ကြည့်တယ်နော်၊ သိနေတယ်၊ မေမေတောင် မသိတဲ့ ဒီ Ice Age ဆိုတဲ့ ကားလည်း ငွေယုန် သိတယ်"

ငွေယုန် ပါးလေးတွေ မို့တက်ကာ မျက်လုံး မှေးစင်း၍ ရှည်မျောမျောလေး ဖြစ်သွားအောင် ပြုံးပါသည် ဒေါ်ရွှေစင် ငေးကြည့်ရင်း အိန္ဒြာ တစ်ခါက ပြောဖူးသော ချက်ကို သတိရသွားပါသည်။ သူက ပြုံးလိုက်ရင် မျက်လုံး





တွေ မှေးမှေးရှည်ရှည်လေး ဖြစ်သွားတာ တစ်မျိုးထူးခြားပြီး ကြည့်ကောင်းတယ်တဲ့။ အင်း ... ဟုတ်သားပဲ။ သူ့မှာ အလှဆုံး အချက်က အဲဒါပဲ။ ကျန်တဲ့အချိန် ဒီတိုင်းနေရင် မျက်နှာက ခပ် တည်တည် စူပုပ်ပုပ်နဲ့။

"ငွေယုန်က ရုပ်ရှင်သိပ်ကြိုက်တယ်၊ အရင်ကဆို ဆိုင်က ပြန်လာတာနဲ့ တစ်ကားပြီးအောင် ကြည့်ပြီးမှ အိပ်တယ်။ ဆိုင်ပိတ်တဲ့ရက်ဆို ငွေယုန် အိမ်မှာ တစ်ယောက်တည်းဆို တော့ ပျင်းရင် ရုပ်ရှင်ပဲကြည့်တယ်။ အပြင်လည်း မလည် တတ်တော့ အိမ်မှာပဲနေတယ်။ မိစံနဲ့လည်း ကိုယ်နဲ့ ဘာမှ မပတ်သက် မတော်စပ်တဲ့ မိန်းကလေးမို့လား မသိဘူး။ ပြောစရာ စကားကလည်း မရှိဘူး။ ဒါနဲ့ပဲ ရုပ်ရှင်ထိုင် ကြည့်ရင်း ကြည့်ရင်းနဲ့ ကြိုက်လာတာ ထင်တယ်၊ ကလေး ကားလေးတွေ ကြည့်ရတာ စိတ်ချမ်းသာတယ်။ စိတ်လက် ပေါ့ပါးတယ် ထင်လို့၊ တစ်ခါတလေ စိတ်ထဲမှာ သိပ် မပျော်တာရှိရင် ကလေးကားပဲ ရွေးကြည့်လိုက်တယ်"

"အခု အိမ်ထောင်ကျတော့ရော"

"ရှင်"

"ဩော် ... အိမ်ထောင်ကျတော့ရော ရုပ်ရှင်တွေ အများကြီး ကြည့်ဖြစ်သေးလားလို့ မေးတာပါ။ အရင်က စကားပြော ဖော်မရှိလို့ ရုပ်ရှင်ပဲ ထိုင်ကြည့်တယ်၊ အခုကျတော့ သား



www.burmeseclassic.com

www.burmeseclassic.com



ကြီးလည်း အဖော်ရှိလာပြီဆိုတော့ ရုပ်ရှင်တွေ အများကြီး ကြည့်ဖြစ်သေးလားလို့ မေးတာပါ”

“ကြည့်ပါတယ်၊ ကြည့်လွန်းလို့ ကိုသိဒ္ဓိနဲ့တောင် တစ်ခါ တလေ ရန်ဖြစ်ရတယ်၊ သူက လာစကားပြောနေတာ စိတ်မဝင်စားပဲ ကိုယ့်ကားထဲကိုယ် အာရုံစိုက်နေမိလို့လေ”

ငွေယုန်သည် သူတို့နှစ်ဦးတည်း အတူရှိချိန်မှာသာ သားကြီးကို “ကိုကို”ဟု ခေါ်ကြောင်း ဒေါ်ရွှေစင် ကြားဖူးထေ သူများတကာရှေ့ သားကြီးကို ကိုယ်စားပြု နာမ်စားသုံးရမယ်ဆို [illegible]ကိုသိဒ္ဓိ”ဟုပင် ခေါ်တတ်ပါသည်။ ဘယ်တော့မှ “ကိုထိ ကလေ”ဟု ထည့်ပြောလေ့ မရှိပါ။

“ငွေယုန့် လက်စွပ်လေးရော”

ဒေါ်ရွှေစင်သည် ငွေယုန့် လက်မှာ မင်္ဂလာလက်ဖွဲ့ ပေးထားသော လက်စွပ်ကိုလည်းကောင်း၊ ငွေယုန် မချွတ်တမ်းဝတ် သည့် သူမအဘွားအ၏ လက်စွပ်ကိုလည်းကောင်း မမြင်သဖြင့် အကုန်ရောပြီး မေးလိုက်တာမျိုး ဖြစ်သည်။

“ဩော် ... ငွေယုန့် လက်ချောင်းလေးတွေ နည်းနည်း ယောင်လာလို့ ချွတ်ပြီး သိမ်းထားတယ် မေမေ။ ခုတလော မှာ ယောင်လာတာ”

“ဟဲ့ ... အဲဒါ မပေါ့နဲ့၊ ကိုယ်ဝန်ဆိပ်တက်တာလား မသိ ဘူး”





“ငွေယုန် နေလို့ထိုင်လို့ ကောင်းပါတယ်”

“စန္ဒရာတုန်းက လက်တွေ ခြေတွေ ယောင်လာတော့ O.G ဆီ တစ်ခေါက် ထပ်သွားပြကြသေးတယ်”

“မစန္ဒရာ ဘာမှမဖြစ်ဘူး မဟုတ်လား”

“မဖြစ်တော့ မဖြစ်ပါဘူး၊ ဒါပေမဲ့ တစ်ယောက်နဲ့ တစ် ယောက် တူတာမှ မဟုတ်တာ။ သားကြီးကိုခေါ်ပြီး သွား ပြကြဦး”

“ကိုသိဒ္ဓိက နေ့လယ် ထမင်းချိုင့်သွားပို့တုန်းက ငွေယုန့် ကို ပြောလိုက်တယ်။ ဒီရက်ပိုင်းအတွင်းပဲ အထည်အလိပ် ကိစ္စနဲ့ ဗန်ကောက် ခဏသွားဖို့ စီစဉ်နေတယ်တဲ့”

“အဲဒါ အရင်တည်းက ပြောနေတာပါ၊ သူ့မှာ အမေစိတ် မချ၊ မိန်းမ စိတ်မချနဲ့ ခုထိ မသွားဖြစ်သေးတာ၊ မသွား လက်စနဲ့ မသွားနဲ့ဦး ပြောလိုက်မယ်။ ငွေယုန်သာ ဆေး ခန်း မဖြစ်မနေသွားပြ ဟုတ်လား၊ ကိုယ်ဝန်ဆိပ်တက်တာ မပေါ့နဲ့”

ဒေါ်ရွှေစင့် ရင်ထဲမှာ စေတနာ မေတ္တာ အမှန်ဖြင့် ပြောတာဖြစ်ကြောင်း ငွေယုန် ခံစားရလျှင် ငွေယုန့် ရင်ထဲမှာ ဝမ်းသာကြည်နူးစိတ် ဖြစ်ရလေသည်။

ကိုယ်က မေတ္တာပေးရင် မေတ္တာပြန်ရပါတယ်၊ နှင့် ယောက္ခမကြီး မမာနေတာ စေတနာမေတ္တာမှန်မှန်နဲ့ ကိုယ်[illegible]တ်



www.burmeseclassic.com

www.burmeseclassic.com



နိုင်သလောက် ပြုစုဂရုစိုက်ရင် သူ နင့်ကိုလည်း ပြန်မေတ္တာထားလာမှာပါလို့ ငွေယုန့်အစ်မလတ် မကြေးမုံ ဩဝါဒ ချွေခဲ့ဖူးသော စကားတို့ကို နာခံလျက် ငွေယုန်သည် ဒေါ်ရွှေစင့်ကို အတတ်နိုင်ဆုံး စေတနာထား၍ ဆက်ဆံမိခဲ့သောကြောင့် ထင်ပါသည်။ အခုတော့ ဒေါ်ရွှေစင်သည် ငွေယုန့်အပေါ် သဘောမဆိုးတော့ပြီဖြစ်ကြောင်း ငွေယုန် သိလာပါသည်။

စပြီးရောက်ခါစ နေ့ရက်တွေမှာ နေရထိုင်ရတာ ကသိကအောက် ဖြစ်ရတာတွေ၊ ကိုယ်က ဒါပြောတာ သဘောရိုးနဲ့ပေမဲ့ သူက အထအနကောက်သွားတာတွေ၊ ထမင်းစားချိန်လေးမှာ ဆုံရတာကိုပင် မဆုံအောင် ရှောင်ခဲ့ဖူးတာတွေကို အခုအခါ ငွေယုန် ပြန်မြင်ယောင်ကြည့်သောအခါ အိပ်မက်လိုပဲ ဖြစ်နေတော့လေသည်။

တစ်ခါကတော့ အကြီးအကျယ်ကို စကားများတော့မလို ဖြစ်ခဲ့ဖူးသည်အား ငွေယုန် ပြန်သတိရနေပါသေးသည်။ အဲဒီနေ့က ညနေစာ ထမင်းစားကြတော့ ဦးအောင်၊ ဒေါ်ရွှေစင်၊ အိန္ဒြာတို့နဲ့ ကိုကိုနဲ့ ငွေယုန် ငါးယောက်တည်း ဖြစ်သည်။ အဲဒီနေ့က ငွေယုန် ကိုယ်ဝန်ရှိပြီဖြစ်ကြောင်း သူတို့အားလုံး သိအောင် ပြောပြပြီးသည့်နေ့လည်း ဖြစ်ပါသည်။ ထိုအချိန်တုန်းက ဒေါ်ရွှေစင်လည်း အခုလို ဆေးဒဏ်တွေ ပြင်းထန်စွာ ခံစားနေရသော ပုံစံလည်း မဟုတ်သေး။ တော်တော်လေး ကျန်းမာနေသေးကာ





မိသားစုနဲ့ ထမင်းအတူစားနိုင်သော၊ စကားမာမာ ပြောနိုင်သေးသော၊ အတ္တကြီးနိုင်သေးသော အချိန်လည်း ဖြစ်ပါသည်။ အခုတော့ လူလည်း တော်တော့်ကို ဗုန်းဗုန်းလဲတော့မလောက် ဆေးဒဏ်တွေ ခံရပြီမို့၊ လေသံတောင် မမာနိုင်တော့။ ဒေါ်ရွှေစင့်လို စိတ်မာသူမို့သာ ဒီလောက်ကြာကြာခံပြီး ရောဂါဒဏ်ကို အံတုနိုင်တာ။ အဲဒီနေ့ကတော့ ထမင်းအတူစားကြရင်း ကိုကိုပဲ ငွေယုန့်ဗိုက်ထဲက အကောင်အထည် မပေါ်သေးသော ကလေးအကြောင်းကို စပြောခဲ့တာ ဖြစ်ပါသည်။

"သားကတော့ သားလိုပဲ သားအကြီးဆုံးလေး လိုချင်တယ် မေမေ။ သားနဲ့ ပုံစံတူပေါ့၊ မိဘကို လုပ်ကျွေးပြုစုမဲ့ သားကြီးမျိုး"

"မေမေတို့ မျိုးရိုးက သားယောက်ျားလေးများတဲ့ အုပ်စုပါ၊ သားကြီး လိုချင်သလို သားပဲမွေးမှာပါ"

"ဟုတ်တယ်နော်၊ မေမေဆို သားချည်း သုံးယောက်ပါတယ်။ ကောင်းတယ်ဗျာ၊ သားသမီး ငါးယောက်ဆိုတော့ လူများပြီး ပျော်ဖို့ကောင်းတယ်။ မေမေ့ကိုတော့ သားသမီးတွေ အများကြီးမွေးလို့ ချီးကျူးပါတယ်၊ တကယ်လို့ မေမေသာ တစ်ယောက် နှစ်ယောက်ပဲ မွေးရင် လူနည်းပြီး တော်တော် ပျင်းစရာကောင်းမှာပဲလို့ တွေးမိတယ်"

ဦးအောင်က ဝင်ပြောပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"သားသုံးယောက် ပါပါရဲ့ကွာ၊ ဝဠာက ပုံမှန်မဟုတ်တော့ အဲဒီကိစ္စကို သိပ်ကသိကအောက် ဖြစ်ရတာပဲ၊ ကိုယ့်သား ဆိုတော့ သားလိုပဲ မြင်ချင်တယ်"

"အို ... ကျွန်မကတော့ ဝဠာ အဲဒီလို ပျော့နွဲ့နွဲ့နဲ့ အေးအေးဆေးဆေး နေတာပဲ ကြိုက်ပါတယ်။ ကုဋေ့ကျကြည့်ဦး၊ သိပ်ယောကျ်ားပီသလွန်းနေပြီး ဆိုးတောနေတယ်လို့တောင် မြင်မိတယ်၊ သားကြီးလို မဆိုးလွန်း၊ မလိမ္မာလွန်းတဲ့ သားမျိုးကတော့ ရခဲပါတယ်၊ ဒီတော့ ကုဋေ့လို သိပ်ယောကျ်ားပီသနေတဲ့ သားလည်းတစ်ယောက်၊ ဝဠာ့လိုမျိုးလည်း တစ်ယောက် ဆိုတော့ မဆိုးပါဘူး၊ မျှတသွားတာပေါ့"

"တကယ်တော့ မေမေ့ စိတ်ထဲမှာ ဝဠာ့ကို ယောကျ်ားပီသတဲ့ သားပဲ ဖြစ်ချင်မှာပဲနော်"

ငွေယုန် နားထောင်နေရာမှ လွှတ်ခနဲ ဝင်ပြောလိုက်မိပါသည်။ ဒေါ်ရွှေစင်က ငွေယုန် ပြောတာကို ကြားလျှင် ...

"မဟုတ်ဘူးလေ ... ကုဋေက မိဘစကား သိပ်နားမထောင်ဘဲ သုံးဖြုန်းပြီး ဆိုးပြနေတော့ ဝဠာ ဒီလိုဖြစ်တာပဲ ခပ်ကောင်းကောင်းလို့ မေမေ လက်ခံနေတာကို ပြောတာပါ။ ဝဠာပါ ဆိုးနေရင် မေမေ့မှာ သားသုံးယောက်ပါတာ တစ်ယောက်ပဲ စိတ်ချမ်းသာစရာကောင်းပြီး ကျန်တဲ့နှစ်ယောက်





က ဝိုင်းဖြုန်းနေရင် ခက်ပြီပေါ့။ ဒါကြောင့် ဝဠာ ယောကျ်ား မပီသတာပဲ ကောင်းပါတယ်လို့ လက်ခံလိုက်တယ်"

အမှန်တော့ ဒေါ်ရွှေစင်ဟာ သူ့စိတ်သူညာပြီး ငွေယုန့်ရှေ့မှာ သူ့သား ဝဠာကို အကောင်းပြောနေတာ ဖြစ်သဖြင့် ငွေယုန်လည်း ဒီအတိုင်း လက်မခံနိုင်သလို ဖြစ်နေသည်။ တကယ်ဆို ဘယ်သူမဆို ကိုယ့်မှာ သားယောကျ်ားလေး ပါတာပဲ၊ သားယောကျ်ားလေး ပီသတာပဲ ဖြစ်ချင်မှာပေါ့၊ ချောက်နေတဲ့သား။ မိန်းကလေး သူငယ်ချင်းတွေနဲ့ရောပြီး မိန်းကလေးတွေလိုပဲ ဘယ်ကောင်လေးက မိုက်တယ်၊ ဘယ်ကောင်လေးက ချောတယ်၊ ပြောနေတဲ့ သားမျိုး ဘယ်အမေက လိုချင်ပါ့မလဲ။

"တကယ်လို့ မေမေရဲ့သား ဝဠာဟာ ကိုကုဋေ့လိုပဲ ခပ်ဆိုးဆိုး ပိုက်ဆံဖြုန်းတဲ့သား ပြန်ဖြစ်သွားရင် မေမေ အခု စိတ်ချမ်းသာတာထက် အဆတစ်ရာ ပိုမယ်ထင်တယ်"

"ဘာကို ဆိုလိုတာလဲ ငွေယုန်"

"မဟုတ်ဘူးလေ ... ငွေယုန် ပြောတာက ကိုဝဠာသာ ယောကျ်ားပီသသွားမယ်ဆိုရင် မေမေ့စည်းစိမ်တွေ ပြုတ်ရင်လည်း ပြုတ်သွားပါစေဆိုပြီး မေမေ ပိုပြီးစိတ်ချမ်းသာသွားမှာပဲလို့ ငွေယုန် ထင်တာပါ။ ကိုဝဠာက ခုကျ အသိုင်းအဝိုင်းထဲမှာ တစ်မျိုးကြီး ဖြစ်နေတယ်လေ။ အချိန်တန် အရွယ်ရောက်လို့ အဖော်ရှာကြတဲ့အခါမှာတောင်



www.burmeseclassic.com

www.burmeseclassic.com



သူက ကိုသိဒ္ဓိတို့လို ကိုကုဋေတို့လို မိသားစုနဲ့ မိတ်ဆက်ပေးဖို့၊ သိပ်ဆင်းရဲမွဲတေ ပညာမတတ်တဲ့ မိန်းကလေးတစ်ယောက်ပဲ ဖြစ်ရင်ဖြစ်ဦး လက်ခံလိုက်ချင်ပါတယ်လို့ တွေးမိကြမှာပဲ မဟုတ်လား"

"မိဘတွေ စိတ်ထဲမှာတော့ ကိုယ့်သား စိတ်ချမ်းသာရင် ကျေနပ်တာပဲ ငွေယုန်"

ဦးအောင် မျက်နှာကြီးကတော့ မည်းပြီး ပုပ်သိုးနေကာ ငွေယုန့်ကို ခပ်စိမ်းစိမ်း စိုက်ကြည့်နေခဲ့ကြောင်း ငွေယုန်ခုထိ သတိရသေးသည်။ များသောအားဖြင့် ဦးအောင်ဟာ ဒီအိမ်မှာ တရားအမျှတဆုံး၊ အားလုံးကို တစ်သမတ်တည်း အဆက်ဆံဆုံးဟုသာ ငွေယုန် အမှတ်ပေးခဲ့မိတာ။ ခုကျ သားကို ပြောခံရတော့ ဦးအောင်လည်း လက်သင့်မခံနိုင်သလို ဖြစ်နေပုံရသည်။

"ငွေယုန်သာဆို ကိုယ့်သားကို သားယောကျ်ားလေးလိုပဲ လက်ခံချင်တယ်။ သူ့ကို သဘာဝအတိုင်းပဲ အချိန်တန်ရင် မိန်းမယူ၊ သားတွေ သမီးတွေမွေးပြီး လူ့လောကထဲမှာ သာမန်လူပုံစံနဲ့ပဲ ဖြတ်သန်းစေချင်တယ်။ လူ့လောကထဲမှာ သဘာဝမကျတဲ့ ပုံစံကြီးနဲ့ freak (ဖရိခ်(ခ)) ဖြစ်နေတာမျိုးဆိုရင် ဘယ်လိုမှ ဖြေသိမ့်လို့ရမှာ မဟုတ်ဘူး။ ဒါကြောင့် ခုထဲက ဘုရားရှိခိုးတိုင်း ဆုတောင်းနေမိတယ်၊ သားမွေးခဲ့ရင်လည်း သားယောကျ်ားလေး ပီသတဲ့သားမျိုး





ရပါစေ၊ သမီးမွေးခဲ့ရင်လည်း သမီးမိန်းကလေး ပီသတဲ့သမီးမျိုး ရပါစေလို့"

ဦးအောင်သည် ထိုစကားအဆုံးမှာ သူ့လက်ထဲက ဇွန်းခက်ရင်းကို ပန်းကန်ပေါ် ခွမ်းခနဲ အသံမြည်အောင် ပစ်ချလိုက်သလို စားပွဲကိုလည်း သူ့လက်ဖဝါးတစ်ဖက်ဖြင့် ဖြန်းဆိုရိုက်ချလိုက်သည်။

ကိုကိုက ငွေယုန့်ကို စိတ်ရှုပ်သလို လှည့်ကြည့်ရင်း ...

"ကျွတ် ... ငွေယုန်ကကွာ၊ ပြဿနာလုပ်ပြီ"

ဟု ညည်းညည်းညူညူ ပြောသည်။

ဦးအောင်ကတော့ ငွေယုန့်ကို စိုက်ကာကြည့်လျက် ...

"ဒီလောက်ဆို လုံလောက်ပြီ ငွေယုန်။ မင်း ဒီလောက် စော်ကားမော်ကား ပြောရရင် ကျေနပ်ပါတော့။ ငါသတိထားမိတယ်၊ မင်းဟာ လူကို လူလို့မမြင်တတ်ဘူး။ လူလူချင်း သူဟာ ပုံမှန်ဖြစ်သည်ဖြစ်စေ၊ မဖြစ်သည်ဖြစ်စေ လက်ခံနိုင်စိတ် မရှိဘူးဆိုတာ မင်း ဒီအိမ်ကို ပထမဦးဆုံးခြေချတဲ့နေ့ကတည်းက ဝဋ္ဋာကို ကြည့်ရှုတဲ့ အကြည့်နဲ့တင် ငါသိခဲ့တယ်။ မင်းစိတ်ထဲမှာ ရှိတာတွေကို ဒီနေ့ ကြားလိုက်ရတာ ငါ ဘယ်တော့မှ မမေ့ဘူး။ ဒီနေ့ပြောတဲ့ ဒီစကား ဒီနေ့ပဲ ကြားချင်တယ်၊ နောက်ထပ် ဘယ်တော့မှ



www.burmeseclassic.com

www.burmeseclassic.com



ထပ်မကြားပါရစေနဲ့၊ မင်း ဒီလောက်ပြောခွင့် ရပြီပဲ၊ မင်း ကျေနပ်လိုက်ပါ”

ဒေါ်ရွှေစင်ကလည်း မျက်ရည်တွေ ဝဲလာပေမဲ့ ငွေယုန် ရှေ့မှာမို့ မျက်ရည်မကျချင်ဟန်ဖြင့် မျက်ရည်တွေ ခိုးသုတ်ရင်း ...

“ငွေယုန် ... မင်းလည်း တစ်နေ့ကျ မိခင်တစ်ယောက် ဖြစ်လာတော့မှာပါ။ အဲဒီအခါကျမှ မိဘဆိုတာ ကိုယ့်သား ကိုယ့်သမီး အပေါ် ဘယ်လိုစိတ်ထားမျိုးနဲ့ လက်ခံပြီး နားလည်ပေးတတ်တယ် ဆိုတာ သိလာမယ်၊ ခုလောလော ဆယ်မှာတော့ ငါတို့ဟာ မင်းပြောတာတွေကို ငုံ့ခံလိုက် ရပါတယ်၊ ကျေနပ်ပြီလား ငွေယုန်”

“ငွေယုန် စော်ကားလိုတဲ့စိတ်နဲ့ ပြောတာ မဟုတ်ပါဘူး။ လူတိုင်း စိတ်ထဲမှာ ရှိနေနိုင်တဲ့ ဖြစ်နိုင်ချေကို ဆွေးနွေး တာပါ၊ ဘာလို့ အမြင်ကြည်ကြည်နဲ့ နားမထောင်နိုင်ခဲ့ ကြတာလဲ”

အိန္ဒြာက ကုလားထိုင်ကို တွန်းရွှေ့၍ ဝုန်းဆို ထရပ် လိုက်ပြီးနောက် ...

“တော်ပြီ ဖေဖေနဲ့ မေမေ၊ အိန္ဒြာ ဘယ်တော့မှ သူနဲ့ ထမင်းလက်ဆုံ မစားနိုင်တော့ဘူး၊ သူ စော်ကားတာကို လည်း အိန္ဒြာ ထပ်ပြီး မခံချင်တော့ဘူး”





“အိန္ဒြာတို့ကို ငွေယုန် စော်ကားတာ မဟုတ်ဘူး”

“အေး ... နင်က နင့်ကိုယ်နင်သာ ဟုတ်တလုပ်ပြီထင်နေ။ နင်လည်း ဘာထူးလဲ။ စိတ်ဓာတ်က လူကြီးမဆန်ဘူး။ ကလေးဆန်တယ်။ ကလေးနဲ့ ပြိုင်စိတ်ကောက်ပြီး အငြိုး ထားတယ်၊ လူကြီးစိတ်ရှိတဲ့သူဆို ကိုဝဠာ ဘာကြီးဖြစ်နေနေ လက်ခံပြီး ကြည့်တတ်မှာပဲ။ နင်သာ ကလေးစိတ် ဖြစ် နေလို့ အခြောက်ဆို အခြောက်လို့ မြင်တယ်၊ ဖိနပ်ကလေး တစ်ခါလောက် ချိုးဖူးတဲ့ ဖာဖြူကို မြင်တိုင်း အငြိုးထား တယ်”

ဦးအောင်ကပေါ စားပွဲမှ ထလိုက်ပြီး ...

“ကဲ ... အားလုံး တော်ကြလို့ ငါပြောနေတယ်၊ တစ်ယောက် တစ်ခွန်း စကားများတာ ငါမကြားချင်ဘူး။ ဒီအိမ်မှာ ဒီလို ခွန်းကြီးခွန်းငယ် ဖြစ်တာ ဒါ ပထမဦးဆုံးပဲ၊ ရှက် ဖို့ကောင်းတယ်။ ဆွေမျိုးမိသားစုချင်း ကတောက်ကဆ ဖြစ်တာ သိပ်ရှက်စရာကောင်းတယ်။ ဒီမျက်နှာတွေ မမြင် ချင်လည်း မြင်ရမယ်၊ ဆွေမျိုးမတော်ချင်လည်း တော်ရ မယ်ဆိုတာ သိရက်နဲ့ ဖြစ်နေတာကို ရပ်တန်းက ရပ်ရင် ရပ် ... တော်ကြ”

ဟု အသံကျယ်ကြီး ဟိန်းနေအောင် အော်ပစ်သဖြင့် အိန္ဒြာနဲ့ ငွေယုန် တစ်ယောက်နဲ့ တစ်ယောက် ထသတ်တော့မလို



www.burmeseclassic.com

www.burmeseclassic.com



စိုက်ကြည့်နေတာလည်း ရပ်သွားပါသည်။ အဲဒီတစ်ခါပဲ သူတို့ မိသားစုနဲ့ ပြင်းပြင်းထန်ထန် ထိပ်တိုက်တွေ့ စကားများဖူးခဲ့သည်။ နောက်တော့ မနက်စာ ထမင်းဝိုင်း၊ ညနေစာ ထမင်းဝိုင်းမှာပင် မဆုံကြတော့အောင် ရှောင်ပြီးနေခဲ့တာ သုံးလေးလ ကျော်ပါသည်။

ငွေယုန်လည်း ပြောမိပြီးမှ ကိုယ့်အမှား ကိုယ်မြင်ပြီး သူတို့ကို အားနာသွားခဲ့ဖူးပါသည်။ သူတို့စိတ်ထဲတော့ ဘယ်လိုနေမယ် မသိပေမဲ့ ငွေယုန်ကတော့ ကိုကို့ မျက်နှာကို ထောက်ပြီး အားနာနေမိခဲ့တာ ဖြစ်သည်။

"ငွေယုန့် စိတ်ထဲမှာ အဲဒီအချိန်တုန်းက ကိုယ်ကလည်း ကိုယ်ဝန်ရှိခါစဆိုတော့ သားလေးသာဖြစ်ရင် ကိုဝဠာလို မျိုးသာ ဖြစ်ခဲ့မယ်ဆိုရင် ငါတော့ စိက်မကောင်း ဖြစ်တာနဲ့ ရူးသွားနိုင်တယ်လို့ တွေးနေမိတာနဲ့ ပြောမိပြောရာတွေ ပြောလိုက်မိတာပါ။ တကယ်တော့ ဘယ်သူ့ကိုမှ စော်ကားလိုတဲ့စိတ်လည်း မရှိပါဘူး။ လူတစ်ယောက်ဟာ သဘာဝအတိုင်းပဲဖြစ်ဖြစ်၊ အခြောက်ပဲဖြစ်ဖြစ် စိတ်ဓာတ်ကောင်းဖို့က အရေးကြီးပါတယ်။ ဘယ်သူ့ကိုမှ ဒုက္ခမပေးဘဲ သူ့ဘာသာ အေးအေးဆေးဆေးနေပြီး လုပ်သစ္စာနေတတ်ရင် ကျန်တဲ့အားပတ်ဝန်းကျင်က လူတွေကိုလည်း အကျိုးရှိစေပါတယ် ဆိုတာ ငွေယုန် သိပါတယ်။ နားလည်းနား





လည်ပါတယ်။ ငွေယုန် စကားပြော မှားသွားပါတယ် ကိုကိုရယ်"

"မင်းက သွားပြောပြီးနေပြီ။ သူတို့စိတ်ထဲမှာ နာသွားပြီကွ။ စိတ်နာပြီးမှ ပြန်ပြေရင် အရင်စိတ်နဲ့တော့ မတူကြတော့ဘူး။ မင်း ဒါကို သိမှာပါ"

"ကိုကိုကရော စိတ်နာလား"

"စိတ်မနာပါဘူးကွာ၊ ကိုယ့်မိန်းမကိုယ် စိတ်နာတတ်တဲ့ လူစားလည်း မဟုတ်ပါဘူး။ ကိုယ့်ညီ ဒီလိုဖြစ်နေလို့ ငွေယုန် ပြောလည်း ကိုယ်စိတ်မနာဘူး။ အေး ... ကိုယ့်အပေါ် ဖောက်ပြန်သွားမှသာ စိတ်နာမဲ့ လူစားမျိုးကွ။ ကိုယ်က ချစ်ရသလို ကိုယ့်အပေါ်ကျ သစ္စာရှိရှိ ပြန်မချစ်မှသာ ကိုယ်က စိတ်နာမှာ"

ကိုကိုကတော့ မိန်းမဘက်လိုက်ပြီး ငွေယုန့်ကို စိတ်မနာခဲ့ပေမဲ့ ကျန်တဲ့မိသားစုတွေကတော့ ငွေယုန့်ကို တော်တော်လေးပဲ စိတ်နာခဲ့ကြကြောင်း ငွေယုန် ရိပ်မိခဲ့ပါသည်။

အဲဒီလို ကိုယ့်ဘက်က မှားခဲ့တာတွေ၊ သူတို့နဲ့ ကိုယ့်ကြားမှာ အဖုအထစ်တွေ ဖြစ်ခဲ့တာတွေကြောင့် အနှနောက်ပိုင်းမှာ ငွေယုန်ဟာ ကိုယ့်ဘက်က အများကြီးလျှော့ပြီး ပြန်ဆက်ဆံခဲ့ပါသည်။ ဒေါ်ရွှေစင့်ကိုလည်း ကိုယ့်အမေနဲ့နှိုင်းပြီး ကရုဏာ သက်လျက် သူ့ရောဂါဝေဒနာ ပိုဆိုးလာချိန်မှာ ကိုယ်က ဘေးက



www.burmeseclassic.com

www.burmeseclassic.com



နေ အဖော်ပြုပြီး (သူနှစ်သက်သည်ဖြစ်စေ မနှစ်သက်သည်ဖြစ်စေ) အားပေးခဲ့တာပင်။

ပိုက်ဆံတတ်နိုင်လွန်းသူတွေမို့ ကိုယ်ကိုယ်တိုင်က ဝတ်ကြီးဝတ်ငယ် ပြုစုပေးစရာ မလိုပေမဲ့ ဂရုတစိုက်လေး သူ့နားသွားနေ၊ စကားတွေပြောပေး၊ စိတ်ပြေလက်ပျောက် ရုပ်ရှင်အတူကြည့်ကြ၊ ဂျာနယ်တစ်ထပ်ကြီး ဝယ်လာပြီး တစ်စောင်ပြီးတစ်စောင် အတူထိုင်ဖတ်ကြ အနုပညာလောက Celebrities တွေအကြောင်း အထူးအဆန်းပါလျှင် ပြောကြနှင့် တမင်ပဲ သိသိသာသာ ဒေါ်ရွှေစင့် အနား ကပ်နေပေးခဲ့မိပါသည်။

ရောဂါဝေဒနာ ခံစားနေရပြီး နောက်ဆုံးအချိန်ကိုရောက်နေတဲ့ လူနာတစ်ယောက်မှာ ဘာမှမလိုတော့ဘူး။ ငွေကြေးဥစ္စာလည်း မလိုဘူး။ လောဘ ဒေါသ မောဟတွေလည်း မရှိနိုင်တော့ဘူး။

သူလိုအပ်တာက သူ့အနားမှာ သူ့စိတ်ကို ရောဂါဝေဒနာအကြောင်း မေ့စေပြီး ဖျော်ဖြေပေးနေမဲ့ စကားပြောအဖော်ပြုနေမဲ့ မိသားစုဝင် တစ်ယောက်ပဲ လိုအပ်တာ။ သူ ငွေယုန့်ကို စိတ်ထဲမှာ ချစ်သည်ဖြစ်စေ၊ မချစ်သည်ဖြစ်စေ၊ သူ့ခံစားချက်ထဲမှာတော့ ငွေယုန်ဟာ သူ့ချွေးမပဲ။ သူ့ရဲ့ဆွေမျိုးပဲ။ သူ့သားကြီးရဲ့ မိန်းမပဲ။ သူ့ မြေးလေးကို လွယ်ပိုးထားတဲ့ မိခင်လောင်းပဲ။ အဲဒီလောက်တော့ ရင်းနှီးမှု ရှိမယ်လို့ ငွေယုန် ခံစားရပါသည်။





အခုတော့လည်း ရှေးလူကြီးတွေ ပြောဖူးသလိုပါပဲ။ ရေကို ဓားနဲ့ခုတ်ရင် မပြတ်သလိုဘဲ ဆွေမျိုးသားချင်း ညီအစ်ကိုမောင်နှမတွေ ဆိုတာလည်း ဘယ်တော့မှ မပြတ်စဲကြရသော ထုံးစံအတိုင်း ဒေါ်ရွှေစင်နဲ့ ငွေယုန်တို့လည်း တစ်အိမ်တည်းအတူနေကာ အရင်က ဖြစ်ခဲ့တာတွေ မေ့လိုက်ကြပြီး ငြိမ်းချမ်းရေးရယူသွားနိုင်ကြပါပြီ။ နှစ်ယောက်သား Ice Age(2) ဟူသော ကလေးကြိုက် ရုပ်ရှင်ကားလေးတစ်ကား အတူကြည့်ရင်း အချိန်ဘိုကို အတူကုန်လွန်စေခဲ့ကြပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၆

ငွေယုန် သားကိုမွေးသောနေ့တွင် ဒေါ်ရွှေစင့်ကို ဆေးရုံတင်လိုက်ရသည်နှင့် တိုက်ဆိုင်စွာ ဆုံသွားခဲ့ပါသည်။ ငွေယုန်ကတော့ ညသန်းခေါင်မှာ ဗိုက်နာပြီး ဆေးရုံရောက်ခဲ့ကာ မနက်စောစောမှာ သားကို မွေးခဲ့သည်။ ငွေယုန် မွေးပြီး၍ မွေးခန်းထဲကထွက်ပြီး ward ထဲရှိ ကိုယ်ပိုင်သီးသန့်ခန်းထဲ ပြောင်းစဉ်မှာပင် အိမ်ကိုဖုန်းလှမ်းဆက်သော ကိုကို့ထံမှ ...

"ငွေယုန် မေမေ ခုလေးတင်ပဲ ထပ်အန်ရင်း shock ရပြီး သတိမေ့သွားလို့ ဆေးရုံပို့လိုက်ကြရပြီလို့ ကိုယ့်ကို ရန်မျိုး လှမ်းပြောတယ်၊ အဲဒါ ငွေယုန် ဘယ်လိုသဘောရလဲဟင်"

"သွားလိုက်ပါ ကိုကို၊ သွားလိုက်ပါ။ ငွေယုန် နားလည် ပါတယ်"

"တကယ်တော့ ကိုယ် ငွေယုန့်နားမှာ အဖော်လုပ်ချင်တယ် သားကို ဓာတ်ရိုက်နှင့်ရဖို့ စောင့်ချင်ပါတယ်"



"ရပါတယ် ကိုကို။ တိုက်ဆိုင်သွားတာပဲ၊ ငွေယုန် ခွင့် လွှတ်ပါတယ်။ သားက နောက်မှချီရင်လည်း ရတာပဲ။ ကိုကို့အမေက အရေးကြီးပါတယ်၊ ဒါ သူ့ရဲ့ နောက်ဆုံး အချိန်လည်း ဖြစ်ရင် ဖြစ်နေမယ်၊ ကိုကို မမြင်လိုက်ရရင် တစ်သက်လုံး ယူကျုံးမရ ဖြစ်နေဦးမယ်"

"ကိုယ် ညနေ ညှိချိန်ကျ တစ်ခေါက် ပြန်လာမယ်နော်"

"ဟုတ်ကဲ့"

သိဒ္ဓိတစ်ယောက် ဇနီးသည်ကိုလည်း အနားမှာ အားပေးပြီး နေချင်သောစိတ်၊ နဲ့(စ)က နို့တိုက်ဖို့ လာပေးတော့ မည့် သားဦးလေးကို ကြည့်ခွင့် ချီခွင့်ရချင်သောစိတ်နှင့် အမေ့ကို အသက်မမီလိုက်မှာ စိုးရိမ်ရသောစိတ်တွေဖြင့် ဗျာများပြီး တိုက် ဆိုင်လှသော အဖြစ်အပျက်ကိုသာ အပြစ်ပုံချမိတော့သည်။

ငွေယုန်ကလည်း သူ့ဘာသာ သဘာဝအလျောက် ဗိုက်နာပြီး မွေးတာပါပဲ။ မေမေကလည်း ဒီရက်ပိုင်းအတွင်းမှာ မှ မကြာခဏ အန်လိုက်၊ သွေးပါလိုက်ဖြစ်ပြီး အခြေအနေဆိုး လာပြီးမှ အခုနောက်ဆုံး ဆေးရုံပါတင်လိုက်ရသောနေ့ကို အမှတ် မထင် ကြုံလိုက်ရတာပါပဲ။ ဒါပေမဲ့ တစ်ရက်တည်း သွားတိုက် ဆိုင်နေပြန်တော့ အမိက ကာယကံရှင်ဖြစ်သော သိဒ္ဓိပဲ ကြားထဲက ဟိုပြေးဒီပြေး ဖြစ်ရသည်။ ဟိုဘက်လည်း စိတ်မဖြောင့်၊ ဒီဘက် လည်း စိတ်မဖြောင့် ဖြစ်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



သိဒ္ဓိ ပြန်သွားပြီး သိပ်မကြာ။ ငွေယုန့် အစ်မလတ် မိသားစုနှင့် ဖြူဖြူ ရောက်လာသည်။ ဆေးအရှိန်တွေနဲ့ မှိန်းနေသော ငွေယုန့်နား သူတို့ လာရပ်လိုက်သဖြင့် ကိုယ်ပေါ် အရိပ်ကျသွားသောကြောင့် ငွေယုန် ဖျတ်ခနဲ မျက်လုံးဖွင့်ကြည့်မိသည်။

မကြေးမုံက ...

"ဟဲ့ ... ဘယ်သူမှ မရှိကြဘူးလား"

"မှာ့(စ)တော့ ရှိပါတယ်၊ ခဏအပြင်ထွက်သွားတယ် မလတ်။ ဟဲ့ ... ဖြူဖြူ ထိုင်လေ၊ အံ့မယ် နင်က ဘိုဆန်နေပြန်ပြီ။ လက်ထဲမှာ ပန်းစည်းကြီးနဲ့ card နဲ့"

"It's a boy" ဟု စာတန်းပါသော ကတ်လှလှလေး ကိုင်ပြီး ရပ်နေသော ဖြူဖြူက ရယ်ရင်း ...

"သိဘူးလေဟယ် ... ရုပ်ရှင်တွေထဲမှာတော့ ဒီလိုတွေ့ဖူးတာပဲ၊ တစ်ခါမှ မလုပ်ဘူးလို့ လုပ်ကြည့်တာ"

ဟု ပြောပါသည်။

မှာ့(စ)က ပြန်ဝင်လာလျှင် ဧည့်သည်တွေ ရောက်နေတာ မြင်ပါသည်။

"ဧည့်သည်တွေ လာကြပြီကိုး။ ခုနလေးတင် ကလေးအဖေတော့ ရေးကြီးသုတ်ပျာနဲ့ ထွက်သွားလေရဲ့"

"ဟုတ်တယ်၊ သူ့အမေက ကင်ဆာဖြစ်နေတာလေ၊ နောက်ဆုံးအဆင့်ကို ရောက်နေပြီ။ အဲဒါ ဒီနေ့မနက်ကမှ အန်





ရင်း သတိလစ်သွားလို့ ဆေးရုံပို့လိုက်ရတယ် ဆိုတာ သိလိုက်ရလို့ သူသွားတာပါ"

ငွေယုန် အားလုံးကိုပါ သိစေချင်၍ ပြောပြလိုက်သည်။

"ဟင် ... ဒေါ်ရွှေစင် ဆေးရုံရောက်သွားပြီလား"

"ဟုတ်တယ် မလတ်"

"တိုက်ဆိုင်လိုက်တာ၊ နင်ကလည်း ဒီနေ့မနက်မှ မွေးတာ"

"သူလည်း သိပ်မခံတော့ဘူး ဆိုတာ အားလုံးက မှန်းမိနေပါတယ်၊ အစတည်းက ဆေးရုံသွားစေချင်ကြတယ်၊ ဆေးရုံမှာဆို သူ ခံစားရတာတွေ ပိုသက်သာအောင် လုပ်ပေးနိုင်မလားလို့ မျှော်လင့်ကြတယ်ပေါ့။ ဒါပေမဲ့ ဒေါ်ရွှေစင်က လက်မခံဘူးလေ။ မသွားချင်ဘူး ဆိုတော့လည်း ဘယ်သူမှ အတင်းအကျပ် မပို့ရက်ကြဘူး"

"နင် အားမငယ်ပါနဲ့၊ ငါ အမြဲလာကြည့်ပါ့မယ်"

ဖြူဖြူက ငွေယုန့်ကို သနားနေသည်။ သနားပြီး အားပေးနေသည်။

"ဟယ် ... ငါ့ရုပ်က အားငယ်တဲ့ရုပ် ပေါက်လို့လား၊ ငါ အားမငယ်ပါဘူး။ ညက တစ်ညလုံး ဗိုက်နာနေရတော့ အိပ်ရေးပျက်တဲ့ရုပ် ဖြစ်နေတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"နင်က ဗိုက်ခွဲမွေးပါ ဆိုတော့ မွေးမှမမွေးတာ"

"ကြောက်တယ် မလတ်ရဲ့။ ကိုယ့်ဗိုက်က ဘာခွဲရာ ချုပ်ရာမှ မရှိဘဲ အကောင်းကြီးကို ဓားတွေနဲ့ခွဲပြီး ကလေးမွေးရမှာ ကြောက်တယ်။ ထုံဆေးပေးထားပေမဲ့ သူတို့လုပ်တာ ကိုင်တာ ကိုယ်ကြားနေရတော့ ကြောက်တယ်။ ဒါကြောင့် မမွေးတာ"

"နင့်လို မိန်းမမျိုးတော့ ဒီခေတ်ထဲမှာ ရှားတယ်၊ အားလုံး ခွဲမွေးနေကြချိန်မှာ နင်ကတော့ ဗိုက်အနာခံပြီးမှ မွေးတယ်"

"ငါတို့ ဒေါ်ရွှေစင့်ကိုတော့ သွားသတင်းမေးမှပါ၊ နင့်ဆီက ပြန်ရင် ဖုန်းနဲ့ အရင်သတင်းမေးလိုက်မယ်၊ သူတို့ ကြိုက်ပါ့မလား"

"မေးလိုက်ပါ၊ ရပါတယ်၊ အခုဆို ဆေးရုံမှာ အားလုံးရှိရင် ရှိမယ်၊ မလတ်တို့ mobile နဲ့ပဲ သူတို့ တစ်ယောက်ယောက်ရဲ့ mobile ဖုန်းကို ဆက်မေးလိုက်ပါ။ အိမ်မှာတော့ အိမ်ဖော်တွေပဲရှိမှာ၊ ဘာမှသိမှာမဟုတ်ဘူး"

ထိုအချိန်တွင် နာ့(စ)က ငွေယုန့် သားလေးကို နို့ဦးရေတိုက်ပေးဖို့ ခေါ်လာပါသည်။ အနီးထုပ်ကျစ်ကျစ်လေးထဲမှာ သားကို ငုံ့ကြည့်ရင်း ငွေယုန့် ရင်ထဲတွင် ဘယ်သူ့ကို အရင်ဆုံး သတိရသလဲဆိုတော့ ဒေါ်ရွှေစင့်ကို အရင်ဆုံးပင်။





ငွေယုန့် USG အဖြေကို သိရသောနေ့က ဒေါ်ရွှေစင်သည် မျက်ရည်တွေဝိုင်းကာ USG ထဲမှ ကလေးပုံရိပ်လေးကို ကြည့်လျက် ...

"သားကြီးရဲ့ သားလေးကို မေမေ မြင်သွားလိုက်ချင်တယ်။ ခဏလောက်ဖြစ်ဖြစ် ချီခွင့်ရလိုက်ချင်တယ်ကွယ်၊ အဲဒီ လောက်ထိတောင် ခံပါ့မလား မသိဘူး"

ဟု ငွေယုန့်ရှေ့မှာ အဲဒီတစ်ခါပဲ မျက်ရည်ကျပြီး ပြောဖူးခဲ့တာ ဖြစ်သည်။ ဒေါ်ရွှေစင်ဟာ မာနတော့ တော်တော်ကိုကြီးစွာပင် ငွေယုန် ရှိနေလျှင် ဘယ်တော့မှ အားငယ်ဟန်မပြ။ မျက်ရည်ကျမပြခဲ့ဖူးခဲ့သူပါ။

အခုတော့ ဒေါ်ရွှေစင့် ခမျာ သူမြင်ဖူးချင်သော မြေးကလေးကို မြင်ခွင့်တောင် ရပါဦးမလား မသိ။ ခဏချီတောင် ချီနိုင်ပါဦးမလား မသိ။

"ကိုသိဒ္ဓိ အမေက ကလေးကို မြင်ချင်တယ်၊ ချီချင်တယ် ပြောနေတာ။ သူ့ကို ပြချင်လိုက်တာ"

ငွေယုန် စိတ်ထဲမှာ အောင့်မထားနိုင်၍ ရေရွတ်လိုက်မိပါသည်။

"နင် ပြောတော့ သူက စန္ဒရာ မွေးတဲ့ မြေးတွေကိုပဲ ပိုချစ်မှာ၊ ငါ့ကလေးကိုတော့ ချစ်မှာမဟုတ်ဘူးဆို ငွေယုန့်ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဖြူဖြူက ငွေယုန့် စိတ်ကို အံ့သြပြီး မေးလေသည်။

"အခုတော့ ငါ့စိတ်က အဲဒီလို မဟုတ်တော့ပါဘူး၊ သူလည်း အဘွားပဲ၊ သူ သိပ်ချစ်တဲ့ သားကြီးက မွေးလာတဲ့ ကလေး သူ့မြေးကို ချစ်မှာပဲ။ အဘွားတွေ အဘိုးတွေ ဆိုတာက သားသမီးက မွေးလာတဲ့မြေး ဘယ်သူ့ကိုမဆို ဘက်မလိုက်ဘဲ တန်းတူရည်တူ ချစ်မယ်လို့ သိလာပါပြီ"

"မလတ် ဖုန်းတစ်ချက်ဆက်ပြီး သတင်းမေးလိုက်ပါဦး၊ ဒေါ်ရွှေစင့် အခြေအနေ ဘယ်လိုလဲ ဆိုတာ"

ဖြူဖြူကတော့ ငွေယုန့် သဘောထားတွေ၊ အဲဒီမိသားစုအပေါ်မှာ ပြောင်းလဲသွားသည်ကို မယုံနိုင်သလို ငေးကြည့်နေသည်။ အရင်ကတော့ မှတ်မိပါသေးသည်။ ကိုသိဒ္ဓိအောင်နဲ့ ယူပြီးခါစကတော့ ဆိုင်အတူတူ ဖွင့်ကြရင်း တစ်နေ့ တစ်နေ့ အဲဒီမိသားစုနဲ့ အဆင်မပြေတဲ့ အကြောင်း၊ နေရထိုင်ရတာ ကသိကအောက် ဖြစ်ရကြောင်းတွေ၊ အကြီးအကျယ် စကားများခဲ့ဖူးသော ပြဿနာတွေ၊ ပြောပြောပြီး ငွေယုန်ဟာ ဖြူဖြူ့ကိုပဲ ရင်ဖွင့်ခဲ့တာပါ။ "ငါ့အစ်မကိုလည်း ရင်မဖွင့်ဘူး။ သူလည်းသူ့ အိမ်ထောင်နဲ့ သူ့အပူနဲ့ ဖြစ်မှာမို့ ငါ့အပူတွေ မပြောပြချင်ဘူး၊ နင့်ကိုပဲ ပြောတော့မယ်"ဆိုသော စကားနဲ့ အစချီပြီး တစ်နေ့ တစ်နေ့ မရိုးနိုင်အောင်ပဲ မစန္ဒရာရဲ့သမီး ဓာဖြူက ဘယ်လို၊ ကိုကုဋေက ပိုက်ဆံဘယ်လိုဖြုန်းတာ၊ ကိုဝဥ္စာကို ဘယ်လိုမှ စိတ်





တိုင်းမကျတာ၊ အိန္ဒြာက ငွေယုန့်ကို အလကားနေရင်း လိုက်ပြိုင်နေတာ ဆိုတဲ့ မောင်နှမတွေနဲ့ မတည့်တာမျိုး။

ကိုဝဥ္စာကို ပြောမိလို့ ဦးအောင်က နောက်ပိုင်း ငွေယုန့်ကို လုံးဝစကားမပြောတော့ဘူး ဆိုတာမျိုး၊ ဒေါ်ရွှေစင်ကတော့ ငွေယုန့်ဘာသာ မိစံကို ပြောတာ ဆိုတာကအစ အထင်အမြင် လွဲနေတတ်တယ် ဆိုတာမျိုး၊ အင်း ... အဲဒီလို မကြားရတော့တာက ငွေယုန် ဆိုင်မှာ လာမထိုင်ဖြစ်တော့တဲ့ နောက်ပိုင်းမှာ မကြားရတော့တာ။ ကြည့်စမ်း ... သုံးလလောက် အတွင်း ငွေယုန့် သဘောထားတွေ ပြောင်းလဲသွားလိုက်တာနော်။

ငွေယုန်သည် ဆေးရုံမှာ သုံးရက်နေပြီးသောအခါ ဆေးရုံမှ ဆင်းပါသည်။ ဆေးရုံဆင်းဆင်းချင်းနေ့မှာပင် ဒေါ်ရွှေစင့်ကို တန်း၍သွားတွေ့ပါသည်။ ပိုက်တွေဖြင့် အိပ်ရာပေါ်မှာ အသက်ကို ပြင်းစွာရှူနေရသော ဒေါ်ရွှေစင်ကတော့ ငွေယုန် ယူလာပြသော မြေးကို ချီလည်းမချီနိုင်၊ မျက်လုံးပင် ဖွင့်မကြည့်နိုင်။ လောကကြီးနဲ့လည်း အဆက်အသွယ်ပြတ်စ ပြုနေပါပြီ။

သို့သော် ငွေယုန်ကတော့ အိပ်ရာပေါ် ချထားသော ဒေါ်ရွှေစင့် လက်ဖဝါးတစ်ဖက်ကို အသာမ,ယူပြီး ...

"မေမေ ငွေယုန့်သားလေး လာပြတယ်"

ဟု ခပ်တိုးတိုး ပြောကာ သားရဲ့လက်သေးသေးလေးဖြင့် ဒေါ်ရွှေစင့် လက်ဖဝါးကို အသာထိပေးလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ရွှေစင့်နား ဝိုင်းနေသော သားသမီးတွေကတော့ မျက်ရည်တွေပြည့်နေကြလျက် ငွေယုန့် လုပ်ရပ်ကို ငေးကြည့်နေခဲ့ကြသည်။

"ငွေယုန် မမေ့အတွက် အကောင်းဆုံးကို လုပ်ပေးနိုင်ခဲ့ပါတယ်"

ဟု ထိုနေ့ညက ဒေါ်ရွှေစင် ဆုံးကြောင်း ကိုကိုပြောပြရင်းနဲ့ ငွေယုန့်ကို ကျေးဇူးတင်သလို ပြောခဲ့လေသည်။

"သူက သူ့မြေးကို ကြည့်တော့ မကြည့်နိုင်ပေမဲ့ သူ့မြေးအသားလေးနဲ့ ထိချင်လို့ စောင့်နေတာ ဖြစ်မယ်။ ငွေယုန်ပြန်သွားပြီးတော့ သိပ်မကြာဘူး အခြေအနေ ပိုဆိုးလာတာပဲ၊ ညနေကျတော့ မေမေ ကိုယ်တို့ကို လုံးဝသံယောဇဉ်ဖြတ်သွားတော့တယ်"



BURMESE CLASSIC .com



# တစ်စုံတစ်ဦးနှင့် သက်ဆိုင်သော

www.burmeseclassic.com

www.burmeseclassic.com







(နောက်တစ်နှစ်ကြာသောအခါ...)

မိသားစုဝင် အားလုံးတို့သည် အမှတ်တရ နေ့တစ်နေ့တွင် စုစုစည်းစည်းနှင့် ပြန်လည်ဆုံတွေ့ဖြစ်ကြပါသည်။ မိသားစုဝင် စုံညီစွာ အရင့်အရင်တွေကလိုပဲ ထမင်းဝိုင်းကြီး ပြင်ဆင်ပြီးနောက် နေရာအသီးသီး ယူပြီးသောအခါ သူတို့သည် ထိပ်တစ်နေရာကိုတော့ ချန်လှပ်ထားလိုက်မိကြသည်။ ထိုထိပ်မှာ အမြဲထိုင်လေ့ရှိပြီး သားသမီးတွေဟာ ချက်ပြုတ်ထားသမျှ ထမင်းဟင်းတွေကို အားပါးတရ စားသောက်ကြသည်အား ကြည်နူးပီတိများဖြင့် ကြည့်ရင်း ပီတိကို ပို၍စားသုံးဖြစ်ခဲ့သော တစ်စုံတစ်ဦးကို သူတို့အားလုံး သတိရသွားမိကြသည်။

ထိုတစ်စုံတစ်ဦးနှင့် သက်ဆိုင်သော မိသားစုဝင်တိုင်း၏ နှလုံးသားထဲက ထောင့်တစ်နေရာရာမှာတော့ ဘယ်တော့မှ မဖျောက်ဖျက်ပစ်နိုင်မဲ့ အမှတ်တရကလေးတွေ ကိုယ်စီပိုင်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



နေကြပါသည်။ နည်းနည်းပိုင်ဆိုင်သောသူနှင့် များများပိုင်ဆိုင်သော သူသာ ကွာခြားနေမှာပေမဲ့ ဒီနေ့ ဒီရက်မှာတော့ သူတို့အားလုံး ထိုတစ်စုံတစ်ဦးကို သတိရကြမည်မှာ အသေအချာပဲဖြစ်လေသည်။



ရှင်မိုး

(ဆေးတက္ကသိုလ်)

29th May, Tuesday

2006.

www.burmeseclassic.com